www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ကလျာ(ဝိဇ္ဇာ၊ သိပ္ပံ)

အသချေအချက်များနှင့်

ပထမအကြိမ် – ၁၉၈၆ ခုနှစ်၊ မတ်လ
ဒုတိယအကြိမ် – ၂၀၀၉ ခုနှစ်၊ ဖွနိလ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


စာမူခွင့်ပြုချက်အမှတ်
၅၀၁၂၆၇၀၈၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၄၈၁၀၄၀၉

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ဒုတိယအကြိမ် ၂၀၀၉ ခုနှစ် ဇွန်လ
အုပ်ရေ ၁၀၀၀၊ တန်ဖိုး ၁၀၀ ကျပ်

၈၉၅.၈၃
လျှာ (ဝိဇ္ဇာ / သိပ္ပံ)
အသင်္ချေအချစ်များနှင့် - / လျှာ (ဝိဇ္ဇာ / သိပ္ပံ)။ ရန်ကုန်၊
ကြောင်နှစ်ကောင်စာပေ၊ ၂၀၀၉။
၄၀၄ - စာ၊ ၂၁"x၇" စင်တီ။
(၁) အသင်္ချေအချစ်များနှင့်


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ရောဦး

မြန်မာပြည်၏ နှလုံးသည်းပွတ်နှင့်တူသော မြစ်အစဦး မွေးဖွားရာနေရာ. ...

ရောဝတီမြစ်သည် သဲသောင်ပြင်ဖြူဖြူ ပြန့်ပြန့်များဘေးမှ အေးငြိမ်းညင်သာစွာ စီးမျောနေသော ရေကြောကို တွေဝေးစွာ ကြည့်နေသည့် 'ဒေါက်တာမငြိမ်းသာ'. . .

ခံစားရဖန်များလွန်းသော နှလုံးသားမှာ နောက်ထပ်ခံစားစရာ နေရာမရှိတော့ပြီလားမသိ၊ အသစ်တွေ့ခံစားမှုတို့သည် ဒေါက်တာမငြိမ်းသာ၏ရင်ကို မလှုပ်ခတ်စေနိုင်တော့။

တချိန်သောအခါက အတိုင်းအဆမဲ့စွာ ခံစားခဲ့ရဖူးသော



www.burmeseclassic.com

www.burmeseclassic.com



ရင်မှာ ထုံပေနေပြီထင်မိသည်။

နောက်ထပ်အတွေ့အကြုံသစ်တို့သည် နှငယ်စဉ်ကလို နှလုံးသားကို ပြင်းပျသောခံစားမှုမျိုး မပေးစွမ်းနိုင်ကြတော့ပါ။

မငြိမ်းသာ၏ ဝန်းကျင်အပေါင်းသည် အားလုံးစုံသော ချုပ်ငြိမ်းခြင်းများဖြင့် ငြိမ်သက် ပြီးဆုံးသွားကြလေပြီဟု မငြိမ်းသာ ထင်မိသည်။

မိမိရောက်ရှိနေထိုင်ရာ ဧရာဦးမှသည် မိုင်ပေါင်း ၇၂၂ မိုင်မျှ ရှည်လျား၍ ခရီးဆုံးတနေရာမှာရှိသော 'ရန်ကုန်မြို့' တွင် မငြိမ်းသာ၏ အတိတ်သည် ရှင်သန်လှုပ်ရှားနေဆဲလား ဆွေးမြေ့ပျက်စီးသွားပြီလား ဟူ၍လည်း မငြိမ်းသာ မတွေးတော့။

ဧရာဝတီ၏ခရီးဆုံးနေရာမှာ မွေးဖွားကြီးပြင်း ကျင်လည်လာခဲ့ရသော မငြိမ်းသာသည်

ဧရာဝတီ၏ အစဦးနေရာ 'မြစ်ကြီးနားမြို့'မှာ အခြေတကျ နေထိုင်လျက် ရှိနေရလေသည်။

ဟိုစဉ်တုန်းကတော့ ပန်းရန်ဆရာ့သမီး သူတပါးပိုင်မြေမှာ ကပ်နေခဲ့ရသော သူဆင်းရဲမ ငြိမ်းသာ. . .

ယခုတော့ ဆေးပညာဘွဲ့ရှင် ဆရာဝန်မကြီး ဒေါက်တာ မငြိမ်းသာ။

ကာလဟူသည် လူ့ဘဝ၏ဆုတ်ယုတ်ခြင်း တိုးတက်ခြင်းများစွာကို ဖန်တီးနိုင်သူပါလား။





ငယ်စဉ်က သူငယ်ချင်းများ။

မငြိမ်းသာတို့မိသားစုကို နှိမ့်ချခဲ့ကြသော ဂုဏ်ဓနအင်အားရှင်များ။

သည်းခြေပျက်မတတ် ခံစားချောက်ချားခဲ့ရသော ဖြစ်ရပ်ဆန်းများနှင့်အတူ. . .

မိမိရင်တွင်းမှ မိမိပိုင်ဆိုင်သောနှလုံးသည်းပွတ်ထက် ပို၍မြတ်နိုးစုံမက်ခဲ့ရဖူးသော ငယ်ချစ်ဦး. . . 'မောင်'

ယခုတော့ မငြိမ်းသာနှင့်ပတ်သက်ခဲ့ကြသူများ အားလုံးသည် မငြိမ်းသာ၏ဘဝနှင့် ဝေးလံသောအရပ်မှာ ကွဲကွာကျန်ရစ်ခဲ့ကြလေပြီ။

အသစ်မြင်ဝန်းကျင်ကို ခံစားမှုနှလုံးသား မပါရှိပါဘဲနှင့် ထိတွေ့ဆက်ဆံနေရသော ဒေါက်တာမငြိမ်းသာ။

အထီးကျန်ဘဝကို မိမိဘာသာ ဖန်ဆင်းတည်ဆောက်ကာဝေးလွင့်ရာနေရာမှာ သီးသီးသန့်သန့်လေး လာရောက်နေထိုင်ပါလျက်နှင့်။

ညည့်သည်။

ရန်တုန်က ညည့်သည်။

ကြေကွဲခြင်းများဖြင့် ခြောက်သွေ့ လောင်မြိုက်နေသော မငြိမ်းသာရှိရာသို့ ရောက်ရှိလာပေတော့မည်။

ဩော်. . . ဘဝဆိုတာ ရှုပ်ထွေးသောကောက်ကွေ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



များစွာဖြင့် တွေ့ကြုံရတတ်သည်ဟု နိယာမရှိခဲ့ပါလျှင်။

မငြိမ်းသာသည် နက်ရှိုင်းရှုပ်ထွေးသော ဘဝတွင်းသို့ သက်ဆင်းခဲ့ပြီးသူပါ။ ချုပ်ငြိမ်းသူသာဖြစ်ပါရစေတော့ အသစ်တဖန်မွေးဖွားသူ မဖြစ်လိုပါ။

နက်ဖြန်ရောက်ရှိလာမည့် ညသည်သည် ဒေါက်တာမငြိမ်းသာဆိုသော ငြိမ်သက်နေသည့် ဒီဘက်မှ ဘဝလေးကို လှုပ်ခတ်နိုးကြားစေနိုင်သူ မဖြစ်ပါစေနဲ့တော့ကွယ်။

လွမ်းမောဖွယ်ရောဦးကို ခံစားမှုမဲ့စွာ မျှော်ငေးကြည့် အပြီးမှာ သဲသောင်ပြင်ကမ်းခြေမှနေ၍ ပြန်လျှောက်လာခဲ့သည်။

မြစ်မဘက်သို့ မျက်နှာပြုထားသော သူ၏တစ်ထပ်တိုက်နီလေးမှာ သွေ့ခြောက်တိတ်ဆိတ်စွာ ရပ်တည်နေရှာသည်။

အပြုံးမဲ့မျက်နှာပိုင်ရှင် ဒေါက်တာမငြိမ်းသာသည် သူ၏အိမ်လေးရှိရာတောင်ကုန်းမြင့်ပေါ်သို့ လေးမှန်သောခြေလှမ်းများဖြင့် တရွေ့ရွေ့တက်လာခဲ့လေသည်။

သူ့နောက်ကျောဆီမှာ ဧရာဝတီသည် ဣန္ဒြေကြီးရင့်စွာဖြင့် စီးဆင်းမြဲ စီးဆင်းလျက်ပါတည်း။





## အခန်း (၂)

မြစ်ကြီးနားလေဆိပ်မှာစောင့်နေသူများ။

အားလုံးငြီးငွေ့စွာ ငြိမ်သက်နေကြရာမှ၊ လေယာဉ်ဆိုက်ဆော့မည်ဟူသော အချက်ပေးသံချောင်း ခေါက်သံကြောင့် အသွင်လှုပ်ရှားရှား နိုးနိုးကြားကြားဖြစ်လာကြသည်။

မြစ်ကြီးနားလေဆိပ်နယ်မြေသည် ရှင်းပြန့်ကျယ်ဝန်းလှချေသည်။

လေဆိပ်လုံခြုံရေးအတွက် လေဆိပ်အဆောက်အအုံထဲအထိသွားရောက်ကြိုခွင့်ပို့ခွင့် မရှိပါချေ။

သံဆူးကြိုး၏အပြင်မှစောင့်ရသဖြင့် လေဆိပ်ရှိရာနှင့်ဆိုအွင်သူလုံးကွဲရုံသာ မြင်နိုင်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ့ကာစင်က မြစ်ကြီးနားမှာ အကြာကြီးနေ ယင် ပျင်းနေမှာပဲနော်"

"သူက စာရေးပို့လာတာပဲ ပျင်းမှာမဟုတ်ပါဘူး"

"စာရေးဆရာလားဟင်"

"မဟုတ်ပါဘူး၊ ကျမ်းတစောင်ရေးနေတာပါ"

"ဒေါက်တာ့ကာစင်က ချောလား"

"အဟဲ. . ."

ဆရာမလေးအနန်၏အမေးကို ရယ်သွမ်းသွေးသလို လိုက်ရသည်။

အမှန်တော့ 'ဒေါက်တာ့ကာစင်'ဟု သူတို့သိနေသော မငြိမ်းသာ၏ အစ်ကိုဝမ်းကွဲအဖြစ်နှင့် ယခုရောက်လာမည့်ဧည့် သည်ကို မငြိမ်းသာကိုယ်တိုင်မမြင်ဖူးသေး။

မိမိရှိနေရာနယ်မြေမိမိ၏အိမ်သို့ ကြာမြင့်စွာလာရောက် တည်းခိုမည့် အမျိုးသားငယ်တဦးအား. . . 'အစ်ကိုဝမ်းကွဲပါ' ဆိုသော လိမ်ညာမှုနှင့် သိက္ခာစံအိမ်ကို ကာရံထိန်းသိမ်းထား ရခြင်းသာ ဖြစ်၏။

အမှန်တော့ ကချင်မြေမှာနေကြသော ကချင်မိသားစုတို့ သည် တချို့မြန်မာမိသားစုများလို ပတ်ဝန်းကျင်အတွက်ဆီးကာ လိမ်ညာနေလေ့မရှိကြ။

အမျိုးသားနှင့် အမျိုးသမီးတို့၏ ဆက်ဆံရေးသည်လည်း





ပွင့်လင်းကြသည်။ တခါတရံ အမှားအယွင်းများနှင့်ကြုံဆုံရ သည့်တိုင် ရိုးရာဓလေ့အရ 'ရှဝါးရှား'ခြင်းဆိုသော 'လျော်ကြေး' နှင့် ပြီးဆုံးတတ်ကြသည်။

လူဆိုသည်မှာ ဂုဏ်တွေ၊ ပကာသနတွေ၊ ငွေညာမှုတွေ၊ ဟန် ဆောင်ခြင်းတွေနှင့် နေရထိုင်ရသည်မှာ ပင်ပန်းလှချည်ရဲ့ လေ။

ပြီးဆုံးခြင်း မြန်ဆန်လွန်းလှသော လူ့ဘဝသက်တမ်း အတွင်းမှာ သည်သို့သောထိန်ချန်မှုတွေဘေးဖယ်ပြီး လွတ်လပ် ပေါ့ပါးစွာ လူ့ဘဝကိုဖြတ်သန်းသင့်၏။

ဤခံယူချက်များကြောင့် ရန်ကုန်ဆိုသော ပကာသနဝန်း ကျင်ကြီးမှ ရုန်းထွက်လာခဲ့သော ဒေါက်တာမငြိမ်းသာမှာ။

"ဟော. . . လေယာဉ်ဆင်းတော့မယ် ဒေါက်တာ"

အတွေးကိုဖြတ်လိုက်ရသည်။

မီးနီလေးတလက်လက်နှင့်ဆင်းသက်လာသော ဂျက်လေ ယာဉ် ခန့်ခန့်ထည်ထည်ကြီးကို မော့မျှော်ကြည့်နေမိသည်။

မျက်ရည်စများနှင့်အတူ ဤကချင်မြေသို့ စတင်ရောက်ရှိ လာခဲ့သည့် ပထမဆုံးနေ့ကို ပြန်လည်သတိရလာမိ၏။

သူလာတုန်းကလည်း ယခု ဂျက်လေယာဉ်ကြီးနှင့်ပါပဲ။

"အနန် သွားကြိုပေးရမလား"

"ဒေါက်တာ့အစ်ကိုက ဘယ်လိုပုံစံလဲ ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . နေ. . . နေ. . . နေပါစေ"

သွက်လက်သော သူနာပြုဆရာမလေး အနန့်၏အမေးကို မငြိမ်းသာတားလိုက်ရသည်။

ဘယ်လိုပုံစံနှင့်လူ ဟူ၍ မငြိမ်းသာလည်းမသိ။

ကိုယ့်အစ်ကိုဝမ်းကွဲပါဟု ဆိုထားပါလျက်နှင့် ပုံစံမပြော တတ်လျှင်အခက်။

သူရောက်ရှိလာမည်ဆိုသည့်အတွက် မငြိမ်းသာစိတ်ညစ် မိသည်။

ဘာပဲဖြစ်ဖြစ် ဧည့်သည်တစ်ယောက် ရောက်ရှိလာပြီဆို လျှင်တာဝန်ပိုလာသည်တော့ အမှန်။

ဒါပေမယ့် တာဝန်မကလို့ ထမ်းထားရွက်ထားရပါစေဦး။

ဦးလေးသိန်းတို့ ကိစ္စဆိုလျှင် ဆောင်ရွက်ရပါမည်သာ။

ငြိမ်းသာဆိုသော သူဆင်းရဲမ ဘဝမှသည် 'ဒေါက်တာ မငြိမ်းသာ. . . ဟူ၍ လောကအလယ်တွင် ဂုဏ်တင့်တယ်တယ် နေနိုင်အောင် အခြေခံဖန်တီးခဲ့သော ကျေးဇူးရှင်များမှာ 'ဦးလေးသိန်း' နှင့် 'ဒေါ်လေးမြ' တို့ မိသားစုပါ။

ယခု သူတို့မှတဆင့်. . .

**သမီးမငြိမ်းသာ**

သမီးနဲ့ဦးတင့်တို့သားအဖ နေကောင်းကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ ဦးလေးတို့မိသားစုလဲ နေထိုင်ကောင်းကြပါ





တယ်. . .

အခု အရေးကြီးတဲ့ကိစ္စတခု ပေါ်လာလို့ပဲ သမီးရေ. . .

ဦးလေးတို့ရဲ့မိတ်ဆွေရင်း၊ ကျေးဇူးခံ ကျေးဇူးစားဆိုလဲ မမှားတဲ့ မော်လမြိုင်က ဦးမန်းသင် ဆိုသူရဲ့သား မောင်မင်းလတ် ဟာ ပြဿနာတစ်ခုရှိလို့ မော်လမြိုင်မြို့ကနေ ခဏတိမ်းရှောင် နေရမယ့် သဘောရှိတယ်။

နောက်တချက်က သူဟာ ရုက္ခဗေဒပညာရှင် တစ် ယောက်မို့ ကချင်ပြည်နယ်ကထွက်ရှိတဲ့ သစ်ပင်၊ သစ်ဥ၊ ပန်းပွင့်၊ အစရှိ သည်တို့ကို လေ့လာချင်တယ်တဲ့။

အဲဒီကိစ္စတွေကြောင့် သမီးဆီကိုအားကိုးတကြီးနဲ့ လွှတ် လိုက်ရခြင်းဖြစ်ပါတယ်။

မောင်မင်းလတ်ပျော်သလောက် သို့မဟုတ် သူ့ရဲ့ကိစ္စ အဝဝ အေးငြိမ်းပြီးဆုံးတဲ့အချိန်ထိအောင် သမီးဆီမှာ နေခွင့် ပြုပါလို့ ဦးလေးတောင်းပန်ပါတယ်။

ဦးလေးတို့ကိုယ်စား သူ့ကိုဂရုတစိုက်စောင့်ရှောက်လိမ့် မယ်လို့လဲ ယုံကြည်မျှော်လင့်ပါတယ်. . .

"သမီးမငြိမ်းသာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ပါစေ"

ဦးလေးအောင်သိန်း
ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ဆိုက်ပြီးသည့်တိုင် ခရီးသည်များ၏ ပစ္စည်းတန်ဆာရွေးရခြင်းနှင့် ရှာဖွေစစ်ဆေးခြင်းများကြောင့် အချိန်က အတော်လေးထပ်၍ ကြာသွားသည်။

သည့်အတွင်းမှာ ဒေါက်တာမငြိမ်းသာသည် သူ့စလင်းဘက် အိတ်အတွင်းမှ ဦးလေးသိန်း၏စာကို တခေါက်ထပ်၍ ဖတ်ကြည့်မိ၏။

'ဦးအောင်သိန်းနှင့်ဒေါ်အေးမြ'

ဆိုသော ကုန်စုံဆိုင်ပိုင်ရှင် လင်မယားနှစ်ယောက်မှာ ဒေါက်တာမငြိမ်းသာ၏ ဒုတိယဖခင်နှင့် မိခင်တို့ ဖြစ်ကြလေသည်။

သူတို့၏ကျေးဇူးတရားက မငြိမ်းသာ တမလွန်ဘဝသို့ ရောက်ရှိသည့်တိုင် ဆပ်၍ကုန်နိုင်စရာမရှိတော့။

ယခု

ဤကျေးဇူးရှင်များ၏ ကိုယ်စား ပြုစုစောင့်ရှောက်ရမည့် ကိုမင်းလတ်ဆိုသောဧည့်သည် သည်မကြာမီအတွင်းမှာ ရောက်ရှိလာပါတော့မည်။

"ဘာပဲဖြစ်ဖြစ် သူဟာ ဘယ်လိုလူစားမျိုးပဲဖြစ်ဖြစ် ငါ
သည်းခံရမယ်၊ ခွင့်လွှတ်ရမယ်၊ ကူညီရမယ်"

ယင်း ဆုံးဖြတ်ချက်များနှင့်အတူ. . .

"အနန် ကားပေါ်ကပဲစောင့် ငြိမ်းသာပဲ သွားကြိုလိုက်





မယ်နော်"

ဟူ၍ ဆရာမလေးကို တမင်ချန်ထားရစ်ခဲ့ရသည်။

သံဆူးကြိုးများ ကာထားသည့်နေရာတွင် ကြိုဆိုသူတချို့ ရှိနေကြသည်၊ ဤလူအုပ်နှင့်မငြိမ်းသာမရောနှော၊ သီးသန့်မြင်သာသည့် နေရာမှာ သွားရပ်နေ၏။

သူ့ ကိုယ်မသိသော်လည်း၊ သူကမငြိမ်းသာကို သိနိုင်မြင်နိုင်လျှင်ဖြင့် အဆင်ပြေတန်ကောင်းရဲ့ဟူသော ရည်ရွယ်ချက်ကြောင့်ပါ။

ဒေါက်တာမငြိမ်းသာ၏ စိတ်ကူးများ မှန်ကန်ခဲ့ရပါပြီး ပုဆိုးအပြာစင်း၊ တိုက်ပုံအင်္ကျီနုံ့သာရောင်နှင့်. . .

လက်တဘက်က အတက်ချီကေ့စ်ကိုဆွဲ၍ လျှောက်လာသော အရပ်မြင့်မြင့် ခပ်ချောချော အမျိုးသားတစ်ယောက်က၊ ခပ်တည်တည်ပင် သူ့ထံလျှောက်လာပြီး. . .

"ဒေါက်တာ မငြိမ်းသာနော်"

"ဟုတ်ကဲ့. . . ဟုတ်ပါတယ်"

"ကျွန်တော်. . . မင်းလတ်ပါ"

"ဟုတ်ကဲ့ရှင့်. . . ဩော်. . . ဒီမှာ"

"အင်း"

"ရောက်လာမယ့်ဧည့်သည်ဟာ မျက်နှာစိမ်းပါလို့ လာကြိုတဲ့ဆရာမလေးကအစ မသိစေချင်ဘူး၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းသာ ရဲ့ကာစင်လို့ ပြောထားပါတယ်"

"ကောင်းပါပြီ၊ ကျေးဇူးတင်ပါတယ်"

တည်ငြိမ်သောမျက်နှာနှင့်၊ အသိရခက်သောမျက်ဝန်းများဖြင့်၊ မငြိမ်းသာကို စူးစူးစိုက်စိုက်ကြည့်ပြီး ထွက်ပေါက်ဘက်သို့ သူလျှောက်သွားတော့သည်။

မငြိမ်းသာ၏ လူနာဖြစ်ဖူးသော မိတ်ဆွေ ဦးဂွန်(မ)ဂျာ၏ ဂျစ်ကားကိုငှားခဲ့သော်လည်း သေတ္တာသုံးလုံးနှင့် ဆရာမလေး အနန်တို့ဖြင့် နောက်ခန်းမှာပြည့်သွားတော့သည်။

ကားဒရိုင်ဘာ၏ဘေးမှာ ဒေါက်တာမငြိမ်းသာ ပြီးတော့. . . သူ. . . ကိုမင်းလတ်။

ပထမဆုံး စတင်မြင်ဖူးစဉ်ကပင် တူယှဉ်တွဲဖြစ်အောင် ဖန်တီးလာခဲ့သည့် အခြေအနေနှင့်ပင်။

ဒေါက်တာမငြိမ်းသာနေထိုင်ရာ ဧရာဝတီမြစ်မကြီးဘက်သို့မျက်နှာမူထားသော တစ်ထပ်တိုက်အိမ်လေးရှိရာသို့ သူ့ကိုကြိုဆို၍ ပြန်လာခဲ့ကြရပါတော့သည်။





## အခန်း (၃)

"ဦးနေကောင်းပါရဲ့လားခင်ဗျာ"

"သြော်. . . အေးကွယ်. . . နေကောင်းတယ်၊ ဒါပေမယ့်နေလို့မကောင်းဘူး"

"ခင်ဗျာ"

"ငါ့ကိုယ်ထဲမှာ ဘာရောဂါမှမရှိဘူးလို့ သမီးကပြောတယ်လေ၊ ဒါပေမယ့် ငါ့မှာ နေရတာမှမကောင်းတော့ နေလို့မကောင်းဘူးပေါ့"

"သြော်. . . ကိုယ်ခန္ဓာနေကောင်းပေမယ့် ဒီမှာနေရ ထိုင်ရတာ မကောင်းဘူး အဆင်မပြေဘူး ဒီလိုလားဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . အေး ဟုတ်တယ် ဟုတ်တယ်၊ ငါ့စကားကို
မင်းရှင်းတော့မှ ရှင်းတော့တယ်"

ကော်ဖီနှစ်ခွက်သာချပေးခဲ့ပြီး မငြိမ်းသာလှည့်ထွက်လာခဲ့တော့သည်။

အဖေနှင့်ကိုမင်းလတ်တို့၏ ကျေလည်ခြင်းမရှိလှသော စကားဝိုင်းတွင်းသို့ ကြားခံအဖြစ် ဝင်ပေးသင့်မှန်းသိ၏။

နေပါစေတော့။

အဖေကမကျေနပ်လို့ နှင်ချင်လဲနှင်လိုက်ပါစေ၊ ကိုမင်းလတ်ကမကျေနပ်လို့ ပြန်ချင်လဲပြန်သွားပါစေ၊ ဖြစ်ချင်ရာဖြစ်ကြစေတော့။

စိတ်ညစ်လှပါပြီ။

သားအဖနှစ်ယောက်တည်းနေမှ ဖြစ်မည့်အိမ်သို့ ကိုမင်းလတ်ရောက်ရှိလာမည်ဆိုကတည်းက၊ ညစ်နေသောစိတ်။

"မငြိမ်းသာ ဒီနေ့ဘယ်မှမသွားဘူးလား"

"ဆေးရုံကအော့(ဖ်)လေ"

ဧည့်ခန်းမှလှမ်းထွက်ဆဲ ကိုမင်းလတ်ကမေး၍၊ မတ်တတ်နှင့်ပင် လှည့်၍ဖြေရသည်။

"ကျွန်တော်မေးတာက ဒီနေ့ဘယ်မှမသွားဘူးလားလို့
မေးတာပါ"

"ဟုတ်တယ်၊ ကျွန်မဖြေတာလဲဒါပဲလေ၊ ဆေးရုံက





နားခွင့်ရရင် ကျွန်မဘယ်မှသွားစရာမရှိပါဘူး ကို
မင်းလတ်"

"ဒါဆို ဆေးရုံနဲ့အိမ်ကလွဲလို့ ဘယ်မှမသွားဘူးလား"

"ဟုတ်တယ်မသွားပါဘူး"

"ဘဝကိုဘာဖြစ်လို့ ဒီလောက်အခြောက်သွေ့ခံရတာ
လဲဗျာ. . . ဒါဖြင့် အပြင်ဆေးခန်းရော မဖွင့်ဘူးလား"

"မဖွင့်ပါဘူး"

သူ့စကားများကို နှစ်ခြိုက်ခြင်းမရှိလှသော်လည်း ဦးလေးသိန်းတို့၏မျက်နှာနှင့် ဧည့်သည်ပါလားဆိုသည့် အသိက၊ မကျေနပ်ခြင်းအပေါင်းကို ချေဖျက်ပေးနေရသည်။

အိမ်၏ဖွဲ့စည်းပုံက မီးဖိုသည်အိမ်မ၏ဘေးဘက်မှာ တွဲဆက်ထားသည်။ လှေကားနှစ်ထစ်စာမျှ နိမ့်ထား၏။

ဒေါက်တာမငြိမ်းသာက မီးဖိုခန်းထဲသို့ဆင်း လာပြီး ထမင်းချက်ဖို့စီမံရသည်။

ယနေ့လို ဆေးရုံအားရက်မျိုး၌ ထမင်းချက်သည့် 'ဒေါ်လှနု'ကို ခေါ်မထား၊ သားအဖနှစ်ယောက်စာကို ကိုယ့်ဟာကိုယ် ချက်သည်။

ယနေ့တော့ ကြက်တစ်ကောင်ဝယ်ထားပြီး ဂေါ်ရခါးသီး နှပ်ချက်မည်၊ ခါတိုင်းဆို ဟင်းတစ်ခွက်နှင့် သားအဖနှစ်ယောက် ပြီးကြသော်လည်း ယနေ့တော့ဧည့်သည်ရှိသဖြင့်ငပိ



www.burmeseclassic.com

www.burmeseclassic.com



ထောင်းတစ်ခွက်နှင့် ကြက်သားတချို့ကို ကျော်ပေးပါမည်။

"ဘာဝိုင်းလုပ်ပေးရမလဲ မငြိမ်းသာ"

"အို . . . နေပါစေ"

"ဝိုင်းလုပ်ဝိုင်းစားပေါ့ဗျာ၊ ဒီဂေါ်ရခါးသီးနှစ်လုံးစိပ်လိုက်မယ်နော်"

"ဟာ. . . မဟုတ်တာ"

"ဟုတ်ပါတယ်ဗျာ. . ဝိုင်းလုပ်ပေးတော့စကားပြောဖော်ရတာပေါ့"

"အဖေနဲ့သွားနေပါ"

"ဦးကမြစ်ဆိပ်ဘက်ဆင်းသွားပြီ"

"လိုက်သွားလေ"

ပြောမိပြီးမှ စကားများမှားသွားပြီလားဟု စိုးရိမ်မိ၏။ဘာပဲဖြစ်ဖြစ် အဖေနှင့် နှစ်ယောက်တည်းတော့ သူ့ကိုမနေစေချင်။

အဖေ့ကိုနားလည်သည်က တလောကလုံးမှာ မငြိမ်းသာ တစ်ယောက်တည်း။

"မငြိမ်းသာက နားကြပ်လဲကိုင်တယ်၊ ယောက်မလဲကိုင်တယ်နော်"

"မိန်းမပဲရှင် မီးဖိုချောင်ဝင်ရတာမဆန်းပါဘူး"

"သိပ် မပင်ပန်းလွန်းဘူးလားဗျာ"

"မပင်ပန်းပါဘူး ကိုမင်းလတ်၊ ဆေးရုံချိန်ပြီးရင် အား





နေတာပဲလေ"

"ဆရာဝန်တိုင်း ညနေဆေးခန်းထိုင်တာပဲ မငြိမ်းသာ ကဘာဖြစ်လို့ ကိုယ်ပိုင်ဆေးခန်း မထိုင်တာလဲဟင်"

မငြိမ်းသာသည် သူ့ကိုစိတ်ပျက်လက်ပျက် ကြည့်လိုက်မိသည်။ သူက ဂေါ်ရခါးသီးများကို ခဲတံချွန်သလို လှီးချယင်းပုံပန်းမကျ နွှာနေသည်။

မီးဖိုချောင်ကိစ္စကိုသူမကျွမ်း။

မငြိမ်းသာနှင့်ရင်းနှီးချင်၍သာ တစ်ခုခုလုပ်ပြနေ ကြောင်းသိသာလှသော်လည်း အိမ်ရှင်ဆိုသောအသိဖြင့် သည်းခံနိုင်မှုအပေါင်းကို မွေးမြူထားရသည်။

"ဟင်. . . မငြိမ်းသာ ဘာဖြစ်လို့ ကိုယ်ပိုင်ဆေးခန်း မဖွင့်တာလဲဟင်"

"တိုတိုပဲပြောရရင်တော့ ငွေမလိုချင်လို့ပေါ့ရှင်"

"ဟင်"

"ကျွန်မအေးအေးပဲနေချင်ပါတယ် ကိုမင်းလတ်"

စကားပြတ်ရန်နှင့် သူ့ကိုစကားကြောမရှည်စေရန် ရည်ရွယ် ပြီးပြောလိုက်သော မငြိမ်းသာ၏အားထုတ်မှုက အောင်မြင်ရုံ မက. . .

"အေးပေါ့ဗျာ. . . မငြိမ်းသာရဲ့ဘဝမှာ ငွေဘယ်လိုတော့မလဲ၊ 'ကျော်ဇောဦး'ရဲ့ အမွေတွေရလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



နည်းတာမှ မဟုတ်တာ"

ကိုမင်းလတ်၏စကားသည် မငြိမ်းသာ၏ ဟိုမှာဘက်ပိုင်းဘဝ၌ မြှုပ်နှံထားခဲ့သော အတိတ်ကို ရုတ်ချည်းပင်ပြန်လည်နိုးထလာစေသည်။

မြန်မာပြည်နှင့်အဝှမ်း ကျော်ကြားခဲ့ရသောဇာတ်လမ်း၊

လူတကာလက်ညှိုးထိုးခံခဲ့ရသည့်ဘဝ။

တရားခံမအဖြစ်နှင့် တရားရုံးတွင် အစစ်ခံခဲ့ရသော အရှက်ရအဖြစ်ဆိုးများ။

အတိတ်၏နာကျည်းဖွယ်ဂယက်တို့သည် လက်ရှိဒေါသနှင့်ပူးပေါင်းလိုက်တော့ ဒေါက်တာမငြိမ်းသာ၏ သည်းခံနိုင်ခြင်းဖြင့်ခင်းထားရသော ဧည့်ဝတ်ကျေမှုတံတားလေး ကျိုးသွားခဲ့လေပြီ။

"ကျွန်မကို ဒီအကြောင်းတွေပြောဖို့ ရောက်လာတာဆိုယင်တော့ နှင်ပါရစေ၊ ရှင်ပြန်ပါ"

သူ မငြိမ်းသာကိုဆတ်ခနဲမော့ကြည့်လာသည်၊ စူးရှထက်မြက်သောအကြည့်ဖြင့် မငြိမ်းသာ၏ရင်တွင်းစိတ်ကို စူးစမ်းအဖြေရှာသည်။ လျှပ်ရောင်ပြိုးပြက်သည့် ကာလအတိုင်းအတာအတွင်းလောက်မှာပင် အဖြေကို သူရှာဖွေတွေ့ရှိသွားနိုင်ပုံရသည်။

ကွက်ကနဲပျက်သွားသော မျက်နှာကို၊ မငြိမ်းသာမရိပ်မိ





ခင်သူချက်ချင်းပြင်၏။

"ကျွန်တော်ပြောတာ မငြိမ်းသာကို အထင်ကြီးစိတ်နဲ့ ပြောတာပါဗျာ ငွေမလိုအပ်တော့ အေးအေး ဆေးဆေးနေပြီး ဆေးမကုလဲဖြစ်တယ်ဆိုတဲ့ သဘော မျိုးပါ"

စကားသံကို ရယ်သံနှင့် ပေါင်းစပ်ပြောကြားလိုက်သည်။

"ကျွန်တော်က ဒီကချင်ပြည်နယ်မှ ရှားရှားပါးပါး ပေါက်ရောက်လေ့ရှိတဲ့ ခမ်းတောက်မြစ်နဲ့ မချစ်ဥ တွေအကြောင်းလေ့လာစာတန်းပြုစုဖို့ ရောက်လာခဲ့တာပါ၊ မငြိမ်းသာ လက်မခံချင်လဲအတင်းကပ်နေရမှာပဲဗျာ တခြားမှာ အသိမှမရှိပဲ၊ ဦးလေးသိန်းတို့ကလဲ မှာလိုက်ပါတယ် ဘာပဲဖြစ်ဖြစ် ဒေါက်တာမငြိမ်းသာအိမ်မှာပဲ မင်းအဆင်ပြေအောင်နေနော်တဲ့"

ဦးလေးသိန်းဆိုသော ကျေးဇူးရှင်၏အမည်က မငြိမ်းသာ၏ ရင်မှဒေါသကို ပြေလျော့စေသည်။

ဆက်လက်ပြီး သူ့အမေးများကို အတတ်နိုင်ဆုံးပြေပြစ်အောင် ဖြေကြားရင်း ဟင်းကိုလည်းအမြန်ပြီးအောင် ချက်ပြီးချိန်တွင် . . .

"ကိုမင်းလတ် အိမ်ခဏစောင့်ပေးပါ ကျွန်မရေသွား



www.burmeseclassic.com

www.burmeseclassic.com



ချိုးချင်လို့"

"မြစ်ထဲမှာသွားချိုးမှာလား"

"ဟုတ်တယ် . . . ခုလိုအားလပ်ရက်ဆို အညောင်းအညာပြေရေကူးပါတယ်"

"ဧရာဝတီမြစ်ဦးမှာ ရေကူးရတာပျော်စရာကောင်းမှာပဲနော်ကျွန်တော်လည်း တခါလောက်ကူးကြည့်ချင်တယ်ရေစီး ရောသန်လား"

"ရေစီးလည်းသန်တယ်၊ အန္တရာယ်လဲရှိပါတယ်၊ ဒါပေမယ့်ဒီအိမ်ရှေ့မှာ ရေတိမ်ပိုင်းလေးရှိနေလို့ကြောက်စရာတော့ မရှိပါဘူး၊ ကဲ . . . ကျွန်မသွားမယ်နော်"

မျက်နှာသုတ်ပဝါ ထူထူကြီးကြီး ကြီးကို ကိုယ်အထက်ပိုင်းလုံအောင် ပတ်၍ခြုံပြီး ဆင်းခဲ့ရသည်။

ခုလိုနွေနှောင်းရာသီများမှာတော့ ဧရာဝတီသည် သမသော အအေးအနွေးများရှိသော်လည်း နွေလည်တွင် ချမ်းစရာကောင်းလွန်းအောင် အေးစိမ့်နေပါပေ၏။

တစ်ဆောင်းလုံးရေခဲထားသော မြန်မာပြည်၏မြောက်ဘက်စွန်းမှ ကချင်တောင်တန်းကြီးများသည် နွေနေ၏အပူဒဏ်ကြောင့် အရည်ပျော်လာသည်။

ထိုရေခဲရေတို့သည် မြစ်မြွာ၊ မြစ်သွယ် တောင်ကျချောင်းများမှတဆင့် မေခနှင့်မလိခမြစ်တွင်းသို့ စီးဝင်၏။





ထိုမြစ်နှစ်မြွာတို့မှာ မြစ်ကြီးနားအထက် ၂၇ မိုင်မျှဝေးသော 'တန်ဖရဲရွာ' ရှေ့ 'မြစ်ဆုံ'၌ပေါင်းဆုံပြီး စီးဆင်းလာသောဧရာဝတီသည် မြစ်ကြီးနားမြစ်ဆိပ်၌ ကျင်ခဲမတတ်အေးစိမ့်နေပါ၏။

နွေ၏အပူကို ရေခဲရေစီးဆင်းပေးသောမြစ်ဖြင့် ချစ်စရာကောင်းလှသော မြစ်ကြီးနားမြို့၏သဘာဝပါ။

"ရေချိုးဆင်းမလို့လားမမ"

"ဪ . . . ဟုတ်တယ်'ဇော်' ဒါနဲ့အဖေ့ကိုများတွေ့လိုက်မိသေးလား"

"တွေ့တယ်မမ . . . ကျွန်တော်နဲ့ ခုပဲ လမ်းခွဲခဲ့တာ၊ ကိုဂွန်(မ)ဂျာ့ကားနဲ့ပါသွားတယ် . . . သီရိမွန်မှာလက်ဖက်ရည် သွားသောက်ကြမလို့တဲ့"

အဖေ့ခြေရာကို ရှာဖွေတွေ့ရ၍ ရင်အေးသွားပါပြီ၊ ပေါက်တာ မငြိမ်းသာမှလွဲ၍ ဒီကမ္ဘာပေါ်တွင် အဖေ့ကိုနားလည်နိုင်သူမရှိပါ။

"အန်ကယ်ကပဲ အိမ်ကိုသွားလိုက်ပါဆိုလို့ ကျွန်တော်မမဆီ လာခဲ့တာ၊ အိမ်မှာညှိသည်ရှိတယ်ဆို"

"ဟုတ်တယ် ဇော်"

"ဒါဆိုကျွန်တော်အိမ်သွားလိုက်ရမလား"

မငြိမ်းသာ တစ်ချက်တွေဝေသွားပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"မသွားနဲ့ဇော်၊ မမနဲ့ပတ်သက်သူတွေ သူနဲ့မဆိုင်တာပဲကောင်းပါတယ်"

ဇော်ဆိုသည့် 'ဇော်ဝင်းဆွေ'သည် ဤမြစ်ကြီးနားမြို့တွင် မငြိမ်းသာ၏အခင်မင်ဆုံးမိတ်ဆွေ၊ အရင်းနှီးဆုံးမောင်လေး မငြိမ်းသာ၏ အတိတ်ဖြစ်ရပ်ဆိုးများကို ရင်ဖွင့်ပြခဲ့ဖူးသူ တစ်ဦးတည်းသောသူ။

"အဲဒီဧည့်သည်နဲ့ မမနဲ့တစ် ခုခုပြဿနာရှိနေပြီထင်တယ်"

"ဟုတ်တယ် ဇော်၊ သူဟာတစ်မျိုးပဲ"

"စာတမ်းပြုစုဖို့ ရောက်လာတာဆို၊ မမတို့နဲ့အမျိုးလို့ အန်ကယ်က ဇော့် ကိုပြောလိုက်တယ်"

"အမျိုးမတော်ပါဘူး၊ တော်တယ်လို့ပြောထားမှသင့်တော်မယ် မဟုတ်လား"

"ထားပါလေ အခု မမနဲ့အဲဒီဧည့်သည်နဲ့ ဘာပြဿနာဖြစ်ကြသလဲ"

"ပြဿနာရယ်တော့မဟုတ်ပါဘူး ဇော်၊ ဒါပေမယ့်သူဟာမမဆီက တစ်စုံတစ်ခုကိုသိချင်လို့ သတင်းရှိုင်ဖို့ရောက်လာ သလိုပဲ"

"ဘာတွေ မေးလဲ"

မြစ်၏ဟိုမှာဘက်ကမ်းဆီမှ မိုင်းနားတောင်တန်းများကို





ငေးကြည့်နေမိသည်။ ဇော့်အမေးကိုမဖြေဖြစ်။

"ဇော်တွေးမိပြီမမ. . . ကိုကျော်ဇောဦးနဲ့ ပတ်သက်တဲ့ကိစ္စ သူမေးတာမဟုတ်လား"

"ဟုတ်တယ် ဇော်၊ ဟုတ်တယ်"

"ဘာတွေ မေးလဲ"

"သူ သိပ်သိချင်နေပုံရတယ်၊ ဒါပေမယ့် သူ့ရင်ထဲက အမေးများစွာကို သူဆက်လက်သိုသိပ်လိုက်တယ်၊ မမ မကျေ နပ်နိုင်တဲ့စကားတစ်ခွန်းကို သူအရင်ဦးပြောလိုက်မိတဲ့ အတွက်ပဲ"

"ဘာလဲ မမ"

"မငြိမ်းသာရဲ့ဘဝမှာ ငွေ ဘယ်လိုတွေ့မှာလဲ ကျော်ဇောဦးရဲ့အမွေတွေရလိုက်တာမှ နည်းတာမှမဟုတ်တာတဲ့ဇော်ရဲ့"

"ဟင်. . . သူကဒီအတိုင်းပဲ ပြောတယ်လား"

"ဟုတ်တယ် ဇော်"

"ဒီကိစ္စကတရားရုံးမှာ ရှင်းပြီးသားပဲ၊ မမတို့လက်ထပ်တဲ့ညမှာပဲ ကိုကျော်ဇောဦး မရှုမလှသေဆုံးသွားတယ်။ဒါဟာလည်း တစ်စုံတစ်ခုကို အကြောက်လွန်ရာကသူ့ရဲ့နှလုံးရော ဂါကြောင့်သေဆုံးတယ်လို့ဆေးအစီရင်ခံစာမှာ ပါပြီးပြီပဲ မမရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဇော်က ခံပြင်းစိတ်နှင့်ပင် . . .

“ကျော်ဇောဦး ချမ်းသာသမျှ မမ ရရမှာပေါ့၊ သူမ သေဆုံးခင်နေ့လယ်ပိုင်းက မမနဲ့ လူကြီးစုံရာရှေ့မှာ တခမ်းတနား လက်ထပ်ခဲ့တာပဲ”

“မမ ပြဿနာ တက်ခဲ့ရတာ၊ တရားရုံးရောက်ခဲ့ရတာဟာ ကိုကျော်ဇောဦးရဲ့ ချမ်းသာကြွယ်ဝမှုကြောင့်ပဲ ပေါ့ဇော်ရယ်”

“ ဒါတွေ ဘဏ်မှာ အားလုံးအပ်၊ ဝင်ဒါမီယာက တိုက်ကို သော့ခတ်ပိတ်ခဲ့ပြီး ဒီမြစ်ကြီးနားကို လွှင့်ပြေးလာတာ ဇော်အသိလေ မမ”

“ဟုတ်တယ် ဇော်ရယ်၊ ဒီဇာတ်လမ်းတွေကို အားလုံးနဲ့အတူ မြုပ်နှံခဲ့ပြီးမှ မမဒီကိုလွှင့်ပြေးလာခဲ့တာပါ။ ဒါပေမယ့်လေ . . .”

မငြိမ်းသာ၏ မျက်ဝန်းမှာ မျက်ရည်တို့ ဝေလေပြီ . . .

“ဒီ ဧည့်သည်ဟာ မမရဲ့ မြုပ်နှံထားပြီးသား အတိတ်ဟောင်းကို ပြန်လည်တူးဖော်ဖို့ ရောက်ရှိလာသူ၊ မမဘဝကို တစ်စုံတစ်ရာ အပြောင်းအလဲ ဖြစ်စေအောင် ဖန်တီးနိုင်မယ့် သူများလားလို့ မမ စိုးထင့်မိတယ်”

“ မမဘက်မှာ ဇော် အမြဲရှိနေပါတယ်ဗျာ”

မျက်ရည်ဝေနေသော မငြိမ်းသာ၏ မျက်ဝန်းအစုံကို





မြင်ရက်ပါပဲလျက် သူ့အကြည့်ကို မလွှဲဖယ်မိ။

“မမအေးနေတော့မယ် ရေသွားချိုးတော့လေ”

“ကောင်းပြီဇော် အဲဒီထိပ်ကပဲ ထိုင်ပြီးအိမ်ရဲ့ အခြေအနေကို ကြည့်ပေးပါနော်”

ဒေါက်တာမငြိမ်းသာက ခေါင်းညိတ်ပြပြီး သဲသောင်ပြင်တဆင့် မြစ်တွင်းသို့ဆင်းသွားတော့သည်။

ဤမိန်းမမြတ်၏အလှကို အချိန်ရသမျှ ကြည့်မြင် နေချင်သော ဆန္ဒထက် မမ အအေးမိမှာရေအန္တရာယ်ကြုံတွေ့မှာကိုစိတ်ကပိုပြီးစိုးရိမ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ဇော်သည် မြစ်ကြီးနားမြို့သို့ တာဝန်အရ ပြောင်းရွှေ့လာသော ဝန်ထမ်းတစ်ဦး၏ သားလေးပါ။ ယခုနှစ်မှာပင် မန္တလေးတက္ကသိုလ်မှ ကျောင်းပြီး၍ ပြန်လာခဲ့လေသည်။ ဘွဲ့နှင်းသဘင်မတက်ရသေးသော ဘွဲ့ရပြီးသူပါ။

ဖွံ့ထွားသန်မာသော သူ့ကိုယ်ခန္ဓာနှင့် မလိုက်ဖက်သည့်နှလုံးသားတစ်ခု သူ့ရင်တွင်း၌ တည်နေသည်။

နူးညံ့သိမ်မွေ့ခြင်း၊ ယဉ်ကျေးလိမ္မာခြင်းနှင့် တစ်ဘက်လူဘက်မှ ရှုမြင်ပေးတတ်သော ရင့်ကျက်သည့် စိတ်ထားရှင်တစ်ဦး ဖြစ်ပါ၏။

အိမ်ချင်းကလည်းနီး၍ ဇော်နှင့်ဒေါက်တာမငြိမ်းသာ





ရင်းနှီးနေကြလေသည်။

မငြိမ်းသာ၏ ဒီဘက်ပိုင်းဘဝမှ အထီးကျန်ကာလများအတွက် ဇော်သည် အဖော်ကောင်း မိတ်ဆွေမှန်၊ အားကိုးဖွယ်မောင်လေးတစ်ယောက်အဖြစ် ဒေါက်တာမငြိမ်းသာ တွယ်တာနေမိသည်။

ဇော်သည်မူ. . .

မြတ်နိုးအပ်သော မိန်းမလှကို မြင်ရချိန်၌ဖြစ်စေ၊ မမြင်ရချိန်၌ဖြစ်စေ သူ့ရင်မှာ အမြဲရှိနေသလို စက္ကန့်မလပ် သတိရနေသည့် သူပါ။

ဒေါက်တာမငြိမ်းသာနှင့် ပတ်သက်သော ဇော့်ရင်တွင်းမှ ခံစားမှုမှာ 'ချစ်သည်' ဆိုခြင်းထက် ကျော်လွန်မြင့်မားနေသည်။

ကြည်ညိုလေးစားခြင်း အပေါင်းဖြင့် မြတ်နိုးသော စိတ်သည် . . . .

ချစ်ခြင်းထက်ပို၍ မြင့်မြတ်သော ပေးဆပ်ခြင်းဟု ခေါ်ခဲ့ယူသည်။

မြတ်နိုးလှစွာသော 'မမ'အတွက် သူအရာခပ်သိမ်း ပေးဆပ်နိုင်သည်။ မမ စိတ်ချမ်းသာဖို့အတွက် အလုံးစုံသော ပေးဆပ်ခြင်းများဖြင့် သူ စွမ်းဆောင်ချင်လှပါသော်လည်း. .

သူ၏ ရင်တွင်းမှ တမ်းတဆန္ဒများကို မမဆိုသော ဒေါက်တာမငြိမ်းသာ မသိပါစေနှင့် ဟု ဇော်ဆုတောင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်သာပါလျက်နှင့် မမရေချိုးနေသည်ကို သူမကြည့် စိုးရိမ်စိတ်ဖြင့်သာ တစ်ချက်တစ်ချက် လှမ်းမျှော်ကြည့်မိသည်။ တဒင်္ဂအကြည့်တွင်လည်း ဘာရမ္မက်မျှ မပါရှိ။

ဒေါက်တာမငြိမ်းသာရေချိုးရာမှတတ်မလာခင် တိုက်က လေးအတွင်းမှ လူချောချော တစ်ယောက်ဆင်းလာသည်။

"မမပြောတဲ့ ကိုမင်းလတ်ဆိုတဲ့ မမရဲ့ဧည့်သည်ပဲဖြစ်မယ် ထင်တယ်"

သူက မြစ်ဆိပ်ဘက်သို့ တန်းတန်းမတ်မတ် လျှောက်ဆင်းလာသည်။ ဇော်ထိုင်နေသည်ကို လူတစ်ယောက်ရှိနေသည်ဟူသော အသိအမှတ်ဖြင့်သာ သူဖြတ်သွားသည်။ အသေအချာ လှည့်မကြည့်။

ထိုအခိုက်မှာပင် မမရေထဲက တက်လာပြီးဇော့်ကို လက်လှမ်းပြသည်။

မမကိုယ်တိုင်ကလည်း ကိုမင်းလတ်ကို မြင်ဟန်မတူ၊ သူ့ကိုစောင့်နေသော ဇော့်ထံသာ သူအာရုံရောက်နေဟန်ရှိသည်။

ဇော်ကလည်းထိုင်ရာမှ လက်ပြရင်း ထရပ်လိုက်၏။

ဇော့်ကိုဖြတ်သန်းကျော်လွှားသွားပြီးသော ကိုမင်းလတ်မှာ ဒေါက်တာမငြိမ်းသာ လက်ဝှေ့ရမ်းပြနေသည်ကို သူမြင်တွေ့နေရပါသော်လည်း သူ့ကိုပြနေခြင်းမဟုတ်မှန်း သိသာလှသဖြင့် ကိုမင်းလတ်က နောက်သို့လှည့်ကြည့်ချိန်မှာ လက်မြှောက်





ပြနေသော ဇော့်ကို သူမြင်တွေ့သွားသည်နှင့် . . .

" မငြိမ်းသာ လက်ပြနေတာ မင်းကိုလား"

သူ့ထံလျှောက်လာပြီး ခပ်တည်တည်မေးနေ၍

" ဟုတ်ပါတယ် အစ်ကို"

" မင်းနဲ့သိလို့လား"

" သိပါတယ် . . . ကျွန်တော်တို့ အိမ်နီးချင်းတွေပါ"

ကိုမင်းလတ်တစ်ချက်တွေဝေသွားသည်။ သူ့ရင်တွင်းစိတ်ကို မျက်နှာ၌ပုံဖမ်းရန် ခက်ခဲလှသော လူစားမျိုးမို့ ဇော်ကိုမင်းလတ်ကို သရုပ်မခွဲနိုင်မိမှာပင် . . .

"မိန်းကလေးတစ်ယောက် ရေချိုးနေတာကို မင်းက ဘာကြောင့် အရသာခံပြီး ထိုင်ကြည့်နေတာလဲ"

"ဗျာ"

ဇော်၏လက်သီးများ ကျစ်သွားသည်။ အရှုံ့ဝင်းသော မျက်ဝန်းများဖြင့် ကြည့်ဖြစ်၏။

ယောကျ်ားတန်မဲ့ အောက်တန်းကျသော စကားလုံးများ ထွက်လာသော သူ့နှုတ်ခမ်း တစ်ဝိုက်ကို လက်သီးနှင့် အားကုန်စွပ်ထိုး လိုက်မည်ဟု ခြေတစ်လှမ်းတိုးပြီးမှ . . .

" ခင်ဗျားဟာ မမရဲ့ ဧည့်သည်မို့ပေါ့ဗျာ"

ဇော်သည်ထိန်းချုပ်စကားကိုပင်ပန်းစွာ ဆိုရ၏။

ကိုမင်းလတ်၏မျက်နှာတွင် ဖန်တီးမှု အပြုံးကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မပျောင်းနွဲ့လှသော အကြည့်ဖြင့်ပင်. . .

"ဆောရီး ငါ့ညီရာ. . ရှုတ်တရက်ဆိုတော့ အစ်ကို တစ်ယောက်ရဲ့စိတ်နဲ့မို့ မွှန်သွားမိတာပါ။ ငါ့ညီမှာ အစ်မတွေရှိရင် ကိုယ်ချင်းစာမိမှာပါ၊ ရှက်ဒေါသ ပေါ့ကွာ၊ မငြိမ်းသာက အစ်ကို့ရဲ့ညီမဝမ်းကွဲလေ . . ."

"ဩော်. . . ."

အတည်ပေါက်နှင့်ပြောနေသော ကိုမင်းလတ်ကို အံ့သြစိတ်နှင့်ပင် ဇော်ကြည့်နေမိသည်၊ သူဘာမှ မပြောဖြစ်။

"အစ်ကိုလဲ ဒီရောက်မှ ပျင်းနေတယ်ကွာ၊ ညီလေးနဲ့ မငြိမ်းသာ အားတဲ့ရက်မှာ ဘာနော်ဆိုလား"

"ကရိန်နော်ပါ"

"အေး အဲဒီ ကရိန်နော်ကို သွားလည်ကြရအောင်"

"မမကိုပဲ မေးကြည့်ပါ"

ကိုမင်းလတ်က ဇော့်ကို သေသေချာချာသာ အကဲခတ်သည်။ ဘာမှတော့မပြော. . .

မမဆန္ဒသည် ဇော်၏ဆန္ဒပါ။

မမ မလုပ်ချင်သော အရာကို ဘာမှ ဇော်လုပ်မပေးနိုင် မမ ဆန္ဒရှိလျှင်တော့ ဟိမဝန္တာကို တက်ရပါစေ. . .

မမနှင့်ပတ်သက်၍ ဇော့်မှာ ခံယူချက်ရှိသည်။ မမဟူ





သောသူသည် ဇော့် ခန္ဓာကိုယ်၏ ပြင်ပမှ၌ရှိသော ဇော်၏ နှလုံး သည်းပွတ် ပွားလေးတစ်ခုပါ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"မိတ်ဆက်မပေးပဲနဲ့ သိသွားကြပြီလား"

ရေမှ တက်လာသော ဒေါက်တာမငြိမ်းသာက ကျေန... သွားပုံရသည်။ ဇော်ဘာမှ သိခွင့်မပေးတော့ပါ။ မမသိလ... စိတ်မကောင်း ဖြစ်သွားမှာ စိုးရိမ်ရသည်။

"လာ. . . သွားကြစို့"

မမချမ်းနေပုံရသည်။ နီနီထွေး နှုတ်ခမ်းလေးမှာ... ပြာညို့ရောင်သမ်းနေ၏။

ဇော့်ရင်ခွင်မှာ မမကို အချမ်းပြေအောင် နွေးထွေ... ပွေ့ပိုက်ထားပေးချင်လှသော်လည်း မမနှင့်က အလှမ်းကွာ... ချည့်လေ. . . .





ဇော့်ရင်တွင်း ဆန္ဒများကို မမသိခွင့်မရနိုင်စေရန် ...အတတ်နိုင်ဆုံး ပိတ်ဆို့ဆီးကာ ထားပါသည်။ မမသိနိုင်မည် ...တ်ပါ။

သူတို့နှစ်ယောက် အိမ်ဘက်သို့ စတင်ခြေလှမ်းကြစဉ် ...သင်

"ဇော်နေခဲ့ရမလား အိမ်ထဲလိုက်ခဲ့ရမှာလား မမ"

"လိုက်ခဲ့လေကွယ်"

မမက ရေစိုလုံချည်ဖြင့် ရှေ့က လျှောက်သွားနှင့်သည်။ ...ဘာ မမထက် ကျော်အောင် လျှောက်ပြီးအိမ်ထဲဝင်နှင့်သည်။

ကိုမင်းလတ်ကမူ မမနှင့်ယှဉ်လျက်လား၊ နောက်ကလား ...ဘာလား ဇော်မတွေးမိအောင် နေလိုက်ရပါသည်။

"အိမ်ရှေ့မှာပဲ ထိုင်ကြနော်"

အပြင်ဝရံတာမှာ ချထားသော ကြိမ်ကုလားထိုင်ပေါ်မှ ...င်းလတ်နှင့် ထိုင်ကျန်ရစ်သည်။

မမက သူ၏အိပ်ခန်းရှိရာ အတွင်းဘက်ဆုံးသို့ ဝင်သွား ... သနပ်ခါးလူးမည် အဝတ်လဲမည် ဆံပင်ကို ဖီးသင်ထုံး ...

ဤအချိန်အတွင်းမှာ ကိုမင်းလတ်နှင့် ကျန်ရစ်သော ဇော် ...တ် နွေးထွေးလေးလံစွာ ရွေ့လျားမည့် အချိန်ကာလများ ... ဖြစ်ချေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မငြိမ်းသာနဲ့ ခင်တာ ကြာပြီလား"

"မမတို့ ဒီပြောင်းလာကတည်းက ဆိုပါတော့"

"မငြိမ်းသာတို့ ဒီပြောင်းတာ ဘယ်လောက်ကြာပြီလဲ"

"အစ်ကိုက ကျွန်တော့်ထက် ပိုသိသင့်တာပေါ့. . . ဒါပေမယ့် ကျွန်တော်ပဲ ပြောပါ့မယ်၊ တစ်နှစ်နဲ့သုံး လရှိပါပြီ"

နှစ်လိုဖွယ် မတောင်းသော အပြုံးကို ပြုံးယင်း. . . သူ ဟာချက်ကို ပိတ်ဆို့၏။

"သူ ဒီပြောင်းခါနီး အချိန်က အစ်ကို ရန်ကုန်မှာမရှိ ဘူးလေ၊ မော်လမြိုင်ဘက်ရောက်နေတယ်လေ"

"ဪ. . ."

"သူအမှုဖြစ်တဲ့ အချိန်ကလဲ မရှိဘူး ခရီးလွန်နေတာ နောက်မှ ကြားရတာ"

"အင်းပေါ့"

"မောင်နှမချင်းဆိုပေမယ့် တယောက်နဲ့တစ်ယောက် ကလဲဆုံချိန်နည်းကြတယ်လေ၊ သူလဲ သူ့အလုပ်နဲ့ သူ၊ ကိုယ်လဲ ကိုယ့်အလုပ်နဲ့ကိုယ် မဟုတ်လား"

"ဒါပေါ့. . .ဒါပေါ့"

"ဒါနဲ့ အစ်ကိုစကားပြောတာ လောကြီးသွားပြီလား မသိဘူး"





"ဘာကိုပါလိမ့်"

"သူ အမှုဖြစ်တဲ့အချိန်လို့ ပြောမိလို့ပါ၊ သူ့အမှုဖြစ်တဲ့ အကြောင်း ဇော်တို့သိချင်မှ သိကြဦးမှာ"

"သိပါတယ်. . . သတင်းစာထဲမှာ ပါလာလို့ လုပ်သား ပြည်သူများနှင့်အတူ ကျွန်တော်သိပါတယ်. . ဒီထက် တော့ ဘာမှ ပိုမသိဘူး"

ကိုမင်းလတ်က အဓိပ္ပာယ်ကျယ်ဝန်းလှသော အပြုံးဖြင့် ခေါင်းတဆတ်ဆတ် ညိတ်သည်။

သူ သိနေပါပြီ၊ ဇော်သည် မလွှယ်ဟူ၍။

"အေးကွယ်. . . အဲဒီကိစ္စဟာ. . . တကယ့်အဓွန့်မခန်း ပါပဲ သေဆုံးသွားတဲ့ ကိုကျော်ဇောဦးဟာသူနဲ့လက်ထပ် ရုံ လက်ထပ်ပြီး မပေါင်းလိုက်ရတဲ့ခင်ပွန်းတစ်ယောက် သာမဟုတ်ပါဘူး၊ မငြိမ်းသာရဲ့ ငယ်ချစ်ဦးလဲဖြစ်တယ်"

သိပြီးသား ဖြစ်ပါလျက်နှင့် ရင်မှာ လှုပ်ခတ်သွားစေသော ကိုမင်းလတ်၏ စကားစု. . .

"သူ ဒီမှာ နေထိုင်ရတာ ပျော်ပုံရရဲ့လား"

"ဒီကမ္ဘာမြေပြင် တစ်ခုလုံးပေါ်မှာကြိုက်တဲ့နေရာထား ကြည့် မမ ဘယ်နေရာမှာမှ ပျော်မှာမဟုတ်ပါဘူး"

"အဲဒီ မပျော်ရတဲ့ အကြောင်းရင်းရော. . . ဇော်သိ လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းရှင်းလေးပဲဗျာ. . . နှလုံးသားကွေ့တယ်. . . ဘဝပျက်တယ်. . . အရှက်ရတယ်. . . အဲဒီဒဏ်ဟာ မမရဲ့ပျော်ရွှင်မှု အားလုံးကို တိုက်စားသယ်ယူသွားခဲ့ပြီပေါ့"

ကိုမင်းလတ် ခေါင်းညိတ်၏။

ဇော်သည်. . . သူ၏ အမေးများ၌ မွေ့လျော်ခြင်းမရှိ. . မကောင်းတတ်၍သာ ဖြေကြားနေရကြောင်း လူပါး ကိုမင်းလတ် အကဲခတ်မိပါပြီ။

"ဒါနဲ့ ဇော်တို့ရော မိသားစုများလား"

"ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်တည်းပါ၊အင်ဂျင်နီယာဘွဲ့ရတဲ့အစ်ကိုက မနှစ်ကပဲ အိမ်ထောင်ပြုသွားပါပြီ"

"အဖေရော အမေရော ရှိသလား"

"ရှိပါတယ်၊ အတူနေကြပါတယ်"

"ဇော်ကရော ကျောင်းတက်တုန်းလား"

"ပြီးသွားပါပြီ ခင်ဗျ"

"ဘာနဲ့လဲ"

"ဘောဂတနီနဲ့ပါ"

သာမန်အဖြေစကား ဖြစ်သော်လည်း ကိုမင်းလတ်ကို လှုပ်ရှားသွားစေ၏။





ရုက္ခဗေဒပညာရှင်. . . သစ်ပင်မျိုးစုံနှင့် ကချင်ပြည်နယ် ရေခဲတောင်ဒေသများမှ ထွက်သော သစ်ဥ၊ သစ်ပင်များကို လေ့လာရန် ရောက်လာပါသည်ဟု ကြွေးကြော်ခဲ့သော ကိုမင်းလတ်. . .

ရုက္ခဗေဒ ဘွဲ့ရတစ်ဦးနှင့်မှ တိုက်တိုက်ဆိုင်ဆိုင် ကြုံလိုက်ရ၍ သူ နည်းနည်းတော့ ခက်ခဲသွားပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

“ဟော. . . ကားသံကြားတယ်”

ကိုမင်းလတ်တစ်အံ့တစ်ဩပြောလိုက်သော်လည်း ဖော်က

“ဟုတ်တယ်. . . ကိုဂွန်(မ)ဂျာရဲ့ကားပဲ၊ ဦးပြန်လာပြီနဲ့တူတယ်”

ဖော်၏စကား အဆုံးတွင် တိုက်ရှေ့သို့ကားဆိုက်ရပ်၏။

“ဟင်. . . မေမေပါလား”

“ဟုတ်တယ် သား၊ ဦးတင့်အိမ် လာလည်ရင်း ဒီအိမ်မှာ ညှော်သည် ရောက်နေတယ်ဆိုလို့ ဟင်းလာပို့တာ”

ဖော်က မေမေ့လက်တွင်းမှ ကြွေရည်သုတ် သုံးဆင့်ချိုင့်





ကို ဆီးကြို ပြေးယူသည်။

“မောင်ဖော်လဲ ဒီမှာစားသွား၊ ဦးလေးတော့ ဆာနေပြီ၊ ‘မခင်မူ’ရဲ့ ဟင်းကလဲ တစ်လမ်းလုံး မွှေးလာတာကွဲ့၊ အဟဲ. . . ဟဲ”

မမ ဖေဖေ၏ စကားသည် ဖော်တို့၏ မိသားစုနှင့် မမတို့သားအဖ၏ ရင်းနှီးမှု အတိုင်းအတာကို ပြနေသည်။

ဖော်က ချိုင့်ကို မီးဖိုခန်းတွင် ယူသွားပြီး ထမင်းစားပွဲပေါ်တွင်တင်၍ ထမင်းဝိုင်းဖြစ်ရန် စတင်ပြင်ဆင်ပေးနေသည်။

“အို. . . ဖော်က မီးဖိုခန်းထဲမှာကို အန်တီကိုယ်တိုင် ဟင်းလာပို့ရတာ အားနာစရာကွယ်”

“ကျွန်တော်ကတော့ ဝမ်းသာနေတာ၊ မေမေချက်တဲ့ဟင်းတိုင်း ကြိုက်တဲ့မမ ဒီနေ့လဲ စားကောင်းပါစေဗျာ”

“ကောင်းမှာပါ ဖော်ရယ်. . .၊ ရေကူးထားလို့ ဗိုက်ဆာလှပြီ. . .၊ ဖော်လဲ စားသွားနော်”

“နေပါစေ မမ”

“ဘယ်ကနေရမှာလဲ စားသွားပါ”

“ဒီနေ့တော့ ဖော့်ကို ခွင့်လွှတ်ပါ မမ၊ ဟိုရှူနဲ့လဲ ထမင်းအတူမစားချင်ဘူး”

“ဩော်. . . ဖော်ရယ် ချက်ချင်းကြီးပါလား”



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဝိုင်းလုပ်ပေးခဲ့ရဦးမလဲ မမ"

"ရတယ် ဇော်၊ ရတယ်"

မမကို နှုတ်ဆက်ပြီး ထွက်လာတော့ မမ ဖေဖေ၊ ဇော့် မေမေနှင့် ကိုမင်းလတ်တို့ ပြုံးရွှင်စွာ စကားပြောနေကြသည်။

"ပြန်ကြစို့ မေမေ၊ ဦးတို့ ထမင်းစားကြပါစေ"

"ဟေး. . . ဇော်၊ ငါ့တူလဲ တခါတည်း စားသွားလေကွာ"

"ရတယ်ဦး၊ ကျွန်တော် အိမ်ရောက်မှပဲ စားတော့မယ် ကဲ မေမေ ပြန်ကြစို့"

မေမေက ဖျတ်လတ်စွာထပြီး အားလုံးကို နှုတ်ဆက်လျက် သားအမိနှစ်ယောက် ဒေါက်တာမငြိမ်းသာတို့ အိမ်မှ ပြန်လာခဲ့ကြသည်။ ဧရာဝတီမြစ်နှင့်မျဉ်းပြိုင်လမ်းအတိုင်း လျှောက်လာကြရာမှ. . .

"မောင်မင်းလတ်ဆိုတာ မငြိမ်းသာရဲ့ အမျိုးတော့မဖြစ်နိုင်ဘူး သား"

"ဘာဖြစ်လို့လဲ မေမေ"

"မေမေ ဒီသူငယ်ကို ကောင်းကောင်း တွေ့ဖူးတယ်"

"ဟင်. . . ဘယ်မှာလဲ"

"ဘယ်နေရာမှာ ဘာအကြောင်းနဲ့ တွေ့ဖူးသလဲလို့ စဉ်း စားနေတာ၊ မေမေ့ စိတ်ထင်တော့"





ဇော့် မေမေ ဒေါ်ခင်မူက စဉ်းစားသလို လုပ်ပြီးမှ. . .

"အင်းစိန်မြို့နယ် တရားရုံးမှာ အန်တီမာရဲ့ မြေမှုကိစ္စ လိုက်ပြီး ကူညီပေးတုန်းက တွေ့ဖူးတဲ့ သူငယ်ပဲလို့ မေမေ ထင် နေမိတယ်"

"မော်လမြိုင်ကတဲ့"

"အဲဒါတော့ မသိဘူးလေ၊ မေမေရဲ့ အန်တီ ငှားတဲ့ ရှေ့နေကိုသူတို့လဲငှားကြတယ်၊ ဒါကြောင့်တွေ့ ဖူး တာ"

"သေချာရဲ့လား မေမေ"

"သေချာရဲ့လားလို့ မေမေလဲ စဉ်းစားနေတာပဲ သူ တကယ်လို့ ရှေ့နေ ဦးလွင်ဦးရဲ့ အမှုသည် ဖြစ်မယ် ဆိုရင်တော့ အဲဒီသူငယ်ဟာ ထောင်ကျသွားတယ်"

"ဟင်"

"လွန်ခဲ့တဲ့ လေးနှစ်လောက်က အဖြစ်အပျက်မို့ ဟုတ်သလား မဟုတ်သလား မေမေဝေခွဲလို့မရနိုင်ဘူး ဒါပေမယ့် သူနဲ့ရှေ့နေနဲ့ မေမေရှေ့မှာ ဆွေးနွေးစကားပြောခဲ့တဲ့ အမှုဆန်းတစ်ခုအကြောင်းကို မေမေ သေသေချာချာ မှတ်မိနေပါတယ် သား"

"သူ့နာမည်က ကိုမင်းလတ်တဲ့"

"ဟိုတုန်းကတော့ ဒီနာမည် မဟုတ်ဘူး၊ မေမေက



www.burmeseclassic.com

www.burmeseclassic.com



မှတ်ဉာဏ်ကောင်းတာ သားအသိပါ၊ ဒီသူငယ်ပဲ ဖြစ်ရမယ်၊ သူကတော့ မေမေ့ကိုမသိဘူး၊ ဒါပေမယ့် သူ့ရဲ့ အကြည့်နဲ့ မျက်ဝန်း ရွှေလျားပုံတွေ မေမေ မကြိုက်ဘူး သား၊ ဒီဇွဲ့သည်ဟာ သမီးလေးလို ချစ်တဲ့ ဒေါက်တာမငြိမ်းသာ တို့အတွက် ကောင်းသောရောက်လာခြင်းမှ ဟုတ်ပါ့မလားကွယ်"

မေမေ့ စကားလုံးတို့သည် သောက အမေပါင်းတို့ကို သယ်ဆောင်၍ ဖော့နှလုံးသားအိမ်မှာ ပို့ချနေသည်သို့ရှိ၏။





## အခန်း (၇)

သားအမိ နှစ်ယောက် တိတ်ဆိတ်စွာ လျှောက်လာကြရာ အိမ်ရောက်သည်အထိ စကားမပြောဖြစ်ကြ။

ဒေါ်ခင်မူသည် ကိုမင်းလတ်ဆိုသော သူ၏ အကြောင်း သူ့ခေါင်းထဲမှာ ရှိနေသည်။ ဤလူငယ်၏ အတိတ်သည် သူ့အတွက် ဝေဝါးနေရာမှ ထင်ရှားလာအောင် ကြိုးစား၍ တွေးစားနေသည်။

အင်းစိန်မြို့နယ် တရားရုံးတွင် ဤသူငယ်နှင့် သုံးလေးခါ မျှ ဆုံတွေ့ခဲ့ဖူးသည်။ သူ့ကို အာမခံနှင့် ရထားသော တရားခံ တစ်ယောက်အနေနှင့် ကြုံဖူးခဲ့ရခြင်းပါ။ နောက်ပိုင်း ထောင်ကျသွားသည်ဟု ကြားလိုက်ရသည်။ သည့်နောက်တွင်တော့ သူ့



www.burmeseclassic.com

www.burmeseclassic.com



သတင်းကို လုံးဝမကြားရတော့။

ပတ်သက် ဆက်နွယ်လာစရာ အကြောင်းလည်း မရှိ သဖြင့် မေ့မေ့ပျောက်ပျောက် နေခဲ့ရာမှ မမျှော်လင့်သောအချိန် မမျှော်လင့်သော နေရာမှာ ပြန်လည် ဆုံဆည်းခွင့် ရခဲ့သဖြင့် ဒေါ်ခင်မူ အံ့ဩမဆုံးနိုင်အောင် ရှိနေရသည်။

"သား ထမင်းစားတော့လေ"

သူ တွေးနေရာမှ သူ့ထက်ပို၍ တွေတွေငေးငေး ဖြစ်နေသော သားလေး ဇော်ကို မေးလိုက်တော့. . .

"သား မဆာသေးဘူး မေမေ"

"ထမင်းစားချိန်တောင် လွန်နေပြီ သားရဲ့"

"မဆာဘူး မေမေ၊ စားချင်တဲ့စိတ်လဲ မရှိလို့ပါ"

သားငယ်၏ ရင်တွင်းမှ ဝေဒနာကို သိနားလည်စွာဖြင့် ကြည့်နေရှာသည်။ ဇော်ကတော့ သူ့မိခင် သူ့ကို ကြည့်နေသည်ကိုမသိ၊ မမြင်မိ။

"သား လူလေး ဇော်"

မေတ္တာတောမှ ဖြတ်သန်းလာသော အမေ့အသံလှိုင်း သည်သာယာ ပျောင်းနွဲ့လှချေသည်။

"ဒေါက်တာမငြိမ်းသာကို သားခင်မင်ပါ၊ ဆက်သွယ် ပါ၊ ကူညီပေးပါ၊ မေမေသတိပေးပါရစေ သားရယ် မငြိမ်းသာနဲ့ ပတ်သက်လေတိုင်း သိပ်ပြီး အလေးအ





နက် မတွေးပါနဲ့ကွယ်. . . လျှော့တွက်သား လျှော့ တွက်"

"ဘာဖြစ်လို့လဲ မေမေ ဟင်"

"ဩော်. . . ဘယ်လိုမှ ညှိယူလို့ မရတဲ့ ဘဝနှစ်ခုကို ပေါင်းစပ်နိုင်ဖို့ မကြိုးစားပါနဲ့ သား၊ တစ်နေ့ သားပဲ ခံရမှာ. . ."

အလုံးစုံ နားလည်လိုက်ပါသော်လည်း ဤစကားစုကို သက်မခံနိုင်၊ လက်မခံချင်။

မေမေပြောသလို ပေါင်းဆက်နိုင်ဖို့ ကြိုးစားနေခြင်းမှ မဟုတ်ပါပဲ။ မမအတွက် ဘာမဆို ပေးဆပ်ချင်သော ဆန္ဒနှင့် စေတနာနှင့် ဆက်သွယ်နေခြင်းသာ ဖြစ်ပါကြောင်း မေမေနှင့် မမ သိကြပါစေ။

ပြီးတော့. . . 'သားပဲ ခံရမှာ'

ဆိုသော စကားအတွက်လည်း မေမေ့ကို ရှင်းချင်သော ဆန္ဒကို မနည်းမျိုသိပ်ထားနေရသည်။

ခံရစမ်းပါစေ. . . မမအတွက် မြတ်နိုးရသော မမ. . . ကြည်ညို လေးစားရသော မမအတွက် ဘာပဲဖြစ်ဖြစ် ခံရစမ်း ပါရစေဗျာ. . . ခံနိုင်ရည် ရှိသော ဇော်ပါ။

မမသည်သာ ပျော်ရွှင်ချမ်းမြေ့မှု အပေါင်းကို ပိုင်ဆိုင်နိုင် ပါစေသား။



www.burmeseclassic.com

www.burmeseclassic.com



မမ၏ အတိတ်ဆိုး ဖြစ်ရပ်များသည် နွေနံနက်ခင်းမှ နှင်းမှုန်များ နေရောင်သည်နှင့် လွင့်ပြယ်သွားကြသလို. . .

ကာလ အပူရှိန်ဖြင့် လွင့်ပြယ်ပျောက်နိုင်ပါစေ. . .

မမ၏ မျက်နှာသည် ရောက်လာစကထက် ပို၍ကြည်လင်လာချိန်ကျကာမှ. . .

ကိုမင်းလတ် ရောက်ရှိလာခဲ့သည်။

သူသည် မမအတွက် ကောင်းသောလာခြင်းဖြင့် မင်္ဂလာရှိစွာ ရောက်ရှိလာသော ဧည့်သည်တစ်ယောက် မဟုတ်မှန်း အမေနှင့် အတူ ဇော်သိရှိခွင့် ရခဲ့ပြီ။

အတိတ်ဆိုး ရှိခဲ့သော ကိုမင်းလတ်သည် အသိရခက်လှသော ပုံစံဖြင့် မမ၏အိမ်တွင်း ဧည့်သည်အဖြစ် ရောက်ရှိလာနေသည့်အတွက်. . .

မမဘက်မှ ဇော်ရပ်ပေးရပါမည်။

မမအတွက် လိုအပ်သော နေရာတိုင်းမှာ ဖြည့်ဆည်းပေးနိုင်ရန်အတွက် မမနှင့်ပို၍ မကင်းမကွာ ရှိစေဖို့က အရေးကြီးနေပြီ. . .

ဘာပဲဖြစ်ဖြစ် ဇော်သည် မမအတွက်. . .





အခန်း (၈)

"ဇော်"

"ဟာ. . . မမ၊ မမဆီကို အခုပဲ ဇော်လာတော့မလို့"

"အိမ်မှာ စကားမပြောချင်လို့ တမင် ထွက်လာခဲ့တာ ဇော်"

"မမ ဇော့်ကို ခိုင်းစရာရှိလို့လား ဟင်"

"ခိုင်းစရာတော့ မရှိဘူး၊ ပြောစရာရှိလို့ပါ"

"ပြောပါ မမ၊ ထိုင်လေ"

"မထိုင်တော့ဘူး ဇော် အားရင် မြစ်ဆိပ်ဘက်သွားကြရအောင်လေ"

"ဟုတ်ကဲ့ မမ ရပါတယ်၊ ကိုမင်းလတ်နဲ့ ပက်သက်လို့



www.burmeseclassic.com

www.burmeseclassic.com



ဘာများ ထူးခြားလို့လဲ ဟင်"

"လာပါ ဇော်ရယ်၊ လမ်းလျှောက်ရင်းပဲ ပြောကြ အောင်လေ"

အိမ်မှာ ဒေါ်ခင်မူမရှိ၊ စီတာပူမှ မိတ်ဆွေ 'ဦးလဆိုင်း'၏ ဇနီး မီးဖွားသဖြင့် သတင်း သွားမေးနေသည်။

ဖေဖေလည်း ရုံးက ပြန်မလာသေး၍ အိမ်ကို သော့ခတ် ၍သော့တွဲကို လက်မှာကိုင်ပြီး။

ရှေ့က ဆင်းသွားနှင့်သော မမ၏နောက်မှ ဇော်လိုက်လာ ခဲ့သည်။

မေမေ ပြန်လာလည်း ကိစ္စမရှိ၊ သော့တစ်စုံက မေမေနှင့် အတူရှိနေသည်။

ထိုနေ့က မမမျက်နှာ နွမ်းပုံက ခါတိုင်းလို ဆွေးရိပ်သမ် နေတာမဟုတ်။

"မမ ညက နိုက်ဂျူတီလေ"

"ဟုတ်ကဲ့၊ ဇော်သိပါတယ် မမ"

"အဲဒါ အခုချိန်ထိ တစ်ရေးမှ မအိပ်ရသေးဘူး"

"ဟာ. . ."

ဇော်က သူ့လက်မှနာရီကို မြှောက်ကြည့်လိုက်တော့ ညနေလေးနာရီ ထိုးခါနီးနေပြီ. . .

"ဘာဖြစ်လို့ မအိပ်ရတာလဲ မမရယ်၊ ခိုင်းစရာရှိရင်





ဇော့်ကိုခေါ်ခိုင်းရောပေါ့၊ မမ ဘာတွေ လုပ်နေလို့ အိပ်ခွင့်မရ တာလဲဗျာ"

"မဟုတ်ဘူး ဇော်၊ အိပ်ခွင့်ရပါတယ်၊ ထမင်းချက်တဲ့ ဒေါ်လှတူလဲ ရှိနေလို့ မမ ဘာမှ မလုပ်ရပါဘူး၊ မအိပ် ရဘူးဆိုတာ မမ အပြောမှားလို့၊ မအိပ်ရတာ မဟုတ် ဘူး၊ အိပ်မရတာ"

"ဘာဖြစ်လို့များလဲ မမရယ်"

သက်ပြင်းချသံ သဲ့သဲ့လေးကို ကြားလိုက်ရ၍ မမကို လှည့် ကြည့်မိတော့ နွမ်းနေပြီးသား မျက်နှာလေး ထပ်ညှိုးသွားသည်။

ဇော် ဘာမှ မမေးရက်တော့. . .

မမ ချစ်မြတ်နိုးသော ဧရာဝတီသည် ညင်သာ ငြိမ့်လေး ပြုံးဆင်းရင်း မမကို စောင့်ကြိုနေသည်သို့ ရှိပါ၏။

"သစ်မြစ်ဆုံကြီးပေါ်မှာ ထိုင်ကြမလားဟင် မမ"

"စီတာပူ မြစ်ဆိပ်ဘက်အထိ လျှောက်ကြရအောင် လားနော်. . . ဇော်"

မမကို ကြင်နာမှု ဂယက်ကြောင့် နောက်ကျိနေသော ဇော့်စိတ်အချက်ချင်းပင် ကြည်လင်လာခဲ့ရသည်။

ဧရာဝတီမြစ်ဘေးမှ သဲသောင်ခုံပေါ်မှာ မြတ်နိုးလှစွာ သော မမနှင့် ယှဉ်တွဲလျှောက်ခွင့် ရနေခြင်းသည် ဇော့်အတွက် အနဂ္ဃ ထိုက်တန်သော ရတနာကို ပိုင်ဆိုင်ခွင့် ရခြင်းပင်



www.burmeseclassic.com

www.burmeseclassic.com



မည်ပါသည်။

ဖြစ်များဖြစ်နိုင်ပါလျှင်. . .

ဤ ဧရာဝတီ မြစ်ကမ်းဘေးမှ သဲလမ်းလေးသည် မိုင်ပေါင်းကုဋေရှည်စွာ ဤကမ္ဘာ၏ ပြင်ပသို့ ဆန့်ထွက်သွားစေချင်လှသည်။

မေမေပြောသည့် ညှိမရသော ဘဝတို့ အနိမ့်အမြင့် အဆင့်အတန်း အသက်အရွယ်ဆိုသော သတ်မှတ်ပိုင်းခြားချက်တို့သည် ဤကမ္ဘာ၏ပြင်ပ၌ ရှိနိုင်မည် မဟုတ်တော့ပါ။

ဤ မြတ်နိုးလှစွာသော မမကို ဘာပတ်ဝန်းကျင်မှ မရှိသောအရပ်ဒေသသို့ ဆောင်ယူပြီး ပိုင်ဆိုင်ခွင့်ရသည်အထိ ချစ်ခွင့်ရချင်စမ်းပါဘိလေ။

"ဇော်. . ."

"ဗျာ. . . ဗျာ"

"ဘာတွေ စဉ်းစားလာလို့ခေါ်တာနဲ့ လန့်သွားရတာလဲ"

"ဟာ. . . ဟို ဘာမှ မဟုတ်ပါဘူး မမ ရ"

ဇော့်အပြုံးက မလုံမလဲ။

ဒေါက်တာ မငြိမ်းသာသည် ဇော့်အပြုံးကို သရုပ်မခွဲဖြစ် ဇော့်ရင်တွင်း စိတ်ကို နားလည်အောင် မကြိုးစားအား။

သူ့ဘဝ၏ ရှုပ်ထွေးခြင်းများ၌သာ နစ်နေရှာသော ဒေါက်





တာ မငြိမ်းသာ. . .။

အနောက်ဘက်ဆီသို့ ရွေ့လျားနေဆဲ နေရောင်ခြည်က သို့းသေးသော်လည်း. . .

အညာနေလို ကချင်မြေမှာ ပူပြင်းခြင်းက မပြင်းပြ. . .

တိတ်ဆိတ်စွာ လျှောက်လှမ်းလာရတော့ ဇော့် စိတ်က လုံမလဲ ဖြစ်လာ၍. . .

"ဒီည မမ ဂျူတီ ဝင်ရဦးမှာ မဟုတ်လား"

"ဇော်က မမရဲ့အော့(ဖ်)တွေတောင် မေ့နေပြီလား ဒီည မမ နားရတယ်လေ"

"ဟုတ်သားပဲ၊ ဇော်လဲ ဘာဖြစ်နေမှန်းကို မသိပါဘူး မမ ရာ"

ဒေါက်တာ မငြိမ်းသာနှင့် ဇော်ဝင်းဆွေသည် ကမ်းခြေ ရေစပ်မှ လျှောက်လိုက်၊ ကျောက်စရစ်ပေါ် နင်းလိုက် ခြေလှမ်း ဆွက်စေသော သဲမွမွပေါ်မှ ရုန်းလိုက်နှင့် တဖြည်းဖြည်း အိမ်နှင့် ဝေး၍ ဝေး၍ လာခဲ့ကြပြီ။

စီတာပူ. . .

ဟိုးယခင်က မြစ်ကြီးနားမြို့ပြင် ဂေါ်ရခါးများ နေထိုင်ခဲ့ ကြသော ရွာ၊ ယခုတော့ ခြံဝိုင်းကျယ်ကြီးများအတွင်းမှာ အိမ်ကြီး များ အိမ်ကောင်းများ ဆောက်လုပ်ပြီး အေးအေးငြိမ်းငြိမ်း နေထိုင်ကြသော စီတာပူရပ်။



www.burmeseclassic.com

www.burmeseclassic.com



စီတာပူမှာမြန်မာနှင့်လူမျိုးခြားတို့ နေထိုင်ခြင်းမရှိ ကချင်မိသားစုစစ်စစ်များသာ ငြိမ်းအေးစွာနေထိုင်ကြသော အရပ်ပါ။

ဤစီတာပူ၏အရှေ့ဘက် မြစ်ကမ်းစပ်မှာ မျက်စိတစ်ဆုံးမကကျယ်ဝန်းလှသော လိုက်ချီးစ် သီးပင် အုပ်အုပ်ဆိုင်းဆိုင်းများပြည့်နေသော ခြံကြီးတစ်ခြံရှိလေသည်။ တရုတ်အမျိုးသားတို့ပိုင်ဆိုင်ခဲ့ပြီး ခြံတွင်း၌အုတ်ဂူများ တည်ဆောက်ထားလေသည်။ ခြံပိုင်ရှင်တို့၏ ရုပ်ကြွင်းများ မြှုပ်နှံထားခဲ့ကြဟန်တူသည်။

"မမမောရောပေါ့၊ မြစ်ဆိပ်မှာထိုင်မလား ခြံထဲသွားမလားဟင်"

"မြစ်ဆိပ်မှာ နေမရိပ်သေးဘူး၊ ခြံပေါ်ပဲ တက်ကြအောင်"

ရေစပ်၏အထက် အတော်လေးမြင့်သောနေရာမှာ လိုက်ချီးစ်ပင်ခြံရှိသည်။

သဲတို့သဘာဝက ရေနှင့်ထိတွေ့လျှင် သိပ်သည်းပြီး နင်းလျှောက်လျှင်မနစ်။

ရေခြောက်နေလျှင် သဲမွမွထဲခြေနစ်သဖြင့် လှမ်းရလျှောက်ရခက်လှသည်။

ဒေါက်တာမငြိမ်းသာမှာ ညကလည်း အရေးကြီးသောလူနာနှစ်ယောက်ကို ကြည့်ရှုကုသပေးရ၍ ပင်ပန်းခဲ့ရုံမက၊ နေ့ကရော နေ့ခင်းကပါ တမှေးမှအိပ်မရ၍ နုံးနေသည်။





လျှောက်ခဲ့ရသည့်လမ်းကလည်း လှမ်းလွန်း၍ ခြံမြင့်သို့အတက်တွင် သူ့ကိုယ်သူပင်မသယ်ချင်တော့၍ ဇော့်လက်မောင်းပြည့်ပြည့်ကို သူ့လက်နှစ်ဘက်လုံးနှင့် တွယ်ခို၍ တက်လာခိုက်စဉ်. . .

ဒေါက်တာမငြိမ်းသာအနေနှင့် မိန်းမယောကျ်ား မခွဲခြားအပ်သော လူနာပေါင်းများစွာနှင့် ကိုင်တွယ်ထိတွေ့နေခဲ့သော ဆရာဝန်တစ်ယောက်မို့ ဇော့်ကိုအကူအညီသဘောဖြင့် တွဲခိုရုံမှလွဲ၍ ဘာမျှမလှုပ်ရှားမိပါသော်လည်း. . .

ဇော်သည်မူ အတွေ့အကြုံဦးမို့ ရင်ခုန်သံနှစ်ဆမြန်လာသည်။

မောနွမ်းနေရှာသော မမ၏ကိုယ်ခန္ဓာ သွယ်သွယ်လေးကိုပွေ့ယူချီမသွားလိုက်ချင်ပါသည်၊ မမကိုရင်ခွင်ထဲမှာ နစ်ဝင်သွားအောင် ပွေ့ဖက်ပိုက်ထားချင်သည်။

ခြံမြေပေါ်နင်းပြီး သစ်ပင်အောက်မှာနားတော့မှ မမကသူ့လက်ကိုဖြေလွှတ်၏။

"မမမောနေပြီလားဟင်"

"ရပါတယ် ဇော်ရယ်၊ လူမောတာက ခဏလေးနားလိုက်ရင်ပြေသွားမှာပါ၊ စိတ်မောရတာကတော့ နားလို့လဲမပြေ ကုစားဖို့လဲဆေးမရှိ"

"မမ ဘာတွေစိတ်မောစရာနဲ့ ကြုံလာလို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သူ. . . သူက ဘာတွေနှောင့်လို့လဲဟင် မမ"

"ညက မမ မရှိဘူးလေ၊ သူနဲ့အဖေနဲ့နှစ်ယောက်ထဲ မဖြစ်လို့ ဆေးရုံကကောင်လေး 'နော်ဖေါ့'ကို အကူအညီ တောင်းပြီး အိပ်ခိုင်းခဲ့တယ်"

"ဇော့်ကို ဘာလို့မခေါ်တာလဲဗျာ"

"ဇော်နဲ့ ကိုမင်းလတ်က မဖြစ်ပါဘူး နားထောင်ဦး ဇော်"

"ဟုတ်ကဲ့ပါ မမ"

"အဲဒီ နော်ဖေါ့လေးကို *အဆင်မပြေအောင်ပြောပြီး* ပြန်ခိုင်းလိုက်တယ်လေ"

"ဟင်"

"ဒါနဲ့ သိပ်တာဝန်ကျေတတ်တဲ့ နော်ဖေါ့က ညဘက်ကြီး ဆေးရုံလိုက်လာပြီး ပြောတော့ နော်ဖေါ့ကို အိမ်ပြန် ခိုင်းလိုက်ရပါတယ် မမမှာတော့ လူနာကိုသာ ကုနေရတယ် စိတ်ကအိမ်မှာပေါ့ ဇော်ရယ်"

"အိမ်ရောက်တော့ရော ဘာဖြစ်သေးလဲ"

"အဲ့ဒါပြောချင်လို့ ဇော့်ကိုခေါ်လာတာပေါ့"

မမခွန်းခြေလာမည့်စကားကို ဇော်သည် စိတ်ဝင်စားခြင်းလွန်ကဲစွာဖြင့် မမမျက်နှာကို စောင့်ကြည့်နေမိသည်။

"ညက မမအခန်းထဲကို ကိုမင်းလတ် ခိုးပြီးဝင်ခဲ့တယ်"





"ဗျာ"

"အခန်းဆိုပေမယ့် ခန်းဆီးပျဉ်က လူတစ်ရပ်ကျော်သာရှိပြီး အထက်မှာအဆီးအတားမရှိတော့သူ ကျော်ဝင်လို့ရတာပေါ့"

"ဦးမသိဘူးလား"

"ဘယ်သိမလဲ၊ သူဖေဖေကို စည်းရုံးထားမှာပေါ့၊ ဖေဖေ အိပ်တော့မှ သူလုပ်ငန်းစမှာပေါ့. . . . . မမက တော့သူနဲ့ဖေဖေနဲ့ပြေလည်ကြပါမလားလို့ စိတ်တထင့်ထင့်နဲ့"

"ပြောရဦးမယ် . . . အဲဒီလူက မမအခန်းထဲခိုးဝင်ပြီး ဘာလုပ်တာလဲ"

"မမဗီရိုကိုလဲ သော့ခတ်မထားမိခဲ့ဘူးလေ မမပိုင်သမျှအဝတ်အထည် ထဘီပါမကျန် သူလှန်လှောရှာတယ်လေ"

"မမဘယ်လိုလုပ်သိလဲ"

"မမသိပ်ပြီးတိကျသေသပ်တာ ဇော်လဲ အသိလေ၊ ခြေရာလက်ရာပျက်တဲ့ သံသယရှိတာနဲ့ အားလုံးစစ်လိုက်တော့ အားလုံးမွှေထားတာ တွေ့ရတာပဲ"

"ပြောပါဦးမမ၊ ဒီလူကဘာရည်ရွယ်ချက်နဲ့ မမအခန်းကို မွှေတာလဲ ပစ္စည်းရောပျောက်သေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမပျောက်ဘူးဇော်၊ သူခိုးဆို ယူသွားမှာပေါ့၊ သူမို့လို့သာ ရှာတာပေါ့ ပစ္စည်းထဲမှာတော့ သူ ဘာမှ မတွေ့ဘူး၊ အရေးအကြီးဆုံးနဲ့ အဆိုးရွားဆုံး သူတွေ့သွားတာက မမရဲ့ဒိုင်ယာရီ"

"ဟာ"

"မမ နေ့စဉ်မှတ်တမ်းထားတာ ဇော်လဲ အသိနော်၊ မမရဲ့တနေ့တာကြုံတွေ့မှုသာမက မမရဲ့ စိတ်ခံစားမှုတွေကိုပါ ချရေးထားတဲ့ ဒိုင်ယာရီငါးအုပ်လုံး သူဖတ်ပြီး သွားခဲ့ပြီဇော်"

"တောက်. . . မိုက်ရိုင်းလှချည့်လား"

ကိုမင်းလတ်ဆိုသူ၏ သွင်ပြင်ရုပ်လွှာကို အနီးကပ်မြင်ယောင်လာမိသည်။ ခွန်အားရှိသမျှထိုးကြိတ်ပြီး စိစိညက်ညက် ခြေပစ်လိုက်ချင်အောင် မမအတွက် ခံပြင်းလှချေသည်။

"မနက်ပိုင်းက မမ မသိသေးဘူး၊ နေ့လယ်ကမှ အိပ်မလို့ အိပ်ခန်းထဲဝင်ပြီး ဘလောက်(စ)လဲဖို့ ဗီရိုဖွင့်ရာကစပြီး ခြေရာခံမိတာ"

မမ၏စိတ်လှုပ်ရှားမှုမျက်နှာလေးကို ဇော်အသက်ရှုရပ်အောင်များ ကြည့်နေမိလေသလား။

"အားလုံးသိပြီးချိန်မှ စိတ်လှုပ်ရှားလွန်းလို့ယမ်တစ်ပြား





သောက်ပြီး အိပ်တာတောင် လုံးဝအိပ်လို့မရလို့ ဇော်ဆီ ထပြေးလာခဲ့တာ"

"မမရယ်. . ."

မမအတတ်နိုင်ဆုံးထိန်းချုပ်ထားပါလျက်နှင့် မမ၏မျက်ဝန်းမှာ မျက်ရည်ကြည်တို့ လျှံပြည့်လာသည်။

"မမကို ဇော်တစ်ခုမေးပါရစေ၊ မဖြေနိုင်ရင်လဲရပါတယ်"

"ဘာများလဲဇော်"

"မမရဲ့ဒိုင်ယာရီထဲမှာ သူတစ်ပါးသိလို့မဖြစ်တဲ့ အကြောင်းအရာတွေများပါသလားဟင် မမ"

ဒေါက်တာမငြိမ်းသာသည် အောက်ခြေဆီမှ ဇောဝတီမြစ်ပြင်ကို အသိမှတ်မဲ့စွာ ငေးကြည့်ယင်းက အောက်နှုတ်ခမ်းကို ဖိကိုက်ထားလိုက်ပြီးမှ . . .

ခေါင်းနှစ်ချက်ဆင့်၍ ညိတ်ပြသည်။

"မမ"

"ဟင်"

"ဇော်ဆိုတာ သီးခြားလူသားမဟုတ်ဘူး၊ မမရဲ့ကိုယ်ပွားပဲ မမပါပဲ မမရယ်. . . ဒီလိုခံယူပြီးသားဇော့်ကို မမရဲ့အကြောင်းရာတွေ ဖြစ်နိုင်ရင်ပြောပြပါ၊ မပြောနိုင်ခဲ့ရင်လဲ အခုကိစ္စမှာ ဇော်ဘာလုပ်ပေးရမလဲ မမ



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်စေချင်သလဲ ပြောပါ၊ ဇော် ကိုမင်းလက်နဲ့ နှစ်ယောက် ချင်းသွားယှဉ်မယ်"

အားမာန်အပြည့်နှင့် ဇော်၏ စကားကို နားထောင်ပြီး ဒေါက်တာမငြိမ်းသာသည် ဇော်ကို မှိုင်းဝေသောမျက်ဝန်းများဖြင့် ကြာမြင့်စွာကြည့်နေပြီးမှ . . . . .

"မမတို့သူ့ကို ဘာမှယှဉ်ပြိုင်လို့မဖြစ်တော့ဘူးဇော် . . မမရဲ့လျှို့ဝှက်ချက်တွေ သူသိသွားခဲ့ပြီ"

"ဟင် . . ဘာ . . ဘာတွေများလဲ မမရယ်"

"ဇော်"

"ဗျာ . . မမ"

"မမကို တမျိုးထင်မသွားပါနဲ့ဇော်ရယ်၊ မမဘဝမှာ မဖြောင့်မှန်တဲ့အလုပ် မတရားတဲ့အလုပ်ကို ဘာ . . ဘာ . . . တစ်ခုမှ မလုပ်ခဲ့ပါဘူး၊ ဒါပေမယ့် . . ."

"အို . . မမ . . မမ မငိုနဲ့ဗျာ၊ ဇော် တခုခုလုပ်မိလိမ့်မယ်ဗျ"

မြတ်နိုးအပ်သော မိန်းမလှ၏ မျက်ရည်များကို မကြည့်ရဲသောစိတ်နှင့် ဇော်တစ်ယောက် ပေါက်ကွဲလေပြီ။

ဒေါက်တာမငြိမ်းသာ၏ ပခုံးနှစ်ဘက်ကို ဆုပ်ကိုင်လှုပ်ယမ်းပြီးပြောနေသော ဇော်၏အသံတွေ တုန်လို့ ဇော့်မျက်ဝန်းမှာမျက်ရည်တွေဝိုင်းလို့ . . .





"ဖယ်စမ်း ဇော် . . . မမအတွက် ဒီလောက်ခံစားစရာ မလိုပါဘူး၊ မမလဲ အထိန်းသိမ်းမဲ့သွားမိတယ် . . ပြန်ထိုင်ပါဇော် မမတို့ အေးအေးဆေးဆေး ဆွေးနွေးကြရအောင်ပါ"

သူ့ပုခုံးပေါ်မှ ဇော့်လက်ကိုဖယ်ချရင်းပြောတော့မှ ဇော်လည်း အသိမှန်ဝင်လာသည်။

သူ့လှုပ်ရှားမှုအတွက် ရှက်လည်းရှက် မမကိုလည်း အားနာစိတ်နှင့် မမ၏လက်တစ်လှမ်းစာအကွာမှာခေါင်းငုံ့ရင်း ဇော်ထိုင်ဖြစ်၏။

မဝေခွဲနိုင်ခြင်းများစွာဖြင့် ရှုပ်ထွေးနေသော ဒေါက်တာမငြိမ်းသာမှာ အနီးမှဇော့်ကိုပင် သတိမရအား။

ဇော်သည် သူ့လျှပ်တပြက်လှုပ်ရှားမှုကြောင့် ရှက်စိတ်၊ အားနာစိတ်များဖြင့် ငြိမ်သက်နေကြောင်း ပြန်လည်သတိပြုမိချိန်ကျကာမှ ဒေါက်တာမငြိမ်းသာက . . .

"ဇော်လဲ မမအတွက် ဝိုင်းပြီး စိတ်ပင်ပန်းနေရရှာပြီကွယ်၊ ဒီမှာ ဇော်"

"ဟုတ်ကဲ့ . . . မမ"

"ညက သူမမရဲ့အခန်းထဲကို ခိုးဝင်ကြောင်း မမ သိသွားပြီဆိုတာ သူသိပုံမရသေးဘူးနော်"

"ဒီလိုဆို မမက ဘာလုပ်ချင်သလဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဇော်လဲ သူ့ကိုရင်မဆိုင်နဲ့ မမလဲ မသိသလိုလုပ်နေမှ ဖြစ်တော့မယ်ဇော်"

သဘောပေါက် နားလည်ခြင်းမရှိစွာ ငေးကြည့်နေသော ဇော့်ကို. . .

"ဘာဖြစ်လို့လဲဆိုယင် သူမမရဲ့မျက်ကွယ်ကိုထွက်သွားလို့မဖြစ်တော့ဘူးထင်တယ် ဇော်ရယ်"

"ဘာကြောင့်လဲမမရဲ့"

"မမရဲ့လျှို့ဝှက်ချက်တွေကို သူသိသွားခဲ့ပြီလေ"

"မမ"

"ဇော်"

"မမရဲ့လျှို့ဝှက်ချက်ဆိုတာကို သူတောင်သိခွင့်ရသွားမှ ဇော်ရော သိခွင့်မရှိဘူးလားဗျာ။ မမအတွက် မငဘက်ကို အသက်နဲ့လဲပြီးကာကွယ်ပေးချင်တဲ့ စေတနာနဲ့ဇော်ပါဆိုတာ မမယုံကြည်ပါစေလို့ပဲ ဇော်ဆုတောင်းပါတယ်"

"ယုံပါတယ်ဇော်ရယ်. . . သောကသည်မမမို့ အမှားဖြစ်ခဲ့ယင်လဲ ဇော် ခွင့်လွှတ်ပါကွယ်နော်"

"မမရယ် ရပါတယ်ဗျာ"

"မမ ဇော့်ကို ပဟေဠိလုပ်နေတာလဲ မဟုတ်ပါဘူးကွယ် ရင်ထဲမှာရှုပ် ခေါင်းထဲမှာနောက်လွန်းလို့ပါ ဒီမှာဇော်"





"ဟုတ်ကဲ့ပါ မမ"

"ဒီလူဟာ ဘာလဲ ဘယ်ကရောက်လာတာလဲ၊ ဘာကြောင့်ရောက်လာတာလဲဆိုတာ ဇော် စုံစမ်းပေးစမ်းပါ"

"မေမေ သူ့အကြောင်းသိတယ် မမ၊ သူ့ကို မြင်ဖူးတယ်"

"ဘယ်မှာလဲ ဟင်"

"အင်းစိန်မြို့နယ်တရားရုံးမှာတဲ့၊ သူလဲအမှုတစ်ခု ရင်ဆိုင်ခဲ့ဖူးတယ်တဲ့၊ နောက်တော့ ထောင်ကျသွားတယ်"

"ဟာ. . . ဒါ တကယ်ပဲလားဟင်"

"မေမေကိုယ်တိုင်ပြောတာပါ၊ မမ မယုံယင် မေမေ့ကိုမေးကြည့်ပါ"

"ဇော့်စကားကို မမဘာလို့မယုံရမှာလဲဇော်. . . ဇော်ဟာ ယုံကြည်ထိုက်တဲ့ လူတစ်ယောက်ဆိုတာ မမသိပါတယ်"

"ဒီစကားဟာ ဇော့်အတွက် အဖိုးတန်ဆုံးပါပဲဗျာ"

"ဦးလေးသိန်းတို့ဟာ မမရဲ့ကျေးဇူးရှင် မမရဲ့အကျိုးကိုလိုလားကြသူတွေချည်းပါဇော်. . . ဒီလို ထောင်ထွက်တစ်ယောက်ကိုလွှတ်ပြီး မမရဲ့အကျိုးယုတ်မယ့်



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စဖန်တီးခိုင်းမယ့်လူတွေ မဟုတ်ပါဘူး"

"ဒီလူရောက်လာပြီးမှ မမနဲ့ အဲဒီ ဦးလေးသိန်းတို့ကော အဆက်အသွယ်ရသေးလား"

"ဟင့်အင်း"

"သူနဲ့အတူပါလာတဲ့ စာဟာ ဦးလေးသိန်းဆိုတဲ့ လူ ကရေးထားတာရော သေချာရဲ့လားဟင် မမ"

"ဒါတော့သေချာပါတယ်ဇော်၊ ဦးလေးသိန်းရဲ့လက် ရေးကို မမမြင်ဖူးနေကျပါ"

"ဘာပဲဖြစ်ဖြစ် မမနဲ့ ရန်ကုန်က ဦးလေးသိန်း တို့နဲ့ ထပ်ပြီး ဆက်သွယ်လိုက်ရင်ကောင်းမယ်"

"ဟုတ်တယ်နော်. . . ရန်ကုန်ဆင်းမယ့် လူကြုံရှာပြီး မမစာတစ်စောင်ထည့်လိုက်ပါ့မယ်၊ လောလောဆယ် အရေးကြီးတာက သူမမရဲ့အကြောင်းတွေကို တွေးမိ ရိပ်မိသွားပြီ"

"မမ"

"ဟင်"

"ဇော်ကိုယုံကြည်တယ်လို့ မမ စောစောက ပြောခဲ့ တယ်နော်"

"အင်းလေ"

"ဒါဆိုရင် မမအကြောင်းတွေကို ကိုမင်းလတ် သိ





ခွင့်ရသွားသလောက် ဇော်လဲ သိခွင့်ရပါရစေလားဗျာ"

ဒေါက်တာမငြိမ်းသာ တွေဝေသွားသည်။

ဝန်းကျင်တခုလုံး တိတ်ဆိတ်လို့ပါ၊ မြစ်ခြေသဲသောင်ခုံ ပေါ်မှာ ဝါးတိုင်ထောင်၍ သဲများကိုသယ်ယူလောင်းချလျက် ဘုတ်ပျော့ရွက်ကလေးများဖြင့် ရွှေကျင်နေကြသော ကလေးများ တိုင်းမျှော်ကြည့်ပြီးမှဆုံးဖြတ်ချက်တခုချလိုက်သည်။

"ကောင်းပြီဇော်. . . ကိုမင်းလတ်သိသလောက် ဆို ယင်သူသိသလိုပဲ ဇော် သိနေမှ ဖြစ်မယ်လေ၊ ဒါ ကြောင့် မမရဲ့ငါးနှစ်တာအတွင်းက အဖြစ်အပျက် များကိုရေးမှတ်ထားတဲ့ မမရဲ့ ဒိုင်ယာရီ ငါးအုပ်ကို ဇော် ဖတ်ကြည့်ပါတော့လေ"

မမ၏ခွင့်ပြုချက်သည် ဇော့်ရင်ကို လှုပ်ခတ်သွားလေ အောင်ဝမ်းသာမိ၏။

ဘာပဲဖြစ်ဖြစ် မမ၏မြုပ်နှံထားခဲ့သော အတိတ်တံခါးကို ဖွင့်လှစ်ရှုကြည့်ခွင့်ရမည် ဆိုသည့်အတွက် ကျေနပ်မှု အထွဋ်ရ အထိပ်မှာ ဇော့်စိတ်တည်၏။

"ပြန်ကြမလား ဇော်"

"မမ သဘောပါ"

"အိမ်သော့ခတ်ခဲ့တော့ အန်တီမူတို့ပြန်လာရင် ခက် နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်မမ မေမေ့ဆီမှာသော့ ပိုရှိပါတယ်၊ မေမေ
လည်း မမတို့အိမ်သွားနေမှာပါ. . . ဖေဖေက တာ
ဝန်များတော့ မိုးချုပ်မှပြန်လာနေကြပါ"

"ဒါဆိုလဲ မမခဏလေးနားပြီးမှ ပြန်ချင်တယ် ဇော်
ရယ်. . . အိပ်ပျက်ထားတော့ ခေါင်းတွေနောက်နေ
တယ်".

ဖြစ်များဖြစ်နိုင်မယ်ဆိုရင် ခဏတာလေးမဟုတ်၊ သူ့ရင်ခွင်မှာ ထာဝရချမ်းမြေ့စွာ နားနေစေချင်လှပါသည်၊ မမပင်ပန်းနေမှာ မမ စိတ်မချမ်းမသာဖြစ်နေမှာကို မကြည့်ချင်၊ မကြားချင်ပါ။

ရင်ထဲမှာတော့. . .

"မမ. . . ဇော်သိပ်ချစ်ရ သိပ်မြတ်နိုးရတဲ့ မမရယ်"





အခန်း (၉)

"ဟယ်. . . ကြည့်စမ်းဇော်. . . ဟိုမှာ သူ"

မမအလန့်တကြား ညွှန်ပြရာသို့ ဇော် ဖြတ်ကနဲလှည့်ကြည့်လိုက်တော့. . . သူ. . . ကိုမင်းလတ်. . .

"ဒီလူ ဇော်တို့နောက်ကို လိုက်လာတာပဲ ဖြစ်ရမယ်၊ မမ မတွေ့ချင်ရင် ခြံထဲ ဝင်ပုန်းနေမလား ဟင်"

"ပုန်းလောက်အောင် အထိလဲ မလိုအပ်ပါဘူး ဇော်"

အနားယူမည်ဆိုသော စိတ်နှင့် အန္တမ်းပြေစ မမ၏မျက်နှာ[illegible] ပြန်လည်တင်းမာသွားရရှာပြီ. . .

ဇော်သည် သူရှိရာ ကမ်းခြေသို့ တစ်ဟုတ်တိုး ဆင်းပြေးပြီး[illegible]ရပါးရ ထိုးကြိတ် ရိုက်နှက်ကာ ဧရာဝတီ မြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း မျှောပစ်လိုက်ချင်သည်။

မမ၏ ဘဝဝန်းကျင်မှ အပြီးတိုင် ပျောက်ဆုံးသွားစေသောအာဃာတ မျက်ဝန်းများနှင့် သူ့ကို ကြည့်နေဆဲ. . .။

"ဇော်ရေ. . . မမတို့ကို သူမြင်သွားပြီ သူတက်လာနေပြီ၊ ဣန္ဒြေ မပျက်စေနဲ့ ဇော်ရယ်၊ သူ့အခြေအနေကြည့်ပြီး မမတို့ စကားပြောကြရအောင်ပါနော်"

မမ၏ လျှို့ဝှက်ချက်ကို သိရှိခွင့်ရပြီး သွားသူမို့ မမ တင်ဆင့်နှိမ့်ပေးလိုက်ရခြင်းများလား။

"မငြိမ်းသာတို့ မောင်နှမက ဒီမှာပါလား၊ ကျွန်တော်ဖြင့် လိုက်ရှာလိုက်ရတာဗျာ၊ နွံနေတာပဲ၊ ဒီဘက်ကိုထွက်သွားတယ်လို့ ကလေးတစ်အုပ်က ပြောလို့လိုက်လာတာ"

သူက အော်ကြီးဟစ်ကျယ် ပြောရင်းခြံရှိရာ ကုန်းမြေပေါ်တက်လာနေသည်။

"ဘယ်နှယ့်ဗျာ ဆြေသည်ကို တယောက်တည်းထားခဲ့ပြီး ခင်ဗျားတို့ မောင်နှမချည်း လျှောက်လည်နေတယ်လို့. . ."

"လျှောက်လည်တာ မဟုတ်ပါဘူး ကိုမင်းလတ်. . . ခေါင်းထဲ ငြီးစီစီနေလို့ ဇော့်ကို အဖော်ခေါ်ပြီး ဒီဘက် ထွက်လာတာပါ"





အလွန်အမင်း ရင်းနှီး ရောဝင်ဟန် ဘာမှ မဖြစ်ခဲ့သည့်ပုံသဏ္ဌာန်များဖြစ်အောင် ဖန်တီးရင်း ဒေါက်တာမငြိမ်းသာနှင့်မျက်နှာချင်းဆိုင်မှာ သူဝင်ထိုင်သည်. . .

"ဒါလိုင်ချီး(စ်)ပင်တွေနော်"

"ဟုတ်ပါတယ် ကိုမင်းလတ်"

"အေးဗျာ အသီးသာ စားဖူးတာ၊ အပင် ခုမှ မြင်ဖူးတယ်. . . ကုံကော်ပင် လောက်၊ ရေတမာပင်လောက်ရှိတာပဲ၊ အရွက်တွေက ထူထူဆတ်ဆတ်တွေနော် သူစိမ်းပုံကလဲ ညို့နေတာပဲ. . ."

ဇော်က ထိုင်ရာမှ ထလာပြီး ကမ်းထိပ်တွင် တင်နေသောကျောက်ခဲကြီးတစ်လုံးကို သူ့ဝေါကင်းရှူး ဖိနပ်ဦးဖြင့် အားနှင့်ပိတ်ကန်ထည့်လိုက်သဖြင့်၊ ကျောက်တုံးမှာ အရှိန်နှင့် လိမ့်ဆင်းသွားတော့သည်။

"ငါ့ညီလာထိုင်လေကွာ၊ အစ်ကိုက ပျင်းလို့ လိုက်လာတာပါ"

"ဇော် ကြိုက်သလိုနေပါစေ ကျွန်မတို့လဲ ပြန်ကြစို့လေ လမ်းလျှောက်ရင်းပဲ စကားပြောသွားကြတာပေါ့"

တွေ့စကလို ရင်းနှီးစိတ်နှင့် 'ငြိမ်းသာ'က ဟုပင် ပြောချင်စိတ်မရှိတော့၍ နာမ်စား'ကျွန်မ'နှင့်ပြန်သုံးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇော်ကရှေ့မှ အရင်ဆင်းနှင့်ပြီး အမြန် လျှောက်သွားနေသဖြင့်ကမ်းခြေ မြေအပြေ အရောက်တွင်. . .

"ဇော်. . . နေဦး မမတို့နဲ့ တူတူသွားလေ"

မမ ခေါ်သံကြောင့် လှမ်းနေဆဲခြေကို တုန့်ရပ်လိုက်ရသည်နောက်သို့မူ ပြန်လှည့်မကြည့်။

ဒေါက်တာ မငြိမ်းသာက ဇော်နှင့်နီးကပ်စွာ ယှဉ်၍ လျှောက်လာချိန်မှာသူကမငြိမ်းသာ၏ တစ်ခြားတစ်ဘက်မှနေ၍ ယှဉ်တွဲလိုက်ပါလာပြန်သည်။

"ကျွန်တော် မငြိမ်းသာကို တောင်းပန်မလို့"

"ဟင်"

"ကျွန်တော်ကဗျာ လူချင်း ခင်မင်မိယင်တစ်ရင်းတစ်နှီး ပြောဆို ဆက်ဆံတတ်တယ်၊ အဲဒါကို မငြိမ်းသာရောညီလေး ဇော်ရော တစ်မျိုးမထင်ကြပါနဲ့လို့. . ."

"မထင်ပါဘူး ကိုမင်းလတ် ကျွန်မဟာ ဘယ်သူ့ ပေါ်လဲ သံသယစိတ်နဲ့ မဆက်ဆံခဲ့ပါဘူး ကျွန်မ အေးအေးနေချင်တာ တခုပါပဲ. . ."

"ကျေးဇူးတင်ပါတယ် ဩော် ဟေ့ဇော် မနက်ပိုင်းဆို 'ကျွန်းပင်သာ'ကို စက်ဘီး နဲ့ သွားတယ်ဆို. . . နောက်သွားရင် အစ်ကို့ခေါ်ကွာ"

"ကိစ္စနဲ့ သွားရတာပါ"





"ဘာပဲ ဖြစ်ဖြစ်ပေါ့ကွာ"

"အစ်ကိုက ဘယ်တော့ပြန်မှာလဲ"

"ငါ့ညီက ပြန်စေချင်ပြီထင်တယ် အဟဲ သိပ်တော့ မကြာပါဘူးကွာ အလွန်ဆုံးနေလှ နှစ်လ သုံးလပေါ့"

မျက်နှာတင်းတင်းနှင့် လှည့်ကြည့်လာသော ဇော်၏ လက် ...ောင်းကို ကိုင်တွဲသလိုလိုနှင့် ဖျစ်ညှစ်လိုက်ရသည်။

၎င်း ထိတွေ့မှု၌ ကြွေနွံ မပျက်ပါနဲ့၊ သူ့ကို မချေပ ...နဲ့ဆိုသော အသိပေးမှုများ ပါနေကြောင်း ဇော်လည်း သိရှိပါ ...

"လူ့ဘဝအတွက် ကံဇာတ်ဆရာရဲ့ လှည့်ကွက်တွေက များလွန်းလှပါတယ် မငြိမ်းသာရယ်"

သူ့ နှိဒါန်းစကားက ကြီးကြီးကျယ်ကျယ်မို့ သူ့ကိုလှမ်း ...ကြည့်မိတော့. . .

"မငြိမ်းသာရဲ့ ဘဝကိုပဲကြည့်လေ ကိုယ်က ဆရာမ လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်တဲ့ အသိပညာရှင် အဲ ကိုယ့်ရဲ့ချစ်သူ ကျပြန်တော့လဲ သိပ်ချမ်းသာတဲ့လူ ပြီးတော့ အနုပညာရှင် တစ်ယောက် အင်း. . . ကိုကျော်ဇောဦးများ အသက် ထင်ရှားရှိရင် ခုလိုလှပတဲ့ ရှုခင်းတွေကို ဘယ်လောက် ပန်းချီတွေ ထိုင်ဆွဲလိုက်မလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမငြိမ်းသာ၏ ခြေလှမ်းတို့ တုန့်သွားချိန်မှာ ဖော်က

"ခင်ဗျားနဲ့ အဲဒီ ကိုကျော်ဇောဦးနဲ့ သိလို့လား"

"လူချင်းတော့ ဘယ်ရင်းနှီးပါ့မလဲ ကြားဖူးတာပေါ့၊ လူတိုင်း ပြောနေကြတာပဲ၊ ဒေါက်တာ မငြိမ်းသာ ယောကျ်ားက သိပ်ချမ်းသာတယ် ပန်းချီလဲဆွဲတယ်၊ မငြိမ်းသာကိုလဲ သိပ်ချစ်ရှာတယ်. . . လို့. . ."

သေဆုံးနှင့်ပြီးသား ကိုကျော်ဇောဦး၏ အမည်ကို မကြားစေချင် အတိတ်ရိုင်းသည် မမ၏ ကြည်လင်စ နှလုံးသားကို မွှေနှောက်ပစ်မှာ ဖော်လွန်ကဲစွာ စိုးရိမ်နေပါသည်။

"ဒါနဲ့ မငြိမ်းသာ"

"ပြောပါ"

"ကိုကျော်ဇော်ဦးဟာ မနုဿဗေဒ ပညာရပ်ကိုလဲ စိတ်ဝင်စားတယ်ဆို"

ဒေါက်တာမငြိမ်းသာ၏ ရင်မှာ လှပ်လှပ်ခုန်လာသည်၊ သူ့ကို ပြန်ကြားစရာ စကားလုံးများ ရှာမရ။

"အဲဒီဘာသာရပ်နဲ့ ပတ်သက်တဲ့ ရှေးဟောင်း ပစ္စည်းတွေလဲ အများကြီး စုဆောင်းတယ်လို့ သိရတယ်၊ အဲဒီအထဲက 'လောကနတ်ရုပ်' တစ်ရုပ်ဟာ သိပ်ပြီးထူးဆန်းတယ်၊ အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိတယ်လို့





လဲကြားခဲ့ရတယ်၊ အဲဒါဟုတ်လား ဟင်. . ."

ဧရာဝတီ မြစ်ကမ်းနံဘေးမှာပင် အားလုံး ရပ်တန့်ကုန်ကြသည်။ တစ်ယောက်မျက်နှာ တယောက် အကဲခတ်ရင်း ဘယ်သူမှ ဆက်၍ မလျှောက်ဖြစ်ကြတော့. . .။

"အဲဒီ လောကနတ်. . . နတ်ရုပ်ဟာ. . . မငြိမ်းသာ ယောကျ်ား မနေခဲ့တဲ့ ဝင်ဒါမီယာခြံက ပစ္စည်းတွေထဲမှာပဲ ပါသွားသလား ဟင်. . ."

သူ့ ရင်တွင်း ဆန္ဒများတို ချင့်ချိန်မဲ့စွာ တရစပ် ပြောကြားနေသော ကိုမင်းလတ်ကို သည်းမခံနိုင်လွန်းသော အကြည့်ဖြင့် ဒေါက်တာမငြိမ်းသာက ကြည့်နေဆဲမှာပင် ဖော်က ဝင်၍. . .။

"ဒီမှာ ကိုမင်းလတ် ကျွန်တော်နည်းနည်းမှ သည်းမခံနိုင်တော့ဘူးနော်"

"ဘယ်လို ငါ့ညီ"

"မမကိုယ်တိုင် မေ့ပျောက်ထားတဲ့ အရာကို ဘာဖြစ်လို့ ခင်ဗျား ထပ်ခါထပ်ခါ ပြောနေရတာလဲဗျာ၊ ဒါ သူ့ရဲ့ကိုယ်ပိုင်ကိစ္စ၊ ခင်ဗျား ဘာမှ ပြောခွင့် မေးခွင့် မရှိဘူး"

"ကဲ. . , ကြည့်လုပ်ပါဦး မငြိမ်းသာ၊ ဖော် ဆိုတဲ့ ကောင်လေးက မငြိမ်းသာအတွက် ကာကွယ်လှချည်လားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မမ ပြန်နှင့်စမ်းဗျာ၊ ကျွန်တော် ဒီလူနဲ့ အပြတ်စာရင်း ရှင်းမှ ဖြစ်တော့မယ်"

"အဟဲ. . . ဟဲ. . . . အား ဟား. . . ဟား. . ."

မခိုးမခန့် လှောင်ရယ် ရယ်နေသော ကိုမင်းလတ်၏ ရှေ့သို့ ဒေါက်တာမငြိမ်းသာကိုယ်တိုင် ခြေတစ်လှမ်း တိုးရွှေ့ပြီး။

"ဒီမှာ ကိုမင်းလတ်. . . ရှင်ဟာ ကျွန်မကို ဒုက္ခပေးဖို့ သက်သက်ရောက်လာတဲ့သူ. . . အဲဒါ ဘာအတွက်လဲ. . . ဘယ်သူ့ကြောင့်လဲ. . . ဘာရည်ရွယ်ချက်နဲ့လဲ ဟင်"

ဒေါက်တာ မငြိမ်းသာ၏ အသံများ စူးနက်စွာ လှုပ်ရှားနေသည်။

"ရှင်ဘယ်သူလဲ. . . ရှင်ဘာကြောင့် ရောက်လာတာလဲ တည်ငြိမ်အောင် ကြိုးစားနေတဲ့ ကျွန်မရဲ့ ဘဝထဲကို ဘာလုပ်ဖို့ ရောက်လာရတာလဲ ပြောစမ်းပါ ကိုမင်းလတ် ရှင့် လုပ်ရပ်တွေကို ကျွန်မ သည်းမခံနိုင်တော့ဘူး။"

"ရှင် ဘယ်သူလဲ"

"ရှင် ဘယ်သူလဲ"

ဒေါက်တာ မငြိမ်းသာ၏ အော်သံသည် ဧရာဝတီမြစ်နှံ့တော့သည်။





## အခန်း (၁၀)

ဇော်၏ ဖေဖေ 'ဦးမြမော်'မှာ သူ၏ အလုပ်ဝတ္တရားများကို ထိုက်ထိုက်တန်တန် ကျေပွန်သည့် သူပါ. . .

ထိုအလုပ်ဝတ္တရားများမှလွဲ၍ တခြားသော အမှုကိစ္စများ ဝင်တတ်။ အေးဆေးတည်ငြိမ်ရုံမက စကားလည်း နည်း၏။

"ခဏလာဦး ဇော်၊ သားကို ဖေဖေ ပြောစရာရှိလို့"

အခန်းဝမှ ခေါ်လိုက်သော ဖေဖေ့၏ အသံကြောင့် ဇော်ဖတ်လက်စ စာအုပ်ကို ပိတ်လိုက်ရသည်။

ယခုအချိန်တွင် ဇော်၏ လက်ဝယ်၌ မမ၏ အတိတ်ဇာတ်သိမ်းများကို ပိုင်ဆိုင်ခွင့် ရရှိလာခဲ့လေပြီ. . .

မမ၏ ပထမဆုံးအုပ်ဖြစ်သော နေ့စဉ်မှတ်တမ်းများကို



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ရှုနေဆဲမှာ ဖေဖေ၏ ခေါ်သံကြောင့် ခုတင်ပေါ်မှခေါင်းအုံးနှင့် ခေါင်းအုံးစွပ်ကြားထဲသို့ စာအုပ်ကို ထိုးသွင်းပြီး အိမ်ရှေ့ခန်းသို့ ထွက်လာခဲ့ရသည်။

"ထိုင်ဦး သား၊ ဖေဖေ မေးစရာရှိလို့"

မမနှင့် ပတ်သက်သော အဖြေခက်သည့် အကြောင်းများကို ဖေဖေ မမေးလာပါစေနဲ့ ဟူသော ဇော်၏ ဆုတောင်းများက မပြည့်ဝခဲ့။

"ဒေါက်တာမငြိမ်းသာတို့ အိမ်နဲ့ ပက်သက်တဲ့ ကိစ္စကို ဖေဖေ မေးချင်လို့ သား"

ဇော်၏ ဝင်သက် ထွက်သက်များ ခေတ္တမျှ ရပ်တန့်သွားသည်ထင်၏။

"သားနဲ့သူ့ဧည့်သည် မောင်မင်းလတ်ဆိုတာနဲ့ ရင်းနှီး
ဖြစ်ကြတယ်ဆို"

"ဟို. . . နည်းနည်းပါဖေဖေ၊ မမဘက်က မခံချင်တာနဲ့ ဝင်ပြောမိတာပါ"

"သူ့နာမည်က မောင်မင်းလတ် ဆိုလား"

"ဟုတ်ပါတယ် ဖေဖေ"

"အေး. . . သူရော"

"ဗျာ. . ."

"အဲဒီ မောင်မင်းလတ် ပျောက်သွားတာ သုံးရက် ရှိ





ပြီဆို"

"သား. . . သား မသိဘူး ဖေဖေ"

"တကယ် မသိတာလား သား"

"တကယ်ပါ ဖေဖေ"

"အဲဒီ မောင်မင်းလတ်ဆိုတဲ့ သူငယ်ဟာ လွန်ခဲ့တဲ့ သုံးရက်က ဧရာဝတီ မြစ်ကမ်း နံဘေးမှာ လမ်းလျှောက်မယ်ဆိုပြီး ထွက်သွားလိုက်တာ အခုချိန်ထိ ပြန်မတွေ့ရတော့ဘူး ဆိုပါလား"

"ဖေဖေ့ကို ဘယ်သူပြောလဲ"

"ဒေါက်တာ မငြိမ်းသာရဲ့ဖခင် ဦးတင့် ကိုယ်တိုင်က ပြောတာပဲ"

"ဒီကိစ္စ သားမသိဘူး ဖေဖေ၊ မမကရော ဘာပြောသတဲ့လဲ"

"မင်းရဲ့ မမကလဲ မင်းအခုပြောတဲ့ အတိုင်းပဲ၊ ဒီကိစ္စ သူ ဘာမှ မသိရပါဘူးတဲ့"

ဇော်ရင်ထဲမှာ ထန်နေသည့် မုန်တိုင်းကို မျက်နှာပြင်မှာ ထင်ဟပ်စေရန် ဇော် ဇွတ်ထိန်းထားရသည်။

"ဦးတင့်က ပြောတယ်၊ လမ်းလျှောက်မယ်ဆိုပြီးအဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ထွက်သွားလိုက်တာ လုံးဝ ပြန်မလာဘူး၊ အဲဒီ ညနေစာလဲ မစားရသေးဘူး၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေလဲ အားလုံးအိမ်မှာတဲ့၊ ဒီသူငယ် တစ်ခုခု ဖြစ်ပြီထင်တယ်ရဲကိုအကြောင်းကြားရ ကောင်းမလားတဲ့"

"ရဲ. . . ရဲကိုတော့ ဘာလို့အကြောင်းကြား ရမှာလဲ ဖေဖေ သူ့ဟာသူလာပြီး သူ့ဟာသူ ပြန်သွားတာ ဖြစ်မှာပေါ့"

ဇော်၏ လှုပ်ရှားမှုအပေါင်းကိုဦးမြတ်မော်သည်စေ့စုံစွာ အကဲခတ်နေ၏။

"မင်း ဒေါက်တာမငြိမ်းသာနဲ့ တွေ့ပြီးပြီလား"

"ဟင့်အင်း"

"မနက်ကပဲ သား သွားသေးတယ်ဆို မခင်မူ ပြောတာပဲ"

"ဟုတ်တယ်၊ သား သွားတော့ သူ ဆေးရုံသွားပြီ"

"မောင်မင်းလတ်နဲ့ ပတ်သက်ပြီး မငြိမ်းသာက ဘာမှ မပြောဘူးလား"

"ပြော. . . ပြောပါတယ် ဖေဖေ"

"ပြောပါတယ်"

"ဟို. . . သူနဲ့ဒီလူနဲ့က မတည့်ဘူးလေ၊ သူပြန်မလာတာ စိတ်မောသက်သာလိုက်တာတဲ့၊ ဒါပဲပြောတယ်"

"အေး. . . ရိုးရိုးသားသား ခရီးလွန်တာမျိုးဆို ဟုတ်





တာပေါ့၊ အခုအိမ်ပေါ်က ခဏဆင်းသွားပြီး လုံးဝ ပြန်မလာတော့ဘူး၊ ဒီသူငယ်မှာအန္တရာယ်တစ်ခုခု နဲ့ကြုံတွေ့နေရပြီထင်တယ်"

"အဲ. . . အဲဒါ သားတို့နဲ့ဘာဆိုင်လဲ ဖေဖေ"

"မငြိမ်းသာနဲ့တော့ဆိုင်တယ် မဟုတ်လား"

"သား မသိဘူး"

"မငြိမ်းသာနဲ့ ဆိုင်တာဆိုရင် သားနဲ့လဲ တနည်း နည်းနဲ့တော့ ပတ်သက်လာမှာပဲ၊ ဒီမှာ သား"

"ဟုတ်ကဲ့"

"မငြိမ်းသာရဲ့အတိတ်သတင်းဟာ မကောင်းခဲ့တာ လဲ သားအသိနော်"

"ဗျာ. . ."

"သိမ်ချမ်းသာတဲ့ ကျော်ဇော်ဦးနဲ့ လက်ထပ်တဲ့ညမှာ ပဲ ကျော်ဇော်ဦး အသတ်ခံရတယ်"

"သူ့ဟာသူ နှလုံးရောဂါနဲ့ သေတာပါ ဖေဖေ"

"အင်း. . . ဒါက ဆေးအစီရင်ခံစားကိုး သားရဲ့၊ ရောဂါရှင်တစ်ယောက် လန့်စရာ ထိတ်စရာ ခံစားစရာနဲ့ ရုတ်တစ်ရက် ကြုံဆိုခဲ့ရင်လဲ နှလုံးရောဂါ ဖောက်လာနိုင်တာပဲ၊ ဒါတွေ ထားပါတော့လေ. . . ဖေဖေ ပြော ချင်တာက. . ."



www.burmeseclassic.com

www.burmeseclassic.com



စကားရပ်ထားသော ဦးမြတ်မော်ကို ဇော်က ငြိမ်း၍သွားရာမှ မချင့်မရဲဖြင့် မျက်လုံးလေးသာ လှန်ကြည့်လိုက်သည်။

"အတိတ်ဆိုးနဲ့ ဒေါက်တာမငြိမ်းသာကို ခပ်ကင်းကင်းရှင်းရှင်းနေပါကွယ်"

"ဖေဖေရယ်. . ."

"ဘာပဲဖြစ်ဖြစ် သားရယ်၊ နှလုံးသားဆိုတာကို ဦးစားမပေးပါနဲ့၊ ဖေဖေဟာ သာမာန်ဝန်ထမ်းတယောက်ပါ၊ သားက အခု ဘီအက်စီဘွဲ့ရကာစ အလုပ်မရသေးဘူး၊ မငြိမ်းသာက ဆရာဝန်မ၊ ပြီးတော့ သူ့ကယောကျ်ားအမွေတွေက သိန်းပေါင်းများစွာကျန်ရစ်ခဲ့တယ်၊ ဒါကြောင့် သိပ်အလှမ်းကွာတဲ့ မငြိမ်းသာကို မတွယ်တာပါနဲ့၊ သံယောဇဉ်မကြီးမားခင်နောက်ဆုတ်ပါ သားကို ဖေဖေ ပြောချင်တယ်"

ဇော်က အံကိုခဲ၍ လက်နှစ်ဖက်ကို ယှက်လိမ်ပွတ်ကိုင်နေသည်။

"နောက်တစ်ခုက သူ့အဖေပုံစံကို ဖေဖေနည်းနည်းမှ မကြိုက်ဘူး"

"ဗျာ"

"ဒီလူသဘောမကောင်းဘူးလို့ ပြောတာမဟုတ်ဘူးနော် သား သူက တစ်မျိုးကြီးပဲ သာမန်ထက်ထူးခြားနေတဲ့လူတယောက်ပဲ"

တအံ့တသြအကြည့်ဖြင့်သာ ဇော်သည် ဦးမြတ်မော်ကိုကြည့်ဖြစ်သည်၊ ဝင်၍မဆွေးနွေးတတ်နိုင်။

"သူတို့သားအဖဟာ အတိတ်ဆိုးနဲ့ရောက်လာခဲ့တယ်၊ အခု သူတို့အိမ်မှာလာပြီး တည်းခိုနေတဲ့ ဧည့်သည်တစ်ယောက်လဲ ပျောက်ခြင်းမလှနဲ့ ပျောက်သွားခဲ့ပြီ"

"အင်း ဒီတော့သားရယ် ဖေဖေသားကိုတစ်ခုထဲပဲပြောချင်ပါတယ်"

"ဘာများလဲဖေဖေ"

"ဒေါက်တာမငြိမ်းသာတို့ သားအဖနဲ့ မဆက်သွယ်၊ မပတ်သက်ပါနဲ့လို့"

"ဗျာ"

"ဖေဖေပြောတာ သားကြားပါတယ်၊ ဖေဖေ့ စကားကို နားထောင် လိမ္မာမယ်လို့လဲ ဖေဖေ သားကိုယုံကြည်တယ်၊ ဖေဖေပြောချင်တာ ဒါပါပဲ သား"

ဦးမြတ်မော် ထွက်ခွာသွားပြီးသည့်တိုင် ဇော်သည်ကြာမြင့်စွာ ငိုင်တွေနေမိသည်။

မျက်စိထဲမှာ တမြန်နေ့က ကိုမင်းလတ်၏အသွင်သဏ္ဌာန်များ ရှင်သန်လှုပ်ရှားစွာ ပေါ်ထွက်လာသည်။

ပြီးတော့ မိမိအိပ်ခန်းတွင်းသို့ ရောက်ရှိနေပြီဖြစ်သော





www.burmeseclassic.com

www.burmeseclassic.com



မငြိမ်းသာ၏ အတိတ်စာမျက်နှာ ဒိုင်ယာရီ ငါးအုပ်. . .





အခန်း (၁၁)

"အားလုံးဖတ်ပြီးပြီလား ဇော်"

"ဟုတ်ကဲ့"

"အကြောင်းစုံသိရတော့ မမတို့ကိုရွံ့မုန်းသွားပြီလား ဇော်ရယ်"

"ရွံ့မုန်းဖို့ဝေးလို့ ရင်နဲ့တနင့် ခံစားနေရပါတယ်"

"အဖြစ်မှန်ကိုရော ဇော်မုန်းလို့ရသလားဟင်"

"ရပါတယ်မမ. . . ဒါကြောင့်သာမမက မမကိုလို့ ပြောရမယ့်အစား မမတို့လို့ပြောတာ မဟုတ်လား"

မမ၏ မွန်းကြပ်လွန်းသောရင်မှ သက်ပြင်းရှိုက်သံသဲ့သဲ့ ဇော်ကြားရပြီးမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဇော်. . . အဲဒီလိုမမရဲ့ လျှို့ဝှက်ထိန်ချန်မှုအတွက် တချိန်ချိန်မှာ မမဒုက္ခတွေ့ရလိမ့်မယ် ထင်တယ် ဇော်ရယ်"

"ဟာ. . . မမရယ်"

မျက်ရည်စိမ့်အိုင်နေသော မျက်နက်ဝန်းဝိုင်းလေးကို ဇော် ရင်နင့်စွာ ငေးကြည့်နေမိသည်။

မည်သို့သောစကားပိုဒ်များဖြင့် နှစ်သိမ့်ရပါ့မလဲဟူ၍ ဇော်တွေးနေဆဲမှာ. . .

"ဇော်"

"ဗျာ. . . မမ"

"အတိတ်ဖြစ်ရပ်ကခဏထားဦးဇော် ဘယ်သူမှလဲ သိခွင့်မရသေးဘူး၊ သက်ဆိုင်ရာကလဲ အစွန်းအထင်းထင်တယ်လို့ မမြင်ခဲ့တဲ့ကိစ္စပါ၊ ခက်နေတာ ကအခုကိစ္စပဲ ဇော်"

"ဟုတ်ပါရဲ့ဗျာ၊ ဒီလူရောက်လာတာ မိစ္ဆာတစ်ကောင် ရောက်လာတဲ့အတိုင်းပဲ"

"ရောက်လာတာထက်ကို ပျောက်သွားတာ ခက်နေတာ ဇော်ရဲ့"

"ဒီမေးခွန်းကို ကာယကံမြောက် ကျူးလွန်ခဲ့တဲ့ဇော်ကပဲ ပိုသိမှာပဲ"





မာန်တင်းသောနှုတ်ခမ်းမှ ထွက်လာသော စကားများမှ ပျောင်းနွဲ့လှ၏။

"ဇော့်အပြစ်ကို ဇော်လည်စင်းခံမှာပါမမ. . . မမအတွက် ဆောင်ရွက်ရတဲ့ကိစ္စမို့ ဇော် နောင်တမရပါဘူးဗျာ"

ဇော်၏အသံသည် ခံစားမှုပြင်းပြခြင်းကြောင့် လှိုင်းကဲ့သို့ လိုက်ခုန်နေလေသည်။

နှစ်ယောက်စလုံး စက္ကန့်များစွာကို တိတ်ဆိတ်ခြင်းများဖြင့်ဖြတ်သန်းနေကြပြီးမှ. . .

"ဒီမှာ မမ"

"ဟင်"

သက်ပြင်းချသံသာကြားရသည်။

"ကိုမင်းလတ်ဘာဖြစ်သွားသလဲဆိုတာ သိချင်တာတစ်ခုပါပဲ၊ သူသေသွားလို့ အဖမ်းခံရရင်တောင် ဇော် ကျေနပ်ပါတယ်လေ၊ သူရှိနေတာ မမ အတွက်အနှောင့်အယှက်ကြီး ဖြစ်နေတယ်မဟုတ်လား၊ မမရဲ့ ခရီးမှာ ချမ်းမြေ့စွာဖြတ်သန်းနိုင်ဖို့ ဇော် ဘဝနဲ့လဲ ပေးရဲတယ်၊ လဲပေးနိုင်တယ်၊ လဲပေးချင်တယ်"

အသံရှိန်မြင့်နေသော ဇော်၏စကားလုံးတို့သည် အတိုင်းသိသော သမုဒယကိုပြနေလေပြီ။ သာမာန်မိတ်ဆွေငယ်လေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးအဖြစ်နှင့် ဇော့်အပေါ် ခပ်ပေါ့ပေါ့စိတ်ထားခဲ့မိသော ဒေါက်တာမငြိမ်းသာသည်. . .

ဇော်၏ခံယူချက်များကြောင့် ဇော့်ရင်တွင်းမှ နှလုံးသား လှုပ်ရှားမှု အပိုင်းအဆစ်များကို သိမှတ်ခွင့်ရခဲ့ရပါပြီ။

သူ့ဘဝနှင့် လဲပေးရပါသည်ဆိုသည်အထိ ခံစားနေသော ဇော့်ကို တအံ့တသြကြည့်ဖြစ်သည်။

ကိုမင်းလတ်နှင့် ပြဿနာတက်ကြစဉ်က ဇော့်ကို ပါဝင် ကူညီသူတစ်ယောက်အဖြစ်နှင့်သာ ဒေါက်တာမငြိမ်းသာ သိခဲ့သည်။ မိမိနှင့်ပတ်သက်၍ ဒီကောင်လေး ဒီလောက်ထိအောင် ခံယူချက်ပြင်းပြလိမ့်မည်ဟု မထင်ခဲ့၊ မတွေးခဲ့မိ။

ဖြတ်သန်းခဲ့သော ကာလများဆီကလည်း ကိုယ့်သောက ကိုယ့်ဒုက္ခနှင့်မို့ ဇော့်မျက်ဝန်းရိပ်မှအဖြေများကို မစမ်းစစ်မိ

ယခုတော့. . .

ဇော်သည် ကမ္ဘာပေါ်မှ အကြီးမားဆုံးအင်အားများ ပိုင်ဆိုင်သည့် လူသားတစ်ယောက်ဖြစ်နေခဲ့လေပြီ။

ဤအင်အားများသည် နက်ရှိုင်းသောမေတ္တာတရားမှပေါ် ထွန်းလာကြောင်း လူသားအားလုံးသိကြသလို ဒေါက်တာမငြိမ်း သာသည်လည်း ယခုမှပင် သိခွင့်ရခဲ့ပါပြီ။

"ဇော်ရယ်"

သည်ကောင်လေးကို ယခုမှငဲ့စောင်း၍ကြည့်မိသည်။ သူ





မျှော်လင့်နေသောအရာသည် သူ့အနေနှင့် ဘယ်သောအခါမျှ ပေးအပ်နိုင်သော ရတနာပစ္စည်းပါ၊ ပြုယွင်းနေသောနှလုံးသား မှ ဖူးသစ်သောမေတ္တာတရားများ ဘယ်သောအခါမှ ပြန်လည် ရှင်သန်နိုင်တော့မည် မဟုတ်ကြောင်း မငြိမ်းသာ သိပြီးသားမို့ပါ။

"မမအတွက် ဒီထိအောင် စေတနာထားတယ်ဆိုလို့ ဇော့်အတွက် မမကျေးဇူးတင်ပါတယ်၊ မမအနေနဲ့ တော့ဇော့်ရဲ့ကျေးဇူးတရားကို ဘယ်သောအခါမှ တုန့်ပြန်နိုင်မှာမဟုတ်ဘူးနော်၊ အဲဒါကိုအစောကြီး ကတည်းကဇော်သိထားပေးပါနော်"

"မမ"

"ပြောပါဇော်"

"မမအတွက် ဇော်တတ်နိုင်သမျှ ကူညီနေတာတွေ အားလုံးဟာ မမဆီက တစ်စုံတစ်ရာမျှော်လင့်နေ တယ်လို့များထင် သလားဟင်မမ. . . . အဲဒါဆို ဇော်တကယ် ဝမ်းနည်းမိတယ်ဗျာ"

"ဟောဟိုမှာ အလျဉ်မပြတ်စီးဆင်းနေတဲ့ ဧရာဝတီ မြစ်ကြီးကိုကြည့်လိုက်စမ်းပါမမရယ်"

"ဒီမြစ်ရေဟာ ထာဝရစုန်ဆင်းပြီး ပေးဝေခြင်းသာ ဖြစ်ပါတယ်. . , ဘယ်သောအခါမှ ပြန်လည်ဆန် တက်လာနိုင်မှာမှမဟုတ်တာ မမနဲ့ဇော်ဟာလည်း အဲ



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအသိနဲ့ ထားတဲ့ဇော်ရဲ့စေတနာပါဗျာ၊ ကိုယ့်ဘဝ ကိုယ့်ဆန္ဒတွေ မြှုတ်စ်မှုန်စာမှ ဇော့်ရင်မှာ ကပ်ငြိမနေ ဘူးဆိုတာ မမယုံပါ။ မမအတွက် ပေးဆပ်လိုခြင်း သက်သက်ပဲ၊ ကဲ. . : ကိုမင်းလတ်နဲ့ ပတ်သက်ပြီး မမဘာဖြစ်ချင်လဲဆိုတာသာပြောပါ"

"ခက်တယ်ဇော်ရယ်"

"အဖြစ်မှန်ကိုဖွင့်ပြောပြီး ဇော်ရဲဌာနမှာ သွားအဖမ်း ခံပေးရမလား အဲဒီလိုမဖြစ်စေချင်သလား"

"မဟုတ်သေးပါဘူး ဇော်ရယ် အဲဒီလိုဖြစ်ရမှာ မမ ကြောက်လှပါတယ်၊ မမဘဝမှာ နောက်တစ်ခါ လူသိ ရှင်ကြား အရှက်ရမယ့်ပြဿနာမျိုးလဲ မဖြစ်ရပါစေ နဲ့တော့ ပြီးတော့. . .

"ဆက်ပြောလေမမ"

"မမအတွက်နဲ့ ဇော်အဖမ်းခံရတဲ့ အဖြစ်မျိုးထိ ရောက်စေချင်ပါဘူးကွယ်"

ဒေါက်တာမငြိမ်းသာ၏စကားသံများ တိုးတိမ် သွားခြင်းကိုပင် သူ့ရင်တွင်းမှစွမ်းအားများ ဆုံးရှုံးနေပြ ဖြစ်ကြောင်း သိသာနေပုံရသည်။

"မမလို ဆရာဝန်တစ်ယောက်အမြင်နဲ့ဆိုရင်ရော သူ သေနိုင်မလားဟင်"





"အဖြစ်အပျက်ကလဲ လျှပ်တပြက်မို့ အတိအကျတော့ မမလဲမပြောနိုင်ဘူးဇော်"

လွန်ခဲ့သောလေးရက်က ဤဧရာဝတီမြစ်ကမ်းခြေတနေ ရာတွင် ကိုမင်းလတ်နှင့် ဇော်တို့၏ရန်ပွဲလေးကို မျက်စိမှာပြန် လည်မြင်ယောင်လာသည်။

ဒေါက်တာမငြိမ်းသာကိုယ်တိုင် မေ့ပျောက်မြုပ်နှံထား သော အတိတ်ဆိုး၏အစိတ်အပိုင်းများကို တူးဖော်မေးမြန်း၍ ခံမရပ်နိုင်လွန်းသော မငြိမ်းသာက. . .

"ရှင့်လုပ်ရပ်တွေကို ကျွန်မသည်းမခံနိုင်တော့ဘူး၊ဘာ ရည်ရွယ်ချက်နဲ့ ရောက်လာတာလဲ၊ ရှင်ဘယ်သူလဲ၊ ရှင်ဘယ်သူလဲ"

ဆိုသော မငြိမ်းသာ၏အော်သံကြောင့် ခြေရှေ့တစ်လှမ်း တိုးလာသော ဇော့်ကို ကိုမင်းလတ်က မထီမဲ့မြင်ပုံစံဖြင့် ဇော့် ရင်ဘတ်ကို ဆောင့်တွန်းပစ်ခဲ့သည်။

သူ့မမအတွက် မခံမရပ်နိုင်သောစိတ်နှင့် လူငယ် တစ်ယောက်မာန်တို့ဖြင့် ကိုမင်းလတ်၏ရင်ဝသို့ လက်သီးတစ် ချက် ပစ်သွင်းလိုက်သည်။

ကိုမင်းလတ် သူ့ရင်ညွန့်ကိုလက်နှင့်ဖိပြီး ကိုယ်ကိုင်းညွတ် သောအချိန်မှာ ညာဝိုက်လက်သီးဖြင့် မျက်နှာတည့်တည့်ကို တစ်အားထိုးလိုက်သဖြင့် ကိုမင်းလတ်နောက်သို့လန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သဲသောင် ပြင်မှာ ပစ်လဲကျသွားတော့သည်။

"လာမမ"

သူပြန်ထမလာနိုင်မီ အိမ်သို့ပြန်ကြမည်ဆိုသောရည်ရွယ်ချက်ဖြင့် ဇော်က ဒေါက်တာမငြိမ်းသာ၏လက်ကို ကိုင်တွဲဆွဲခေါ်သည်။

ကိုမင်းလတ်အပါးမှ ခွဲခွာမလာမီ ဒေါက်တာမငြိမ်းသာ လှည့်ကြည့်လိုက်တော့ နှာခေါင်းမှသွေးများယိုစီးလျက် လူးလွန့်နေသည်ကို မြင်လိုက်ရသေးသည်။

ထိုအချိန်က ဆရာဝန်တစ်ယောက်၏စိတ်နှင့်ပင် သူ့ကို ကူညီချင်စိတ်မရှိမိ၊ သူ့ဒဏ်ရာသည်သာမန်သာ။

အသက်အန္တရာယ် ဖြစ်လောက်သည်အထိ စိုးရိမ်ဖွယ်ဖြစ်လိမ့်မည်ဟူ၍လည်း တစိုးတစ့မျှမတွေးခဲ့မိ။

သည်သို့ဖြင့် ဇော်နှင့်ဒေါက်တာမငြိမ်းသာတို့ ပြန် သည်။

ဇော်တို့အိမ်သို့ပါ။

မငြိမ်းသာ၏အိမ်၌ဆိုလျှင် မေဖွေ့ရှေ့မှာမရှင်းချင်။

သူမုချလိုက်လာမည်။ သူတို့နှစ်ယောက်မှလွဲ၍ လူကြီးရှိမနေသော ဇော်တို့အိမ်၌ ပြဿနာအရပ်ရပ်ကို ကိုမင်းလတ်နှင့် ရင်ဆိုင်ဖြေရှင်းကြမည်ဟု စောင့်နေသော်လည်း . .

နေဝင်သွားလေပြီ။

မိုးစုပ်စုပ်ချုပ်လေပြီ။





ဇော်နှင့်မငြိမ်းသာတို့လမ်းခွဲ၍ သူ့အိမ်ကိုယ့်အိမ်မှာရှိနေပြီး ဘယ်သူမှမအိပ်နိုင်ကြတော့။

ညဉ့်သန်းခေါင်တိုင်ထိလည်း ကိုမင်းလတ်ပြန်မလာ။

နောက်တစ်နေ့မနက်စောစော ဇော်နှင့်ဒေါက်တာမငြိမ်းသာ တို့ ပြန်လည်ဆုံတွေ့ကြပြီး မငြိမ်းသာ၏ ညွှန်ကြားချက်ကြောင့် မနေ့ကဖြစ်ပျက်ခဲ့သောနေရာသို့ ဆော်ပြေးကြည့်၏။

မတွေ့ . . .

ဘာအစအန ဘာသဲလွန်စမှမတွေ့။

ခြေရာပင် ထင်မနေ . . . .

ကိုမင်းလတ် လဲကျရာနေရာ၌ သဲမြေများစွတ်စိုနေသဖြင့် ဧရာဝတီမြစ်ရေတက်ပြီးရေစီးသန်လေသလား၊ မြစ်ရေလျှံသလား။

"သူမေ့မြောလဲကျနေတုန်း ဒါမှမဟုတ် သေဆုံးသွား၍ ဘာမှမလှုပ်ရှားနိုင်ချိန်မှ ရေစီးနဲ့များ သူ့အလောင်း မျောပါသွားပြီလား"

ဇော်နှင့်မမတို့ ပြန်လည်ဆုံတွေ့ကြတော့ ချောက်ချားဖွယ်အတွေးများဖြင့် နှလုံးသားနှစ်စုံမှာ နာကျင်ပင်ပန်းစွာ လှုပ်ရှားနေကြရသည်။

"သူ့ ဒဏ်ရာဟာ မသေလောက်ဘူး ဆိုယင်တော့



www.burmeseclassic.com

www.burmeseclassic.com



"လင်နေရာက ထပြီးများ သူတစ်နေရာရာကိုထွက်သွားသလား မမ"

လေးရက်မြောက်သော ယနေ့ ပြန်လည်ဆုံတွေ့ပြီးချိန်မှ ဇော်က သက်သာနိုင်သည့်ဘက်က လှည့်၍တွေးကြည့်မိသည်။

တည်ငြိမ်လေးနက်သောမျက်နှာထားနှင့် တစ်နေရာတည်းသို့ စူးစိုက်ကြည့်နေရာမှ . . .

"အင်းသူမသေလို့ ထွက်သွားတယ်ဆိုတာလဲ ဖြစ်ချင် ဖြစ်နိုင်တယ်ပဲထားပါ၊ သူဘယ်သွားမလဲ ဇော် . . . မမတို့ကလွဲလို့ သူ့မှာအသိမှမရှိပဲ၊ ပြီးတော့ဒီမြစ်ကြီးနားမြို့ဖြစ်တဲ့ ကချင်ပြည်နယ်ကနေပြီး ပြည်မကိုပြန်ဖို့ လေယာဉ်နဲ့မီးရထားကလွဲလို့ ဘာလမ်းမှမရှိဘူး လမ်းကသွားဖို့ လက်မှတ်အတွက် မှတ်ပုံတင် ရှိရမယ်မဟုတ်လား၊ ကိုမင်းလတ်ရဲ့မှတ်ပုံတင်က သူ့အိတ်ထဲမှာ ရှိနေဆဲပဲဇော်"

"ခက်တာပဲဗျာ"

ပြဿနာတခုကို ရင်ဆိုင်ဖြေရှင်းလိုက်ရသည်က အနိုင်အရှုံး အဖြေနှင့် ဖြေသိမ့်နိုင်ဦးမည်။

ယခုလို 'ဘာဖြစ်မှာပါလိမ့်' ဆိုသော မမြင်နိုင်သည့် မမှန်းဆတတ်သည့်အဖြစ်နှင့် ရင်ဆိုင်နေရသည်က ရင်၌နာကျင် ပင်ပန်းဖွယ်ကောင်းလှပါဘိ၏။





"တစ်ခုတော့တွေးလို့ရတယ်မမ"

"ဘာများလဲ ဇော်"

"သူဟာ ခေါင်းမှာဒဏ်ရာရပြီး သူ့ဘဝသူမေ့သွားတာနဲ့ ဒီအိမ်ကိုပြန်မလာတော့ပဲ ခြေဦးတည့်ရာ လျှောက်သွားတာမျိုးရော မဖြစ်နိုင်ဘူးလား"

"အင်း . . အဲ့ဒီအဖြစ်အပျက်မျိုးကတော့ စိတ်ကူးယဉ်ဇာတ်လမ်းတွေမှာ ပိုပြီးအဖြစ်များတယ်၊ မမတို့ရဲ့ ဆေးပညာနယ်ပယ်မှာတော့ အင်မတန်တွေ့ရခဲတဲ့ ဖြစ်ရပ်ပါ"

"ကောင်းပါပြီလေ၊ ဒီလူ့အကြောင်းထက်ကို မမဘာဖြစ်စေချင်သလဲ မမအတွက် ဇော်ဘာလုပ်ပေးရမလဲသာ ပြောပါ"

ဒေါက်တာမငြိမ်းသာသည် ဇော့်ကိုစူးနစ်စွာ စိုက်ကြည့်မိသည်။

မိမိဘဝ၌ 'မောင်' သေဆုံးရခြင်းသည် မိမိ၏ရင်တွင်းမှ နှလုံးသည်းပွတ်သေဆုံးရခြင်းနှင့် ထပ်တူမည်သည်ဟု ခံယူထားပြီးသည့်နောက်တွင် . . .

မိမိကိုယ်တိုင်ကလည်း ဘယ်သူ့ကိုမှ စိတ်မဝင်စား၊ လှည့်မကြည့်မိ၊ မိမိအနားသို့လည်း မည်သူတစ်စုံတစ်ယောက်မှ ချဉ်းကပ်ဝေ့ဝဲလာခြင်းမရှိခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ယခုသူ့ဘဝနှင့် ဆက်လဲပေးဆပ်ရဲသော အနန္တစေတနာရှင် ဖော်သည် သူ့ဘဝအနီးသို့ ချဉ်းကပ်လာနေလေပြီ။

စိတ်မကောင်းစရာပါပဲလေ။

သေဆုံးနေသောနှလုံးသားမှ မေတ္တာ ကရုဏာရောင်ပြန်များ ရောင်စဉ်များ တုန့်ပြန်နိုင်ခြင်း ဘယ်သောအခါမှ ရှိနိုင်တော့မည်မဟုတ်ကြောင်း ဖော်သိပါစေ။

ယခုကိစ္စမှာတော့. .

လူမှုရေးအရနှင့်မိတ်ဆွေကောင်းတစ်ယောက်၏ ကူညီမှုအဖြစ် ဖော့်ကို ဒေါက်တာမငြိမ်းသာ ကျေးဇူးတင်ရပါလေမည်။

ဖော်နှင့်ပူးပေါင်းကာ မည်သူမျှမသိရလေအောင် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စများကလည်း ရှိနေပေသေးသည်။

"ကိုမင်းလတ် ဘယ်ရောက်သွားလဲ"

" အသက်ရှင်လျက် တစ်နေရာသို့ ထွက်သွားခဲ့လေသလား"

"သို့မဟုတ်"

"သူသေဆုံးကာ အလောင်းပါအစအနပျောက်သွားလေပြီလား"

ဆိုသော ရင်မငြိမ်းဖွယ် ဖြစ်ရပ်များကို ဖော်နှင့်ပူးပေါင်းကာ စီစဉ်ဆောင်ရွက်ရပါလေဦးမည်သာ. . .





## အခန်း (၁၂)

တောင်ပေါ်မြို့ မဟုတ်သော်လည်း အရှေ့ဘက်ဆီတွင် တောင်တန်းညိုညိုကြီးများ ကာဆီးထားသဖြင့်. . .

ဝေနေသောတောင်ခိုးများကြားမှ နေခြည်နုရောင်စဉ်များ ထွက်လာပုံ ရှုခင်းအလှကို ငေးကြည့်နေယင်း. . .

"ပြန်လည်မွေးဖွားခြင်း"

ဟူသောပန်းချီကားချပ်ကို မျက်စိ၌ မြင်ယောင်လာမိသည်။ နံနက်ဦးဆည်းဆာကို သရုပ်ဖော်ထားသော. . .

"မောင်၏ စိတ္တဇပန်းချီကားချပ်"

သဘာဝ၏အလှတရားများ ဖြန့်ကျက်ထားသော နေရာထိ တွေ့ရသူတို့မှာ ကိုယ့်ရင်မှ ခံစားမှုကို ပိုမို၍အရိုက်ဖြင့်စေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

အပျော်ရင်နှင့်ကြည့်လျှင် ကြည်နူးမှုမြင်ကွင်းများ ဖြစ်နိုင်သလို ကြေကွဲမှုနှလုံးသားနှင့် ရှုမြင်ရလျှင် ပို၍လွမ်းမောဖွယ် ဖြစ်လာတတ်သည်မို့ ဒေါက်တာမငြိမ်းသာ၏ မျက်ဝန်းမှာ မျက်ရည်များ ဝိုင်းစိုနေခဲ့ပြီ။

သူထိုင်နေသော ကုလားထိုင်ရှေ့မှ စားပွဲပေါ်တွင် စာအုပ်ငါးအုပ်. . .

မငြိမ်းသာ၏ဘဝ ဖြစ်စဉ်စာတမ်းများ. .

စောစောကပင် ဖော်လာပေးသွားခဲ့သည်။ ဤငါးနှစ်တွင်းတာလ၏ အဖြစ်အပျက်အသေးစိပ်ကို ဖော်စေ့စုံစွာသိရှိခွင့်ရပြီ သွားလေပြီ။

ဒေါက်တာမငြိမ်းသာသည် သူ့ရှေ့မှ ဒိုင်ယာရီစာအုပ်ငါးအုပ်ကို ကြည့်နေယင်းက ခြောက်အုပ်၊ ခုနှစ်အုပ်၊ ဆယ်အုပ် ဆယ့်ငါးအုပ်၊ အုပ်နှစ်ဆယ်အဖြစ်နှင့်. . .

စာအုပ်ပုံမြင့်မြင့်လာသလို သူ့ဘဝ၏နှစ်များစွာ အဆင်အပိုင်းများစွာတို့သည်လည်း သူ့ရှေ့မှာပင် ပြန်လည်ရှင်သန်လှုပ်ရှားနေကြပါပြီ။

မိမိကိုယ်မိမိ ပြန်လည်ရှုကြည့်နေမိသော ဒေါက်တာမငြိမ်းသာသည်. . . .





## အခန်း (၁၃)

"မိန်းကလေးပဲ တော်ပြီပေါ့၊ ဘာလို့ ကျောင်းဆက်တက်ချင်ရတာလဲ"

"အဖေ ကျောင်းစရိတ်မတတ်နိုင်လို့လား"

"တတ်နိုင်သားပဲ၊ မလိုလို့ပြောတာ၊ ကိုးတန်းတောင်အောင်ပြီပဲ တော်ရောပေါ့"

မငြိမ်းသာ ဝမ်းနည်းကြေကွဲစွာ ငိုရှိုက်နေမိသည်။ အဖေ့ကိုလည်း ဘာမှ ပြန်မပြောဝံ့။

ကျောင်းမနေရတော့ဘူးဆိုသော အသိကြောင့် သူ့ရင်မှာမည့်နင့်ဆို့ကျင်လာသည်။

သူ့ဝန်းကျင်တစ်ခုလုံး အဖြူရောင်ကွက်လပ်များ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကုန်ပြီ။

ဘာတစ်ခုမှ ကြည့်စရာ၊ ရှုစရာ၊ မျှော်လင့်စရာ မှီခိုစရာမရှိ တော့သလို အရာခပ်သိမ်း ဆုံးရှုံးသွားလေပြီဟု ခံယူစိတ်နှင့် မငြိမ်းသာ အားရပါးရ ရှိုက်ကြီးတင ငိုယိုနေချိန်မှာ. . .။

“ဟဲ. . . ကလေးက ငိုလှချည့်လား ဘာဖြစ်လို့လဲ သမီး ဟင်”

အကြင်နာလေသံနှင့် ပြောကြ ဆိုကြ မေးမြန်း ပွေ့ဖက်ကြသူများကတော့ ဦးလေးသိန်းနှင့် ဒေါ်လေးမြ။

“ပြောစမ်းသမီးဘာဖြစ်လို့လဲ ဟင်၊ ကြည့်ပါဦးကိုသိန်း ရယ် ကလေးတစ်ကိုယ်လုံးလဲ ချွေးတွေ မျက်ရည်တွေ နဲ့ရှင်”

‘ဒေါ်လေးမြ’ က မငြိမ်းသာ၏ မျက်နှာမှ မျက်ရည်များ ချွေးစက်များကို သုတ်ပေးနေစဉ် ‘ဦးသိန်းဖေ’က ငိုရခြင်း အကြောင်းရင်းကို စိုးရိမ်တကြီး မေးလာ၏။

“ကျောင်းမနေရတော့ဘူးတဲ့ အဖေက”

ဟူသော အဖြေစကား ကြားရတော့မှ သူတို့ဇနီးမောင်နှံ စိတ်သက်သာစွာပြုံးရယ်ကြပြီး။

“ဟောဒီကိုတင့်တယောက်ဟာလေ အတွေးအခေါ် ကိုကတစ်မျိုး၊ ကလေးဒီလောက်စာတော်နေတဲ့ဟာကို





ဒေါ်အေးမြ စကားဆုံးသည်နှင့်. . .

“ဒီမှာသမီး မငြိမ်းသာ ငိုမနေနဲ့၊ နင့်အဖေ မထားရင် ငါကျောင်းထားပေးမယ်လို့ပြောတယ်လို့ ပြောလိုက်”

“အို . . ရှင်ကလဲ ကလေးပြောခိုင်းလို့ မဖြစ်ပါဘူး၊ သူကတမျိုးတစားရယ်၊ ကျုပ်ကိုယ်တိုင် ပြောမယ်”

စောစောဆီကနှင့် ဆန့်ကျင်ဘက် ခံစားမှု ဖြစ်ပါသော် ငြားလည်း ဝမ်းသာခြင်းသည်လည်းနှလုံးသားကို အရှိန်ပြင်းစွာ လှုပ်ရှားစေနိုင်သည်ပါလား။

“သမီး မငြိမ်းသာ၊ ငါ့သမီး ဆယ်တန်းအောင်ရုံမဟုတ် ဘူး ၊ ကောလိပ်ကျောင်းတက်ပြီး ဘွဲ့ရတဲ့အထိ ဒေါ်လေးမြတို့ ထားပေးမယ် ကြားလား၊ စာသာကြိုး စား”

အားတက်လွှန်းဖွယ် အားပေးမှုများကြောင့် ပင်ကိုယ်စာ တော်ပြီးသား မငြိမ်းသာမှာ ဆယ်တန်းရောက်တော့ အားကုန် အင်ကုန်ကြိုးစားခဲ့သဖြင့် လေးဘာသာဂုဏ်ထူးနှင့် ဆေးတက္က သိုလ်သို့ ဝင်ခွင့်ရခဲ့သည်။

ကျောင်းနှင့်အိမ် သည်သာ မငြိမ်းသာ၏ ကမ္ဘာအဖြစ် တည်ဆောက်ထားခဲ့ရာမှ ရင်ခုန်လှုပ်ရှားဖွယ် နယ်မြေသစ်တရပ် ကို မငြိမ်းသာ ထပ်မံတွေ့ရှိလာခဲ့ရသည်။

ဤနယ်မြေသစ်၏ ပိုင်စိုးရှင်ကတော့ ဟိုဘက်ခြံမှ



www.burmeseclassic.com

www.burmeseclassic.com



'ကိုကျော်ဇောဦး'။

"ဒီမှာဗျာ ကျွန်တော်တို့ခြံမှာ ရေမလာလို့ ဟိုဘက်ခြံက ရေ ခဏလောက်သွယ်ယူပါရစေ"

"အို . . မဖြစ်ဘူး"

"ဟင် . . . ဘာဖြစ်လို့လဲ"

"မပေးနိုင်လို့ပါ"

"ဟာဗျာ ရေတောင်ပေးနိုင်လောက်အောင် ခင်ဗျား စေတနာ ယုတ်ညံ့လှချည့်လား"

သံဆူးကြိုးများကြားမှ သွင်းထည့်ထားသော ပလပ် ရေပိုက်ကို ဆောင့်ဆွဲယူပြီး သူလှည့်ထွက်သွားတော့မှ . . .

"ဒီ . . ဒီမှာ ဒီမှာရှင်"

သူကဒေါသမျက်ဝန်းနှင့် လှည့်ကြည့်လာ၍ . .

"မပေးနိုင်ဘူးဆိုတာလေ ငြိမ်းသာပိုင် မဟုတ်လို့ရှင့် ငြိမ်းသာက ဒီအိမ်မှာ ခဏလာနေသူမို့ပါ။ ရှင်နေ လိုချင်ရင်အိမ်ရှင်တွေလာတော့ ငြိမ်းသာ ပြောပေး ပါ့မယ် နော်"

ရေမပေးနိုင်သည့်အတွက် မငြိမ်းသာ စိတ်မကောင်းခြင်း များစွာဖြစ်သွားပုံလေးက အကြင်နာစိတ်ကို ဖြစ်ထွန်းစေသည့် အမူယာ။

"ခင်ဗျားက ဒီတိုက်မှာနေတာ မဟုတ်ဘူးလား"





"ဟိုး နောက်က တန်းလျားမှာ နေရတာပါ။ ရေဘုံပိုင် ကဒီတိုက်ကြီးထဲမှာပဲ ရှိပါတယ်၊ အိမ်ရှင်တွေလဲလာ ကာနီးပါပြီ"

တင်းမာနေသော သူ့မျက်နှာမှာ ဂရုဏာကြောင့် ချက် ချင်းပျောင်းနွဲ့သွားလေသည်။

"ကိုယ့်အပြုအမူအတွက် စိတ်မကောင်းပါဘူး မငြိမ်း သာ"

"ရှင်"

"နာမည်နဲ့လိုက်အောင် ငြိမ်းအေး သာယာတဲ့ မိန်းက လေးပါပဲ"

"အို"

ခြံကာ ဆူးကြိုးနားကပ်လာပြီး ပြောတော့ မငြိမ်းသာ၏ ရင်မှာ အရှက်နှင့် ပီတိရောထွေး၏။

"ကျွန်တော်လဲ မနေ့ကမှ ဒီတိုက်ကို ပြန်လာပြီးနေ တာပါ၊ ခြံနီးချင်းတွေမို့ မိတ်ဆွေအဖြစ် ခင်ခင်မင် မင်နေကြရအောင်ပါ"

မငြိမ်းသာ ဘာမှမပြောဝံ့ လက်မှစာအုပ်ကို ရင်မှာကပ် ငိတ်လိုက်ယင်းက ခေါင်းညိတ်ပြလိုက်သည် ထင်ပါ၏။ မမှတ်မိ ဘော့။

"ဒါနဲ့ လက်ထဲက ဘာစာအုပ်လဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သြော်. . . ဟို. . . ကျောင်းစာအုပ်ပါ"

"ကျောင်းစာအုပ်က အထူကြီးပါလား၊ ဘာစာအုပ်လဲ ဟင်"

"ဖာမကော်လော်ဂျီ"

"ဟင်. . . ဒါဆိုမငြိမ်းသာက ဆေးတက္ကသိုလ်ကျောင်းသူများလားဗျာ"

"ဟုတ်ပါတယ်"

ရှက်စိတ်နှင့် ထုံမွှန်းနေသော်လည်း မငြိမ်းသာ၏ ရင်မှာ ဂုဏ်ယူဝင့်ကြွားနေမိသည်။ သူအထင်တကြီး ရှိသွားသည်ကို ကျေနပ်နေမိသည်။

"ဒီခြံနဲ့ ဘယ်လိုပတ်သက်လို့လဲဟင်"

"ဒီတိုက်ပိုင်ရှင်တွေနဲ့ ငြိမ်းသာတို့ မိဘတွေက ငယ်ငယ်ကတည်းက မိတ်ဆွေတွေပါ၊သူတို့က ချမ်းသာပါတယ် ဟိုတုန်းထဲက ချမ်းသာတာပါ၊ ဒီတိုက်အိုကို ဝယ်ပြီးတော့ အဖေက ပန်းရုံဆရာမို့ ကြီးကြပ်ရပါတယ်၊ ဒါကြောင့် အိမ်တစ်ခန်းပေးနေပြီး ငြိမ်းသာ ကိုပါကျောင်းထားပေးကြပါတယ်ရှင်"

ရဲက ခေါ်စစ်လျှင်ပင် သည်မျှပြည့်စုံစွာ ဖြေဖြစ်မည် မဟုတ် ယခုတော့ ရိုက်၍မမေး မမြန်း မစစ်ဆေးရပါပဲနှင့် ဖြေလိုက်သည်များမှာ ကရားက ရေလွှတ်သည်ထက် သွက်၏။





သည်တော့ သူကလည်း

"ကျွန်တော်လဲ တစ်ယောက်တည်း ယောင်ယောင်ကြောင်ကြောင်နဲ့ ရောက်လာရတာပါ၊ ရန်ကုန်ကို ကျွန်တော်မကျွမ်းကျင် သေးပါဘူး မငြိမ်းသာကျွန်တော့်ဇာတိက မိုးကုတ်ကပါ၊ မိဘ တွေဆုံးပြီး ဟိုမှာလဲ နေချင်စိတ်မရှိတာနဲ့ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကတည်းက ကျွန်တော့်နာမည်နဲ့ ဝယ်ထားခဲ့တဲ့ တိုက်မှာ ကျွန်တော် လာနေတာပါ"

"သူဌေးပါလား"

ဟူသောအသိစိတ်ဖြင့် သူ့ကို အထင်တကြီး ကြည့်လိုက်မိသည်။

"မငြိမ်းသာ အားရင် ကျွန်တော့်တိုက်ကို လာလည်ပါနော်. . . အိမ်ကတော့ ရှုပ်ပွနေတာပဲ၊ ဒါပေမယ့် ကျွန်တော့် ပန်းချီကားတွေ မြင်ရရင် မငြိမ်းသာ ရင်ချမ်းမြေ့သွားမှာပါ"

"သြော်. . . သူက ပန်းချီဆရာလားဟင်"

"ဆရာ မဟုတ်ပါဘူး ဝါသနာရှင်ပါ မငြိမ်းသာ"

စကားစ ပြတ်သွားကြသည်။ တစ်ဦးမှတစ်ယောက်သို့ အထင်ကြီးသည့် စကားစ ပြတ်သွားကြသည်။ တစ်ဦးမှတစ်ယောက် သို့ အထင်ကြီးသည့်စိတ် လေးစားသည့်စိတ်များကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ခွဲခွာ ဖို့ နှုတ်ဆက်ရန် အားနာမိသလို ရှိနေကြရသည်။

မငြိမ်းသာ အနေနှင့် ကျောင်းမှ သူငယ်ချင်း ယောက်ျား
လေးများနှင့်စာအကြောင်းပြောဖူးဆိုဖူးရုံမှလွဲပြီးယခုလို သူ
ယောကျ်ားနှင့် ကြာမြင့်စွာ စကားပြောဖြစ်ခဲ့သည်မှာ သည
အကြိမ် ပထမဆုံးပါတည်း။

မငြိမ်းသာနှယ်ကျော်ဇောဦးသည်လည်း မိန်းမလှ
ယောက်နှင့် သည်မျှ ကြာမြင့်စွာ စကားမပြောဖူးခဲ့ပါ။

နှစ်ဦးသား၏ အတွေ့အကြုံဦးဖြစ်သော်လည်း ရှေးနှ
ပေါင်းများစွာကပင် ခင်မင်လာခဲ့ကြသူများကို ပြန်လည် ဆုံတွေ့
သလို ကျွမ်းဝင်စိတ်နှင့် ရင်းနှီးမှုကို ဖြစ်ထွန်းစေခဲ့ပါပြီ။

မငြိမ်းသာဘဝ၏ ဧည့်သည်သစ်ကကျော်ဇောဦးဖြစ်သ

ကျော်ဇောဦး၏ ဘဝအတွက်လည်း ပထမဆုံးသော စိတ်
ဝင်စားဖွယ် အလှရှင်နှင့် ဆုံဆည်းခြင်းဟူ၍ သူ့နှလုံးအိမ်တွင်
မှတ်တမ်းတင်ဖြစ်ခဲ့သော နေ့ပါတည်း. . .

ထိုနေ့က နေသည် လှပစွာသာပြီး ခြံတွင်းမှာလည်း ပန်း
များအားလုံး လတ်ဆတ် လန်းဆန်းစွာ ဖူးဖူးဝေဝေ. . .





## အခန်း (၁၄)

"ဟိုဘက်ခြံကကောင်လေးက သူဌေးသားလား ခြံ
စောင့်လား"

"သူ့ခြံလို့ပြောတာပဲ ဒေါ်လေးမြ"

"ဟဲ့. . . ငယ်ငယ်လေးနဲ့ တစ်ယောက်တည်း လာနေ
ရသလား၊ သူ့မိဘ ညီအစ်ကိုမောင်နှမတွေရော"

မငြိမ်းသာနှင့်ကျော်ဇောဦးတို့ တရင်းတနှီးဖြင့် ခြံစည်းရိုး
အလည်ကခြားလျက် တစ်ယောက်တစ်ဘက် ကြာမြင့်စွာ စကား
ပြောနေခြင်းများကို ကြည့်ပြီး ဒေါ်အေးမြက စပ်စု စုံစမ်းလာ
သည်။

"သူက တစ်ဦးတည်းသော သား ဒေါ်လေးမြရဲ့ မိဘ



www.burmeseclassic.com

www.burmeseclassic.com



တွေလည်းမရှိတော့ဘူး၊ ဇာတိက မိုးကုတ်ကတဲ့"

"ဒါ သူပိုင်ခြံလား"

"ဟုတ်ကဲ့"

"ဩော်. . . အေး အေး"

ဒေါ်လေးဒေါ်အေးမြက ပင်ကိုယ်ကပင်အေးအေးငြိမ်ငြိမ်နေသော မိန်းမမို့ သူလိုချင်သော အဖြေရသည်နှင့် စကားစမရှည်တော့ပါ။

ကျော်ဇောဦးသည် မိုးကုတ်မြို့မှ သူဌေးသား ဤဝင်ဒါမ်ယာဉ် ခြံတစ်ခြံနှင့် တိုက်တစ်လုံးကို ပိုင်ဆိုင်သော သူတစ်ယောက် မငြိမ်းသာနှင့် ဆုံဆည်းဖြစ်ကြလျှင်လည်း ဝမ်းသာစရာကိစ္စပဲ ဟူ၍ သူကျေနပ်သွားလေသည်။

ခက်နေသည်က အဖေ. . .

"မိန်းကလေးဆိုတာ ဘယ်ယောကျာ်းလေးနဲ့မှ အရောဝင်လို့ကောင်းတာ မဟုတ်ဘူး ငြိမ်းသာ၊ နင်ကြပ်ကြပ် သတိထား"

ကျော်ဇောဦးနှင့်စကားပြောပြီး တန်းလျားဆီသို့ ပြန်လာသော နေ့တစ်နေ့က အဖေသည် ဖြစ်သင့်သော ဒေါသထွက်လျက် မျက်ထောင့်နီကြီးနှင့် ဆီး၍ ဆူပူသဖြင့်. . .။

နောက်ပိုင်းတွင် အိမ်၌ အဖေရှိနေလျှင် သူနှင့် ကြာမြင့်စွာရပ်ပြီး စကားမပြောဝံ့တော့။





ဆေးပညာကို သင်ယူနေသော ဆရာဝန်လောင်းမလေးတစ်ယောက်သည် ယောကျာ်း မိန်းမခွဲခြားပြီး ပေါင်းဖော်ခေါ်ဘာ၍ မရကြောင်း အဖေပဲ မသိလေရောသလား. . .

သို့မဟုတ်

သူနှင့်ကျော်ဇောဦးတို့ စကားပြောချိန်မှာ ချမ်းမြွေသောစကားလုံးအိမ်မှ ထွက်ပြူလာသော ရောင်စဉ်တန်းကြောင့် လင်းလတ်တောက်ပနေကြသော မျက်ဝန်းနှစ်စုံကို အဖေ တွေ့မြင်အကဲခတ်မိလေသလား။

ထိုမျက်ဝန်းရိပ်မှာ မမြင်နိုင်သော သံယောဇဉ်ကြိုးမျှင်ခါင်း ကုဋေကုဋာဖြင့် ဖွဲ့စည်းယှက်သွယ်နေပြီဖြစ်ကြောင်းကိုလည်း အဖေ ရိပ်မိနေပြီလား. . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"မငြိမ်းသာကို ဖိတ်ကြားထားလို့ ကျွန်တော် ကိုယ်တိုင်ချက်ပြုတ်ထားတာတွေ စားကြည့် စမ်းပါဦး မငြိမ်းသာ"

ဖော်မီကာစားပွဲပေါ်မှ ပြင်ဆင်ထားသော စားစရာတိုင်းသည် စေတနာဖြင့် ဖွဲ့စည်းထား၍ပင်ထင်သည် စားချင့်ဖွယ်ချည်း။

"ဒါတွေ ကိုကျော်ဇောဦးလုပ်တာလား"

ပေါင်မုန့်ကို ထောပတ်ပါးပါးသုတ် ဆလပ်ရွက်ခင်း အသားပါးပါးလေး အလည်ကထည့်ပြီး နှစ်ချပ်ထပ်ထားသော





ဆင်းဒဝိစ်ပေါင်မုန့်များ။

နီထွေးကြွရွနေအောင်ကြော်ထားသော အာလူးကတ်သလစ် များနှင့်ဖန်ပန်းကန်စောက်စောက်မှာ မွှေခဲထားသော ဒန်းသီးရောင် ဂျယ်လီများ။

ပြီးတော့ ကိုယ်တိုင်ဖျော်သောက်ရမည့် လက်ဖက်ရည်၊ သကြားခွက်နှင့် နွားနို့ကရား။

"မုန့်တွေက အများကြီးပါလား၊ ကိတ်မုန့်တွေပါ ပါသေးတယ် အားနာစရာကိုကျော်ဇောဦးရယ်"

"အားနာစကား မကြားပါရစေနဲ့ဗျာ၊ ကျွန်တော့် ရဲ့ စေတနာလို့သာ ခံယူပါ"

"ကျေးဇူးတင်ပါတယ်"

"တစ်ယောက်ထဲနေရလို့လားမသိဘူး၊ အချက်ပြုတ် မုန့်လုပ်စားတာ ကျွန်တော်ဝါသနာပါတယ်၊ မငြိမ်းသာရော ဟင်းအဆန်းတွေချက်တာ ခုလိုမုန့်တွေ လုပ်တာ ဝါသနာမပါဘူးလားဟင်"

မငြိမ်းသာက ရိုးသားငြိမ်သက်သောမျက်နှာလေးနှင့်. .

"တစ်ခါမှလဲ အဲဒါမျိုးတွေမလုပ်ဖူးပါဘူး ကိုကျော်ဇော ဦးရယ်၊ မနက်စာညစာတောင် အဖေ့ ဝင်ဒွေလေး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ မနည်းအလျှဉ်မီအောင် ချက်စားနေရတာပဲ"

အမှန်တရားကို ဘယ်သောအခါမှ ထိန်ချန်မထားပဲ ဖော်ခဲ့ရဲသော မငြိမ်းသာ၏စရိုက် မငြိမ်းသာ၏စကားများကြောင့်

"ဟာဗျာ. . . မငြိမ်းသာရယ်"

အားနာခြင်း၊ သနားခြင်း၊ အဆင်ခြင်မဲ့ပြောမိလေခြင်း စသော နောင်တစိတ်များအားလုံးက ပိတ်ဆို့ထားသဖြင့် ကျော်ဇောဦး ရုတ်တရက်ဘာစကားမှ ပြော၍မရတော့။

"မငြိမ်းသာတို့က ဆင်းရဲသားပါ၊ အဲဒီလောက်ကြီး ကျွေးမွေးနေစရာမလိုပါဘူး၊ ကိုကျော်ဇောဦးနဲ့ ပန်းချီ လက်ရာတွေကို လာကြည့်ဖို့ဖိတ်လို့ ငြိမ်းသာ လာခဲ့တာပါ"

"ကျွန်တော့် စကားအတွက်ကျွန်တော် စိတ်မကောင်း ဖြစ်သွားမိတယ်ဗျာ ကျွန်တော်ဟာ ပြဿနာနည်း နည်းပေါ်မှာ များများခံစားတတ်တဲ့သူပါ"

"အဲဒီလိုလူမျိုးတွေ နှလုံးရောဂါဖြစ်တတ်တယ်နော် သတိထား"

မငြိမ်းသာ ရယ်ရင်းပြောသည်ကိုပင် သူကပြုံးပြီး. . .

"ဖြစ်ကာမှဖြစ်ရော မငြိမ်းသာရေ သူများတွေထက်





ပိုပြီးခံစားတတ်မှ နှလုံးအိမ်မှဝေဒနာဖြစ်ထွန်းလွယ်မှ အနုပညာသမား ဖြစ်တယ်ဗျ"

"အဲဒီအဘိဓမ္မာတွေတော့ ငြိမ်းသာမသိဘူး၊ နှလုံးမှာ ဝေဒနာရှိယင် ခွဲစိတ်ကုဖို့ပဲသိတယ်"

မငြိမ်းသာရယ်ပြုံး၍ပြောသည်ကိုပင်. . .

"ဟာ. . . ကျွန်တော်ပြောတဲ့ဝေဒနာဆိုတာက ရောဂါနဲ့တခြားစီမငြိမ်းသာရဲ့၊ ဝေဒနာဆိုတဲ့အဓိပ္ပါယ်က ခံစားမှုလေ"

အတွေးလွန်အနုပညာရှင်တစ်ယောက်နှင့် စကားမယှဉ်[illegible]၍ ငြိမ်းသာလက်ဖက်ရည်ကို ငုံ့သောက်နေလိုက်၏။

"စားပါမငြိမ်းသာ မုန့်တွေစားပါဦးဗျာ"

အတင်းတိုက်တွန်း၍မုန့်နှစ်မျိုးယူစားဖြစ်သည်။

ထမင်းစားခန်းမှ ဧည့်ခန်းဘက်ထွက်လာချိန်မှာ သူက [illegible]များကို သိမ်းဆည်းကျန်ရစ်၏။

"ခြံရှင်ဦးလေးသိန်းဆိုတာက မငြိမ်းသာနဲ့ အမျိုးမတော်ဘူးလားဟင်"

"မတော်ပါဘူး၊ သူတို့ဒီလောက်မချမ်းသာခင်က ကမာရွတ်မှာနေပါတယ် အဲ့ဒီထဲကသိကြတာပါ၊ ငြိမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ကလေးလေး ဘဝ ကတည်းကပေါ့"

"ဩော်"

"နောက် ငြိမ်းသာကို အဖေကကျောင်းမထားဘူး...
တော့ ငြိမ်းသာတအားငိုတာနဲ့ သူတို့က ကျောင်း...
ရိတ်ထောက်ပံ့ပါတယ်။ နောက်တော့ ဝင်ဒါမီယာ...
က တစ်ထပ်တိုက်အိုကိုဝယ်တော့ အဖေက ပန်း...
ဆရာပြင်ခိုင်းရာက နောက်ဖေးက 'အစေခံ တန်း...
လျားမှာ ငြိမ်းသာတို့သားအဖကို နေခွင့်ပြုခဲ့တာပါ...
သူတို့က ဗိုလ်ချုပ်ဈေးမှာ ဆိုင်ထွက်တော့ ခြံစောင့်...
ဖော်ရအောင်တဲ့"

"သူတို့မှာ သားသမီးမရှိဘူးလား"

"ရှိတယ်တဲ့၊ ငယ်ငယ်လေးကတည်းက မော်လမြိုင်...
က ဦးလေးသိန်းရဲ့မိဘတွေက ယူမွေးစားထားတယ်...
လို့ပြောပါတယ်"

"တခါမှမလာဘူးလား"

"မလာဘူး၊ ပြီးခဲ့တဲ့ သီတင်းကျွတ် တုန်းကတော့...
ဦးလေးသိန်း မော်လမြိုင်သွားပါတယ်"

"မငြိမ်းသာနဲ့ဆက်ဆံရေးကျတော့ရော"





"ဘာကိုပြောတာလဲ"

"နှိမ်သလားလို့ပါ"

"ဟင့်အင်း မနှိမ်ပါဘူး၊ သူတို့နှစ်ယောက်လုံး စိတ်ကောင်းရှိကြတဲ့သူတော်ကောင်းတွေပါ၊ ငြိမ်းသာတို့ကိုနေဖို့ပေးတယ်၊ စားဖို့မလောက်ရင်ထောက်ပံ့တယ်၊ ငြိမ်းသာရဲ့ကျောင်းစရိတ်လိုသမျှပေးနေတဲ့ကျေးဇူးရှင်တွေပါ၊ ငြိမ်းသာတစ်သက်မှာ သူတို့ရဲ့ကျေးဇူးကိုဆပ်လို့မကုန်နိုင်ပါဘူး"

"ဟုတ်တာပေါ့"

"ဆေးတက္ကသိုလ်ရဲ့စရိတ်ကလည်း အကုန်အကျများပါတယ်၊ ဥပမာ ငွေတစ်သိန်းကုန်တယ်ထား ငြိမ်းသာဘဝမှာ ပြန်ဆပ်ချင်ဆပ်နိုင်တယ် ဒါပေမယ့်သူတို့ရဲ့မေတ္တာကြွေးကိုတော့ ငြိမ်းသာရဲ့ နောင်ဘဝတွင်အထိ ဆပ်လို့ကုန်နိုင်မှာ မဟုတ်ပါဘူးလို့ ငြိမ်းသာ ခံယူထားပါတယ် ကိုကျော်ဇောဦး"

လေးစားထိုက်သောမိန်းကလေး စိတ်အလှ၊ ကိုယ်အလှတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော မြတ်နိုးဖွယ် မိန်းမပျိုသာအသိဖြင့် ကျော်ဇောဦးသည် မငြိမ်းသာကိုကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အသင်္ချေမေတ္တာတရားသည် ရင်၌အတားအဆီးမဲ့စွာဖြစ်ထွန်းလာ၏။

လေးစားမြတ်နိုးခြင်းဖြင့် သနားကြင်နာခြင်းများပါ ပေါင်းစပ်ဖွဲ့စည်းလာသည့်အခါ နှလုံးအိမ်ပွင့်ကွဲမတတ် မငြိမ်းသာဆိုသော စွမ်းအားရှင်မကို ချစ်မိပါသတည်း။

"ပန်းချီကားတွေပြမယ်ဆို ဆွဲလက်စပန်းချီလဲ ဆက်ပြမယ်ဆိုပြီးတော့"

အင်အားများလွန်းသောအကြည့်ကို မငြိမ်းသာခံနိုင်ရည်မရှိတော့၍ သူ့ခံစားချက်များကို မသိဟန်ဆောင်ကာ မငြိမ်းသာပြောလိုက်တော့မှ သူ၏ပန်းချီခန်းမအတွင်းသို့ ဝင်ခဲ့ကြသည်။

မာစတာဘက်ဒ်ရွှန်းမ်ဟူသော ဤတိုက်၏ ပင်မ အိပ်ခန်းကျယ်ကြီးတစ်ခုလုံးကို မြင်ရုံနှင့် မူးသွားမတတ်ဆေးရောင် များဖြင့် ရှုပ်ပွပြန့်ကျဲနေတော့သည်။

ဘာအကြောင်း ဘာရုပ်ပုံဆွဲထားမှန်းမသိသော စိတ္တဇဆန်သည့်ပန်းချီကားချပ်များ အားလုံးလိုလိုမှာလည်း လက်စမသတ်ရသေး။

ကင်းဘတ်ပေါ်တွင် ဆေးစိုင်ခဲစ ဘောင်ကြပ်ထားသည့်ကားချပ်များကလည်း ကြမ်းပြင်ပေါ်မှာ ပိုးလိုးပက်လက်။





ဆီဆေးဗူးရောင်စုံတို့ကလည်း အဖုံးများပွင့်လျက် ရေမဒီတဲ့စုတ်တံများကလည်း ဆေးများဖြင့် တောင့်ကာနေကြသည်။

"စိတ်ရှုပ်သွားပြီလား မငြိမ်းသာ"

အမှန်ပဲ စိတ်ရှုပ်သွားမိသော်လည်း ပြောရမှာအားနာ၍ ငြိမ်နေလိုက်ပါသည်။ မရှုပ်ပါဘူးဟူ၍လည်း လိမ်ညာ၍မပြောချင်. . .

"ဒီနေ့ မငြိမ်းသာလာလည်မယ်ဆိုလို့ တစ်အိမ်လုံး ရှင်းလင်းသန့်စင်ထားပါတယ်၊ ခြံထဲကအစ မီးဖိုခန်း အဆုံးထိပေါ့. . . အဲ. . . ဒီအခန်းမှအပပါ"

"ရှင်"

"ကျနော်တာတွေက လူမှုရေးနှင့်ဆိုင်တော့ ပကာသနဖက်ရပါတယ်၊ ဒီအနုပညာအခန်းကျတော့ သဘာဝအတိုင်းရှိစေ ချင်တယ်၊ အနုပညာရှင်ရဲ့စိတ်လွတ်လပ်ခြင်းကိုပြနေတာလဲ ဖြစ်ပါတယ် မငြိမ်းသာ"

သူဘာပဲပြောပြော ကြည့်ရတာ မျက်စိရှုပ်လွန်းလှ၍ ဘောက်ကက်ပြီး သိမ်းပေးပစ်လိုက်ချင်သည်။

"ဆီဆေးပန်းချီဆွဲတာ မမြင်ဖူးဘူးဆိုတဲ့ မငြိမ်းသာ ဒီမှာ ခဏကြည့်နေဉ်"



www.burmeseclassic.com

www.burmeseclassic.com



အသင့်ထောင်ထားပြီးသား ကားချပ်ရှေ့မှာ သူထိုင်လိုက်ဆေးတို့လိုက် ဆေးတင်လိုက်ဖြင့် လုပ်နေသည်။

သူ့ပန်းချီကား၏ ပုံကြမ်းကိုဖမ်းမိသော်လည်း အခြေဖေါ် ရန်ခက်ခဲလှသည်။

သက်တန့်ကွေးတခုနှင့် ကောင်းကင်ပြာလည်းပါသည်၊ ဆံပင်ဖြန့်၍ လက်ဆန့်တန်းလျက် အော်နေပုံ အမျိုးသမီးတစ်ယောက်လည်းပါသည်။

အရွက်မဲ့သစ်ခြောက်ပင်တစ်ခုနှင့် နီစွေသောရောင်ခြေခပ်ကြမ်းကြမ်း သုတ်ချယ်ထားသည်ကိုလည်း မြင်ရသည်။

"အစိမ်းရောင်ကာလ များကိုဖြတ်သန်းပြီးချိန်"

လို့အမည်ပေးမယ့် ပန်းချီကားပဲ၊ မငြိမ်းသာ ကားတခုသခ်ီရကွန္ဒာ သဘောတရားတွေ သက်ဝင်နေစေရမယ်"

"ရင်မောစရာကြီးပါလား ကိုကျော်ဇောဦးရယ်၊ ပန်းချီကားချပ်ကို ကြည့်ပြီး ရှုမြင်သူရဲ့ရင်ကိုပါ အေးမြသွားစေမယ့် ကားမျိုးဆို ပိုပြီးမကောင်းဘူးလား ဟင်"

"သိပြီ မငြိမ်းသာ အစိမ်းနုရောင် ရွက်သစ်တွေဝေတာမျိုး စမ်းရေစီးတာမျိုးတွေကို မငြိမ်းသာ ကြိုက်တာလား အအေးရောင်တွေ ဆိုပါတော့"





"ပန်းချီကားကို မခံစားတတ်ပါဘူး၊ ခုလိုအနီရောင် အဝါရောင်တွေ တောက်နေတာနဲ့စာယင်အပြာရောင် အစိမ်းရောင်လေးတွေက ပိုပြီးချစ်စရာကောင်းမယ် ထင်လို့ပါ"

"ကောင်းပြီ မငြိမ်းသာ၊ နောက်ဆို ကျွန်တော် ပန်းချီကားတွေမှာ ငှက်ကလေးတွေနဲ့ကောင်းကင်ပြာစမ်းရေလမ်းနဲ့ သစ်ရွက်စိမ်းတွေ ဝေနေတဲ့ တောင်တန်းပန်းခင်း တွေပဲ မငြိမ်းသာ မြင်ရပါစေမယ်"

"အို . . ကိုကျော်ဇောဦးကြိုက်သလိုဆွဲပါ၊ ဒါတွေက ငြိမ်းသာနဲ့ မဆိုင်ပါဘူးရှင်"

"လူဆိုတာ ဒီလိုရှိတယ် မငြိမ်းသာ"

"ဟင် . . ."

"ကိုယ့်နှလုံးသားသည်းပွတ်ထက်ပိုပြီး စုံမက်မြတ်နိုးအပ်တဲ့အရာကို ရှာဖွေတွေ့ရှိလာတဲ့အခါမှာ ကိုယ့်ရဲ့ကိုယ်ပိုင်ခံယူချက်၊ ခံစားချက်တွေ ပျောက်ဆုံးသွားရော ခင်ဗျ"

မငြိမ်းသာ သူ့ကို နားမလည်နိုင်စွာ ကြည့်မိသည်။

'အနုပညာ၏ အတွေးအခေါ် တစ်ရပ်ပဲလား'



www.burmeseclassic.com

www.burmeseclassic.com



'ငါ့ကို ရည်းစား စကားပြောတာလား'

ဟူ၍ မငြိမ်းသာ မဝေခဲ့တတ်။

သူ့မျက်ဝန်းသည် နားလည်ရန်ခက်ခဲအောင် စူးနက်သ ဝှက်လှချေသည်။

သည့်နောက်တော့ သူ့စကားများထဲတွင် စုံမက်တာတွေ မြတ်နိုးတာတွေ မပါပဲ ပန်းချီအကြောင်းရာဘက်သို့ ဦးတည် သွားပြန်သည်။

ပီကာဆိုရဲ့ ကောက်ကြောင်းပန်းချီ နည်းသစ်အကြောင်း များ. . . .

ကမ္ဘာကျော် မိုနာလီဇာကို ဖန်ဆင်းရှင် ပန်းချီဆရာ လီယိုနာဒိုဒါဗင်းချီ အကြောင်းနှင့်ကမ္ဘာပေါ်မှာ အကောင်းဆုံး လက်ရာတစ်ခုလို့ သတ်မှတ်ခြင်းခံရတဲ့ 'ကော်ရက်ဂျိုးရဲ့ 'မြင့်မြတ်သောည' ဟူသော ပန်းချီကားကြီး အကြောင်း. . . .

ပါရီမြို့က ပန်းချီပြတိုက်ကြီး အကြောင်းနှင့် အမြင်အ တိုင်းရေးဆွဲသော အင်ပရက်ရှင်းနစ်ဇင်း နည်းနှင့် ခံစားမှု အတိုချုံး၍ ရှင်းပြသော်လည်း. . . .

ကိုယ်နှင့်မှ အလှမ်းဝေးလွန်းသော ပညာရပ်ဖြစ်သော ကြောင့် နားလည်ခြင်း ကင်းမဲ့မှုနှင့်အတူ စိတ်ဝင်စားခြင်းပါ မ





"မငြိမ်းသာ ပျင်းသွားပြီထင်ပါရဲ့ဗျာ၊ လာ. . ဧည့်ခန်းမှာသွားထိုင်ကြရအောင်နော်"

ဧည့်ခန်းမှာကဖြင့် တကယ့်ကို စိတ်ချမ်းသာစရာ အစိမ်းရောင် ကျောက်ခက်နွယ်များနှင့် အဝါရောင် သစ်ခွပွင့်တို့ ဆိုးထားသော ပန်းအိုးကိုက ကြည့်မဝစရာပါ၊ နံရံပေါ်မှ ဆေးကားများ၊ ယွန်းပန်းချီများ၊ သစ်သားကို ထွင်းထားသော ဘနုတ်ပန်းခက်နွယ်များနှင့် ရှုခင်းလှလှ ပြက္ခဒိန်များကို စနစ်တကျ သပ်သပ်ရပ်ရပ် ချိတ်ဆွဲထားလေသည်။

"ကျွန်တော့် တအိမ်လုံး မငြိမ်းသာ သတိထားမိလား ဟင်"

"ဘာကိုလဲကိုကျော်ဇောဦး"

"ရှိသမျှအလှအပထဲမှာ မိန်းမရုပ်တစ်ရုပ်မှမပါဝင်ဘူး ဆိုတာလေ"

"ဪ. . ဟုတ်ပါရဲ့နော်"

"အဲဒါ ကျွန်တော်ကိုယ်တိုင် ဘယ်မိန်းမတယောက်ရဲ့ အလှအပကိုမှ မခံစားဖူးခဲ့လို့ပါ"

ဝင်ဆွေးနွေး၍မဖြစ် ပန်းအိုးလှလှလေးကို သာငေးကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မငြိမ်းသာဆရာဝန်မတစ်ယောက် ဖြစ်မလာဘူးဆိုရင် သိပ်ကောင်းမှာပဲဗျာ"

"ရှင်. . . ဘယ်လို"

"ဩော်. . . အစွမ်းထက်တဲ့မိန်းမတွေဟာ အချစ်နဲ့ ခံစားမှုကို ဦးစားမပေးတတ်ကြဘူးလေ"

လက်တွေ့ကျစွာ အရာရာကို ဆောင်ရွက်ရသော ဆရာဝန်လောင်းမလေးတစ်ယောက်အတွက် ဤမျှဝေ့သွယ်သော ခံစားစကားများနှင့် မအပ်စပ်တော့၊ နားမလည်နိုင်တော့။

"အားလုံးအတွက် ကျေးဇူးတင်ပါတယ် ကိုကျော်ဇော ဦး၊ ငြိမ်းသာပြန်တော့မယ်နော်"

"ကျွန်တော့်စကားတွေက နားလည်ဖို့ခက်ခဲလို့ငြီးငွေ့သွားပြီထင်ပါရဲ့ဗျာ"

သည်လိုတော့လည်း မငြိမ်းသာ၏ရင်တွင်းခံစားချက်ကို သူနားလည်သားပါလား။

"ဖြစ်နိုင်ရင် ခဏလေးနေပါဦးလား မငြိမ်းသာရယ်"

ဆိုဖာပေါ်မှာ ဖြေလျှော့စွာပြန်ထိုင်ဖြစ်၏။

"မငြိမ်းသာမိုးကုတ်ရောက်ဖူးလားဟင်"

"ဟင့်အင်း"





"တစ်ခေါက်လောက် ရောက်စေချင်လိုက်တာ"

"မြို့ကသိပ်သာယာလို့လားဟင်"

"မဟုတ်ဘူး၊ သဘာဝအလှကို ရှုမြင်စေချင်လို့မဟုတ်ဘူး၊ ကျွန်တော့်အကြောင်းသိစေချင်လို့ပါ"

"သိပါတယ် ကိုကျော်ဇောဦးရဲ့၊ ဒေါ်လေးမြ မန္တလေးကမိတ်ဆွေတွေကလဲပြောပါတယ်တဲ့၊ ကိုကျော်ဇောဦးတို့ဟာ သိပ်ပြီးချမ်းသာတဲ့မျိုးရိုးဆိုတာ"

"မဟုတ်ဘူးမငြိမ်းသာ ကျွန်တော်သိစေချင်တာ ကျွန်တော်တို့ရဲ့ ကြွယ်ဝမှုကိုမဟုတ်ပါဘူး"

"ဟင် . . ဒါနဲ့ ကျွန်တော့်အကြောင်း သိစေချင်လို့ဆို"

"ဘာများလဲ ကိုကျော်ဇောဦး"

"ကျွန်တော့်ရဲ့ဘဝတာ တလျှောက်လုံးမှာ ဘယ်မိန်းကလေး တစ်ုံတယောက်ကိုမှ စိတ်မဝင်စားဖူးခဲ့ဘူးဆိုတဲ့ အကြောင်းနဲ့"

"ကျွန်တော့်ရင်မှာ ဘယ်သူ့အတွက်မှ ချစ်ခြင်းမေတ္တာဖြစ်တည်လာခြင်းမရှိသေးဘူးဆိုတဲ့အကြောင်းကို မငြိမ်းသာ သိစေဖို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ရှုတ်တရက်လှိုင်းပုတ်ခံလိုက်သလို ရင်မှာ ဖျပ်ကနဲတုန်ခါသွားမိရ၏။

"ဂုဏ်ဖြိုးပြည့်ရှင်မိန်းမတစ်ယောက်မို့ ပိုင်ဆိုင်လိုခြင်းမဟုတ်ပါဘူး၊ ပေးဆပ်လိုမှုမေတ္တာတရားတွေသာ ကျွန်တော့်ရင်မှာဖြစ်ထွန်းခဲ့တာ မငြိမ်းသာကို စတင်တွေ့ရှိဆုံဆည်းခဲ့ရတဲ့ နေ့ကတည်းကစလို့ပါ"

သူ့စကားလုံးလေးများသည် လူကိုယိမ်းယိုင်စေနိုင်သော အင်အားမရှိသော်လည်း ရင်တွင်းမှနှလုံးသားကိုမူ လှုပ်ခါစေနိုင်သည့် စွမ်းပကားရှိပါ၏။

အနုပညာရှင်တစ်ယောက်မို့ သူ့စကားလုံးများကို လှပစွာချယ်သဆင်ယင်ထားတတ်သည်ဟု မငြိမ်းသာအထင်မလွဲမိပါ။

သူ၏နှလုံးသည်းပွတ်မှ ခံစားချက်များအတိုင်း ပြောကြားနေရှာသည်ဟု ယုံကြည်စိတ်အပြည့်နှင့် နားထောင်မိသည်။

သူ့နှလုံးသားစကားကို နားနှင့်ကြားနာခြင်းမဟုတ်။

နှလုံးအိမ်မှ တိုက်ရိုက်ထိတွေ့ကြားနာသည်ဟု မငြိမ်းသာရင်လှုပ်ရှားစွာ ခံယူမိပါသည်။

သူသည် ချမ်းသာကြွယ်ဝသော သူဌေးသားအဖြစ်နှင့်မိန်းကလေးများစွာ၏ စိတ်ဝင်စားခြင်းကို ခံယူခဲ့ဖူးလေမည်။





မငြိမ်းသာသည်လည်း ဆေးတက္ကသိုလ်ဝန်းကျင်မှာ မငြိမ်းသာ၏အလှကို ကိုးကွယ်လိုပါသည်ဆိုသူများနှင့် ဆုံဆည်းခဲ့ဖူးပါသည်။

သို့သော်လည်း. . . .

သူတို့နှစ်ဦး ဆုံဆည်းမိလေမှ အတွေ့ဦးခံစားမှုသစ်အဖြစ်နှစ်ယောက်လုံး မြတ်နိုးစွာသိမှတ်ခဲ့ကြသည်။

သူဌေးငယ်လေးနှင့် ဆရာဝန်မလေးတို့၏ မေတ္တာဇာတ်မှာ နောက်ပိုင်းအရှုပ်အရှင်းလည်းမရှိ၊ ပိတ်ပင်တားမြစ်ခြင်းလည်းမပါ၊ သဘောမတူနိုင်ပါဟူ၍လည်း ကန့်ကွက်သူမပေါ်ပေါက်သော. . .

သူတို့နှစ်ဦး၏ မေတ္တာနိဒါန်းမှသည် သက်ဆုံးတိုင်အတူဆောင်းစပ်ကာ နေခွင့်မရစရာ အကြောင်းမရှိပါဟူ၍ယုံကြည်စွာ မျှော်လင့်မိခဲ့ကြသော. . . .

သူတို့နှစ်ဦးမှာ. . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"မိန်းကလေးတွေ အိမ်ထောင်ပြုတယ်ဆိုတဲ့အဓိပ္ပာယ်ကိုနင်နားလည်ရဲ့လား ငြိမ်းသာ"

"ရှင်. . အဖေ"

"အားကိုးဖို့ ယောကျ်ားရှာစာထိုင်စားဖို့ မဟုတ်ဘူးလား"

"သမီးမသိဘူး အဖေ"

"ဘယ့်နှယ် မသိရမှာလဲ သိကိုသိရမယ်၊ နင့်အမေနဲ့ ဘာအားကိုးရှာစရာလိုလဲ၊ ပြီးတော့. . သူတို့ရှာကျွေးတာထိုင်စားပြီး သူတို့ကျွန်လုပ်နေစရာဘာလိုလဲ ကိုယ်က ဆရာဝန်မပဲ ယောကျ်ားယူမနေနဲ့."





"အဖေကလဲ အဖေရယ်"

မငြိမ်းသာ ဒီထက်ပို၍ ဘာမှမပြောရဲ၊ အဖေနှင့်နှစ်ယောက်တည်းနေရသော ဘဝမှာ ဆွေးနွေးရန်ခက်ခဲ၏။

ကျော်ဇောဦးမှာ အမွေများစွာကို ပိုင်ဆိုင်ထားသော သူဌေးလေးဆိုသည့်ကိုလည်း အဖေကဂရုမစိုက်. . .

ဆရာဝန်မကြီးဖြစ်ပြီး မကြာခင် အလုပ်ဝင်ရတော့မယ့် အရွယ်ရောက် မိန်းမသားတစ်ဦးဟူ၍လည်း အဖေ မစဉ်းစား

အဖေ၏တစ်ခုတည်းသောခံယူချက်က မငြိမ်းသာမှာအားကိုးရှာစရာမလို. . .

ပြီးတော့ သူ့သမီးကို သူသိပ်ချစ်သည်၊ မငြိမ်းသာသုံးနှစ်သမီးအရွယ်က သူ့ဇနီး မငြိမ်းသာ၏မိခင် သေဆုံးခဲ့လည်း သူနောက်အိမ်ထောင်မပြုခဲ့၊ သူငဲ့သလို သူ့သမီးကိုလည်း အပျိုကြီးဘဝဖြင့် သူနှင့်အတူ သက်ဆုံးတိုင် နေစေချင်သည့်ဦးတင့်. . .

မငြိမ်းသာ၏ရင်တွင်း၌ အဖေ့ကိုတင်ပြချင်သော အချက်အလက်များ တောင်းပန်ချင်သောစကားလုံးများဖြင့် ပြည့်ကြပ်ပြွခဲနေသည်။

တစ်လုံးသော်မှ လုတိုးထွက်မလာနိုင်ခဲ့။

သည်ကိစ္စကို ဒေါ်လေးဒေါ်အေးမြထံ မငြိမ်းသာပြောလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီ ကိုတင့်ဆိုတဲ့လူဟာလေ လူငွစာကျော်ဇေဦးလိုလူကို သမီးရှင်တွေ ဝိုင်းဝိုင်းလည်နေကြတယ်ဆိုတာလဲ သူမသိဘူး၊ ဒေါ်လေးမှာဖြင့်ဝမ်းသာလုံးဆို့မတတ်ပါပဲ ငြိမ်းသာရယ်၊ ဒါကိုများသူကတမှောင့်"

"ဒေါ်လေးမြပဲပြောပေးပါနော်"

"ပြောပြီးပြီလေ သူကတော့ဘယ်တော့မှခေါင်းမညိတ်နိုင်ဘူးတဲ့၊ တော်တယ်ထင်ရင်တော့ လုပ်ကြဖေါ့တဲ့၊ ဖြစ်နိုင်ယင် မင်္ဂလာပွဲကိုတောင်သူကဖျက်ပစ်ချင်သတဲ့လေ"

"အို"

"ဒါပေမယ့်အသာနေပါ၊ ညည်းဦးလေးကိုသိန်းကိုငါဝိုင်းပြောခိုင်းပါ့မယ်၊ စီစဉ်စရာရှိတာသာစီစဉ်ကြ"

"ဖြစ်ပါ့မလားဒေါ်လေးရယ် တော်ကြာ အဖေက"

"သူဘာလုပ်နိုင်မှာလဲ အလကားစိတ်ကူးနဲ့ရှုးနေတာဟိုက ကျကျနန အင်းလျားလိတ်မှာ မင်္ဂလာဆောင်ပေးမှာဆို"

"ဟုတ်ပါတယ်. . သူကငြိမ်းသာကိုအမြတ်တနိုး လက်ထပ်တာပါလို့ပြချင်လို့ မင်္ဂလာပွဲကိုကုန်ချင်သလောက်ကုန်ပါစေ. . တဲ့"





"အေးလေ၊ ဒီလိုလူများရှာစမ်းပါဦး၊ ဒါကိုများ သူက…ခိမ့်နိုင်ဘူး"

သောကရင်၏အပူရှိန်ကြောင့် မငြိမ်းသာ၏ မျက်နှာလေး…ညှိုးနေသည်ကိုကြည့်ပြီး ဒေါ်လေးမြက. . .

"ဒီမှာသမီး. . . သူမွေးခဲ့သလို တို့လဲကျောင်းထားပေးလို့ အခုလိုဆရာဝန်တစ်ယောက်ဖြစ်လာခဲ့ပြီ မဟုတ်လား၊ သူပိုင်သလို တို့လဲဆိုင်ပါတယ်၊ သူမကျေနပ်လဲသေပစေ"

"သူသေမှာမဟုတ်ဘူး ငြိမ်းသာကိုပဲသတ်မှာ ဒေါ်လေးမြရဲ့"

"တော်စမ်းပါငြိမ်းသာရယ် ကဲဒီမှာ ဦးတင့်ပြုသနာငါတာဝန်ထားလိုက်၊ သမီးနဲ့မောင်ကျော်ဇေဦးတို့တိုင်ပင်ပြီး စီစဉ်စရာရှိတာစီစဉ်ကြ ကြားလား၊ဒေါ်လေး လုပ်ပေးရမယ့်ကိစ္စရှိရင်လဲပြော အမြန်ဆုံးလက်ထပ်ဖြစ်အောင်သာ စီစဉ်လိုက်ပေတော့ သမီးမငြိမ်းသာ. . ."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

ခါတိုင်းလိုမောင့်ကို ကြိုတင်ပြောမထားမိပဲနှင့် မောင် ခြံဘက်သို့ မငြိမ်းသာကူးလာခဲ့သည်။

မောင့်အတွက် ဦးလေးတစ်ယောက်လိုအားကိုးရသော 'ဦးလှဒွေး' က တိုက်ဝမှ ဆီးကြိုပြီး . . .

"လာ. . . မငြိမ်းသာ မောင်ဦးတော့ ပန်းချီဆွဲနေ မူးတယ်ဆိုပြီး အိပ်နေလေရဲ့၊ လာ. . လာ ဦးလေး သွား နှိုးပေးမယ်"

"ဟာ မနှိုးနဲ့ အိပ်ပါစေ၊ ငြိမ်းသာ ထိုင်စောင့်နေ မယ် ဦးလေးဒွေး"

"မောင် မအိပ်ပါဘူး၊ မူးလို့လှဲနေတာ လာ"





"အို. . . မလာနဲ့ လှဲနေအိပ်နေပါ"

ညအိပ်ပျက်ခဲ့ပြီး ပန်းချီဆွဲလေ့ရှိသော ချစ်သူ၏ အသံ နေပြီးမှ သူ့ထံ ထလာမှာကို စိုးရွံ့စွာဖြင့် တားမြစ်နေသည်။

မငြိမ်းသာ ကိုယ်တိုင် သူ့အိပ်ခန်းဝရှေ့သို့ ရောက်ပြီး သည်။

"လာလေ ချစ်၊ ဦးလေးဒွေး ကုလားထိုင် ဆွဲခဲ့လေ"

မောင့်မျက်နှာ ကြည်လင်နေသော်လည်း မောင့်ခန္ဓာမှာ လှသည်။

ဦးလေးဒွေး ချပေးသော ကုလားထိုင်တွင် ထိုင်ပြီး မောင့်လက်ကောက်ဝတ်မှ သွေးမကြောကို စမ်းသပ်လိုက်သည်။

"သွေးခုန်နှုန်းနှေးလိုက်တာ၊ ဦးလေးဒွေး အိမ်ကိုသွား ပေးပါ၊ ငြိမ်းသာတို့ အခန်းက စားပွဲပေါ်က နားကြပ်နဲ့ သွေးတိုင်းတဲ့ သေတ္တာရှည်လေး ယူခဲ့ပေးပါနော်၊ မရှိမသေဦးလေးရယ်"

"ခိုင်းစမ်းပါကွယ် မင်းတို့ လူငယ်တွေ ပျော်နေရင် ဦးလေးဘာပဲလုပ်ပေးရ လုပ်ပေးရ ကြိုက်သလောက် သာခိုင်း"

ဦးလှဒွေးထွက်သွားသည်နှင့် မောင်က မငြိမ်းသာ၏ လက်လေးကိုဆုပ်ကိုင်ပြီး . . .

"ချစ်ကို မြင်ရုံနဲ့ မောင် နေကောင်းသွားပါပြီဗျာ၊ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



လုပ်မနေပါနဲ့တော့"

"မဟုတ်သေးပါဘူး၊ မောင့်ကြည့်ရတာ တမျိုးပဲ"

"ဘာဖြစ်နေလို့လဲ"

"ကျန်းမာရေးချို့တဲ့ နေသလိုပဲ"

"ခုတလော အပြင်ထွက်တာတွေများလို့ ပင်ပန်းသွားလို့ပါ၊ ချစ်နဲ့နေရတဲ့အခါ အလုပ်ကိစ္စ အားလုံးပြီးပြတ်ထားနှင့်အောင်ပါ"

"မောင်ရယ်ဘာအလုပ်တွေများလို့လဲ"

"ချစ်အတွက်ပဲ၊ ဒါပေမယ့် အခုမမေးရဘူး"

"ဟင်အင်း ခုပဲသိချင်တယ်"

"ပြောခွင့်မရှိဘူးဗျ၊ လက်ထပ်ပြီးတဲ့နေ့မှာမှ ပြောပြခွင့်ရှိမယ်"

"ဈေးကိုင်လိုက်တာ မပြောချင်နေပေါ့"

ချစ်မျက်စောင်းလေးဝင့်သွားသော မငြိမ်းသာ၏ မျက်နှာလှလှလေးကို ကျော်ဇောဦး ပီတိရင်ဖြင့် ပြုံးကြည့်နေမိသည်။

သူ့ဘဝတစ်လျှောက်လုံးမှာ ဘယ်မိန်းမသားတစ်ယောက်နှင့် မှ နီးနီးစပ်စပ် မနေခဲ့ဖူးသော ကျော်ဇောဦးသည် ပကတိရင်မှ ပွင့်ဖူးလာသော အချစ်ပွင့်မလေး မငြိမ်းသာကို အတုမဲ့စွာ စုံမက်မြတ်နိုးခြင်းများ။

အတိုင်းမသိသော ချစ်ခြင်းမေတ္တာတရား။





အဆုံးမရှိသော အကြောင်းနာများဖြင့် ရင်၌ နင့်နေအောင် ချစ်မိပါ၏။

သည်သို့သော အမြတ်ဆုံးမေတ္တာဖြင့်သူ့ကို နှစ်နှစ်ကာကာ ချစ်နေရှာပါသည်ဟု မငြိမ်းသာကလည်း သိခဲ့သည်။ ခံယူမိသည်။

မငြိမ်းသာသည်လည်း သူ့ရင်၌ ဖြစ်ထွန်းနိုင်သမျှသော မေတ္တာစွမ်းပကား အားလုံးနှင့် ပြန်လည်၍ ချစ်မြတ်နိုးတွယ်တာကြောင်း 'မောင်'ဆိုသည့် အချစ်ဦး သိရှိပါစေသားကွယ်. . .

"ရော့. . ဒါ ဟုတ်တယ်နော်"

"အာ. . ဟုတ်တယ် ဦးလေးဒွေး ကျေးဇူးပဲ"

ဦးလေးဒွေးပေးသော အိတ်ကလေးတွင်းမှ နားကြပ်ကို ထုတ်၍ နားမှာတပ်လိုက်သည်။ သွေးတိုင်းကိရိယာကို ထုတ်ဖွင့်၍ လက်မှာပတ်ပြီး သွေးတိုင်းခြင်းကို သေချာအောင် သုံးလေးကြိမ်ပြန်လည်စစ်ဆေးပြီးမှ နှလုံးခုန်နှုန်းနှင့် သွေးတိုးနှုန်းကို အသေအချာ အထပ်ထပ် အခါခါ စမ်းသပ်၍. . .

"မောင့်ကိုငြိမ်းသာ ဂရုမစိုက်မိခဲ့ဘူး၊ နက်ဖြန်ကျရင် ဆရာဦးရဲမြင့်ကို သွားပြမှ ဖြစ်မယ်မောင်၊ နှလုံးရောဂါ ကုသိပ်တော်တဲ့ ငြိမ်းသာတို့ရဲ့ ဆရာကြီးပဲ"

မငြိမ်းသာ၏စကားအဆုံးမှာ ကျော်ဇောဦး၏ အပြုံးက



www.burmeseclassic.com

www.burmeseclassic.com



လွှင်လွှင်လတ်လတ်ဖြင့်. . .

"မောင်ဒီလိုဖြစ်နေကျပါ အချစ်ရယ်၊ ညကသိပ်အိပ် ပျက်သွားလို့ပါ၊ မနေ့ကလဲ မြို့ထဲမှာ အိပ်ရာခန်းနား ကိစ္စ၊ ဖိတ်စာကိစ္စတွေနဲ့ ဟိုသွားရ၊ ဒီလာရနဲ့မို့ပါ၊ ရန်ကုန်မြို့ကြီးမှာ ကားမောင်းရတာလဲ သိပ်သတိထား ရတယ်၊ ကားတွေကသိပ်များလာပြီ နောင်ဆို ယာဉ် မောင်းရသူတွေ အကုန်လုံး နှလုံးရောဂါ ဖြစ်သွားနိုင် တယ်"

"မောင့်နှလုံးကိုလဲ ငြိမ်းသာအားမရဘူး၊ အသေအချာ စမ်းစစ်ကြည့်ရအောင်ပါ "

"မောင် ငယ်ငယ်လေးကတည်းကဖြစ်နေကျပါ၊ ကလေးဘဝက သိပ်လန့်လို့မရဘူး၊ လန့်စရာတွေ မေ့သွားရော"

"အို. . ကလေးဘဝကငြိမ်းသာနဲ့မဆိုင်ခဲ့ဘူး၊ ခုမောင် ကိုငြိမ်းသာ ပိုင်ဆိုင်ခွင့်ရနေပြီ ကုရမယ်"

"ဆရာဝန်မကြီးရယ် ခဏလေး ချမ်းသာပေးပါဗျာ ကျွန်တော့်အချစ်ဆုံးနဲ့ မင်္ဂလာဆောင်ပါရစေဦး၊ ရက် လနီးလာပါပြီ၊ ပြီးတော့မှ ကြိုက်သလိုကုသပါခင်ဗျာ တစ်ကိုယ်လုံး အပ်ပုံလိုက်အပ်ပါတယ်"

"မောင်နော်. . ."





သောကမှသည်သာယာမှုဆီသို့ခံစားမှုများ ကူးပြောင်း သွားတော့ ပါရဂူထံပြသရန် အစီအစဉ်လည်း မဖြစ်မြောက်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

မင်္ဂလာဆောင်ကိစ္စ အတွက်သာ အချိန်ပြည့် ဆွေးနွေး မပြီးနိုင်၊ စီစဉ်၍မဆုံးနိုင်အောင်ပင် ရှိနေရသည်။

ကျော်ဇောဦးနှင့် မငြိမ်းသာတို့တွင် ဦးဆောင်စီစဉ်မည့် လူကြီးများလည်းမရှိ၍ ကျော်ဇောဦးသည်သာ ဖတ်ဖတ်မော နေရရှာသည်။

မင်္ဂလာဆောင်ဖိတ်စာကို ပုံနှိပ်စက်မှာရိုးရိုးတန်းတန်း မအပ် မောင်ကိုယ်တိုင် ဒီဇိုင်းထွင် အလှအပဆင်ပြီး ရွှေကြိုး လေးချည်တာကအစ ပုံစံသစ်နှင့်မို့ ချစ်စရာကောင်းအောင် လှပနေသော ဖိတ်စာလေးဖြစ်နေသည်။

"ချစ်က ကြိုက်တယ်ဆိုလို့ မောင်တီထွင်ရကြိုး





နပ်ပါပြီ. . ."

"မောင်က အနုပညာနဲ့ ပတ်သက်ရင် အရာရာမှာ တော်တယ်နော်"

"ဒါတင် ဘယ်ကဦးမလဲ"

"အမလေးမြောက်နေပြန်ပြီ"

"တတ်တာရှိသေးတယ်"

"ဘာလဲ"

"သိပ်ချစ်တတ်တယ်"

"ဟင်း"

ပီတိရည်ရွှန်းသော မျက်နက်ဝန်းလေး ထောင့်ကပ်လိုက်သော ချစ်မျက်စောင်းလေး ဖြစ်သွားရပြီ. . . .

"လှလိုက်တာ ချစ်ရယ်"

မေးဖျားလေးကိုင်ပြီး နှလုံးသည်းပွတ်မှ လာသောစကား ဆိုသည်။ မောင့်ထိတွေ့မှုက သည့်ထက်မပိုရှာ. . .

"လာ. . ချစ် အိမ်ရှေ့ခန်းမှာ သွားထိုင်ကြမယ်လေ"

"မောင် ဒီမှာ အပန်းပြေရင်လဲ နေပါလေ"

"လာပါချစ်ထိုင်ရတာ အဆင်မပြေပါဘူး"

ကုတင်ဘေးမှာ ကုလားထိုင်မြင့်နှင့် ထိုင်နေရသည်ကို မောင်ရည်ညွှန်းပါ၏။

"ချစ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲပြောနေ အဲဒီ ချစ်ဆိုတာကို ပြောမလို့ သူများ နာမည် ချစ်မှမဟုတ်တာ"

"မငြိမ်းသာဆိုတဲ့ ဒေါက်တာ မငြိမ်းသာက တလော ကလုံးအတွက်အနွတ္တသညာ၊ 'ချစ်'ဆိုတာက မောင် တစ်ယောက်တည်းအတွက်ဗျ. . . မောင် သိပ်ချစ် တဲ့အချစ်ဆုံး အချစ်ဦးမို့ 'ချစ်'လို့ပဲ ခေါ်ပါရစေ. . နော်ချစ်"

"မောင်ရယ်"

အခန်းတွင်းမှ မထွက်မီ တွဲဆက်ထားသောလက်ကို မ ယူပြီးမောင့်လက်ခုံလေးကို မြတ်နိုးစွာကြည်ညိုစွာ မွေးရှိုက်လိုက် မိသည်။ မောင့်အတွက် ပထမဆုံးသော အနမ်းဦးဖြစ်သည့် နောက်ဆုံးရှိုက်နမ်းရသော အနမ်းလည်း ဖြစ်ခဲ့ရလေသည်။

မောင့်အကြည့်တွင် ကြင်နာမြတ်နိုးခြင်းအပြည့်နှင့် ခ မေတ္တာများစွာကြောင့် မောင့် မျက်ဝန်းတို့ ကြည်လက်နေသည် ဘာ ရမက်မှမပါ။ မေတ္တာ၏ အသိမ်မွေ့ဆုံးသောခံစားမှုမျာ မောင့်နှလုံးသားမှာ တည်နေသည်။

"ချစ်. . . ဘာစားမလဲ ဟင်၊ မောင် ဘာလုပ်ပေး မလဲ"

"အို. . . မဟုတ်တာ စားဖို့လာတာမှ မဟုတ်တာ"

"မောင့်ရဲ့အမြင့်ဆုံးနဲ့ အမြတ်ဆုံးမေတ္တာတွေ ခံယူ





လား"

"မောင် နော် တော်တော့်ဟိုမှာ ဦးလေး ကြည့်နေ တယ်"

လွင်လိုင်သော အပြုံးများနှင့် ချစ်သူနှစ်ဦးကို ခန်းမတွင်း မှ ဦးလှဒွေးက ပြုံးပြုံးကြီး လှမ်းကြည့်နေသည်။

"ဩော်. . . ဦးလေးဒွေး၊ အဲဒီ လောကနတ်ရုပ်ကို တော့ အိပ်ခန်းထဲမှာ ထားလိုက်ပါ"

"ဘာဖြစ်လို့လဲ မောင်ဦး၊ ဒီမှာရှိတဲ့ ပန်းပုရုပ်တွေနဲ့ပဲ အတူထားဖို့ ဖုန်သုတ်နေတာ"

"ဒီဘက်ခန်းမှာ မထားချင်လို့ပါ၊ ကျွန်တော့်ဘေးက စာရေးစားပွဲပေါ်မှာတင်ထားလိုက်ပါ၊ နောက်မှ ကျွန်တော်သိမ်းလိုက်မယ်"

"ဩော်. . . . အေး အေး"

ဦးလေးဒွေး ပေါ့ပေါ့တန်တန်အဖြေပေး၍ လိုက်နာခဲ့ သလိုပင် မငြိမ်းသာသည်လည်း ယင်းလောကနတ်ရုပ် နှင့် တော်သက်သော အကြောင်းအရာများကို အလေးအနက် မတွေးဖြစ်ခဲ့။

ဒီအရုပ်ကို ဘာလို့မောင့်အိပ်ခန်းထဲမှာ ထားရတာလဲဆို ဘာမပင် မမေးမိလိုက်။

ရင်ထဲမှာ မျက်ဝန်းထဲမှာ ဦးနှောက်ရဲ့ အာရုံကြောအတွင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ချစ်ခြင်းမေတ္တာဆိုသော ခံစားမှုများသာ နေရာမလ
ပျံ့နှံ့ပိတ်ဆို့နေခဲ့သော ကာလများပါတကား။

"မောင့်ကိုတော့ ဦးလေးဒွေးက တကယ်သံယော
ရှိရှာတာ၊ မောင့်ဟာမောင် ရန်ကုန်ဆင်းလာတာ
သူ့ခမျာ သူ့အိုးအိမ်ပစ်ပြီး လိုက်လာတာသာကြည့်"

"ဟုတ်တယ်နော်. . . သူရောက်မှ မောင်လဲ မီးဖိုချော
ထဲက မထွက်ရတဲ့ ဒုက္ခက လွတ်သွားတာမောင့်ဓ
ပည့် မောင်လှိုင်ကတော့ အလကားပါ"

"မဆိုးရှာပါဘူးချစ်ရယ်"

"ဘာမှ မလုပ်တတ်တာကို ပြောတာပါ မောင်အ
ကောင်းမမြင်တဲ့လူ တစ်ခါလောက်ပြစမ်းပါ"

"အားလုံးကောင်းကြလို့ မောင်က အကောင်းမြင်တာ
ပါဗျာ"

"အဲဒါသဘောကောင်းသူတွေရဲ့ဝါဒပါ၊ ဒါနဲ့ဦးလေး
ဒွေးက သားမယားမရှိဘူးလား"

"သားတစ်ယောက်ရှိတာကလဲ အိမ်ထောင်ကျပြီး
ဆင်းရဲ နေရှာတယ်၊ မိုးကုတ်မှာပဲ သူမောင့်ကို
သံယောဇဉ်ရှိတာအပြင် မိုးကုတ်မှာ မနေချင်တာလဲ
ပါတယ်ချစ်ရဲ့"

"ဘာဖြစ်လို့လဲ"





"သူ့ဇနီးက သူ့ထက်ငယ်တယ်လေ၊ သူ့ကိုကွာရှင်းပစ်
လိုက်ပြီး နောက်အိမ်ထောင်ပြုလိုက်တယ်၊ ဟိုလူက
စီးပွားရေးဟန်ကျတော့ ဝတ်နိုင်စားနိုင်ပြီး သူ့ကို
မထေမဲ့မြင်လုပ်နေတာကို သူမခံချင်လို့ မကြည့်နိုင်လို့
ဒီထွက်လာတာလဲ ဖြစ်တယ်ချစ်ရဲ့"

"အင်းလေ . . တစ်မြို့တည်းဆိုတော့ မဆုံချင်လဲ
ကြုံနေမှာပေါ့၊ အဖိုးကြီးကသဘောကောင်းပုံလဲရ
တယ် အမြဲပြုံးလို့"

"ချစ်ဆိုရင် သူကသိပ်ကျေနပ်နေတာ ဒါကြောင့်
ပြုံးနေတာနေမှာ အဖိုးကြီးဆိုပေမယ့် သိပ်
အသက်မကြီးလှသေးဘူး၊ ငါးဆယ်တဲ့ ဒါပေမယ့်
သန့်သန့်မာမာ လုပ်နိုင်ကိုင်နိုင်ပဲလေ သူရောက်တော့
ပန်းခြံထဲကပန်းခင်းတွေလဲ ပိုလှလာတယ် ချစ်သတိ
ထားမိရဲ့လား"

"ထားမိပါတယ်"

ဦးလှဒွေး၏ ပန်းခြံလုပ်ငန်းအကြောင်း စကားစပ်မိပြီး
ခြင်းသာ အဖေ့ကို သတိရသွားသည်။

ဦးလှဒွေးက သူ့ပန်းခင်းရေလောင်းတာကို အဖေက
အခန်းရှေ့ရေစီးလို့ဆိုပြီး ရန်ဖြစ်ကြစဉ်ကလည်း ဦးလှဒွေး
လျှော့ပေးလိုက်၍သာ ရန်ပွဲစဲသွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ကို မလွယ်သည့် မငြိမ်းသာ၏အဖေပါ။

"ဦးလေးဒွေးက အမှန်တော့ မောင့်ဖေဖေညီရဲ့အလုပ် သမားကြီး ဒါပေမယ့် မောင်ငယ်ငယ်လေးကတည်း က ဦးလေးဒွေးက ချစ်ခဲ့တာ"

"မောင်ဦးလေးရော"

"ဆုံးပြီ။ သားနှစ်ယောက်ကျန်ရစ်တယ် ဒီကောင်တွေ က မိဘရဲ့အမွေကို မထိန်းနိုင်ကြဘူးလေ သူတို့ကမိုး ကုတ်မှာပဲ အိမ်ထောင်ကိုယ်စီနဲ့"

"မောင်က ဘာလို့ဟိုမှာမနေတာလဲ မိုးကုတ်မှာနေ ရင် သူဌေးသမီးနဲ့ရမှာ"

"မောင်ဆင်းလာရင်း ရည်ရွယ်ချက်က ပန်းချီလော ကထဲဝင်မလို့ အနုပညာပစ္စည်းပေါင်းစုံဖြစ်တဲ့ ပန်းချီ ကဗျာ၊ စာပေ၊ ရုပ်ရှင်၊ တေးဂီတစတဲ့ အနုပညာ ပေါင်းစုံ ဖြန့်ဝေလို့ရတဲ့နေရာဟာ မြန်မာပြည်မှာ ရန်ကုန် တစ်မြို့တည်းရှိတာလေချစ်ရယ်"

"ဟုတ်တယ်နော်"

"သြော် . . ပြီးတော့ မိုးကုတ်မှာရှာမရနိုင်တဲ့ အချစ် သူဌေးမလေးကိုလဲ ရပြီပဲ ဘာလိုသေးလဲ"

"ချစ်တတ်ရုံကလွဲလို့ အခုလိုမင်္ဂလာဆောင်အတွက် မှာ တစ်ပြားတစ်ချပ်မှ မပါဝင်နိုင်တော့ အားငယ်





မိတယ် မောင်ရယ်"

"အဲ့ဒီစကားမျိုးတွေ မပြောရဘူးလို့ မောင်ပြောထား တယ်မဟုတ်လား"

မောင့်ရင်မှစေတနာစစ်စစ်စကားများကို ရင်သိမ့်ကြည်နူး ဆတ်လက်ကြားနာနေရတော့ . . .

"မောင်ရယ်"

ချစ်မြတ်နိုးခြင်းမြင့်မားစွာဖြင့် နှလုံးသားတွင်းမှ တိုးထွက် လာသောစကားသံနှင့်အတူမောင့်ပခုံးစွန်းမှာ ခေါင်းမှီ လိုက် သည်။

ထိုနေ့က ညနေစောင်းမှာပင် မငြိမ်းသာ မောင်၏ခြံမှပြန် လာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁...

"မောင်ရယ် မောင်သိပ်ပင်ပန်းနေပြီ နားပါတော့
တော်ရုံကိစ္စလဲ လွှတ်ထားလိုက်ပါအရာရာမောင်
ချည်း ဝင်ပါနေတော့"

"ချစ်ရယ် မောပေမယ့်ပျော်တယ်ကွယ် ရန်ကုန်မှာ
မောင့်အသိုင်းဝိုင်းနည်းနည်းလေးပါ။ ချစ်ရဲ့ ကျ...
ပြန့်တဲ့ဆရာဝန်အသိုင်းအဝိုင်းအလယ်မှာ ချစ်တ...
တယ်စေချင်လွန်းလို့ပါ မောင်မမောပါဘူးချစ်ရဲ့"

နာမည်လုံးဝမခေါ်တော့။ အချစ်များစွာရဲ့သင်္ကေတ
အဖြစ် 'ချစ်'လို့ပဲခေါ်ပါရစေဟူ၍ ခွင့်ပန်ပြီးချိန်မှစ၍ မော...
ပါးစပ် ဖျားမှ 'ချစ်' မချတော့. . .

ကြောင်နှစ်ကောင်စာအုပ်တိုက်



မောင်သည် ချစ်တတ်ရုံသက်သက် အချစ်မျိုးဖြင့်
...သည် မဟုတ်ပါ။

ကိုယ့်ချစ်သူအပေါ်တွင် သနားခြင်း၊ ငဲ့ညှာခြင်း၊
...က်လျှောလိုခြင်း စသော မြတ်နိုးမှုမေတ္တာဖြင့် မငြိမ်းသာကို
...နှစ်တာကာ ချစ်ခဲ့ရှာလေသောမောင်ရယ်လေ။

ညှော့ပရိတ်သတ်များလှသော်လည်း လာသမျှညှော့သည်
...တွက် အကောင်းဆုံးသော အင်းလျားလိတ်၏ နံနက်စာဖြင့်
...ည်ခံကျွေးမွေးစရိတ်ကပင် တစ်သောင်းကျော်။

တီးဝိုင်းက ထိပ်ထိပ်ကျဲအဆိုကျော်များ. . ။

ကမ်းသည့်ပန်းကအစ စင်္ကာပူနိုင်ငံမှ သေတ္တာလိုက်
...များဝင်ပို့လိုက်သော (အော်ကစ်) သဘာဝသစ်ခွပွင့်များကို
...ထားသည်။

ပန်းအတုကို မောင်မကြိုက်လို့ပါဟု ငွေကုန်များသည့်
...ဖြစ်ကိုကာဆီး၍ တမင်ပြောမှန်း မငြိမ်းသာသိပါသည်။

ရုပ်ငြိမ်ပုံများကို ပြန်ကြည့်နိုင်ရန် ရောင်စုံရိုက်ခတ်ပုံ
...များနှင့်လည်း မပြီးသေး။

လှုပ်ရှားမှုဟန်များကိုပြန်ကြည့်ရန် ဗွီဒီယိုရိုက်ကူးသည့်
...ကိုလည်းမှာထားသည်။

မငြိမ်းသာအတွက်လည်း နာမည်အကြီးဆုံး အလှပြင်ဆိုင်
...၍ ပြင်စေခဲ့သည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာရက်မတိုင်မီကလည်း မောင့်မှာ တစ်နာရီဖြည်း အောင် မနားရရှာ။

ယနေ့အဖို့တော့ မောင်မျက်နှာတစ်ပြင်လုံးပြုံးနေသော် လည်း ရင်တွင်းမှ မောနွမ်းနေသည့်သဏ္ဍာန်ကိုမြင်ရသည်။

"မောင်နေကောင်းရဲ့လား"

အင်းလျားလိတ် မင်္ဂလာခန်းမတွင် ဧည့်သည်များ နှုတ်ဆက်၍ပြန်သွားပြီးချိန်မှာ မောင့်ကိုတီးတိုးကပ်ပြီးမေး မိသည်။

"နေကောင်းပါတယ်ချစ်ရဲ့ ဘာဖြစ်လို့လဲ"

"မောင့်ကြည့်ရတာ မောနေသလားလို့"

"ပျော်နေလို့ပါ၊ မောလဲ မောစမ်းပါစေဗျာ၊ အချစ်ဆုံးရဲ့ရင်ခွင်မှာ တစ်သက်လုံး နားနေခွင့်ရတော့မယ် မောင်လေ ဒီမှာ"

"အို . . ဟိုမှာ လူကြီးတွေနဲ့"

စိုးရိမ်ကြောင့်ကျခြင်းတို့သည် အပြုံးအပျော် အရှက်တို့ ကြားတွင် နစ်မြုပ် ပျောက်ဆုံးသွားချေသည်။

နံနက်ကိုးနာရီမှ ဆယ့်တစ်နာရီ အချိန်အတွင်း ကျင်းပ သော မင်္ဂလာပွဲမှ ဆယ့်နှစ်နာရီအချိန်ခန့်တွင် မငြိမ်းသာတို့ အားလုံး အိမ်ပြန်ရောက်ခဲ့ပါပြီ။

"ဦးတင့်က ဒီလိုကျတော့လဲ ဟုတ်လို့ပဲ"





ခေါင်းပေါင်းစကြီး တလူလူနှင့် ဟိုနေရာ ဝင်ပါလိုက် ဒီနေ ရာဝင်ပါလိုက် လုပ်နေသော ဦးတင့်ကိုကြည့်ပြီး ဒေါ်လေးမြက ရယ်စနှင့် ပြောရှာသည်။

အဖေ့ပုံစံကိုလည်း ကြည့်ပါဦး. . .

သားမက် သူဌေးက ကုန်သမျှ ကျသမျှ ခံပါလျှက်နှင့် အတို လုံချည်အသစ်ဆင်၍မရ၊ တိုက်ပုံ တစ်ထည်တော့ ချုပ်သည်။

"ငြိမ်းသာ အမေမယ်မှီ အပျိုကတည်းက ပိုက်ဆံစုပြီး ငါ့ကို ဝယ်ပေးခဲ့တဲ့ လုံချည် ဒီမင်္ဂလာပွဲမှာ သူ့အစား ဝတ်ရမယ်"

ဆိုပြီး ဖက်ဖူးရောင်လွင်လွင် ဘန်ကောက်လုံချည်ကြီး ခေါင်းပေါင်းက ပန်းရောင်။

ဦးလေးသိန်းနဲ့ဒေါ်လေးမြတို့ကလည်း ရယ်စရာပဲ ပြောထားလိုက်ကြတော့သည်။

နောက်ပိုင်း မင်္ဂလာခန်းနားကိစ္စများကို ဘာမှမပြောတော့ဘဲ သူစိတ်ပြေသွားပြီဟု မငြိမ်းသာနှင့်ဒေါ်လေးမြတို့က ထင်မှတ်ခဲ့ကြသည်။

မငြိမ်းသာဘက်မှ အဖေ့နှမနှင့် အမေ၏ အစ်မများ၊ ဆွေမျိုးများအဖြစ် တက်ရောက်ကြသည်။ အားလုံး ဆင်းဆင်းရဲရဲ ... မရှုံ့မရဲ ရှိနေကြ၍ ငှားထားသော ဟိုင်းလပ်(ကာ)ကား



www.burmeseclassic.com

www.burmeseclassic.com



တစီးနှင့်ပင် အပြန်လိုက်ပို့ ခိုင်းလိုက်ရသည်။

ဦးလေးသိန်းနှင့် ဒေါ်လေးမြတို့၏ မိတ်ဆွေများ၊ မငြိမ်းသာ၏ သူငယ်ချင်းများသာ မင်္ဂလာပွဲကို တက်ရောက်ကြသည်။ မောင့်ဘက်မှ မိုးကုတ်မှ ဆင်းလာသော မောင့်ဘကြီးဝမ်းကွဲ တစ်ဦးနှင့်ညီ ဝမ်းကွဲနှစ်ယောက်လုံးရောက်လာကြပါသည်။ သူငယ်ချင်းများလည်း ပါသည်။

မန္တလေးမှဆင်းလာကြသော မောင့်သူငယ်ချင်းများ ရန်ကုန်မှ အပေါင်းအသင်းများ၊ အနုပညာ မိတ်ဆွေများအားလုံး နှစ်ဘက်လုံးမှ လူသုံးရာ မပြည့်တတ်ပါ။

"လှလိုက်တာချစ်ရယ်၊ သတို့သမီးဝတ်စုံလေးနဲ့ လိုက်လိုက်တာ၊ နောင် အေးအေးဆေးဆေးကျမှ အဲဒီအတိုင်းပြန်ဝတ်ခိုင်းပြီးမောင်ပန်းချီဆွဲဦးမယ်"

မင်္ဂလာဆောင်လာသော လူများအကြောင်း စဉ်းစားနေ အဝတ်အစားများ လဲအံ့ဆဲဆဲတွင် ကြည့်မဝနိုင်စွာဖြင့်ပြော ကြားလာသော မောင့်စကားများ . . .

မငြိမ်းသာသည်လည်း သတို့သမီးအဖြစ်နွဲ့ရသောမင်္ဂလာပွဲမို့ အနေကျဉ်းကျပ်စွာဖြင့် ပန်းလျှမ်းမောလှပါသော်လည်း . .

အချစ်ဆုံးနှင့်အသက်ထက်ဆုံး အတူနေရတော့မည်ဟူ၍ ကြေငြာရသော မင်္ဂလာပွဲမို့ ရင်လှိုက်ကြည်နူးစွာ ပြုံးပျော်နေမိပါသည်။





"ချစ် ခဏလေးနော် . . ဘဘတို့ ပြန်ဖို့ပြင်ဆင်နေကြတာ ကိုဝိုင်းကူနေတာ"

"ရပါတယ်မောင်ရယ်၊ ငြိမ်းသာလဲ လာကူမှာပါ သိမ်းလို့မပြီးသေးလို့"

ဗိုလ်ချုပ်ဈေးမှ ဒေါ်လေးမြ၏မိတ်ဆွေထံမှ ငှားဝတ်လာသော စိန်များ ပြန်အပ်ပြီး. . . .

အလှပြင်မိန်းမရှာက သူ၏ဆံတုများ၊ မိတ်ကပ်များ ပြန်သိမ်းနေသည်ကို စောင့်ကြည့်ကူညီနေရ၍ပါ. . .

မများလှသော လက်ဖွဲ့ပစ္စည်းများကလည်း ခုတင်ဘေးတွင် အပုံလိုက်။

မင်္ဂလာပွဲသို့ မသွားမီကလေးတွင်မှ တရားသူကြီးနှင့် ရပ်ကွက်လူကြီးများ၊ အသိသက်သေများ ကိုယ်တိုင် အိမ်တိုင်ရာရောက် လာရောက်ကူညီပေး၍ လက်မှတ်ရေးထိုးခဲ့ရသော လက်ထပ်စာချုပ်မှာ အသစ်စက်စက်မွေ့ရာပေါ်က ခေါင်းအုံးအောက်မှာ မသိမ်းရသေး။

"သမီးငြိမ်းသာ ပြီးပြီလား"

"ဩော် . . . ဟုတ်ကဲ့ ဒေါ်လေးမြ"

"ကဲ. . . လာ မောင်ဦးတို့ ဘကြီးများမပြန်ခင် လူကြီးတွေကို ကန်တော့လိုက်ကြရအောင်"

အစစအရာရာ ဦးဆောင်ပေးရှာသော ဒေါ်လေးမြ၏



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ လိုက်လာခဲ့ရသည်။ အခန်းတံခါးပင် မပိတ်မိခဲ့။

အိမ်ရှေ့ဆိုဖာပေါ်တွင် မောင့်ဘကြီး ဦးအောင်သ… တည်ငြိမ်စွာ ထိုင်နေသည်။ သူ့ဘေးတွင် ခေါင်းပေါင်းမခွ… သေးပဲ ထိုင်နေသော အဖေ။

အဖေ့ကြည့်ရတာ ဂဏှာမငြိမ်၊ လူကလည်း လှုပ်လှုပ်… စိတ်လည်း လှုပ်လှုပ်ရှားရှား ဖြစ်နေပုံရသည်။

"ကဲ. . . ကိုသိန်းဖေ လာလေတော် ကလေးတွေ… တော့မလို့"

ဒေါ်လေးမြ ဆော်ဩ၍ ဦးသိန်းဖေပြုံးရွှင်စွာ လာ… သည်။

မောင့်ဘက်မှ တစ်ဦးတည်းသော လူကြီးမိဘဖြစ်သ… 'ဦးမောင်ဇံ' နှင့် မငြိမ်းသာဘ၀၏ အကြီးမားဆုံးကျေးဇူး… ဦးလေးသိန်း ဒေါ်လေးမြနှင့်အတူ ဖခင်ကြီး ဦးတင့်တို့ကို. .

ကျော်ဇောဦးနှင့် မငြိမ်းသာတို့ နှစ်ယောက်မှာ ကြည်… လေးစားစွာဖြင့် ပျပ်ဝပ်ရိုကျိုးစွာ ရှိခိုးကန်တော့ ကြ… ချိန်တွင်. .

"အိုအောင်မင်းအောင် ပေါင်းကြရပါစေ"

ဆိုသောမြန်မာတို့၏ကျက်သရေဆောင် မင်္ဂလာဦးဆု… ပေးချွေကြပြီးချိန်မှာ. . . .

"အို. . . ကိုတင့်ကလဲ ကလေးတွေ စိတ်မကော…





အောင်"

ဒေါ်လေးမြ၏ အပြစ်တင်သံကြောင့် မငြိမ်းသာ အဖေ့ကို ကြည့်လိုက်တော့. . . .

သူ့စိတ်လှုပ်ရှားမှုကို မထိန်းသိမ်းနိုင်တော့ပဲ လူအများ ရှေ့မှာ အဖေငိုချလိုက်တော့ မငြိမ်းသာမှာ အဖေ့ကိုလည်း အားနာမိသည်။ အားလုံးကိုလည်းရှက်စိတ် ဖြင့် အံ့အားသင့်စွာ ငေးကြည့်နေမိသည်။ မောင်က ဖျတ်လတ်စွာထ၍ အဖေ့ကို ဖေးသိမ့်ရှာသည်။ အခြေအနေမဟန်မှန်း သိသော ဒေါ်လေး မြတပင်

"လူဆိုတာ ဝမ်းသာလွန်းရင်လဲ မျက်ရည်ကျ တာပဲ . . . ကဲ . . လာ လာ၊ ကိုတင့် ကျွန်မတို့ ပြန်ကြစို့"

"ဟုတ်တယ်၊ ကဲ ဦးအောင်ဇံတို့ကိုပါအားလုံး နှုတ် ဆက်ပါတယ်၊ ကျွန်တော်တို့ပြန်ဆုံကြဦးမှာ ပေါ့နော်"

ဦးလေးသိန်းနှင့် ဒေါ်လေးမြတို့ တွဲခေါ်သွားသည့် နောက်မှ အဖေမျက်ရည်များ ကျဆင်းရင်း လိုက်ပါသွား ရှာသည်

ကျောခိုင်းသွားပြီးမှ သမီးကို လှည့်ပြန်လှည့် ကြည့်ရှာ သော အဖေ၏မျက်နှာကို ယနေ့တိုင် မငြိမ်းသာ ပြန်မြင်နေ ဆဲပါ။

မငြိမ်းသာသုံးနှစ်အရွယ်ကပင် ဇနီးဆုံးခဲ့သော လူကြီး သမီးလေးအတွက် ငဲ့ညာပြီး အဖေအိမ်ထောင် မပြုခဲ့ရှာ။



www.burmeseclassic.com

www.burmeseclassic.com



နေပူပူချင်း မိုးရွာရွာချင်း ပင်ပန်းကြီးစွာ ပန်းရံ့သမားဘဝ ဖြင့် ကျွေးမွေးပြုစုခဲ့ရှာသောအဖေ။

သမီးလေးအလှည့်ကျတော့ သူ့ကိုမငဲ့မညှာ အိမ်ထောင် ပြုသွားရက်လေခြင်းဟူသော 'အချစ်လွန်စိတ်' ဖြင့် အဖေ၏ မျက်နှာသည် ထူးခြားလွန်းလှပါချေသည်။

ပင်ကိုယ်စိတ်ထားမြင့်မြတ်၍ သဘောကောင်း လွန်း သောမောင်သည် အဖေ့ကို ဟိုဘက်ခြံအထိရောက် အောင် ပို့ရှာပါသည်။

ဖခင်ကြီးသို့ သနားစိတ်ဖြင့် တွေတွေငေးငေးလေး ဖြစ်နေသော ဇနီး မငြိမ်းသာကို အကြည့်စိမ်းများဖြင့် ကြည့်နေ ကြသူများမှာ မောင်၏ညီဝမ်းကွဲ 'ကိုမင်းမောင်' နှင့် 'ကိုမင်းမြတ်' တို့ဖြစ်သည်. . . . .

ခဏကြာတော့ မောင်ပြန်ရောက်လာသည်။

"အဖေပြုံးပြုံးရွှင်ရွှင်ဖြစ်သွားပါပြီ"

ချစ်ဇနီးလေး၏ ညှိုးမျက်နှာကို လန်းဆန်း စေသော မောင်၏စာနာစကားများ. . .

"ကဲ. . . မောင်ဦးရေ"

မောင့်ဘကြီးဦးအောင်ဇကော. .

"တို့များလည်းပြန်ကြမယ်ကွယ် မင်းတို့လဲ နားကြတော့"





"ညနေစာစားပြီးမှပဲထွက်ကြပါ"

"နေပါစေကွာ၊ ခုချိန်ထွက်ယင် ပျဉ်းမနားမှာညအိပ် ဖို့အတော်ပဲဖြစ်မယ်၊ ကဲမောင်ဒွေးရေ ပစ္စည်းတွေ တင်တော့ကွာ"

ဦးလေးဒွေးက အသင့်ရှိသော သေတ္တာများ၊ အထုပ်အပိုး များကို ကားပေါ်သို့တင်သည်။ဗိုင်နာတစ်စီးနှင့်လဲန်(ဒ်) တစ်စီး။ မန္တလေးနှင့်မိုးကုတ်မှ မင်္ဂလာဆောင်လာကြသောသူများ အားလုံး ယနေ့မွန်းလွဲပိုင်းတွင်ပင် ပြန်ကြပေတော့မည်

"မင်း မောင်နဲ့ မင်းမြတ် နေခဲ့ကြပါဦးလား"

"ငရဲကြီးမယ့် အလုပ်မျိုးကို မခိုင်းချင်ပါနဲ့အစ်ကိုရာ"

"ခွေးကောင်"

ရယ်သံများလွှမ်းသွားသည်။

"ကဲ. . မောင်ဦးရေ မငြိမ်းသာ အလုပ်ဝင်ရမယ့်အခါ ကျတော့ မှာလိုက်ပေါ့ကွာ ဦးလေးပြန်လာနေမယ်"

"အင်းလေ ဦးလေးဒွေးပါပြန်သွားတော့စိတ်မကောင်း ဘူး"

"စောစောကမောင်မင်းမြတ်ပြောသလိုပဲ အသက်ကြီး မှငရဲမကြီးချင်တော့ပါဘူး"

မငြိမ်းသာ ရှက်မျက်နှာကို ငုံ့ထားလိုက်ရသည်။

ကားနှစ်စီးလုံးမှလူများ ဆူဆူညံညံနှုတ်ဆက်ပြီး ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားကြတော့။

တစ်တိုက်လုံးမှာ မောင်နဲ့မငြိမ်းသာတို့ နှစ်ယော

တည်း. . . .





အခန်း (၂၀)

ညဦးစာစားပြီးသည့် ပန်းကန်များကို မငြိမ်းသာ အမြန်ဆုံးဆေးကြောလိုက်ရသည်။ မောင်ရေချိုးခန်းမှ ထွက်မလာမီ အလုပ်ပြီးစီးရန်ပါ မငြိမ်းသာကိုဘာအလုပ်မှ မောင်မလုပ်စေချင်. .

ရေပန်းဖွင့်ပြီး ရေချိုးနေသည့်အသံကို အပြင်မှသဲ့သဲ့ကြားနေရသည်။

ပန်းကန်များနေသားတကျ ချပြီးချိန်မှာ မင်္ဂလာဦးခန်းသို့ မငြိမ်းသာပြေးဝင်လာခဲ့သည်။ ညစာစားပြီးချိန်မို့ မျက်နှာပြင်မှာ အလှပျက်ခဲ့လေသလားဟု မှန်ကိုအမောတကောကြည့်ရသည်။

မနက်ဦးဆီက လိမ်းချယ်ထားသော အကောင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



မိတ်ကပ်များက မျက်နှာပြင်မှာ သိပ်သိပ်သည်းသည်း ပန်းနု ရောင်ပြေးနေဆဲပါ။

ဒါကိုပင်အားမရချင်၍ ကရင်ပတ်ဖ်ဖြင့် ထပ်ဖို့မိသည်။

မောင့်အနမ်းဦးများကြွေခဲ့ရာ ပါးပြင်နုကိုကြည့်ပြီး လှိုက်ဖိုလာသည်။

အပြာရောင် မီးပွင့်များအောက်တွင်နုအိစွာလှပသော အသစ်စက်စက်မင်္ဂလာဦး အိပ်ရာခန်းနားများဘေးမှာ အချစ်ရင်ခုန်သံ ပြင်းပြစွာဖြင့် ရေချိုးခန်းတွင်းမှ ထွက်လာမည့် အချစ်ဦးကို စောင့်ကြိုနေဆဲမှာပင်. . .

"အား"

ဆိုသောအသံနင့်နင့်ကြီးကို ခပ်သဲ့သဲ့ကြားလိုက်ရ၍ အရှေ့ဆီကလား အနောက်ကလား မကွဲပြား၍နားထောင် နေဆဲမှာပင် တံခါးသံခပ်ပြင်းပြင်းကို ဆက်တိုက်ကြားရ၍. . .

မငြိမ်းသာ အခန်းတွင်းမှ တဟုန်ထိုးထွက်ပြီး နောက် ဘက်သို့ ပြေးအသွားတွင်. . .

"ဟင် . . ဟို . . ဟိုမှာ"

မည်းမည်းအရိပ်ကြီးတခု။

လက်ထဲတွင် လက်ခ နဲ့မြင်လိုက်ရသော အရာတစ်ခု

မငြိမ်းသာ၏ မျက်စိရှေ့မှာပင် မည်းမည်းသဏ္ဍာန်ကြီးကို ဖျတ်ကနဲမြင်လိုက်ရပြီး လှစ်ကနဲ ပျောက်ကွယ်သွားတော့သည်။





မြင်လိုက်ရသောအချိန်ကာလက ငါးစက္ကန့်မျှလောက် သာ။

မငြိမ်းသာခြေစုံရပ်ပြီးကြောင်နေဆဲမှပင်. . .

"ဝေါ. . . ဝေါ. ."

ဆိုသော ရေကျသံများ အဆက်မပြတ်ကြားလာရသဖြင့် ရေချိုးခန်းတွင်းသို့ ရှုတ်ချည်းအာရုံရောက်သွားမိသည်။

"ဟင်"

ရေချိုးခန်းတွင်းမှ မီးလင်းတန်းသည် အပြင်ခန်းဘက် အထိတန်းလိုက်ဖြာကျနေသည်။

"မောင်. . . မောင်"

ရေချိုးခန်းတံခါးပွင့်နေ၍ ခေါ်ရင်းပြေးသွားတော့ မောင့်တုန့်ပြန်ထူးသံကို မကြားရ။

စိုးရိမ်စိတ်သည် နှလုံးသားကို ဆုပ်ကိုင်ခါယမ်းလိုက်သည် ဆို့ရှိုက်ချေ၏။

"မောင်. . မောင်ရေ"

ခေါ်ရင်းတံခါးကို တွန်းဖွင့်လိုက်တော့. . .

"ဟာ . . . ဟာ . . အမလေး"

ရေချိုးခန်း ကြမ်းပြင်တွင် ပက်လက်လန် လဲကျနေသော မောင့်ကိုမြင်သည်နှင့် ပြေးပွေ့မိတော့. . . .

"အို"



www.burmeseclassic.com

www.burmeseclassic.com



မငြိမ်းသာ၏တစ်ကိုယ်လုံးမှာ ရေစက်ရေတန်းများအောက် ရောက်သွားခဲ့သည်မို့ ရွှဲရွှဲနစ်သွားတော့သည်။

ချက်ချင်းထပြီးရေပန်းပိတ်သည့်အဝိုင်းလေးကို ရေရှင်သွားသည်နှင့်မောင့်ကို ပြေးပွေ့ပြီးနှလုံးကိုစမ်း လက်မှသွေးကြော စမ်းကြည့်လိုက်တော့. . .

"အမလေး. . . ဘုရား. . .ဘုရား. . ."

ဆရာဝန်မို့သိလိုက်ပါပြီ။

ဒါပေမယ့် မယုံချင် မယုံနိုင်။

မောင့်ကို ပွေ့ယူထူမပြီးရေချိုးခန်းအပြင်သို့တိုင် မလာနိုင်သော ခွန်အားများ ရှိနေသည်။

ရေချိုးခန်းအပြင်ရောက်တော့ ဆောက်တည်ရာမရ ပူပန်လွန်းသောစိတ်ကြောင့် မောင့်ကို ဆက်လက်မသယ်နိုင်တော့။ နှလုံးသားရှိရာနေရာကို လက်နှင့်ဖိအုပ်ပြီး အားကုန်လှုပ်နိုးသေးသည် မရ။

မငြိမ်းသာမှာ အရူးမလေးတယောက်လို ပွင့်နေပြီး နောက်ဖေးတံခါးမှ ပြေးထွက်ပြီး. . .

"ဒေါ်လေး. . ဦးလေး"

"အဖေရေ . . လာကြပါဦး. . လာကြပါဦး"

ပြာနက်နေသောအသံဖြင့် ကြုံးအော်လိုက်သဖြင့် ဒေါ်လေးနှင့် အိမ်မှကောင်လေးနှစ်ယောက်တို့ ခြံစည်းရိုးမှ ငုံ့ဝင်ပြီး





ချက်ချင်းရောက်လာကြသည်။

"ဟဲ့. . . ဟဲ့ မြတ်စွာဘုရား ဘယ်လိုဖြစ်တာလဲ"

ဒေါ်လေးမြက ကြမ်းပြင်ပေါ်မှမောင့်ကိုကြည့်ပြီး မျက်လုံးပြူး မျက်ဆံပြူးနှင့် ပြောလိုက်ချိန်မှာ. . .

"သမီး. . . သမီးစမ်းကြည့်လေ ကုလေ၊ ရေချိုးရင်း လေဖြတ်သွားတာလား"

ဦးလေးသိန်းသတိပေးမှ မိမိသည် ဆရာဝန်တစ်ယောက်ပါလားဆိုသော အသိဝင်လာပြီး အိမ်ရှေ့ခန်းမှနားကျပ်ကိုပြေးယူ မောင့်ကိုအသေအချာစမ်းလိုက်တော့. . .

"အမလေး ဒေါ်လေးရယ် မောင် အသက်မရှိတော့ဘူး"

"ဘုရားရေ"

"အို"

"ဘာလုပ်ရမလဲ"

"ငြိမ်းသာဘာလုပ်ရမလဲ"

"မောင်. . . မောင်. . . မောင်ရယ်"

ဒေါက်တာမငြိမ်းသာ၏ ကိုယ်ခန္ဓာမှ အသိတရားသည် [illegible]လွင့်စင်သွားလေပြီ။

ထာဝရလွင့်မျောသွားပြီဖြစ်သော မောင့်ဝိညာဉ်ကိုမူ [illegible]ဘယ်သောအခါမှပြန်လည်၍ ဆုံးဆည်းခွင့်မရနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



ပါတကား။

မေ့မြောနေသော မငြိမ်းသာ ပြန်လည်၍သတိဝင်လာသောအခါတွင် ဆေးရုံမှ လူနာတင်အရေးပေါ်ကားပေါ်မှာ...

"မောင်... မောင်ရော... မောင်ဘယ်မှာလဲ"

အသိစိတ်နှင့်မသိစိတ်တို့ မကွဲပြားချိန်မှာ မငြိမ်းသာ၏ ပထမဆုံး ပြောကြားထွက်ဆိုသောစကားသံများ။

ကြက်ခြေနီအသင်းပိုင် အင်ဗျူလန့်စ်ကားပေါ်မှာ ဦးထေးသိန်း ဒေါ်လေးနှင့် အိမ်မှကောင်လေးတစ်ယောက်တို့ကသာ ဝိုင်းဝန်းဖေးမ၍ ကာကွယ်ထားကြသည်။

ကားပေါ်၌ အတူပါရှိလာသော မငြိမ်းသာ၏အာရုံ မောင်၏ သက်မဲ့ရုပ်ခန္ဓာ...

"အမယ်လေး မောင်... မောင်"

"မောင်ဘယ်လိုဖြစ်တာလဲရှင်"

"ငြိမ်းသာ မောင့်အသက်ကိုကယ်ဆယ်ခွင့် မရတော့ဘူးလား"

"ဟဲ့... ဟဲ့... အို... သမီးမငြိမ်းသာ သတိထားပါဦးကွယ်"

နှလုံးသည်းပွတ်ကွဲကြေရာမှ ပေါက်ကွဲထွက်လာသော စကားသံများ လှုပ်ရှားမှုများကြောင့် မငြိမ်းသာကို ဝိုင်းဝန်းချုပ်ထားကြရသည်။





မောင့်အလောင်းနှင့် ထိတွေ့ခွင့်မပေးခဲ့ကြ။

အလုပ်သင်ဆရာဝန်ဘဝက နေ့စဉ် အလုပ်ဆင်းခဲ့ရသောဆေးရုံဝန်ထမ်းများနှင့် ရင်းနှီးပြီးသားမို့။

"ဘယ်လိုများဖြစ်ရတာလဲဗျာ"

မျက်နှာသိတာဝန်ကျဆရာဝန်က ရင်ထုမနာမေးရှာသည်။

"မနက်ကမှ မင်္ဂလာဆောင်တာ"

ဟု သိကြသူအပေါင်းကလည်း စုပ်သပ်၍မဆုံးနိုင်ကြ။

"ဆရာ... ဆရာရယ်.. သူဘာကြောင့်သေရတာလဲ"

"သိပါရစေ... ခုချက်ချင်းသိပါရစေ"

"စိတ်ချပါ။ အမြန်ဆုံးသိရပါစေ့မယ်၊ မငြိမ်းသာလဲ ဆရာဝန်ပဲဗျာ ကျွန်တော်တို့အကြောင်းရှာချိန် ကလေးကိုတော့ ခေတ္တသည်းခံပြီးစောင့်ပါနော်"

နားလည်စွာခေါင်းညိတ်လိုက်ရသည်။

မငြိမ်းသာကိုပါ ဆေးတစ်လုံးထိုးပေး၍ တာဝန်ကျဆရာဝန်များအတွက် သီးသန့်ခန်းအတွင်းမှာနားနေစေသည်။

"ဒေါ်လေး.. အမေရောဟင်"

မငြိမ်းသာ၏နှာဝတွင် ရှူဆေးဘူးလေးတော့ပေးနေသော



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးမြကိုမေးလိုက်မိတော့. . .

"သူအိပ်ကျန်ရစ်ခဲ့တယ်"

"ဟင်"

မငြိမ်းသာ ဘာမှဆက်၍မမေးဖြစ်တော့။

အားလုံးဝိုင်းဝန်းဖျောင်းဖျကြသည့် စကားတို့ကိုမကြား အသိအာရုံမှာတိုးဝင်မလာ။

နှလုံးသည်းပွတ်၏ နက်ရှိုင်းသောအတွင်းပိုင်းကို ထုတ်ယူခြင်းခံလိုက်ရသည့်သို့ပင် ရင်မှာနာကျင်ခြင်းကြီးစွာပွင့်ထ အက်ကွဲရပါပြီ။

"မောင်ရယ်"





## အခန်း (၂၁)

ရေချိုးခန်းမှာ လဲကျသောဒဏ်ရာက ခေါင်းကို အနည်း ...ထိခိုက်မိရုံသာ သေနိုင်သော အကြောင်းရာမရှိပါ။

ပင်ကိုယ်နှလုံးရောဂါရှိသူ တစ်ယောက်မို့ ထိုနေ့က နှလုံး ...သွေးလှုပ်ရှားမှုများလွန်းပြီး ပင်ပန်းနွမ်းနယ်လွန်းနေချိန်မှာ. . .

ကြီးမားကြောက်မက်ဖွယ် ကောင်းလောက်အောင် ထိတ် ...တုန်လှုပ်စရာတစ်ခုခုနှင့် ရုတ်တရက်ကြုံလိုက် ရဟန်တူ ...

ထိုအချိန်မှာ လန့်ဖျပ်ပြီး ရေများဒလဟောကျဆင်းနေသ ...အောက်သို့ လဲကျသွားပြီးချိန်မှာ နှလုံးခုန်ခြင်း ရုတ်တရက် ...တန့်ပြီး သေဆုံးသွားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ဇောဦး သေဆုံးရခြင်းမှာ သူ့ကိုယ်၌ ဘာ
နှလုံးရောဂါကြောင့် သေဆုံးခြင်းဖြစ်သည်။ ဆေးမှတ်ချက်
ရွက်ကလေးကိုကြည့်ပြီး မငြိမ်းသာ အရုပ်လိုငိုင်နေမိသည်။

ခြေရင်း၌ ချိတ်ဆွဲထားသော အဖွေလောင်းကုတ် အနား
ရောင်အဟောင်းကြီး သိုးမွှေးခေါင်းစွပ် ဦးထုပ်အညိုရောင်

ရှေးလူကြီးများ၏ ခေါင်းစွပ်က မျက်နှာတစ်ခုလုံး ချုပ်
၍ရသည်၊ ညအချိန်မှာ ခေါင်းစွပ်အမည်းကြီးဖြစ်နိုင်သည် အဝ
ရင့်ရင့်

ပန်းရုံသမားမို့ ချွန်မြသော်ထည်ပစ္စည်းမျိုးစုံကို ပိုင်
သည်။

"မဖြစ်နိုင်ဘူး. . . မဖြစ်နိုင်ပါဘူး"

မငြိမ်းသာခေါင်းကို သွက်သွက်လည်အောင် ခါရမ်း
ဆိုပစ်လိုက်သည်။





"ဖြစ်တဲ့အကြောင်း အသေးစိတ်ပြောပြပါဦး"
ဟူသော ရဲ၏စစ်တမ်းအတွက်. . .
မိမိကိုယ်တိုင် မသဲမကွဲ ဝေဝေဝါးဝါးဖြစ်ခဲ့ရသောအချိန်
အတွင်း အဖြစ်အပျက်ကလေးတခုကိုချန်လှပ်လျက် အိပ်ခန်း
မှာရှိနေဆဲ ရေချိုးခန်းမှအော်သံကြား၍ပြေးတော့ လဲကျ
သားမောင့်ကိုတွေ့ရသည်မှစ၍ တဘက်ခြံသို့ အကူအညီ
ခြင်း ဆေးရုံပို့ခြင်းများကို အစစ်ခံလိုက်လေသည်။
ငြိမ်းသာ၏ ရင်၌ မရှင်းမလင်းဖြစ်နေသော ပြဿနာ
ဘယ်သောအခါမှ ဘယ်သူ့ကိုမှ ထုတ်ဖော်၍မပြောတော့
. . .

သိပ်ချမ်းသာသော သူဌေးလေးကျော်ဇောဦးသည်. . .
လက်ထပ်ပြီးသည့် ညဦးယံရှစ်နာရီခန့်အချိန်တွင်ရေချိုး
အတွင်း၌ ဘာဒဏ်ရာမှရှာမရပါပဲနှင့် လဲကျသေဆုံးသွား
သည်။

ဆေးအစီရင်ခံစာ၌ နှလုံးရောဂါဟု မှတ်ချက်ပြုသည်။
သူနှင့်မပေါင်းသင်းလိုက်ရသောဇနီးသည်အသစ်စက်
တလေးမှာ ဒေါက်တာမငြိမ်းသာဟူသော ဆရာဝန်မ. . .
လက်သည်မပေါ်သော လူသတ်မှုလော. . . .
မျက်မြင်သက်သေမရှိသော လူသတ်မှု. . . .
နှလုံးရောဂါလို့ ဖုံးလိုက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ချမ်းသာလို့ အသတ်ခံရတာနေမှာ သနားပါ
တယ်"

ဟူသော ပတ်ဝန်းကျင်၏ သတင်းဂယက်တို့သည် မငြိမ်း
သာ၏ဘဝလေးကို တစ်စစီဖွဲ့ချွေနေကြသည်။

မငြိမ်းသာကိုယ်တိုင် ဆေးရုံတပတ်လောက် တက်လိုက်
ရသည်။

အချစ်တို့ဖြင့် ရွှန်းအိပြည့်မောက်နေသော နှလုံးအိမ်တွင်
'ထာဝရခွဲခွာရခြင်း' ဟူသောလက်နက်ဖြင့် ရက်ရက်စက်စက်
အပိုင်းပိုင်းအစစဖြစ်အောင် ခုတ်ဖြတ်ပိုင်းခြေခြင်းခံ
လိုက်ရသဖြင့်. . .

ရင်တွင်းမှ ချစ်တတ်လွန်းခဲ့သော နှလုံးသည်းပွတ်သည်
မောင် နှင့်အတူသေဆုံး၏။

ပတ်ဝန်းကျင်၏ လှိုင်းဂယက်ဒဏ်သည် ဒေါက်တာ
မငြိမ်းသာ၏ ဘဝကို ရစရာမရှိအောင်ချေဖျက်၏။

သည်သို့ဖြင့်. . .

ဘဝပျက်ကာ အသည်းနှလုံးသေဆုံးခဲ့ရသော ဒေါက်တာ
မငြိမ်းသာသည် ရန်ကုန်မြို့နှင့် အဝေးတကာ့အဝေးဆုံး
သော. . .

ဤမြစ်ကြီးနားမြို့သို့ရောက်ရှိလာခဲ့ရပြီးသည်၏ နောက်
တွင်လည်း. . .





အခန်း (၂၂)

ညက မိုးစိပ်စိပ်ရွာထားသဖြင့် ဧရာဝတီသည် ခါတိုင်းလို
ကြည်ကြည်လင်လင်မရှိ။

မညစ်နွမ်းသော်လည်း နောက်ကျိသောအရောင်အဆင်း
ဖြင့်စွန်ဆင်းသွားနေသည်။

လူသားတို့သွားရသော ခရီးသည်နှစ်ပေါင်း တစ်ရာထက်
မပိုတတ်ကြသော်လည်း. . .

'ဤခရီးသည်ကြီး၏ သွားရသောခရီးကာလက နှစ်ပေါင်း
နှစ်သန်းကျော်ကြာခဲ့ပြီ။

ဆက်လက်၍လည်း မရည်မတွက်နိုင်သော နှစ်ပေါင်းများ
စွာဖြင့် ကြာရှည်ပေလိမ့်ဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ဤမြစ်ကြော၏ စီးမျှောပုံက ပြန်လမ်းမရှိသော စီးမျှော
နေခြင်းဖြစ်သည်မှန်ပါသော်လည်း. . .

မြစ်စဦးမှ မြန်မာ့ပင်လယ်ပြင်အထိ ခရီးနှင်ခဲ့သော
ဧရာဝတီမှာ ရေ၏သံသရာသဘောအရ ပင်လယ်ပြင်မှ ရေငွေ့
ပျံတက်ပြီး မိုးသားမိုးတိမ်ဖြစ်၏။

ထိုမှ မုတ်သုန်လေနှင်၍ မိုးစက်မိုးပေါက်ဖြစ်ကာ ဤ
တောင်တန်းကြီးများပေါ်သို့ ရွာချခဲ့၏။

ထိုမိုးရေတို့သည် တောင်တန်းတောင်သွယ်များမှ စီးဆင်း
နေသော စမ်းချောင်းငယ်အပေါင်းကို အားဖြည့်ကာ မေခ
မေလိခ ဖြစ်လာခဲ့ပြီး ထိုမြစ်နှစ်သွယ် ပြန်ပေါင်းစုံတော့ နှစ်ရာကျော်
သက်တမ်းရှိ ဘိုးသက်ရှည်ဧရာဝတီမြစ် ဖြစ်လာခဲ့ပါ၏။

သစ်ပင်ပန်းမန် အပေါင်းသည်လည်း ပင်အိုသေလျှင်
မျိုးစေ့ကျန်ပြီး တဖန်ထပ်တူမျှသော သစ်ပင်ပန်းပင်တို့ကို
ဖြစ်ထွန်းစေဖူးပွင့်စေနိုင်လေသည်။

သက်မဲ့တို့သည်သာလျှင် အသစ်တဖန်ပြန်လည်၍ ဖြစ်
ပေါ် အစားထိုးနိုင်သော သဘောရှိချေ၏။

အမြတ်နိုးရဆုံးသော လူသားတစ်ယောက် ဆုံးရှုံးရပြီး
ဆိုသဖြင့် ဘယ်သောအခါမှ ပြန်လည်၍ အသစ်တဖန် တည်
ဆောက်၍မရရှိနိုင်တော့. . .

လမ်းခွဲပေါင်းမြောက်များစွာဖြင့် သံသရာခရီးရှည်ကြီး





သွားနေကြသော သက်ရှိသတ္တဝါအပေါင်းအတွင်းမှာ 'မောင်'
ရှိစေဦး။ 'နောင်ဘဝများစွာတွင်' 'မငြိမ်းသာ' နှင့် တယောက်
တစ်ဦး ဘယ်လိုနည်းနှင့်မှ မသိနိုင်တော့ပါ။

သည့်အတွက် မောင့်ကိုယခုလို ဆုံးရှုံးခဲ့လိုက်ရခြင်းသည်
မောင့်ကို ထာဝရဆုံးရှုံးလိုက်ရခြင်းပါ။

ယခုဘဝသာမက နောင်သံသရာ ဘဝများစွာတိုင်အောင်
ဆက်ခဲ့သည့်တိုင် မသိနိုင်တော့ပြီသာ။

မငြိမ်းသာသည် မိမိ၏ရှေ့၌အပုံလိုက်ရှိနေသော ဒိုင်ယာ
ရီအုပ်အနက်မှ အပေါ်ဆုံးတွင်ရှိနေသော စာအုပ်ကိုဆွဲယူ
လိုက်ပြီး မထမဆုံးစာမျက်နှာကို ဖွင့်လျက် ဘယ်ဘက်အခြမ်း
ကိုကြည့်မိသည်။

"မောင်ရယ်. . ."

ချစ်မြတ်နိုးလှစွာသော မောင်၏ ရုပ်ငြိမ်ရုပ်လွှာ. . .

မြစ်ကြီးနားသို့ရောက်ပြီးမှ သည်စာအုပ်များကိုလည်း
ဖွင့်မကြည့်မိ၊ ကြည့်ရဲသောသတ္တိလည်းမရှိခဲ့။

ယခုကိုမင်းလတ်ဆိုသူ ရောက်ရှိလာပြီး ဒေါက်တာမငြိမ်း
သာ၏ မှတ်တမ်းလွှာ ဒိုင်ယာရီ ငါးအုပ်ကို သူခိုးဖတ်သွားပြီး
သည့်နောက် ကိုမင်းလတ်တစ်ယောက်ပျောက်ခြင်းမလှ ပျောက်
ကွယ်ခဲ့ရသည်။

ထိုကိစ္စအတွက် မငြိမ်းသာနှင့်အတူ ပူးတွဲတာဝန်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



'ဇော်'ဆိုသည့် 'ဇော်ဝင်းဆွေ' ကိုအဖြစ်မှန်အားလုံး သိရှိခွင့်ရ နိုင်ရန်ဖတ်ရှုခွင့် ပြုခဲ့မိသည်။

ဤစာအုပ်များပြန်ရချိန်၌ ဤစာအုပ်ပုံရှေ့၌ ဒေါက်တာ မငြိမ်းသာ ကိုယ်တိုင်ထိုင်ရင်း သူရေးထိုးကမ္ဗည်းတင်ထားသည့် စာလုံးလေးများမှ အစ ဘဝဖြစ်စဉ် အစိတ်အပိုင်းများ တစ်ခုချင်း တစ်ရစ်ချင်း ပြန်လည်တွေ့ရှိနေရသည့်အချိန်ပါ။

"စိတ်သဘောထားကောင်းရှာလွန်းတဲ့မောင် ကောင်း ရာမွန်ရာ ဘုံဘဝကိုရောက်ရှိမှာပါကွယ်"

မောင့် ရုပ်လွှာကိုကြည့်ရင်းပြောမိသော စကားနှင့်အတူ ဒေါက်တာမငြိမ်းသာ၏ မျက်ရည်ပွင့်တို့သည် ရုပ်လွှာပေါ်၌ ချကျကြွေ၏။

"အို. . ."

ဒေါက်တာမငြိမ်းသာ၏ လက်မှစာအုပ်ကိုဆွဲယူသိမ်း လိုက်သူကအဖေ. . .

"စိတ်မကောင်းဖြစ်စရာတွေ ပြန်ကြည့်မနေပါနဲ့သမီး လေးရယ်"

အဖေကိုယ်တိုင်မျက်ရည်တွေဝဲလို့. . .

ဒေါက်တာမငြိမ်းသာသည် အဖေ့ကို အဖြေမဲ့ပုစ္ဆာလိုငေး ငေးကြည့်နေမိသည်။

"ရှေ့သမီး ပူတာအိုကလာတဲ့ ဂရေ့ဖရူသီးနည်းနည်း





ချဉ်လို့အဖေ သကြားဖြူးထားတယ်၊ ရင်အေးအောင် စားလိုက်ဦး"

ရှောက်သီးမွှာများလို ဂရေ့ဖရူသီးစိတ်များကိုယူစား တော့ ခပ်သက်သက်နှင့် ချိုချိုချဉ်ချဉ်လေး။

တခါတရံတော့ အဖေသည် ယခုလိုပင် သမီးကို ဂရုစိုက် ရှာသည်။

မောင် ဆုံးသည့်ညက အဖေအိပ်ပျော်နေသည်။ လုံးဝနိုး ၍ မရသည့် တာဝန်ပျက်ညမှ လွဲ၍. . .

နောက်ပိုင်း၌ သမီး၏ ပရိဒေဝကို အဖေ၏ မေတ္တာ တရားဖြင့် အစွမ်းကုန်ကူညီခဲ့ရှာပါသည်။

ဘာကိုမှ မကြည့်ချင်တော့ပါ

ဘာကိုမှ မမြင်ချင်ပါ

ဘာကိုမှလည်း မလိုချင်ပါ

ဆိုသော မငြိမ်းသာ၏ ဆန္ဒအတိုင်း မောင့်တိုက်ကို အသေအချာ ပိတ်ပြီး ဘာပစ္စည်းတစ်ခုမှ မယူငင်မသုံးစွဲခဲ့။

တကယ်၌ မငြိမ်းသာ၏ နာမည်များနှင့် လွှဲအပ်ပေးခဲ့ သောငွေများထဲမှ လည်းတစ်ပြားတစ်ချပ်မှ ယခုအချိန်အထိ ထုတ်ယူခဲ့၊ နောက်ဆုံးမင်္ဂလာခုတင်ဘေးမှ လက်ဖွဲ့ပစ္စည်း အပုံလိုက်ကိုပင် သည်အတိုင်းထားခဲ့သည်။

ဘာအထုပ် တစ်ထုပ်မှဖြေမကြည့်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ကိုအသေအချာသော့ခတ်၍ ခြံချင်းကပ်နေသော ဦးလေးသိန်းနှင့် ဒေါ်လေးများ၏ လက်ကိုအပ်ပြီး ဤမြို့သို့ မငြိမ်းသာရောက်ရှိလာခဲ့ခြင်းဖြစ်လေသည်။

"လက်ဖွဲ့ပစ္စည်းတွေယူခဲ့လေ"

"ဘဏ်ကငွေထုတ်ပါလား"

"တိုက်ထဲက ပစ္စည်းတွေ စိတ်ချရပ့ါမလား"

ဆိုသော လိုချင်တပ်မက်သည့် ပစ္စည်းစကားများကို တလုံးတပါဒမျှ မပြောခဲ့ မဆိုခဲ့ရှာ၊ ငွေနှင့်ပက်သက်၍ အဖေ့တွင်ဘာလောဘမှ မရှိရိုးဖြင့်အမှန်ပါ။

"အဖေ့ကို ဘယ်လိုများနားလည်ရပ့ါမလဲကွယ်"

ကျေးဇူးရှင် ဖခင်ကြီး၏ မျက်နှာကို ရင်နှင့် တနင့်ကြည့်နေဆဲ. . .။

"ဟော. . . ဟိုကောင်လေးလာပြီ၊ ဒီစာအုပ်တွေ သိမ်းခိုင်းလိုက်ရမလားသမီး"

"နေပါစေ အဖေ ရတယ်"

ဤဒိုင်ယာရီများသည် ဖော့်ထံမှ ပြန်ရောက်လာသည့် စာအုပ်များဆိုသည်ကို အဖေမသိရှာ။

ကိုမင်းလတ်ပျောက်ဆုံးနေခြင်းအတွက် မငြိမ်းသာတို့ ယောက်ယက်ခတ်နေကြသည် ဆိုသည်ကိုလည်း အဖေမရိပ်မိ။

"လာ. . . ဖော်"





သားအဖနှစ်ယောက်၏ အရိပ်အကဲကို လှမ်းကြည့်ရင်း ဆုံးရှုံးဖြစ်နေရှာသော လေ့ကားဝမှ ဖော့်ကို မငြိမ်းသာ လှမ်းခေါ်လိုက်ရသည်။

အဖေက သူ့လက်စွဲတော် တုတ်ကောက်ကြီးဆွဲပြီး မြစ်ကမ်းပါးဘက်သို့ ထွက်သွားလေတော့သည်။

ကုလားထိုင်တွင် ညင်သာစွာဝင်ထိုင်၍ ဒေါက်တာမငြိမ်းသာ၏မျက်ဝန်းကို ဖော်ငေးကြည့်ရင်းက. . .

"မမ ငိုထားပါလားဗျာ၊ ဘာဖြစ်လို့လဲဟင် မမ"

"ဘာမှမဖြစ်ပါဘူး ဖော်ရယ်"

"ဘာမှမဖြစ်ပဲ မမ ဘယ်တော့မှ မငိုပါဘူး၊ ဖော်သိပါတယ်၊ ဘာဖြစ်လို့လဲဟင်၊ ဖော် သိပါရစေဗျာ"

"ဖော် နဲ့မပက်သက်ပါဘူး"

"မမ နဲ့ပတ်သက်တာမှန်သမျှ ဖော်နဲ့ပတ်သက်တယ် လို့ခံယူခွင့်ပေးပါဗျာ. . . မမ ဘာဖြစ်လို့လဲဟင်"

"ဒီစာအုပ်တွေပြန်တွေ့ရတော့ အားလုံး အရင်အတိုင်းပြန်ခံစားရတယ်၊ မောင့်ကို သနားလို့လွမ်းလို့"

"ဟာ. . . မမ ရယ်"

ဒေါက်တာမငြိမ်းသာ၏ မျက်ဝန်းမှ မျက်ရည်တွေထပ်ပြီး တွေကျလာတော့ ဖော်ပါငိုချင်လာသည်။

အမြတ်နိုးရဆုံးသော မမ၏ အတိတ်ဝေဒနာကို သူမကု



www.burmeseclassic.com

www.burmeseclassic.com



စားအပ်။

မငြိမ်းသာ၏ 'မောင်'ဆိုသူသည် ပိုင်ဆိုင်သူ မငြိမ်းသာ မပြောနှင့် ဤစာအုပ်များကို ဖတ်ရှုရ၍ ကိုကျော်ဇော်ဦးကို သိရှိခွင့်ရခဲ့ပြီးသော ဇော်သည်ပင်လျှင် ကြေကွဲစွာ နှမြောတသ ရပါသည်။

မမ ရယ်. . . မောင်ဆိုတဲ့ ကိုကျော်ဇော်ဦးဟာ မမကို သိပ်ချစ်တယ်၊ သိပ်မြတ်နိုးတယ်နော်၊ ဇော်လည်းလေ အဲဒီ မေတ္တာတွေထက် မလျော့နည်းတဲ့ အချစ်တွေနဲ့ မမကို ဇော် သိပ်ချစ်တယ်။

ဒါပေမယ့်ဇော် သစ္စာစကား ဆိုပါ့မယ် မမရယ်. . . .

ကိုကျော်ဇော်ဦးသာ ပြန်လည် အသက်ရှင်သန်လာမယ် အသက်ရှင်လျက် ရှိနေဦးမည်ဆိုယင်၊ ဒီကမ္ဘာပေါ်မှာ ဝမ်းအသာဆုံးလူဟာ မမပြီးရင် ဇော်ပါဗျာ. .

ဇော့်အချစ်က မမကို ရယူချင်တာ၊ ပိုင်ဆိုင်ချင်တာ တမျိုးတည်းမဟုတ်ပါဘူး မမရယ်။

မမစိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိစေချင်တာပါ၊ မမသာ ခုလို မျက်ရည် ဘယ်တော့မှမကျရမယ့် အဖြစ်မျိုးကို ပိုင်ဆိုင် သွားမယ်ဆိုရင် ဇော်လေ. . .

ဇော်က မမကို သိပ်ချစ်တယ်၊ မမက မမရဲ့မောင်ကို သိပ်ချစ်တယ်၊ ဒါကြောင့် ဇော်လေ တကယ်ပါ. . တကယ်ပါ





ဗျာ. . . .

ကိုကျော်ဇော်ဦးနဲ့ လဲပေးချင်တယ်၊ သူအသက်ရှင်လျက် ရှိနေရင် မမ သိပ်ပျော်မှာပါနော်. . လဲပေးချင်လိုက်တာဗျာ၊ ကိုကျော်ဇော်ဦးကို ပြန်ရမယ်ဆိုရင်ဇော် တကယ့်ကိုသေပေး ပါတယ် မမရယ်. . . . .

"ဇော် ဘာတွေ စဉ်းစားနေတာလဲ ဟင်"

မမမေးလာတော့ ဇော် ဘာဆိုဘာမှ မပြောချင်တော့ပါ။

"ကိုမင်းလတ်အကြောင်းပါ"

အမှန်က သူ့ကို သတိပင်မရမိသေး၊ မမမျက်ရည်စက်တို့ သာ ဇော်နှလုံးသားကို မီးပွင့်များ ကျဆင်းလာသလိုခံစားရ၍ ဇော့် စေတနာများ ရင်တွင်း၌ ဖြစ်ထွန်းနေမိခြင်းဖြစ်သည်။

"ဟုတ်တယ်ဇော်၊ ဒီပြဿနာကလဲ မသေးဘူးကွယ်"

"အဲဒီ အကြောင်းဘက်ကို မမရဲ့ စိတ်ရောက်ပြီဆိုရင် ဇော် ပြောချင်တာ ရှိတယ်"

"ဒါတွေ သိမ်းလိုက်ပါဦးလား မမရယ်၊ ဒါတွေမြင်နေ ယင် မမဝေဒနာဟောင်းတွေ ပြန်ပြီး အသစ်ဖြစ်နေ လိမ့်မယ်"

"မောင်နဲ့ပတ်သက်လို့ ဘာတခုမှ မမရင်ထဲမ ဟောင်း သေးပါဘူး ဇော်ရယ်"

"ဇော်ဘာမှ မပြောတော့ပါဘူး မမ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီစာအုပ်တွေမြင်မနေရလဲ မမရင်ထဲမှာ မောင် အမြဲ ရှိနေဆဲပါပဲလေ"

ဇော်၏ သက်ပြင်းချသံက ပြင်းပြလွန်းလှသည်။

"ဇော် ပြောချင်တာရှိတယ်ဆို"

"ဟုတ်ကဲ့ . . ဒီမြစ်ကြီးနား ဝန်းကျင်တဝိုက်ကို ဇော် လိုက်ရှာရရင် ကောင်းမလားလို့"

"ကိုမင်းလတ်ကိုလား"

"ဟုတ်ကဲ့"

"တွေ့နိုင်မယ် ထင်လို့လား"

"မတွေ့နိုင်သည့်တိုင် သတင်းအစအနများ ရမလားလို့ ပေါ့"

မြစ်ကြီးနား တစ်ဘက်ကမ်းမှ ဝိုင်းမော်နှင့် 'ဝါရှော' ဘက်တစ်လျှောက် . .

ကျွန်းပင်သာနှင့် ခတ်ချိုကုတို့ဆိပ်ဘက်

ကရိန်နော်နှင့် မြစ်ဆုံရှိရာ တန်ဖရဲရွာတစ်လျှောက် . .

ကားလမ်းပေါက်ပြီး သစ်မွှေးထွက်သော တနိုင်းဘက် . .

မီးရထားနှင့်ဆင်းသွားနိုင်သော မရန်း၊ နမ္မတီး၊ မိုးကောင်း မိုးညှင်းဘက်များကို ဒေါက်တာ မငြိမ်းသာတွေးကြည့်မိသည်။

မြစ်ကြီးနားမှ လေယာဉ်လမ်းရှိခဲ့ဖူးသော လုံးခင်း ပူတာအိုနှင့် နောင်မွန်းဘက်များဆီသို့ သူဘယ်နည်းနှင့်မှ သွားနိုင်မည်မဟုတ်၊ ယခုအခါတွင် လုံးခင်နှင့် နောက်ခရီးစဉ်များလည်း မရှိတော့ပါ။

"မြစ်ကြီးနားဆိုတာ ကချင်ပြည်နယ်ရဲ့ မြို့တော်နှင့် ဇော်၊ သူ့ဝန်းကျင်ကလဲ အကျယ်ကြီး၊ ဇော်ဘယ်လို လုပ်လိုက်ရှာမှာလဲ"

"မမ သွားစေချင်ရင်တော့ သွားမယ်လေ၊ မသွားနဲ့ ဆိုလဲ မသွားပါဘူး"

"မမဘာမှ မပြောတတ်တော့ဘူး ဇော်ရယ်"

"အင်းလေ . . ဒါဆိုလဲ မမ စိတ်ပင်ပန်းမခံပါနဲ့၊ သင့်သလိုကြည့်စီစဉ်ပါ့မယ်"

နှုတ်မှ စကားအဖြစ်မပြောဖြစ်ကြသော်လည်း ရင်တွင်းမှာ စကားလုံးပေါင်းများစွာ အတွေးများစွာဖြင့် ယှက်လိမ်နေကြလေသည်။

"ဇော်တစ်ခု စဉ်းစားထားတာရှိတယ် မမ"

"ဘာလဲ ဇော်"

"ကိုမင်းလတ်ဆိုတာ ဘယ်သူဘယ်ဝါလဲ၊ ဦးလေးသိန်းတို့နဲ့ ဘယ်အတိုင်းအတာထိ ပတ်သက်ခဲ့တဲ့ သူလဲဆိုတာ အရင်ဦးသိဖို့ လိုလိမ့်မယ် ထင်တယ်"

"ဟုတ်တယ်၊ ဇော် တွေးသလို မမလဲ တွေးမိပါတယ်၊ ဦးလေးသိန်း ဒေါ်လေးမြတို့နဲ့အတူ နေခဲ့ရတဲ့နှစ်ပေါင်း







www.burmeseclassic.com

www.burmeseclassic.com



များစွာ ကာလအတွင်းမှာ 'ကိုမင်းလတ်' ဆိုတဲ့နာမည်ကို တစ်ခါမှ မကြားခဲ့ဖူးဘူး"

"ဦးလေးသိန်းတို့ သားတစ်ယောက် မော်လမြိုင်မှာရှိတယ်ဆို"

"ဟုတ်တယ်၊ အဲဒီ သားဆိုတာ ဦးလေးသိန်းရဲ့ သားဒေါ်လေးမြက ကလေးမရဘူး၊ ဒါကြောင့် ရန်ကုန်အိမ်ကိုတစ်ခေါက်မှ မလာတာပေါ့၊ သူတို့ သားအဖချင်းတော့ တွေ့ချင် တွေ့ကြမှာပေါ့လေ"

"ဟုတ်တယ် ဒီလူရဲ့ဇစ်မြစ်ကို သိခွင့်ရဖို့က ပိုပြီးအရေး ကြီးမယ်ထင်တယ်နော် မမ"

"အေးလေ . . ဒါကြောင့် ရန်ကုန်စာထည့်ထားတာကြာပြီ လုံးဝအကြောင်းမပြန်ကြဘူး"

"စာအသွားအလာကလဲ တကယ်ကြာတာ"

"ဇော်"

"ဟုတ်ကဲ့ မမ"

"မမရန်ကုန် ခဏဆင်းသွားရရင် ကောင်းမလားမသိဘူး"

ဇော်ငြိမ်တွေသွားသည်။

မမသွားရမည့်နေရာသည် ဦးအိုသိန်းဖေနှင့် ဒေါ်လေးမြတို့ဆီသာဖြစ်မည်။





ဤအိမ်နှင့် ကပ်လျက်ခြံမှာက ကိုကျော်ဇောဦး၏အိမ်မပိုင်ဆိုင်ခွင့်ရပြီးသည့် ထိုတိုက်တွင်းမှာ မမအတွက် အသဲအတ် နှလုံးကြေစရာ ခံစားမှုဟောင်းများကို ပြန်လည်ရောက်ရှိလေမည်။

ထိုတိုက်သို့ဖြင့် မမ မသွားပဲ ဘယ်နည်းနှင့်မှ နေဖြစ်မည်မဟုတ်။

ဒါဆိုလျှင် မမတယောက်တည်း မည်မျှကြေကွဲစွာ ခံစားနေရရှာမလဲဗျာ. . . .

"ဇော် ဘယ်လိုသဘောရလဲဟင်"

"ဘာကိုလဲ"

"ရန်ကုန်သွားဖို့လေ"

"ဩော် . . . ဟုတ်ပါ့ရဲ့၊ ဇော့် ကိုမေးပြီး ဇော့်ဆန္ဒယူမယ်ဆိုယင်တော့ မမကိုမသွားစေချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ပြဿနာတွေနဲ့ကြုံယင် မမတယောက်ထဲ သိပ်ခံစားနေရမှာ၊ ဖြစ်နိုင်မယ်ဆိုယင် မမခွင့်ပြုမယ်ဆိုယင်ဇော်ပါ လိုက်ခဲ့ပါရစေလားဟင် မမ"

"အို. . ဘယ်ဖြစ်မလဲဇော်ရဲ့"

ဒေါက်တာမငြိမ်းသာ၏ မျက်နှာတင်းသွားခြင်းနှင့်ထပ်တူလေသံကလည်း ပြင်းသွားသည်.



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ခုကို ဆုံးရှုံးခဲ့လိုက်ရသလို ဇော်ရင်မှာ ဟာကျဲသွား ရသည်။

မိတ်ဆွေတစ်ယောက်ထက်မပိုသော အဆင့်အဖြစ်နှင့်သာ မမ သတ်မှတ်ထားကြောင်း ဇော်လည်း အသိမို့ ဇော့်အနေနှင့် ဘာမှမပြောသာပါ မပြောရဲပါ။

"မမ ဘာခိုင်းစရာရှိသေးလဲ"

"ဘာမှ မရှိပါဘူးဇော်"

"ဒါဖြင့် ဇော်ပြန်တော့မယ် မမ"

မမထံမှ ဘာအမိန့်သံမှ မကြားရ။ ခေါင်းငုံ့ထားသော ဇော်ကလည်း မမကို မော်မကြည့်တော့ပါ။

ဘာစကားမှမပြောဘဲနှင့် မမအိမ်တွင်းဝင်သွားသည်။ ပြန်ရကောင်းမလား၊ ဆက်နေရကောင်းမလားဟူ၍ မဝေခွဲပဲ ဆက်ထိုင်နေဆဲမှာ. .

"ရော့ ဇော်စားလိုက်ဦး ဇော်ကြိုက်လို့ချန်ထားတာ"

လိုက်ချိစ်သီးများကို စည်သွပ်ဗူး မလုပ်နိုင်သော်လည်း ဂလူးကို့စ်ရည်ပုလင်းလွတ်မှာထည့်ပြီး ကြာရှည်ခံအောင်ထားသော စစ်မှုထမ်းဟောင်းများအသင်းမှ ထုတ်လုပ်သော ပုလင်းကို ကိုင်ဆောင်လာသည်။

ပုလင်းထဲတွင် လိုက်ချိစ်ဖတ် လတ်လတ်ဖြူဖြူများနှင့် အရည်များ. .





မမကိုယ်တိုင် ပန်းကန်တွင်းသို့သွန်ချပြီး ဇွန်းတပ်၍ ပေးသည်။

ဆော့သောကလေးငယ်တစ်ယောက်ကို ဆူပြီးဘာအညီးအတေးမှမထားရှိပဲ စာဆက်သင်နေသော ဆရာမ တစ်ယောက်ပြီ မမက တည်ငြိမ်နေသည်။

"ကုန်အောင်စားလိုက်လေ ဇော်"

"တော်ပြီ မမ"

"စားပါ လူနာတစ်ယောက်လာပေးထားတာ ဆေးရုံကဆင်းသွားရလို့ မမကုပေးတာပျောက်လို့ဆိုပြီးလာကန်တော့သွားတာ မမကတော့လေ လူနာတိုင်းကိုစေတနာ တန်းတူပဲ ထားပါတယ် ကိုယ်ကုလို့သက်သာသွားတယ် ပျောက်သွားတယ်ဆိုရင် ဝမ်းသာတာပဲ"

မမသည်သာ လူနာအကြောင်း ဆေးရုံအကြောင်းများဆက်၍ ပြောကြားနေသည်။ ဇော်ကတော့ ဘာစကားမှသိပ်မပြောဖြစ်။

"မမကိုစိတ်မဆိုးပါနဲ့ ဇော်ရယ် မမ ဇော့် ကိုသိပ်ခင်ပါတယ်၊ ဒီတစ်မြို့လုံးမှာ မမအခင်မင်ဆုံးဟာ ဇော်ပါဆိုတာလဲ ဇော်သိပါတယ်လေ၊ 'အခင်မင်ဆုံး' ဆိုတာထက်မလျှော့တဲ့မပိုတဲ့စိတ်တွေနဲ့ တခါတလေပြောတာဆိုတာ မှားသွားရင်လဲ ခွင့်လွှတ်ပေးပါဇော်"



www.burmeseclassic.com

www.burmeseclassic.com



ဖော့်ကို နားလည်နိုင်လှချည်လား မမရယ်ဟူသော အကြည့်ဖြင့် ဖော်ကြည့်နေဆဲမှာပင်. . .

"ကိုမင်းလတ်အတွက် ဖော်ထပ်ပြီးမလှုပ်ရှားပါနဲ့တော့လေ၊ ဖြစ်လာမယ့်ပြဿနာအပေါင်းကို မမပဲဖြေရှင်းယူပါ့မယ်၊ ဖော်ကကူညီသူပါ တကယ့်တာဝန်ရှိသူက မမပဲလေ ဖော်"

"ဖော်ကတော့"

"ဖော်စိတ်ထဲမှာပဲ ကြိုက်သလိုခံယူပါ၊ မမကတော့ ဖော့်ကို မပါဝင်စေချင်တော့ဘူးကွယ်. . . ကဲ မင်းပြန်နိုင်ပါပြီ"

ဆက်လက်၍ နေရဲစရာမရှိအောင် မမ၏ စကားများက ပြတ်သားလှချေသည်။

ဖော် လေးကန်စွာထ၍ မမကိုကြေကွဲစွာ ကြည့်ပြီး ခေါင်းငုံ့ကာ မမ၏ရှေ့တော်မှောက်မှ ဖော် ထွက်ခွာခဲ့ရသည်။

နှုတ်ဆက်စကားပင် တစ်လုံးမှ ဖော်မဆိုဖြစ်ခဲ့။





## အခန်း (၂၃)

'သီတာရပ်'၏ ဟိုမှာဘက်ခြမ်းရှိ'ဒူးကထောင်းရပ်'တွင်ရှိပြီး ဂေါ့ဖ်ကွင်း ပြင်ကိုလှမ်းမြင်နေရသော 'မြစ်ကြီးနားဆေးရုံ' သည် ပြည်နယ်အဆင့်ဆေးရုံမို့ မျက်စိနားနှာခေါင်း သွားဌာနမှအစ ကလေးအထူးကု ခွဲစိတ်ကုဆရာဝန်ကြီးများ စုံလင်လှသည်။

လူငယ်တို့အားထားရာ ဘိန်းဖြတ်ဆေးရုံလည်း သီးသန့်ရှိပါ၏။

ဤမျှ ပညာစုံရနိုင်သော ပညာထိုးနိုင်သော ဆေးရုံကြီးတွင်အလုပ်ထဲ၌သာ ပညာရှော စေတနာပါ နှစ်မြုပ်ကာ ကြိုးကြိုးစားစားဆောင်ရွက်နေသော မငြိမ်းသာကို ဆေးရုံဝန်ထမ်းများက



www.burmeseclassic.com

www.burmeseclassic.com



လည်း ချစ်ကြခင်ကြသည်။

ဆေးရုံ၏ပြင်ပ လူနာဌာနၥ် တာဝန်ကျနေသော ဆရာဝန်နှင့် လူနာများ ဝိုင်းဝိုင်းလည်နေစဉ် ဒေါက်တာမငြိမ်းသာအားကိုးရသော ကချင်လေး နော်ဖော့က. . .

"ဒေါက်တာ ဧည့်သည်ရောက်လာတယ်"

"ဘယ်သူတဲ့လဲ နော်ဖော့"

"ရန်ကုန်ကပဲ ထင်တယ်၊ ခုပဲ လေယာဉ်ဆိုက်လို့ တန်းလိုက်လာတာလို့ ပြောပါတယ်"

ကချင်သံ ဝဲဝဲလေးနှင့် ပြောကြားသော နော်ဖော့၏စကားကြောင့် စမ်းသပ်လက်စ လူနာကို ပြီးပြတ်အောင် စမ်းသပ်၍ အပြင်ခန်းဘက် ထွက်လာတော့. . .

"ဟာ. . ဦး. . ဦးလေးသိန်း"

လုံးဝမျှော်လင့်မထားခဲ့မိသောသူ ဒေါက်တာမငြိမ်းသာ ကျေးဇူးရှင်လည်းဖြစ်၊ ဒုတိယဖခင်လည်းဖြစ်သော ဦးလေးသိန်းကိုယ်တိုင် . . .

"နေတဲ့နေရာမလာတတ်လို့ ဂျစ်ကားငှားပြီး ဆေးရုံလိုက်လာခဲ့တာ"

"ဦးလေး ငြိမ်းသာဆီ သက်သက်လာတာလား ဟင်"





"အေးပေါ့"

"ဒေါ်လေးမြရော နေကောင်းရဲ့လား၊ တစ်ခါတည်း ခေါ်လာရင်ပြီးရော"

"ဆိုင်က ရှိသေးတယ်ကွယ်၊ နှစ်ယောက်လာလို့မရဘူးလေ"

"အဖေလဲ သိပ်ဝမ်းသာမှာပဲ ဦးလေးရယ်"

"ဪအေးပေါ့ကွာ. . ကဲ လုပ်စရာရှိတာ လုပ်ဦးလေ"

"ဟုတ်ကဲ့ ခဏလေးဦးလေး၊ ပြီးခါနီးပါပြီ၊ မိတ်ဆွေဆရာဝန်ကို အပ်ခဲ့မယ်"

အခန်းတွင်းပြန်ပြေးလာပြီး ဆောင်ရွက်ဖွယ် ကိစ္စများကို ဆက်တိုက် ဆောင်ရွက်နေရသည်။

ဦးလေးသိန်းကို ပြန်လည်တွေ့လိုက်ရ၍ လှိုက်ခုန်စွာ ဝမ်းသာခြင်းနှင့်အတူ. .

အကြောင်းမကြားပဲနှင့် ရုတ်တရက် ရောက်ရှိလာသော ဦးလေးသိန်းတွင်ပြဿနာတစ်စုံတစ်ရာများ ပါရှိလာလေသလား။

လက်ဆေးရင်း စဉ်းစားပြီး နံနက်ပိုင်း ဆေးရုံချိန်လည်း မြန်ကာနီးပြီမို့ ဦးလေးသိန်းနှင့်အတူ ဆေးရုံမှ ထွက်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးသိန်း၏ လက်ဆွဲအိတ်နှင့် ခြင်းတစ်လုံးကို နော်ဖော့ က စက်ဘီးနှင့် အိမ်သို့ သယ်ဆောင်သွားနှင့်၏။

ဒေါက်တာမငြိမ်းသာက အိမ်မရောက်မီ ဦးလေးသိန်းတို့ အဖေနှင့်မဆုံဖြစ်မီ ပြောလိုရာပြောနိုင်ရန်အတွက် တူဝရီးနှစ်ယောက် လမ်းလျှောက်၍ပင် ဆေးရုံဝင်းအတွင်းမှ ထွက်လာခဲ့ကြတော့သည်။

ရှည်ပြန့်သော လမ်းမကြီးအတိုင်း အရှေ့ဘက်သို့ တည့်တည့် ထွက်ပြီးပြည်နယ်ကောင်စီရုံး အိပ်ချိန်းရုံးများကို ဖြတ်၍လျှောက်ရင်း. . .

"ငြိမ်းသာပေးတဲ့ စာတွေရလား ဦးလေး"

"အေး. . ရတယ်၊ ဒါကြောင့် လိုက်လာခဲ့တာ"

"ဟင်"

စာ၌ ဦးလေးလိုက်လာရန် လုံးဝမပါရှိ၊ ကိုမင်းလတ် အကြောင်းသိလို၍ ပြန်ကြားပေးပါရန်သာ ရေးသားခဲ့ခြင်း ဖြစ်ခဲ့သည်။

"မင်းလတ်ဆိုတဲ့ သူငယ်နဲ့ငြိမ်းသာနဲ့အဆင်ပြေရဲ့လား"

"ရှင်. . "

ထိတ်လန့်တုန်လှုပ်စရာကြီးနှင့် ကြုံတွေ့လိုက်ရသလို ဦးလေးသိန်း၏ မျက်နှာကို အလန့်တကြား ကြည့်လိုက်မိသည်။

"သူ ကောင်းကောင်းမွန်မွန် နေရဲ့လား"

"ဟုတ်. . ဟုတ်ကဲ့ ဦးလေး"

ဤကျေးဇူးရှင်များ ကိုယ်စား ဂရုစိုက်လိုက်ပါ၊ ညှော်ခံလိုက်ပါဆိုသော ဦးလေးသိန်း၏ စာအတိုင်း သူကောင်းစွာ ညှော်မခံရှိမက ကိုမင်းလတ်တစ်ယောက် သူ့လက်ချက်ဖြင့် သေသည်လား၊ ရှင်သည်လားပင် မသိနိုင်သည့် အချိန်အခါ. . .

"ငါတူမနဲ့ မောင်မင်းလတ်နဲ့ တစ်ခုခုများ ဖြစ်ကြသလားဟင်"

"အဲ့ဒီကိစ္စအတွက် စိတ်ပူလို့ လိုက်လာခဲ့တာ"

"သူ. . . သူ. . ဦးလေးသိန်းဆီ ရောက်လာသလားဟင်"

"ဟဲ့ မဟုတ်တာ၊ နေစမ်းပါဦး၊ အခုသူ ဒီမှာမရှိဘူးလား"

ငိုချချင်စိတ်ပင် ပေါက်လာသည်။ ဦးလေးသိန်းကို မဖြေ. .

"ပြောစမ်း ငါ့တူမနဲ့ ဒီကောင် တစ်ခုခုတော့ဖြစ်ကြပြီ ထင်တယ်၊ ပြောစမ်း ဦးလေးကို အမှန်အတိုင်းပြော







www.burmeseclassic.com

www.burmeseclassic.com



စမ်း မငြိမ်းသာ"

မျက်ရည်ကြည်လေးများပင် ဝဲလာသော မငြိမ်းသာ၏ မျက်နှာကို ဦးသိန်းဖေက စိုးရိမ်တကြီး ကြည့်ပြီး ပြောနေ၍. .

"ပြောမယ် ဦးလေး. . ဦးလေးသိန်းကို ငြိမ်းသာအမှန်အတိုင်း ပြောပြမှ ဖြစ်မယ်"

"ပြောစမ်း မငြိမ်းသာ အခုသူ့အိမ်မှာ မရှိဘူးမဟုတ်လား"

"ဟုတ်ပါတယ် ဦးလေး၊ သူမရှိတော့ဘူး"

"ဘာဖြစ်သေးလဲ၊ ဘာအနှောင့်အယှက် ပေးသွားသေးလဲ"

"ဘာမှမဖြစ်ပါဘူး၊ ဘာအနှောင့် အယှက်မှလဲ မပေးပါဘူး ဦးလေး"

"အင်း . . တော်ပါသေးရဲ့၊ ကဲ ဖြစ်ပျက်ပုံတွေ ပြောပါဦး"

"ဦးလေးနဲ့ ငြိမ်းသာ တစ်နေရာရာမှာ စကားပြောရမှ ဖြစ်မယ်၊ အဖေ့ရှေ့မှာ ဒီအကြောင်းတွေ ပြောလဲ မပြောချင်ဘူးဦးလေးရယ်၊ အဖေကလဲ သိတဲ့အတိုင်း"

"အေးပါ"





"ငြိမ်းသာတို့ ရောဦးစားသောက်ဆိုင်ကို သွားကြဖို့ စီစဉ်လိုက်မယ်နော်"

ရှည်ဝေးသော လမ်းအတိုင်းလျှောက်လာကြပြီး မြစ်နားအရောက်တွင် တင်းနှစ်ကွင်း၏လက်ယာဘက်သို့ ချိုးလိုက်ကြသည်။

ပွတာအိုဘက်မှလာသော သစ်သီးများ တဲတန်းထိုးပြီး အပုံလိုက်ရောင်းနေသော ကွက်လပ်၏ရှေ့ရှိ အဆောက်အဦးငယ်သို့ ဦးတည်လျက်. . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

ရေကျချိန်မို့ ဧရာဝတီသည် နိမ့်ဝပ်နေ၏။ အရှေ့ဘက်အရပ်ရှိ ဝိုင်းမော်ဘက်ကမ်းကူးမည့်။ ကုတို့မော်တော်ဆိုက်ကပ်လာသဖြင့် ဆင်းသူနှင့်တက်သူတို့ ရှုပ်ထွေးနေကြသည်။

စက်ဘီးကိုသယ်ချလာသူ သယ်တင်သွားသူများလည်းများပြား၏။ မြစ်ကြီးနားမြို့တွင်း ဘတ်စကားလိုင်းပြေးဆွဲခြင်းမရှိ။ ဂျစ်နှင့်ပစ်ကပ် တက္ကစီသာရှိ၍ နေ့စဉ်အလုပ်လုပ်ရသူတို့မှာ ကိုယ်ပိုင်စက်ဘီးကိုသာ အားကိုးပြုကြရလေသည်။

စစ်ပြန်စစ်မှုထမ်းဟောင်းအဖွဲ့ပိုင်'ဧရာဦးစားသောက်ဆိုင်' လေးမှာ ဧရာဝတီမြစ်ကမ်းနဖူးမှာ မေးတင်၍ လှပစွာ





ဆောက်လုပ်ထားသဖြင့် ရှုခင်းက တင့်မောလှပလွန်းလှသည်။

ဆိုင်သည်အကာများဖြင့် ပိတ်လှောင်ခြင်းမရှိ။ ပြင်ပမြစ်ပြင်ဘက်ကို မျက်နှာပြုလျက် ဆက်တီ ကုလားထိုင်များခုထားသဖြင့် ငြိမ်းချမ်းစွာ အပန်းဖြေခြင်း၊ စကားနှင့် ထိုက်တန်စွာအပန်းပြေလှပါသော နေရာလေးတွင်. .

စပ်ပြီ၊ စပ်ဖာ၊ စပ်ခူဟူသော အရက်မမည်သေးသည့်သူတို့၏ ခေါင်ရည်ကဖော် အဖျော်ယမကာပုလင်းများဖြင့်တစ်ဘက် ဝိုင်းမှာ လူသုံးယောက်သာ ကြက်သားကြော်နှင့်စားသောက်နေ ကြသည်။

ပန်းနုရောင်ပြေးနေသော ဆန်ဆေးရေလို ခပ်နောက်နောက်စပ်ပြီဆိုသည့်ယမကာကို ဦးလေးအား တိုက်နေမိသည်။

မိန်းမများပင် သောက်နိုင်သည်။ သိပ်မမူးပါ ရီဝေရုံနှင့်ချမ်းသောဒေသနှင့် တောင်ပေါ်နေလူမျိုးတို့အတွက်နှစ်မြိုက်လှသော သူတို့ကိုယ်ပိုင် တီထွင်ချက်လုပ်သည့် အရာများပါ။

တစ်ဘက်ကမ်းသို့ ထွက်ခွာသွားပြီဖြစ်သော မော်တော်က ဝေး၍ဝေး၍သွားလေပြီ။

သစ်သားအလုံးလိုက်ကိုထွင်းထားသော သစ်ထွင်းရှေ့နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဈေးဝယ်ပြန်ကြသော ကချင်မိသားစုများ၏ ရေဆန်လေဆ... သွားပုံများကို ဦးလေးက ဆန်းသစ်သော အမြင်အဖြစ် ငေးကြ... နေရှာသည်။

"ခေါက်ဆွဲကြော် စားဦးလေဦးလေး"

"အေးလေ မငြိမ်းသာပြောပြလို့ ကြားသိရတဲ့စကား... မှာ မင်းလတ်ရဲ့ ဇာတ်လမ်းကတော့ အံ့မခန်းစရာ... လားကွယ်၊ ငြိမ်းသာဘာလုပ်ရမလဲလို့ မေးထားတဲ့ မေးခွန်းကိုတောင် ဦးလေးဘယ်လိုဖြေရမှန်း မသိ... တော့ဘူး"

"ဦးလေးမျက်နှာကို ငြိမ်းသာ ဘယ်လိုကြည့်ရမှန်း တောင် မသိတော့ပါဘူးဦးလေးရယ်"

"စိတ်မညစ်ပါနဲ့ငါ့တူမ စိတ်မညစ်နဲ့"

"တစ်ကယ်ကို ငြိမ်းသာအနေနဲ့ ခုလောက်အဖြစ်... သင့်ဘူး၊ သည်းခံသင့်တယ်၊ ဦးလေးမျက်နှာနဲ့ သည်း... သင့်ပါတယ်၊ ခုလိုဖြစ်သွားတော့"

"ခုလိုဖြစ်သွားတာကို ဦးလေးကစိတ်မပူတဲ့အပြင် စိ... တောင် အေးသွားသေးတယ် မငြိမ်းသာ၊ အဖြစ်ပျ... အစုံသိချင်လို့သာ အစဆုံးနားထောင်နေတာ"





"ဘာကိုပြောတာလဲဦးလေး"

"ဘာမှမဖြစ်ခင် သူ့ဟာသူပျောက်သွားတဲ့ကိစ္စကိုပြော တာ"

"အဲဒါဘယ်လိုလုပ်ကြမလဲ ဦးလေးရယ်"

"ဘယ်လိုမှ မလုပ်နဲ့လေ သူပြန်ပေါ်လာမှပဲ ပြဿနာ ရှင်းကြရှုံပေါ့"

"အဲဒီကိစ္စအတွက် ငြိမ်းသာကို ဦးလေးစိတ်ဆိုးသင့်ပါ တယ်"

"စိတ်မဆိုးရုံမဟုတ်ဘူး ငြိမ်းသာအတွက် ဦးလေးစိတ် ပူလွန်းလို့ လိုက်လာခဲ့တာ ဘာဖြစ်လို့လဲသိလား"

"မသိပါဘူးဦးလေး"

"အဲဒီမင်းလတ်ဆိုတဲ့ကောင်ကို ဦးလေးတစ်ခါမှမမြင် ဖူးဘူး၊ ကြားတောင်မကြားဖူးဘူး"

"ဟာ. . ဦးလေးရယ်၊ ဒါ. . ဒါနဲ့သူက ဘယ်လိုလုပ်ပြီး ရောက်လာရတာလဲ ဒါဆို စာရေးလိုက်တာဦးလေး မဟုတ်ဘူး ပေါ့နော်"

"ရေးလိုက်တာတော့ ဦးလေးကိုယ်တိုင်ပဲ မငြိမ်းသာ"

"အို. . ငြိမ်းသာ ဘယ်လိုနားလည်ရမှန်းတောင် မသိ



www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူး"

"အေးပေါ့နားလည်စရာမှရှိတာ အဖြစ်ကဒီလိုမငြိမ်းသာရေ၊ ပြဿနာတွေဟာ ခုလောက် ရှုပ်ရှုပ်ထွေးထွေး ဖြစ်လာလိမ့်မယ်လို့ ဦးလေးလဲ ပေါ့ပေါ့တန်တန်လုပ်လိုက်မိတယ်ကွယ်"

ဦးသိန်းဖေ၏ နောင်တမျက်နှာကို အံ့သြတုန်လှုပ်စွာ မငြိမ်းသာ ငေးကြည့်နေမိသည်။

"ဦးလေးရဲ့အရင်အိမ်ထောင်နဲ့ရတဲ့သား 'မောင်ဥက္ကာ' ရှိတယ်ဆိုတာ မငြိမ်းသာလဲ *အသိလေ၊မအေးမြ*နဲ့မတည့်လို့အိမ်မလာတာ၊ဦးလေးပဲ မကြာခဏသွားတယ်"

"ဟုတ်ကဲ့ သိပါတယ်ဦးလေး"

"အေး . . အဲ့ဒီသားကနေပြီး အဲ့ဒီလို စာတစောင်ရေးပေးပါလို့ စာရေးလိုက်လို့ ဦးလေးလဲသူ့သူငယ်ချင်းပဲထင်ပြီး သူရေးခိုင်းသလို ရေးပေးလိုက်တာပေါ့"

"ကိုဥက္ကာရဲ့ သူငယ်ချင်းမဟုတ်ဘူးလား"

"သူ့ သူငယ်ချင်းရဲ့ ဦးလေးကတစ်ဆင့်ခိုင်းတာ ဆိုပါလား"





"ဟင်"

"ဒါတွေလဲ မသိပါဘူးမငြိမ်းသာမေးထားတဲ့စာရပြီးမှ ခုတစ်ခေါက် ဦးလေးမော်လမြိုင်ရောက်ပြီးသားကိုမေးတော့မှ အဲဒီကိုမင်းလတ်ဆိုတဲ့လူကို သူလဲမသိဘူးတဲ့"

"ဒါနဲ့ဦးလေးလဲ စိတ်နည်းနည်းထင့်သွားပြီး တဆင့်ကတစ်ဆင့် အသေအချာစုံစမ်းလိုက်တော့ သူတို့ညီအစ်ကိုဟာ အလုပ် မယ်မယ်ရရမရှိပဲ လူလိမ်လူကောက်တွေမှန်း သိလာရတယ်"

"အို"

"ဒီကောင်ကတော့ ဘာအမှုနဲ့မှ ရုံးတင်အစစ်မခံရသေးဘူး သူ့အစ်ကိုကတော့ ငွေလိမ်မှု မိန်းကလေးတစ်ယောက် လိမ်ညာသွေးဆောင်မှုနဲ့ အင်းစိန်ရုံးမှာတရားဆိုင်ရပြီး ထောင်သုံးနှစ်ကျသွားတယ်တဲ့"

"ဟာ. . ဟုတ်ပြီဦးလေး"

"ဘာလဲ မငြိမ်းသာ"

"အဲဒီအကြောင်းကို စောစောက ငြိမ်းသာပြောတဲ့ ဇော်ဆိုတဲ့ကောင်လေးရဲ့အမေကသိတယ်၊ ဇော့်အမေ ဒေါ်ခင်မူကတော့ အဲဒီကိုမင်းလတ်ပဲထင်ပြီး အင်းစိန်



www.burmeseclassic.com

www.burmeseclassic.com



တရားရုံးမှာ မြင်ဖူးတယ်လို့ စွပ်စွဲခဲ့သေးတယ်၊ သူ့
ညီအစ်ကို သိပ်တူတယ်နော်"

"တူဆိုအမြွှာပဲလေ"

"အဲ. . အဲဒီလို ဇာတ်ရှုပ်ထဲကလူတွေလို့ ဦးလေး
မောင်ဥက္ကာကလဲ တကယ်မသိခဲ့ရှာတာပါကွယ်"

"ဟုတ်မှာပါ ဦးလေးရယ်"

"အေး မငြိမ်းသာစာထဲမှာ ဒီလူ့အကြောင်းအသေး
သိပါရစေ၊ သူဟာ ရုက္ခဗေဒပညာရှင် တစ်ယောက်
ဟုတ်ရဲ့လား၊ မခြစ်ဥနဲ့ ခမ်းတောက်မြစ်အကြောင်း
စုံစမ်းတာလဲ မတွေ့ရဘဲ ငြိမ်းသာအကြောင်းတွေ
မေးမြန်းနေတဲ့သူလို့ ပါတာနဲ့ မော်လမြိုင်လိုက်သွားပြီ
ဦးလေးစုံစမ်းရာက အခုလို ကြားဖြတ်ဝင်ခုတ်ပြီ ဆိုတာသိတာ
မော်လမြိုင်ကချက်ချင်း ပြန်လာပြီး ဒီကိုလိုက်လာခဲ့တာ
မငြိမ်းသာ"

"ကျေးဇူးတင်ပါတယ်ဦးလေးရယ်"

"နေဦး မငြိမ်းသာ ဒီကောင်နာမည်က မင်းလည်း
မဟုတ်ဘူး 'တင်မင်း' ဆိုတဲ့အစ်ကို ထောင်ကျသွားတဲ့
အကောင်က 'တင်လင်း'တဲ့"





"ဩော်. . ကိုတင်လင်း၊ ကိုတင်မင်းတဲ့လား"

"ဟုတ်တယ် မငြိမ်းသာ၊ ဒီကောင်တွေဟာ ကိုကျော်
ဇောဦးနဲ့ပတ်သက်မယ်ထင်တယ်"

"အို. . "

"ဇာတ်ကရှုပ်လာပြီလေ"

"ဖြစ်မှဖြစ်ရလေရှင်"

"အေး. . ကျော်ဇောဦးထားခဲ့တဲ့ အမွေတွေနဲ့
ပတ်သက်လိမ့်မယ်ထင်တယ်"

"အို သူတို့နဲ့ဘာဆိုင်လို့လဲ"

"တနည်းနည်းနဲ့များ ပတ်သက်စရာရှိသလားမှ မသိ
တာ"

"ဒါတွေသိလို့ထင်တယ်၊ မင်္ဂလာမဆောင်ခင်က
မောင်ဟာလေ အားလုံးငြိမ်းသာနာမည်နဲ့ လွှဲပေးခဲ့
တာ ဖတ်ဖတ်ကိုမောနေရှာတာပါ"

"အေးလေ အားလုံးကျော်ဇောဦးရဲ့ဇနီးက တရားဝင်
ပိုင်ဆိုင်နေပြီပဲ"

"သူတို့လိုချင်တယ်ဆိုလဲ ယူကြစမ်းပါစေ ဦးလေးရယ်၊
မောင့်တယောက်လုံးကိုတောင် ဆုံးရှုံးရမှတော့ မောင့်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေကိုလည်း ငြိမ်းသာမလိုချင်တော့ပါဘူး
တစ်ခု မှလည်း မသုံးစွဲရက်လို့ ဒီအတိုင်း ထွက်လာ
တာဦးလေးအသိပဲလေ"

"အေးသိပါတယ်၊ ဒါပေမယ့် မောင်ကျော်ဇောဦး
ကိုယ်တိုင် စေတနာအပြည့်၊ မေတ္တာအပြည့်နဲ့ သူ
တရားဝင်ဇနီးအတွက် ပေးသွားတာ ကိုယ်မသုံးချင်
လှူပစ်တန်းပစ်မယ်၊ ဒင်းတို့တော့ ဘယ်မတရားဘူး
မလဲ"

ဒေါက်တာမငြိမ်းသာမှာ အောက်နှုတ်ခမ်းကို တင်းတင်း
ကိုက်ပြီး ခံပြင်းစိတ်ကြောင့်နှလုံးသွေးတို့ ခုန်လာသည်။

"ဒီကောင်ပုံစံကို အကဲမခတ်မိဘူးလား"

"ခတ်မိလို့ ခုလိုတွေ ဖြစ်ကုန်တာပေါ့ဦးလေးရယ်
ပြောတဲ့လုပ်ငန်းမဟုတ်ပဲ ငြိမ်းသာကို လှေလာဖို့
ရောက်လာတယ်ဆိုတာတော့ သိပြီလေ"

"သူဘာတွေမေးသေးလဲ"

"စောစောက ပြောတဲ့အထဲမှာ ကျန်ခဲ့တာတစ်ခု
သေးတယ်၊ သူအတော့်လဲ သိချင်နေပုံရတယ်၊မောင်
လောကနတ်ရုပ်အကြောင်းမေးတယ်"





"ဘာလုပ်ဖို့လဲ"

"မပြောတတ်ဘူး၊ ဒီအရုပ်နဲ့ပတ်သက်ပြီး တစ်စုံတစ်
ရာလျှို့ဝှက်ချက်ရှိတာတော့ အမှန်ဖြစ်လိမ့်မယ်"

"မငြိမ်းသာ ဘယ်လိုလုပ်သိလဲ"

"ငြိမ်းသာတို့ လက်မထပ်ခင်က မောင့်ပန်းချီခန်းထဲ
မှာ ဦးလေးဒွေး ဖုန်သုတ်နေတာကို မောင်ကအဲဒီ
အရုပ်ကို သူ့အခန်းထဲ ရွှေ့ထားခိုင်းတယ်၊ တခြားပန်း
ပုတွေနဲ့ ရောမထားဘူး၊ နောက်မှကျွန်တော် သိမ်း
မယ်လို့ ပြောသွားတယ်"

"နောက်တော့ ဘယ်မှာ သိမ်းထားလဲ"

"မသိဘူး၊ နောက်ဆုံးအချိန်ထိ ငြိမ်းသာလုံးဝမမေး
လိုက်မိဘူး"

"အင်း . . ဒီပြဿနာတော့ သိပ်ပြီးသေးမယ် မထင်
ဘူး"

"ဘယ်လိုအထိ ဖြစ်နိုင်မှာ မို့လဲဦးလေး"

"ဘယ်အထိဆိုတာတော့ မပြောတတ်ဘူး၊ ကျော်ဇော
ဦးရဲ့ အမွေအတွက် လာနှောင့်ယှက်နေကြပြီ ဆိုတာ
တော့သိသာနိုင်ပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ရဲ့ အရင်းနှီးဆုံးဆွေမျိုး ဆိုလို့ မင်္ဂလာဆောင်လာကြတဲ့ သူ့ဘကြီးဦးအောင်ဇံနဲ့ သူ့ညီကိုမင်းမြတ်နဲ့ ကိုမင်းမောင်တို့ ပဲရှိကြတာပဲ"

"သူတို့ကြည့်ရတာတော့ လူကောင်းသူကောင်းတွေ ဖြစ်ပုံရပါတယ် ဒါပေမယ့် လူဆိုတာမပြောနိုင်ဘူးလေ"

"ဘာပဲဖြစ်ဖြစ် မတရားလုပ်လာရင်တော့ ဘယ်ခံနိုင်မလဲ"

"အခုအဲဒီ. . . ကိုမင်းလတ်ခေါ် ကိုတင်မင်းဆိုတဲ့လူကိစ္စဘယ်လိုလုပ်ရမလဲ"

"နေပါစေလေ. . သူ့ဟာသူ တစ်နေ့ပေါ်လာမှာပေါ့ တချက်တည်းထိုးလိုက်တာ မသေနိုင်ပါဘူး၊ သေရင်လဲ ဇော်ဆိုတဲ့ကောင်လေးအနေနဲ့ ကိုယ်ပိုင်ခုခံမှုပေါ့ လိမ်ညာပြီး မိန်းမသားတစ်ယောက်အိမ်ကိုလာတည်းပါတယ် လို့တောင် သူ့ကိုတို့အနေနဲ့ပြန်အမှုဖွင့်လို့ရသေးတယ်"

သောကသည်မလေး၏ နွမ်းမျက်နှာကို ဧရာဝတီက ခရီးဆက်ရင်း စောင့်ငဲ့လှည့်ကြည့်သွားသလို ရှိနေသည်။





"ခွင့်ယူလို့မရဘူးလားမငြိမ်းသာ"

"ခွင့်တွေတော့ ရှိပါတယ်၊ ဘာအတွက်ခွင့်ယူရမှာလဲဦးလေး"

"ရန်ကုန်ခဏ လိုက်ခဲ့ပါလား"

"ရှင်"

"ဩော်. . ဟိုတိုက်လဲ ဒီအတိုင်းပဲ ပစ်ထားတာကြာပြီလေ၊ ကောင်လေးနှစ်ယောက်ကို အိမ်ရှေ့ခန်းမှာ ညတိုင်းစောင့်အိပ်ခိုင်းတာကလွဲလို့ တို့ဘယ်အခန်းကိုမှ စောင့်မကြည့်ခဲ့ကြဘူး"

သက်ပြင်းမောရှိုက်သံကို မငြိမ်းသာထံမှ ကြားလိုက်ရသည်။

"အခုလောက်ကြာလာတဲ့အချိန်မှာတော့ ဟိုမှာထားခဲ့တဲ့တိုက်နဲ့ပစ္စည်းတွေကို မငြိမ်းသာကိုယ်တိုင်ရှင်းလင်း သင့်ပြီကွယ်"

ရန်ကုန်မြို့ဝင်ဒါမီယာရှိ တစ်ထပ်တိုက်ပုလေးကို ပြန်သည်မြင်ယောင်လာတော့ မောင့်အသွင် မောင့်သဏ္ဍာန်များပေါ် ပြန်လည်ထင်ဟပ်လာခဲ့သည်။

"ငါ့တူမရင်ထဲ မှာ ဘယ်လောက်နာကျင်ကြေကွဲနေ



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုတာ ဦးလေးသိပါတယ်ကွယ်၊ ဒါပေမယ့် သေဆုံးခြင်းကြောင့် ခွဲခွါရခြင်းဆိုတာ လူသားတော် တော်များများရင်ဆိုင်ကြရတဲ့ ပရိဒေဝပါ"

"ဟုတ်ပါတယ် ဦးလေးရယ် ဒါပေမယ့် မောင်ဟာ ဘယ်လိုလူသားနဲ့မှ မတူတဲ့မငြိမ်းသာရဲ့ စေတနာရှင် ဆိုတာ ဦးလေးလဲ အသိပါနော်"

"သိပါတယ်ကွယ် သိပါတယ်၊ စိတ်ပိုင်းဆိုင်ရာ ခံစားမှု ကတစ်ပိုင်း လူ့လောကရဲ့လုပ်သင့်လုပ်အပ်ရာကို ဆောင်ရွက်ရမှာက တစ်ပိုင်းပါ၊ မငြိမ်းသာ ရန်ကုန် လိုက်ခဲ့သင့်တယ်. . မင်းရဲ့ဒေါ်လေးမြကလဲ သိပ် တွေ့ချင်နေရှာတယ်"

"ဒါဆိုလဲ ကောင်းပါပြီ ဦးလေးရယ်၊လေယာဉ်လက် မှတ်စောင့်ရင်း ငြိမ်းသာရဲ့ တာဝန်လေးတွေ ပြီး အောင်ဆောင်ရွက်ခဲ့ပါရစေဦး"

"အေး ဦးလေးလဲ အချိန်တော့ သိပ်မရဘူးကွယ်၊ ဒါနဲ့ ဦးတင့်ကိုရော ဘယ်လိုလုပ်မလဲ"

"ခေါ်သွားရမှာပေါ့ အဖွဲဟာ ငြိမ်းသာကလွဲလို့ ဒီ လောကလုံးဘယ်သူနဲ့မှ နေလို့မဖြစ်ပါဘူးလေ"





ဖခင်ကြီး၏ မသိစိတ်လှုပ်ရှားမှုများကို ဆရာဝန်တစ် ယောက် အနေနှင့်ရော သမီးတစ်ယောက်အနေနှင့်ပါ မငြိမ်းသာ အသိဆုံးပါ။

"အင်း. . အချစ်ဆုံးကို ထာဝရဆုံးရှုံးခဲ့ရတဲ့ရန်ကုန် မြေကို တစ်ခေါက်ပြန်ရောက်ရဦးတော့မှာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

"မမ ရန်ကုန်ပြန်မယ်ဆိုတာ အပြီးပြန်မှာလားဗျာ"

"မဟုတ်ပါဘူး ဇော်၊ ခွင့်ဆယ်ရက်ပဲယူသွားတာပါ"

"ဒါပေမယ့် အလုပ်ကနေပြီး အပြီးပိုင်ထွက်ချင်လဲ ထွက်နိုင်တဲ့ မမရဲ့ အခြေအနေကို ဇော်သိပါတယ် မမရယ်"

ဇော်သည် သူ့အချစ်ဆုံး၏မျက်နှာကို မကြည့်၊ မြစ်ပြင်ဘက်သို့မျက်နှာကို လှည့်ထားရင်းပြောနေသည်။

နာကျင်ကြေကွဲနေသော နှလုံးသားမှလာသောစကားမို့ အသံတိုးကာ တုန်လှိုက်နေသည်။ မျက်ဝန်းဆီမှ မျက်ရည်ကြည်





များဝေ့နေသည်ကို မမ မမြင်ရလေအောင် ဇော်မျက်လွှာချထားလိုက်ရသည်။

ဇော်၏ရင်မှ ဝေဒနာအရပ်ရပ်ကို ဒေါက်တာမငြိမ်းသာ ရိပ်စားမိပါသော်လည်း မသိသလို၊ မမြင်သလို လုပ်နေလိုက်သည်။ သိလည်းမသိချင်၊ မြင်လည်းမမြင်ရက်ပါ။

"မမ"

"ဘာလဲဇော်"

"မမ တကယ်ပဲ ပြန်မလာတော့ဘူးလားဟင်"

"ဘယ်လိုလုပ်ပြီး မလာလို့ရမှာလဲ ဇော် မမ မှာတာဝန်ကြီးနဲ့လေ"

"သိပ်ချမ်းသာနေတဲ့ မမဟာ ဘာ အလုပ်လုပ်ဖို့လိုတော့လဲဗျာ"

"ဒီလိုပဲ ပြောရသလားဇော်၊ မမသင်ထားတဲ့ပညာတွေကို ငွေပုံကြားမှာဆုံးရှုံးဆွေးမြေ့ခံမယ်လို့ ဇော်ထင်သလား၊ ဒီပညာရအောင် မမခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်း သင်ခဲ့ရပါတယ် ဇော်. . "

"အဲဒီလိုခဲယဉ်းစွာ သင်ယူရတဲ့ပညာကိုလည်း နှမြောတယ်၊ ပြီးတော့ မမတတ်တဲ့ပညာဟာ သူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်အသက်ကို ကယ်တင်နိုင်တဲ့ပညာ၊ လူတစ်ယောက်ခံစားနေရတဲ့ဝေဒနာကို ပျောက်ကင်းအောင်ကုသနိုင်တဲ့အတတ်၊ နိုင်ငံတော်ကလည်း မမတို့ အတွက်ငွေတွေအများကြီး အကုန်ခံထားရတယ်. . ."

"ဒါကြောင့် ဒီနိုင်ငံမှာနေကြတဲ့ ကချင်သွေးချင်း သွေးရင်းတွေရဲ့ ဝေဒနာတွေကို မမကြည်ဖြူကျေနပ်စွာ ကုသပေးနေချင်ပါတယ်၊ ဒါကြောင့်မမ ဘယ်နည်းနဲ့မှ အလုပ်ကမထွက်နိုင်ပါဘူးဖော်၊ စိတ်ချမမပြန်ကို ပြန်လာခဲ့ပါ့မယ်"

ဖော့်အပြုံးသည် သူတို့ရှေ့မှာ မြင်နေရသော တက်သစ်စနေထက်ပင် ရွှန်းဝင်းတောက်ပနေတော့သည်။

မနက်ဖြန်မငြိမ်းသာ ရန်ကုန်ပြန်တော့မည်။

ဒီနေ့ ဦးလေးကိုမြစ်ကြီးနားဝန်းကျင်မှ အလှပဆုံးသော နေရာဖြစ်သည့် 'ကရိန်နော်'သို့ လိုက်ပို့ရခြင်း ဖြစ်လေသည်။

ကရိန်နော်သည် မြစ်ကြီးနား၏ မြောက်ဘက်မြစ်စုံသွားရာလမ်းခွဲတွင်တည်ရှိသည်။

မေခနှင့်မလိခမြစ်ဆိပ်တွေရဲ့'မြစ်ဆုံ' သို့မူ ကိုယ်ပိုင်ကားနှင့် မသွားဝံ့ကြ။





မြစ်ဆုံရှိရာ တန်ဖရဲရွာသို့မူ ခရီးသည်တင် ဘတ်စ်ကားဖြင့် နေ့စဉ်သွားလာနေကြပါသည်။ ကားကြပ်၍ အပျော်ခရီးသည်လျှင် အဆင်မပြေ၊ ခရီးကလည်း ၂၇ မိုင်ဝေးပါ၏။

ယခုကရိန်နော်ကတော့ ၅ မိုင်ကျော်မျှလောက်သာဝေး၍ ကိုယ့်ကားနှင့်ကိုယ် လာနိုင်ခဲ့ကြသည်။

'ရွှေစက်' 'မာန်စိန်' တို့ကိုဖြတ်ပြီး လာရသော ကရိန်နော်တွင်တနင်္ဂနွေနှင့် ရုံးပိတ်သော အားလပ်ရက်များ၊ ခရစ္စမတ်နှစ်သစ်ကူးရက်များတွင် အထူးစည်ကားသောနေရာပါ။

ခြံဝန်းကျယ်ကျယ်ပြန့်ပြန့်အတွင်း ကားဆိုက်ရပ်ရန်အဆင်ပြေရုံမက နားနေရန်သစ်ပင်ရိပ်အောက်မှ ခုံတန်းလျားနှင့်စားသောက်ဆိုင်ငယ်တဆိုင်၊ ဤနေရာများမှ မထိုင်ချင်ဘူးဆိုပါလျှင် ခြံတွင်းမှဖြတ်ပြီး ဧရာဝတီမြစ်ကမ်းထိပ် သစ်ပင်အောက်မှာ ကိုယ့်ဖျာကိုယ့်အခင်းများ ခင်းလျက်နားနေ၍ ရနိုင်ပေသည်။

ဆေးရုံမှ အနန်၊ ဖွဲ့ဘူနှင့် ခွန်ရာ ဆိုသော ကချင်တိုင်းရင်းသူဆရာမလေးများ. .

ဒေါက်တာ ကျော်မြတ်သူတို့ ဇနီးမောင်နှံ၊ နော်ဖော့နှင့် ဖော်တို့တတွေက အိမ်ရှင်အဖြစ်နှင့် ဦးလေး ဦးသိန်းအား ကရိန်နော်သို့ လာပို့ကြခြင်းဖြစ်လေသည်။'လောပန်းဆိုင်း'က



www.burmeseclassic.com

www.burmeseclassic.com



စေတနာဖြင့် သူ၏ဒတ်ဆန်းဆန်နီ ကားလေးဖြင့်လိုက်ပို့သည် ဒရိုင်ဘာနှင့်လူပိုတစ်ယောက်လည်းပါသည်။

ကချင်မြေသို့ ပြန်မလာမှာ စိုးရိမ်နေရှာသော ဖော် သောကစိတ်လည်း ပြေပျောက်သွားပြီမို့ သစ်ကြားသီး အောက်တွင် နံနက်စာပြင်ဆင်နေကြသော ထမင်းဝိုင်း ဒေါက်တာမငြိမ်းသာရောက်လာခဲ့သည်။

ပိန်းဥ ကန်စွန်းရွက်တို့နှင့် ချက်သောကချင်ရိုးရာဟင်း ဝါးကျည်တောက်အတွင်းမှာ ထည့်ထားသော 'ငါးချဥ် ဘူတာရုံလမ်းက ရွှေနန်းတော်စားသောက်ဆိုင်မှ ဝယ်လာသော တရုတ် ဟင်းလျာများနှင့်ကောက်ညှင်းနှင့်ဆေးစပ်၍ချက်သော နာမည်ကျော် ပါဟုတ်ရွာမှထွက်သော ပါဟုတ်ကချင်မီးတော အရက်စပ်ပြီစပ်ဖာနှင့် ယမကာများ . . .

ကချင်လူမျိုးတို့ ထမင်းစားလျှင် မုံညင်းနှင့် အရွက်များ ကို အဓိကစားသုံးကြသည်။ အသီးအရွက်တို့ကို ဖောဖောသီ စားပြီး ထမင်းရည်ခန်းချက်စား၍ ခွန်အားအပြည့်ရှိကြ သည်။

သွားများလည်းအထူးကောင်းကြသည်။

မြန်မာဟင်းလျာလို ဆီရွှဲရွဲဟင်းမျိုးချက်စားလေ့မရှိ





မြန်မာအိမ်ရှင်မများလို မနက်စာညစာ တခါတည်း ချက်ထားရိုးထုံးစံမရှိ၊ အသီးအရွက်များစွာနှင့် မနက်တစ်ခါ ညတစ်ခါ ပုံမှန်ချက်စားလေ့ ရှိကြသည်။

ကောင်းမြတ်သောအလေ့အကျင့်ပါပင်။

မြန်မာယောက်ျားလေးတိုင်းလိုလို ထမင်းဟင်း ချက်တတ်ခြင်း မရှိကြသော်လည်း ကချင်ယောကျာ်းလေးတိုင်း ထမင်းဟင်း ချက်တတ်ကြသည်။ 'စွမ်ပရာဘွမ်' လို တောင်ပေါ်မြေမှ ဆင်းသက်လာကြသူများ၊ ဗန်းမော်ဘက် 'စိန်လုံကမ္ဘာ' တောင်တန်းမှ ရောက်လာကြသူများ၊ မချမ်းဘော အထက် 'ခေါ်ဘူဒဲ' 'ဂူဘား' စသော ကုန်းလမ်းခရီးလိုနေရာမှ ခြေလျှင်ရောက်လာကြသူများမို့ အကြမ်းအတမ်းခံနိုင်ခြင်း၊ တောင့်တင်းဖျတ်လတ်ခြင်းများကြောင့် ကြည့်ရသူတို့ပင် အားကျ စရာကောင်းလောက်အောင် ကချင်လူငယ်များသန်မာကြံ့ခိုင်ကြ သည်။

နဂိုကဖွံ့ထွားသော မြန်မာလေးဇော်သည်ပင်လျှင် ကချင်မြေရောက်လာမှ ပို၍ကြံ့ခိုင်ကျစ်လျစ်လာသည်။

ရှင်းလင်းကျယ်ဝန်းသောဒေသမှ အောက်စီဂျင် ပြည့်နေသော လေများ၊ လတ်ဆတ်သောအသီးအနှံများ၊ ဆူညံရှုပ်ထွေးခြင်းကင်းသော မြင်ကွင်းများကြောင့် ထာဝရ နေခွင့်ရနေသူ



www.burmeseclassic.com

www.burmeseclassic.com



ဌာနေသူဌာနေသားတို့ အံ့သက်ရှည်ရှည် နေခွင့်ရကြပေသည်

"မမ ထည့်စားလေ၊ မေမေချက်ပေးလိုက်တဲ့ဟင်း ကြိုက်ရဲ့လား"

"ကြိုက်ပါတယ် ဇော်၊ အန်တီမူလည်း မမတို့ သားအ အတွက် တကယ်ပင်ပန်းရှာတယ်"

ဇော့်ရှေ့မှ ပုဇွန်ခြောက်နှင့် ငါးပိကြော်၊ ဝက်သနီနှင့် သီး သနပ်တို့ကို ကြည့်ပြီးဒေါက်တာမငြိမ်းသာ ပြောသည်။

"မမတို့ သားအဖဆီက ဘာတုန့်ပြန်မှုကိုမှ မမျှော်လင့် ရဲတဲ့ ဇော်တို့မိသားစုရဲ့ စေတနာသန့်သန့်ပါမမရယ်"

ဟင်းလျာများထက်ပိုမို၍ ရည်ညွှန်းလိုက်သော ဇော် ၏စေတနာကို သိနားလည်စွာဖြင့် သူ့ကိုကြည့်ပြီးခေါင်းညိတ် လိုက်သည်။

ဒေါက်တာမငြိမ်းသာ လှဲ့လှဲ့လေးပြုံးလိုက်ရုံဖြင့် ဇော်အ ရွှန်းရွှန်းဝေအောင်ပြုံးလေသည်။

သူမမျှော်လင့်ရဲသလို ကိုယ့်မှာလဲပေးစရာမရှိသော မငြိမ်းသာ၏ ချစ်ခြင်းမေတ္တာတရားမှ လွဲ၍. .

ဇော့်စေတနာကို နားလည်ခြင်း၊ ဇော့်အကြင်နာကို လေး ခံခြင်းနှင့် ရိုးသန့်ဖြူစင်သော စိတ်များဖြင့် မငြိမ်းသာက





အပေါ်တွင် ပြန်လည်၍ သံယောဇဉ်များရှိနေပါကြောင်း သိပါစေ. . သိမှာပါလေ. .

"ဟာ. . . ထမင်းဝိုင်းကြီးကမြိုင်လှချည်လား"

"လာ ဆရာ ဝင်စားပါ။"

"မဟုတ်ရင်စားတယ်၊ စားခဲ့ပြီးလို့"

မငြိမ်းသာကုသ၍ ပျောက်ကင်းခဲ့ဖူးသောဆရာဂွန်(မ)ဂျာ သည်းကရိန်နေဒ် သို့ရောက်လာသည်။သူ့ဂျစ်ကားကိုလည်း သည်းဒေါက်တာမငြိမ်းသာ အကူအညီတောင်းခဲ့ဖူးသည်။ယူ ဖူးပါသည်။

ယခုသူလည်း မန္တလေးမှရောက်လာသော ဧည့်သည်များ လိုက်ပို့သည်ဟုဆိုပါ၏။

ဒေါက်တာ မငြိမ်းသာကလည်း ရန်ကုန်မှ ရောက်လာ ဘဦးလေးကို လိုက်ပို့ပါကြောင်းပြောဆို၍ စားသောက်ပြီး မှာ ကိုဂွန်(မ်) ဂျာက ဒေါက်တာ မငြိမ်းသာကို တခုခုပြော နေပုံရသည်ဟု ထင်သည်နှင့်. . .

မငြိမ်းသာမှာ သစ်ကြားပင်နှင့် တညင်းပင်များရှိရာဘက် လာခဲ့သည်။

ထင်သည့်အတိုင်းပင် ကိုဂွန်(မ်)ဂျာလိုက်လာ၍. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာမငြိမ်းသာကိုတခုပြောစရာရှိလို့"

"ပြောပါ ကိုဂွန်(မ်)ဂျာ ပြောပါ"

"ကျွန်တော်ကားနဲ့ ကြိုပေးဘူးတဲ့ ဒေါက်တာနဲ့ မှတ်မိ သည်လေ"

ရင်ထိတ်ဖွယ်စကားကြောင့်မျက်နှာမပျက်အောင် မငြိမ်းသာ သတိထား နေလိုက်ရသည်။

ကိုမင်းလတ် ဤကချင်မြေသို့ စတင်ရောက်ရှိလာသည့် အနန်နှင့်အတူ ဤကိုဂွန်(မ်)ဂျာနှင့်အတူ သူ၏ ဂျစ်ကားနှင့်သူ ၍ကြိုခဲ့ဖူးသည်ကို သတိရလာသည်။

"ဟုတ်ကဲ့ပြောပါ"

"အဲဒီ အစ်ကိုရှိသေးလား"

"ရှင်. ."

"သူ့ကို တွေ့ခဲ့လို့"

"ဟင်. . ဟုတ်လား၊ သူ. . သူ လျှောက်လည်နေတာ"

"ဟုတ်မှာ"

"သူ. . သူ့ ကိုဘယ်မှာ တွေ့ခဲ့လို့လဲ ဟင်"

"ကာမိုင်း ကားဂိတ်မှာ"

"ရှင်. ."

"ကာမိုင်းက ပြန်လာတဲ့ ခရီးသည် ဘတ်စ်ကားပေါ် ဆင်းလာတာ တွေ့လိုက်ရတယ်"

ကာမိုင်းဆိုသည်မှာ မိုးကောင်းမှတဆင့် သက်ဆိုင်ရာ





ကြိုလက်မှတ်နှင့်မှ သွား၍ရသော အဖြူရောင်နယ်မြေမဟုတ် ငြိမ်းမြို့ငယ်လေး တစ်မြို့. . .

"ကျွန်တော်က နှုတ်ဆက်မလို့လုပ်တော့ သူက မသိသလို လုပ်ပြီး ထွက်သွားတယ်၊ နောက်တော့ မိုးကောင်း ဘူတာ မှာ စောင့်နေတာ မနေ့ကတွေ့ခဲ့ရတယ်။ မနေ့ကရထားနဲ့ သာ ပါလာရင် သူမြစ်ကြီးနားရောက်လောက်ပြီ၊ အခုမရောက်သေးဘူးလား"

"ဟုတ်ကဲ့ မရောက်သေးပါဘူး"

"ဒါဆို ကျွန်တော်များ လူမှားသလား၊ မှားတော့ မမှားနိုင်ဘူးထင်တယ်၊ သူကျွန်တော်နဲ့စကားမပြော ချင်လို့ ဖြစ်မယ်"

သူ့အထင်ကို မချေဖျက်ဝံ့၊ ထောက်ခံဖြည့်ဆည်းစကား ပြည်း မဆိုဝံ့။

မငြိမ်းသာ မျက်စိမျက်နှာပျက်နေသည်ကို ကိုဂွန်(မ်)ဂျာက စကားကြောင့် စိတ်အနှောင့်ယှက် ဖြစ်သွားသည်ဟုများထင် သလားမသိ။

"စိတ်မဆိုးနဲ့နော် ဒေါက်တာ"

"ဟာ ကိုဂွန်(မ်)ဂျာကလဲ စိတ်မဆိုးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ဒေါက်တာ့အစ်ကိုသာ ဆိုရင်တော့
ကရထားနဲ့ပါမလာရင် ဒီနေ့နက်ဖြန်တော့ သူ
ရောက်လာမှာပါ"

"အင်း . . ဟုတ်ကဲ့ ရောက်လာမှာပါ"

"ဟော ကျွန်တော့်အဖော်တွေ ပြင်ဆင်နေပြီ
တော့မယ်နော် ဒေါက်တာ"

"ဟုတ်ကဲ့"

ကိုဝွန်မ်ဂျာ၏ အမြင်မမှားနိုင် . .

ဒီအတိုင်းဆို သူသက်ရှိထင်ရှားရှိနေပြီ အမှန်။

တစ်မျိုးတော့ စိတ်အေးရပေမယ့် သူ အသက်ရှင်နေ
အမျှ တစ်စုံတစ်ခုသောအတိုင်းအတာအထိ ထပ်၍ ဒုက္ခ
မည်မှာ သေချာလှသည်။

"မငြိမ်းသာ ရန်ကုန်မသွားခင်ပဲ သူပြန်ရောက်
မလား"





အခန်း (၂၆)

လေယာဉ်စောင့်ရချိန်က စီးရချိန်ထက်များစွာပို၍
ကြာသည်။

ဒေါက်တာမငြိမ်းသာတို့ မိုးမလင်းမီကထပြီး ပြင်ဆင်သိမ်း
ဆည်းခဲ့ရသည်။

လေယာဉ်ကွင်းကို နံနက် ၇ နာရီကပင် ရောက်နှင့်နေကြ
သည်။

ယနေ့အကြောင်းကိစ္စတစ်ခုကြောင့် လေယာဉ် မန္တလေး
မှာရောက်နေသည်ဟုသာ ပြောသကြားရသည်၊ ဘယ်အချိန်
ဆိုက် ရောက်မည် အတိအကျမသိရသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



မြစ်ကြီးနားလေဆိပ်မှ နာမည်ကျော် 'ဒေါ်နုမုန့်ဟင်းခါး' ကို အကြော်စုံနှင့်စားထား၍သာ ဗိုက်ဆာသက်သာနေသည်။

ဤမုန့်ဟင်းခါးကလည်း နေမြင့်လျှင်မရှိတော့. . .

"မမ ဟိုလူ ပြန်ရောက်နေပြီလားလို့ ဇော်အိမ်တစ်ခေါက်ပြန်ကြည့်ပေးရမလား"

ကိုဝွန်(မ)ဂျာ၏စကားအရ မိုးကောင်းမှာ တွေ့ခဲ့သည်ဆိုသောကိုမင်းလတ်များပြန်ရောက်လာလေမလားဟူ၍ တထင့်ထင့်နှင့် မနေ့က မငြိမ်းသာစောင့်ကြည့်နေကြောင်း သိသောဇော်က မေးလိုက်ခြင်းဖြစ်သည်။

"နေပါစေတော့ကွယ်၊ သူရောက်တာ မရောက်တာ မမ စိတ်မဝင်စားပါဘူး၊ မမ မရှိချိန်မှာ ဇော်နဲ့နှစ်ယောက်ထဲတွေပြီး ပြဿနာထပ်ဖြစ်မှာပဲ မမစိတ်ပူတယ်"

"ဇော် အတွက်တော့စိတ်ချပါ။ မမဘာဖြစ်စေချင်သလဲ သာပြောခဲ့ပါ"

"ဇော်နဲ့ ဘာမှမဖြစ်စေချင်တော့ဘူးကွယ်၊ မမရန်ကုန်ပြန်သွားပြီ ရန်ကုန်ပဲလိုက်ခဲ့လို့ မမကမှာသွားတယ် ဆိုတာသာ ပြောလိုက်ပါ"





"သူ့ပစ္စည်းတွေရော"

"မြော် ဟုတ်သားပဲ၊ အန်တီမူဆီမှာ မမသော့အပ်ထားတယ်လေ အဲဒါနဲ့ဖွင့်ယူပေးလိုက်ပါ။ ဇော်တစ်ယောက်ထဲ သူနဲ့မသွားနဲ့နော် မမစိတ်မချဘူး"

'မမစိတ်မချဘူး'ဆိုသော စကားခြောက်လုံးတို့သည် ဇော့်သွေးကြောအနှံ့ပျံ့သွားသလိုပင် တစ်ကိုယ်လုံး မမ၏စေတနာတွင် ရှိန်းမြန်းထွေးသ လို ခံစားလိုက်ရသည်။

"ကြားလားဇော်၊ သူလာရင်လူကြီးတွေပဲ ယူပေးလိုက်ပါစေ၊ ဇော်သူနဲ့ လုံးဝမတွေနဲ့တော့နော်"

"ဟုတ်ကဲ့မမ"

လေဆိပ်သို့ဖေဖေရောမေမေပါလိုက်ပို့ကြသည်။ ဦးမြတ်ဇော်ရှုံးချိန်နီး၍ဒေါ်ခင်မူပါပြန်လိုက်သွား၏။ ဇော်နေရစ်ခဲ့မည်ကို သိပြီးသားမို့ဘာမှမပြောကြတော့။

ပြန်လိုက်မလားဟူ၍ပင်မမေးပဲပြန်သွားကြသည်။ အဖေသည်သူ့အညိုရောင်ခေါင်းစွပ်ကြီးနှင့် မာဖလာကို ပတ်လျက်ကြိုခေတ်ဇာတ်လိုက်မင်းသားတို့၏ ပုံစံမျိုးလိုရှိနေသည်။

"ဒီမရှော့ရွက် ဟာသိပ်အာနိသင်ရှိတာ ကိုသိန်းဖေရဲ့" ဟူ၍ 'မရှော့ရွက်'ဋ္ဌိကာ ဖွင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာတစ်ပြည်လုံး၌ ကချင်ပြည်နယ်တခုတည်းသာ ပေါက်သော မရှောက်ရွက်ခပ်ရှည်ရှည်လေးများမှာ အဆိပ်အတောက်ပြေသည်။ အဆိပ်ရှိသော မြွေလို ကင်းလို အကောင်များကိုက်လျှင် ထုထောင်း၍လိမ်းရပြီး အစားအဆိပ်သင့်လျှင်သို့မဟုတ် အဆိပ်သောက်မိလျှင် ဤအရွက်ကို များများစားစား သို့မဟုတ် အရည်ကြိတ်သောက်လျှင် အဆိပ်ပြေသည်ဟု လက်တွေ့သုံးသူတို့က သက်သေပြုကြသည်။

"နေ့တွေရက်တွေဆိုတာ ဆွဲဆန့်လို့ ကျဉ်းချုံ့လို့ ရရင် သိပ်ကောင်းမှာပဲနော်"

ဒေါက်တာမငြိမ်းသာ ဇော့်ကို တစ်ချက်မျှသာကြည့်ပြီး ဘာမှ မပြောတော့။

နှလုံးသားချင်းနားလည်ပြီးသား စကားမို့ ဒေါက်တာ မငြိမ်းသာ တုန့်ပြန်နေစရာမလိုပါ။

နေ့ရက်များကို ဇော်ကျဉ်းချုံ့လိုက်ချင်သည်၊ မငြိမ်းသာ ခွဲခွာသွားမည့် ဆယ်ရက်ကို တတ်နိုင်လျှင် သူပြက္ခဒိန်မှဖြတ်၍ ထုတ်ပစ်လိုက်ချင်ကြောင်း မငြိမ်းသာသိနေပါပြီ။

"ဩော်. . ဒီကောင့်လေးရဲ့ သံယောဇဉ်ကြိုးတွေဟာ ဘယ်လိုဥပက္ခာလက်နက်မျိုးတွေနဲ့ ဖြတ်ရင်ရနိုင်မ





လဲကွယ်"

ဇော့်ကို ခွဲခွာထားရစ်ခဲ့ရမည့်အတွက် မငြိမ်းသာ၏စိတ်မှာ လှုပ်ရှားလောက်အောင်မထိခိုက်မိ။

အရှုံးများစွာနှင့်ပြေးလာခဲ့ရသောမြေ။

ခင်ပွန်းသည်ကိုပင် လောဘရမက်စိတ်ဖြင့် သတ်ပစ်လိုက်သလို စကားတင်းဆိုခဲ့ကြသော အသိုင်းဝန်းတို့ရှိရာမြေသို့ တခေါက်ပြန်ရပေဦးတော့မည်။

ဦးလေးကလည်းအတင်းခေါ်၊ အဖေကလည်း သိပ်ပြန်ချင်ရှာသည်။ မောင်ထားရစ်ခဲ့သော ပစ္စည်းဥစ္စာနှင့် တိုက်တာမြေတို့ကို ထိန်းသိမ်းရန်တာဝန်လည်းရှိလာသဖြင့်သာ..

ဒေါက်တာမငြိမ်းသာ မပြန်ချင်သော မပြန်လိုသော ရန်ကုန်မြေသို့ ပြန်ရတော့မှာပါ။

"ဗန်းမော်က ထွက်လာပြီတဲ့မမ" ၁၄

ဇော်ကသတင်းလာပို့သည်။

ယနေ့ဂျက်လေယာဉ်နေ့မဟုတ်။

ဇော်ကာဖရင်းရှစ်မို့ ဗန်းမော်သို့ဆင်းသက်ပြီးမှ မြစ်ကြီးနားသို့ ရောက်လာမည်။

"ဇော်. . . ဘာမှာလိုက်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမမှာပါဘူးမမ ဘာမှလဲ ဇော့်အတွက်မဝယ်ပါနဲ့ မမသာ မြန်မြန်ပြန်လာနိုင်ပါစေဗျာ"

"ခွင့်စေ့တဲ့နေတော့ မပြန်ချင်လဲပြန်လာရမှာပဲ ဇော်"

ဇော်ခေါင်းညိတ်၏။

ခေတ္တမျှအကြာတွင် လေဆိပ်မှလူများ ရှုတ်ရှုတ်သဲသဲဖြစ်ကုန်ကြသည်။

ဇော့်ဖေဖေခွင့်တောင်းခဲ့၍ ဇော်ပါ လေဆိပ်အဆောက်အဦးထဲ ဝင်ခွင့်ရနေသည်။ သံဆူးကြိုးအပြင်မှ မစောင့်ရပေ။

ခရီးသည်များအတွက် အမျိုးသမီးတာဝန်ရှိသူက အမျိုးသမီးတိုင်းကို အခန်းငယ်လေးတခုအတွင်းမှာ တကိုယ်လုံးစမ်းသပ်ရှာဖွေစစ်ဆေးသည်။

အမျိုးသားများကိုလည်း ထို့အတူပါ။

လေယာဉ်ဆိုက်တော့မည်၊ ဒေါက်တာမငြိမ်းသာ သွားခါနီးမှာ. . .

"ဇော်တခုပဲ ဆုတောင်းနေပါ့မယ် မမ"

"လေယာဉ်အန္တရာယ်ကင်းပါစေလို့လား"

"မဟုတ်ဘူးမမ"

"ဟင် ဒါကအရေးကြီးတာကို၊ ဇော်က ဘာဆုတောင်း





နေမှာလဲ"

"ရန်ကုန်ရောက်ပြီးတဲ့အခါမှာ ကိုကျော်ဇောဦးအတွက် မမသိပ်ပြီး မခံစားရပါစေနဲ့. . လို့"

ဇော်၏လိုက်လှဲသော စေတနာစကားသံကိုနာခံပြီး နွမ်းနယ်လွန်းသော ဇော့်မျက်နှာကို တစ်ချက်ကြည့်လိုက်မိသည်။

မငြိမ်းသာ ဘာမှမပြောတော့ ပြောစရာလည်း သိုမည်မထင်ပါ။

"မမသွားတော့မယ်နော်. . ဇော်"

ဇော်ခေါင်းညိတ်ပြသည်၊ တုန့်ပြန်နှုတ်ဆက်နိုင်စွမ်းအားမရှိတော့။

မျက်ရည်မဝဲဖြစ်အောင်ဇော်သတိထားနေသည့်ကြားက ဝဲလာသဖြင့် ခေါင်းငုံ့ထားလိုက်ရသည်။

လေယာဉ်ရှိရာသို့သွားနေသော လေဆိပ်လမ်းဘလျှောက်မှ လေယာဉ်ပေါ်တက်သွားသည်အထိ. . .

ဒေါက်တာမငြိမ်းသာ ဇော့်ကို တစ်ချက်မှ ပြန်၍လှည့်မကြည့်ပါ။

ဇော်သည်သာ လေယာဉ်ပြေးလမ်းမှသည် မိုးယံတွင်းဝင်သွားပြီး တိမ်တိုက်များကြားသို့ တိုးဝင်ပျောက်ကွယ်သွားသည်



www.burmeseclassic.com

www.burmeseclassic.com



အထိ မမပါရှိသွားသော လေယာဉ်ဆိုသောအသိနှင့် မော့ကြည့်နေမိသည်။

လေဆိပ်သို့လိုက်ပို့သူများ ပြန်သွားကြသည်အထိ ဇော်သည်ကောင်းကင်ယံကို ကြာမြင့်စွာ ငေးမောကြည့်နေမိသည်။

မြေကြီးနဲ့ကောင်းကင်. .

ဇော်ကမြေကြီးပေါ်မှာ၊ မမကအာကာပြင်မှာ. .

ဇော်တို့နှစ်ယောက်ရဲ့. . .

ဘဝဟာ ခုလိုခေတ္တမျှသာ အနိမ့်အမြင့်ကွာခြားတာ မဟုတ်ပါဘူးမမရယ်။

ထာဝရပါ။

ထာဝရမိုးနဲ့မြေပါ။





## အခန်း (၂၇)

တိုက်တွင်းသို့ ခြေချလိုက်မိသည်နှင့်ပင် ရင်၌ဆို့လှိုက်ဆက်လာသည်။

ဒေါ်လေးမြတို့ အထိန်းအသိမ်းကောင်း၍ တစ်တိုက်လုံးဆို ယခင်ကအတိုင်းပင် သစ်လွင်သန့်ရှင်းနေလေသည်။

ဧည့်ခန်းတွင်းသို့ တစ်လှမ်းချင်းဝင်လာပြီး မောင်မြတ်နိုးခဲ့သော မောင်၏ပန်းချီခန်းမကို လှမ်းကြည့်မိသည်နှင့်

"မောင်ရယ်"

လွမ်းဆွတ်တသရသော ဝေဒနာသည် နှလုံးသည်းပွတ်တို့ကို တူးဆွထုနှက်နေသည်သို့ရှိချေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆွဲလက်စပန်းချီကားများနှင့် မောင်ထိုင်သည့်ကုလားထိုင်နှင့် စားပွဲကိုမြင်တော့ စားပွဲပေါ်သို့ မျက်နှာမှောက်ချပြီး မငြိမ်းသာ သည်းထန်လှိုက်လှဲစွာ ငိုရှိုက်မိပါပြီ။

"ဒါကြောင့် ရောက်ရောက်ချင်းမလာပါနဲ့ဦးလို့ ပြော
တာလဲ မရပဲကိုး"

ဒေါ်လေးမြက သူ၏ချစ်လှသော တူမလေး၏ ကျော
လေးကိုသပ်ပြီး. .

"စိတ်ကိုသာဖြေပါကွယ် ငိုနေလို့လဲ ဘာမှ အကြောင်း
ထူးမလာတော့ဘူးလေ၊ ငါ့တူမလဲ ဆရာဝန်
ယောက်ဖြစ်နေပြီပဲ၊ လူဆိုတာမလွဲမသွေ သေရမည်
ဆိုတာ"

"မှန်ပါတယ်ဒေါ်လေးရယ်၊ ဒါပေမယ့် မောင်က
မသေသင့်ပဲ သေရတာ၊ အချိန်မတိုင်ခင်သေရတာ
သိပ်ချစ်တဲ့ ငြိမ်းသာကို ပိုင်ဆိုင်ခွင့်မရခင် ဘာနဲ့မှ
ဖြေလို့မရဘူး ဒေါ်လေးရဲ့"

"အေးကွယ် ဟုတ်ပါတယ်. . ဟုတ်ပါတယ်"

ဒေါ်လေး၏အသံများ အက်ကွဲနေ၍ သူ့ကိုမော့ကြည့်
တော့ ဒေါ်လေးမြလည်းငိုလို့. . .





စားပွဲပေါ်မှထပြီး ထရံကို ကျောမှီ၍ အံကိုကြိတ်လိုက်
သည်။ မျက်စိစုံမှိတ်ပြီး ဝေဒနာကို ကြံ့ကြံ့ခံနိုင်ရန် အားထုတ်
၏။ ကိုယ့်ကျေးဇူးရှင်မိန်းမသားကြီးပါ၊ ကိုယ့်အတွက်နဲ့
ချည်လည်ငိုကျွေးရသည်ဆိုတော့ မငြိမ်းသာသည်လည်း
မကောင်းတော့။

"မောင်ရေ. . ချစ်ရဲ့ရင်ထဲမှာပဲ ငိုနေပါရစေတော့
ကွယ်"

မငြိမ်းသာအငိုတိတ်တော့ ဒေါ်လေးမြပါ ရပ်သွားတော့
သည်။

"အရေးကြီးတာ သမီးတို့အိပ်ခန်းကိုရှင်းဖို့ပဲ လက်ဖွဲ့
ပစ္စည်းတွေကလည်း အပုံလိုက် ပြီးတော့ တခုအရေး
ကြီးတာရှိသေးတယ်ဆို"

"ဘာလဲဒေါ်လေးမြ"

"သမီးရဲ့ဦးလေးသိန်းပြောတာပဲ လောကနတ်ရုပ်ဆို
တာလေ"

"သြော်. . ဟုတ်တယ်. . ဒီတိုက်ရဲ့တစ်နေရာရာမှာပဲ
မောင်သိမ်းထားခဲ့တာဖြစ်မှာပါ"

"ဟိုအခန်းတော့ နောက်နေ့မှာပဲ ဖွင့်တော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးမြ"

"အေး ကောင်းပါတယ်၊ ခုတော့ခရီးရောက်မဆိုက် ကြီး ဦးတင့်လဲ လေယာဉ်မှူးလို့ဆိုပြီး အိပ်နေလေရဲ့"

ဒေါက်တာမငြိမ်းသာသည် သူတို့အချစ်ဆုံးနှစ်ယောက် မွမ်းမံပြင်ဆင်ခဲ့ကြသော အပြာရောင် မင်္ဂလာဦးခန်းမကို ထိုနေ့မှစ၍ ယနေ့ထက်တိုင် လုံးဝမဖွင့်တော့. . .

မောင်၏ချောပနကို ဟိုဘက်အိမ်နှင့် သည်ဘက်အိမ် အခန်း၌သာ ညှပ်ခံခဲ့သည်။

မောင်သေဆုံးကြောင်းမိုးကုတ်သို့ အကြောင်းကြားသော် လည်း ဦးအောင်ဇံတို့အုပ်စုမှာ လမ်းပေါ်တွင်သာ ရှိသေးသည်၊ မန္တလေးတွင် နှစ်ညအိပ်ကြစဉ်ကလည်း ဆက်သွယ်၍ မရခဲ့၊ မောင့်ခန္ဓာကိုယ် ဂူသွင်းသင်္ဂြိုလ်ပြီးချိန်မှ သိရသည့်အ တွက် မလာနိုင်တော့ပါဟု အကြောင်းပြန်သည်။

ဦးအောင်ဇံမှနေ၍ သူ့တူသေဆုံးရခြင်းမှာ ရိုးရိုးသေခြင်း ဟုတ်မဟုတ် စစ်ဆေးပေးပါရန် ရှေ့နေငှား၍ ရုံး၌အမှုဖွင့်ခဲ့ သည်။

နှလုံးရောဂါနှင့် သေဆုံးရခြင်းပါဟု ဆေးစာ၏ အဖြေ ကြောင့် အမှုပိတ်လိုက်ရပြီးနောက် မောင်နှင့်ပတ်သက်သူအား





လုံးနှင့် လမ်းစပြတ်ပြီး မငြိမ်းသာလည်း မြစ်ကြီးနားသို့ ရောက်သွားခဲ့ခြင်း ဖြစ်လေသည်။

အပြာရောင်မင်္ဂလာဦးခန်းမမှလွဲ၍ တစ်အိမ်လုံးသို့ မငြိမ်းသာလှည့်ပတ်ကြည့်မိသည်။

နောက်ဖေးတွင် ချက်ပြုတ်နေတတ်သော မောင်နှင့် မောင့်တပည့်မောင်လှိုင်။

ပန်းချီဆွဲနေတတ်သောမောင်နှင့် မောင့်ကိုချစ်သော ဦးလေးဒွေး. .

သူတို့အားလုံး၏ လှုပ်ရှားဟန်ပန်များကို ပြန်လည်မြင် ယောင်မိသည်။

ရင်တွင်းမှအငိုသည် မျက်ဝန်းဆီသို့ ကူးစက်ပျံ့နှံ့မလာဖြစ် အောင် တပင်တပန်းထိန်းထားရပေသည်။

"ဟော . . . ကိုသိန်းလိုက်လဲလာတယ်"

"လိုက်လာတာမဟုတ်ဘူး လာခေါ်တာ ကိုတင့်မှူးပြီး ချွေးတွေပြန်နေလို့ မငြိမ်းသာလာလိုက်ကြည့်ဦး"

သွေးတိုးရောဂါအခံရှိသော ဖခင်ကြီးမှူးသည်ဆိုသည် အိုပင် မငြိမ်းသာ သိပ်ပြီးစိတ်လှုပ်ရှားခြင်းမရှိလှ။

ဖခင်ဆိုသောအသိဖြင့် ကျေးဇူးနှင့် မေတ္တာတို့မှ တုံ့နိုခမ်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်သလို. . .

'မောင့်အတွက်' နာကျည်းကြေကွဲရသော စိတ်တို့က ရင်တွင်း၌ အားပြိုင်နေသည်။

မငြိမ်းသာ၏ကိုယ်အားရှိသလောက် ဉာဏ်အားရှိသလောက် မောင်ထားခဲ့သော ငွေအား ရှိသလောက်နှင့်ပုံပြီး ရအောင်ဖေါ်ထုတ်ကာ ဤလူသတ်တရားခံကို လက်စားချေပြစ် ပါလိမ့်မည်။

မောင်၏အသက် မောင်၏ခန္ဓာနှင့်အတူ မိမိ၏ရင်တွင်းမှ နှလုံးသည်းပွတ်များကို တပြိုင်တည်း ဆုံးရှုံးစေခဲ့သော ဤတရားခံကို မငြိမ်းသာ၏လက်နှင့် ခြေ၍ပင် စိစိညက်ညက် ခြေဖျက်ပစ်ချင်လှပါသည်။

ယခုတော့. . .

ယခုတော့ကွယ်. . . .

"အို. . ထားလိုက်ပါတော့လေ၊ အားလုံးပြီးခဲ့ပြီပဲ၊ ဥပဒေ အနေနဲ့ဘာမှအရေးယူလို့မရတဲ့ အမှုကိစ္စမို့ ရုံးတော်ကတောင် ပိတ်လိုက်ပြီပဲ၊ နောက်ပြီး မောင့်ကိုယ်ခန္ဓာမှာ ဘာဒဏ်ရာမှမရှိပဲ သေဆုံးခဲ့ရတဲ့ အဖြစ် ပဲလေ. . ."





ဒါပေမယ့်. . .

မောင်သာ မလန့်ဘူး၊ မောင့်ကို လဲကျသွားလောက် အောင် မလန့်စေခဲ့ဘူးဆိုခဲ့ရင်. . .

မောင်မသေပါဘူး

မောင်ဘယ်နည်းနဲ့မှ မသေနိုင်ပါဘူး. . .

အံကိုကြိတ်ပြီး မျက်စိမှိတ်လိုက်တော့ ထိန်းခဲ့ရသော မျက်ရည်တို့ကျကြွေ၏။

"ကဲ . . လာပါကွယ် ဟိုဘက်ခြံ ပြန်ကြပါစို့"

မငြိမ်းသာ၏ ရင်မှာ လွမ်းဆွတ်ကြေကွဲခြင်းနှင့်အတူ ခါးသီးနာကျည်းရသော ဝေဒနာကို ပိတ်ဆို့ထားရ၍ ဝေဒနာ အပေါင်းတို့ ရင်၌ရောထွေးယှက်လိမ်နေရပါကြောင်းကိုမူ. . .

ဦးလေးသိန်းနှင့်ဒေါ်လေးမြတို့ မသိနိုင်ကြရှာပါ။

အဖေ၏ အထက်သွေးနှုန်းက နှစ်ရာနီးပါးအထိ တက်နေ၍ မငြိမ်းသာ စိတ်ပူရပြန်သည်။

သူ့မှာ စမ်းသပ်စရာသာ ပါသည်။ ကုသစရာ ဘာဆေးမှ မပါ၍ သူငယ်ချင်း ဆရာဝန်ကို ဖုန်းဆက်အကူညီတောင်းရ သည်။

သွေးကျဆေး၊ စိတ်ငြိမ်ဆေးများပေးခဲ့၍ အဖေ အိပ်ပျော်



www.burmeseclassic.com

www.burmeseclassic.com



သွားလေပြီ။

တစ်သက်လုံး ပန်းရံအလုပ်ဖြင့် ပင်ပန်းကြီးစွာ လုပ်ကိုင်ခဲ့ရ၍ အသက်ကြီးချိန်မှာ အဖေ'ကျ'လှသည်။

တစ်ဦးတည်းသောသမီးလေးကို လိုအပ်သည်ထက်ပို၍ 'အချစ်လွန်'စိတ်နှင့် ချစ်ရှာသော အဖေ့ကို မငြိမ်းသာအသေအချာ ကြည့်မိသည်။

နာကြည်းခြင်းကတစ်ပိုင်း၊ သနားခြင်းကတစ်ပိုင်း၊ ဆန့်ကျင်ဘက် ခံစားမှုနှစ်ခုကို ပြိုင်တူယှဉ်တွဲ၍ ခံစားနေရသည်။





## အခန်း (၂၈)

"ကျော်ဇောဦးနှင့် ဒေါက်တာမငြိမ်းသာ"

တို့အတွက် မင်္ဂလာဦးလက်ဆောင်. . .

"မင်္ဂလာစိန်ရတုသို့တိုင် ယှဉ်တွဲနိုင်ကြပါစေ"

"ကျော်ဇောဦးနှင့် ဒေါက်တာမငြိမ်းသာ"

မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ. .

"ကျော်ဇောဦးနှင့် ဒေါက်တာမငြိမ်းသာ"

တို့အတွက် ထာဝရရွှင်လန်းချမ်းမြေ့ကြပါစေ. .

ဟူသော ဆုချွေစာတမ်းများနှင့် မင်္ဂလာလက်ဖွဲ့ပစ္စည်းများတို့ မျက်ရည်ဝေသော မျက်ဝန်းများနှင့်ကြည့်ပြီး တခုပြီးတခု



www.burmeseclassic.com

www.burmeseclassic.com



တစ်ဗူးချင်း တစ်ထုပ်ချင်းဖြေ၍ စနစ်တကျသိမ်းဆည်းနေ
သည်။

ခါတ်ဗူး၊ လက်ဖက်ရည်ပန်းကန်စုံ၊ စားပွဲတင်နာရီမှ
လျှပ်စစ်ပစ္စည်းမျိုးစုံ၊ ထမင်းအိုးနှင့် မီးဖို. . .

"ဩော် အိမ်ထောင်ဦး ဇနီးမောင်နှံအတွက်
လိုအပ်တဲ့ အသုံးအဆောင်ပစ္စည်းတွေနဲ့ ချီးမြှင့်
ကြတဲ့သူအပေါင်းကို ကျေးဇူးအနန္တပါ"

"ဒါပေမယ့် ပေးတဲ့ဆုတွေနဲ့ ပြည့်စုံမလာ
တဲ့အတွက် ဒီပစ္စည်းတွေဟာလဲ အမိပွါယ်မဲ့သွား
ရပါပြီလေ"

ဒေါက်တာ မငြိမ်းသာမှာ ရောင်စုံပက်ကင် စက္ကူမှာ
ဖြန့်ဖြန့်ပြီးပုံထားသည်။ အတွင်းမှ မလိုအပ်သော အခြားစက္ကူ
များကို၊ ဗူးခွံများကို လွှင့်ပစ်ရန်တစ်ပုံ ပုံထားသည်။ ပစ္စည်းများကို
ကဏ္ဍအလိုက်ခွဲပြီး တန်းစီ၍ ကြမ်းပြင်မှာပင် ချထားလိုက်သည်။

"ဒီဗူးရှည်ရှည်လေးက လှလိုက်တာ၊ အပြာရောင်
ဖဲကြိုးလေး ချည်ထားပုံကိုက ချစ်စရာအထဲမှာဘာပါ
လိမ့်"

ဟူသော အတွေးဖြင့် ဗူးပေါ်မှာစာကို ဖတ်ကြည့်လိုက်





တော့ မင်္ဂလာလက်ဆောင်ပဲ ပါသည်။ ပေးပို့သူ၏ အမည်နာမ
မပါရှိ။

အပြာရောင် ဖဲကြိုးလေးကို ဖြေ၊ စက္ကူပတ်ကိုခွာပြီးကြည့်
လိုက်တော့ ပန်းရောင်ကတ်ထူ ဗူးလေး ထွက်လာသည်။

သည်ဗူးလေးကို ဖွင့်ကြည့်လိုက်တော့. .

"ဟယ် လှလိုက်တာ"

ကတ္တီပါနီသွေးရောင် သစ်ခွခိုင်လေးတစ်ခိုင်၊ မှိုင်းညို
ခြောက်ကပ် နေချေပြီ။

ပိတ်လှောင်မှု ရှည်ကြာ၍ အရိုးပင် ရော်နေပြီ ပွင့်ဖတ်တို့
နွမ်းညှိုးစွာ ရှိုတံမှ ကင်းကွာနေသော်လည်း ပုံစံမပျက် ဗူးပေါ်မှာ
အစီရီ ကြွေနေလေသည်။

မငြိမ်းသာ ကိုင်ယူ၍ မရနိုင်တော့. . .

"အို . . ဒါ . . ဒါက"

စက္ကူကတ်ဗူးတွင်းမှ ပန်းခက်ကိုသာ အာရုံရောက်နေမိ
သည်။ ဗူး၏ ဘေးထောင့်ကို ကြည့်လိုက်တော့မှ. .

"အမလေး"

လန့်ဖျပ်စွာ ဗူးကိုလွှတ်ချပြီး မငြိမ်းသာပြေးထွက်လျှင်

"ဒေါ်လေး . . ဒေါ်လေးမြ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမငြိမ်းသာ၏ အလန့်တကြားအော်ခေါ်သံကြောင့် ဘုရားခန်း ရှင်းပေးနေသော ဒေါ်လေးမြ အပြေးရောက်လာပြီး မေးတော့..

"ဟို..ဟိုမှာ"

မငြိမ်းသာ လက်ညှိုးထိုးပြရာသို့ သွားကြည့်၍ ငုံ့ကြည့်လိုက်တော့...

"မြတ်စွာဘုရား မြွေ...မြွေတကောင်ပါလား"

မလှုပ်မယှက် ငြိမ်သက်နေသော မြွေငယ်တကောင်ကို စိတ်မချ၍ ဒေါ်လေးမြက ကြက်မွေးတံမြက်စည်းရိုးနှင့် ထိုးဆွ တွန်းရွှေ့ကြည့်နေသည်။

"သေနေပါပြီ"

ဒေါ်လေးမြက သေချာဟန်နှင့်ပြောပြီး မငြိမ်းသာဘက် သို့လှည့်လျက်..

"ဒီမြွေက ဘယ်က ထွက်လာတာလဲ"

"အဲဟို ဗူးထဲက"

"ဟင်..ဒီလက်ဖွဲ့တဲ့ ဗူးထဲကလား"

"အစစ်ပါပဲ ဒေါ်လေးရယ်"

"အလို..ဘယ်သူကများ နောက်လိုက်တာလဲ"





"နောက်တာမဖြစ်နိုင်ဘူး ဒေါ်လေး"

"အေးဟုတ်..ဟုတ်သားပဲ..မိတ်ဆွေသူငယ်ချင်းထဲကတော့ မြွေထည့်ပြီး ဘယ်နောက်ပါ့မလဲမတော်တဆ ပေါက်လိုက်ရင်.."

"အင်း..ဟုတ်တယ်..ဟုတ်တယ်"

ဒေါ်လေးမြကမြွေသေကိုကြည့်ပြီး လေးလေးနက်နက် တွေးစားလျက်..

"လက်ဖွဲ့ပစ္စည်းကို ဒီတိုက်မှာ ကျော်ဇောဦးနဲ့မငြိမ်းသာ ကလွဲလို့ ဘယ်သူမှဖွင့်မယ်လူမရှိဘူး"

"အဲဒီနှစ်ယောက်အနက် တစ်ယောက်ယောက်ကိုဖြစ်ဖြစ် သေအောင် သေကြောင်းကြံတာပါလား တူမလေးရယ်"

"မင်းတို့နှစ်ယောက်ကို ဘယ်သူကများဒီလောက်မုန်းပြီး အကြံကြီးကြံတာပါလိမ့်"

"အင်း..ဒီအတိုင်းဆိုရင် ကျော်ဇောဦးသေဆုံးသွားတာတောင် ရိုးရိုးတန်းတန်း နှလုံးရောဂါမှ ဟုတ်ရဲ့လားကွယ်"

"တစ်စုံတယောက်က ကျော်ဇောဦးကို အရင်သေ



www.burmeseclassic.com

www.burmeseclassic.com



အောင် ဆောင်ရွက်ပြီး လက်ဖွဲ့ပစ္စည်းတွေကို
ဘယ်နည်းမဆို မငြိမ်းသာကိုယ်တိုင်ဖောက်မှာပဲဆို
မငြိမ်းသာကို သေစေအောင် တမင်မွှေတစ်ကော
ထည့်ပေးလိုက်တာပဲဖြစ်ရမယ်"

"အခုလောက် ပက်ပက်စက်စက်နဲ့ ရက်ရက်စက်စက်
ကြံစည်တာ ဘယ်သူ့လက်ချက်လဲ"

"ဘယ်သူ့လက်ချက်များလဲ"

ဒေါ်အေးမြ၏ အပြောများ၊ မငြိမ်းသာ၏ အတွေးများ
မင်္ဂလာဦးခန်းမအတွင်းမှာ ဝဲလှည့်နေသည်။

အပြာရောင် အိပ်ရာခန်းနား ခန်းဝင်ပစ္စည်းများ
လန့်ကာ ပြာလွင်လွင်များ လက်ဖွဲ့ပစ္စည်း အပွလိုက်အပုံလိုက်
နှင့်. .

သစ်ခွပွင့်ကြွေတစ်ခက်. .

အဆိပ်ပြင်းမည်ထင်ရသော မြွေသေတကောင်နှင့်. .

စိုးထိတ်ကြောက်ရွံ့ခြင်း နာကျည်းခံပြင်းခြင်းများနှင့်
ကြီးစွာသော နောင်တတရားများ ဖြစ်ထွန်းနေပါသော

သောကသည်မလေး ဒေါက်တာမငြိမ်းသာ၏ ခံ
မျက်နှာ. . .





## အခန်း (၂၉)

အဖေနှမတစ်ဝမ်းကွဲ 'ဒေါ်စိန်သင်'နေထိုင်ရာ မြောက်
လာသို့ မနေ့ကတည်းက သွားနေသောအဖေ။

ယနေ့လည်း ပြန်မအိပ်တော့ဟူ၍ သူ့တူမကမွေးသော
လေးမောင်တင်ငွေ၏ ပလတ်စတစ်စက်ရုံမှတဆင့် ဖုန်း
လေသည်။

"အသက်ကြီးလာရင် ဒီလိုပဲ အမျိုးကိုခင်လာတယ်၊
တွေ့ချင်လာတယ်"

"ဟုတ်ပါတယ်လေ. . အဖေငြိမ်းသာနဲ့ ဟိုးအဝေးကြီး
မှာလိုက်နေရတာလဲ ကြာခဲ့ပြီပဲ"

"အေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဒီညငြိမ်းသာ အဖေ့ကို ဘယ်လိုတွေ့ချင်မှန်း မသိဘူးဒေါ်လေးရယ်"

"အောင်မယ်လေးဟဲ့ ဒီသားအဖများ ဘယ်တုန်းက ခွဲဖူးလို့လဲ သွားတာဖြင့် မနေ့ကတစ်ညလေးပဲ ရှိပါသေးတယ် တူမလေးရဲ့"

ဒေါ်လေးမြက သားအဖနှစ်ယောက်၏ မခွဲနိုင်မှုကို ချစ်စရာပုံစံနှင့် ပြုံး၍ပြောလိုက်ရှာသည်။

မငြိမ်းသာမပြုံးနိုင်. . .

တည်ငြိမ်နက်နဲသောအတွေးများဖြင့် မငြိမ်းသာ ငြိမ်နေသည်။

အဖေ့ကို သနားစိတ် ကြည်ညိုစိတ်များက ပိုမိုမြင့်မားခဲ့သည်။ နောင်တစိတ်က ခိုင်မာရင့်သန်လာ၏။

"မငြိမ်းသာဘာလုပ်နေလဲ"

"ဘာမှမလုပ်ပါဘူးဦးလေး အလကား နောက်ဖေးမှာ တူဝရီးနှစ်ယောက် ထိုင်စကားပြောနေကြတာ"

"ဒါဆိုခဏလာဦး"

"ဟုတ်ကဲ့ဦးလေး"

လက်ဖက်တစ်ပန်းကန် ရေနွေးတစ်အိုးနှင့် ထမင်းစားပွဲမှ ဒေါ်လေးမြကျန်ရစ်သည်။

"ဘာခိုင်းစရာရှိလို့လဲဦးလေး"





"ဟိုဘက်တိုက်ခဏသွားရအောင်"

"ရှင်"

"ဩော်. . ဟိုမှာ. . မောင်မင်းလတ်တို့ကိစ္စ ဆွေးနွေးရအောင် လူတစ်ယောက်ရောက်နေလို့"

"ဟင်"

"အံ့ဩမနေနဲ့ ဟိုကျရင် ဒီထက်အံ့ဩစရာတွေ့ရမှာလာ. . သွားကြရအောင်"

ဦးလေးကိုသိန်းဖေရှေ့ဆောင်၍ သွားသည့်နောက်က လိုက်ခဲ့သည်။

ဧည့်ခန်းဆိုဖာပေါ်တွင် အသားဖြူဖြူအရပ်ရှည်ရှည် မျက်နှာဝိုင်းဝိုင်းနှင့် ဖော်ရွေယဉ်ကျေးသောအသွင်ဖြင့် လူငယ်တစ်ယောက်က မငြိမ်းသာတို့ကို ကြိုဆိုစောင့်ကြည့်နေသည်။

"ဒါ. . မောင်ဥက္ကာပဲ မငြိမ်းသာ"

"ဟာ. . . တွေ့ရတာ ဝမ်းသာလိုက်တာ ဦးလေးနဲ့ ငြိမ်းသာတို့ အတူသိနေကြတာ အနှစ်နှစ်ဆယ်နီးရော့မယ် ကိုဥက္ကာကို ငြိမ်းသာတစ်ခါမှ မမြင်ဖူးခဲ့ဘူးရှင်"

"မမြင်ဘူးဆို ကျွန်တော်လဲ တစ်ခါမှ ဒီကိုမလာဘူးလေ၊ ရန်ကုန်လာလဲ တခြားနေရာမှာပဲတွေ့ကြတယ် ဖေဖေကတော့ မော်လမြိုင်ကို မကြာခဏရောက်



www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်"

"ဟုတ်ကဲ့ရှင်"

ကိုယ့်ကျေးဇူးရှင် ဦးလေးကိုသိန်းဖေ၏ 'တစ်ဦးတည်းသောသားကိုဥက္ကာကို တွေ့ဆုံခွင့်ရလိုက်သဖြင့် မငြိမ်းသာ တကယ်ပင်ဝမ်းသာသွားမိပါသည်။ သူ့ကိုလည်း ခင်မင်ပြီးသားလိုစိတ်မှာတစ်ခါတည်းရင်းနှီးသွား၏။

"ကျွန်တော်လဲ ဖေဖေ့သားလို့ မပြောရဘူး ဘယ်သူ့ကိုမဆို ကူညီချင်တဲ့စိတ်က သိပ်ရှိတယ်"

ကိုဥက္ကာ၏အသံသည်ဝဲ၏။

မော်လမြိုင်ဌာနေ မွန်အမျိုးသားတစ်ယောက်၏ လေသံအတိုင်းပါပင်။

"အဲဒီ ကူညီချင်တဲ့စိတ်ကြောင့်ပဲ မငြိမ်းသာကို ဒုက္ခပေးသလို ဖြစ်သွားရပါတယ်"

"ဩော်. . . ငြိမ်းသာသိပြီ ကိုမင်းလတ်ဆိုတဲ့သူ ငြိမ်းသာဆီကိုရောက်လာတာကို ပြောတာမဟုတ်လား"

"ဟုတ်ပါတယ်ဗျာ ကျွန်တော့်သူငယ်ချင်းရဲ့ ဦးလေးကပြောခဲ့တာပါ၊ သူ့မိတ်ဆွေရဲ့သားတစ်ယောက်ဟာ ကချင်ပြည်နယ်ကိုသွားချင်လို့ကူညီပါ မောင်ဥက္ကာတို့အသိ ထဲက ဆရာဝန်မ တစ်ယောက် မြစ်ကြီးနား ရောက်နေတယ်၊ အဲဒီဆရာဝန်မက ဦးသိန်းဖေကျောင်းထား





ပေးခဲ့ရတဲ့သူဆို စတဲ့စကားတွေမေးပြီး အဲဒီစာအတိုင်းဦးသိန်းဖေကို ရေးခိုင်းပါဆိုတာနဲ့ ကျွန်တော်လဲဖေဖေ့ကိုပူ ဆာပြီး မဆင်မခြင် လုပ်လိုက်မိတာပါ"

"ရပါတယ်ကိုဥက္ကာရယ် စေတနာနဲ့ပဲ လူတွေဟာ အမှားဖြစ်သွားတတ်တာပဲ"

"ဖေဖေပြောပြလို့ စိတ်သက်သာရာ ရပါတယ်ဗျာ အဲဒီလူဟာ မငြိမ်းသာကို စိတ်ဒုက္ခပဲပေးသွားတယ် လူကိုတော့ဘာမှ အနှောင့်အယှက်ပေးမသွားဘူးဆို"

"ဟုတ်ပါတယ် ကိုဥက္ကာ"

"အေးဗျာအဖေက ဖုန်းနဲ့ရောစာနဲ့ပါအကြောင်းစုံပြောပြလို့ ကျွန်တော်လဲ ဟိုမှာအသေအလဲစုံစမ်းပြီး သတင်းထူးတွေရတာနဲ့ ရန်ကုန်တက်လာခဲ့တယ်"

"ရှင်ဘာသတင်းထူးတွေလဲ"

"မော်လမြိုင်ကကျွန်တော့်သူငယ်ချင်းနဲ့ သူ့ရဲ့ဦးလေးဟာလဲကျွန်တော့်လို အရိုးခံကူညီခဲ့ကြတာပါ။ကိုမင်းလတ်ဆိုတဲ့လူဟာ တကယ့်ကိုအကွက်ချပြီး မငြိမ်းသာနဲ့ဘယ်သူတွေ ပတ်သက်သလဲလို့ လိုက်ရှာရာကနေပြီး မော်လမြိုင်က ကျွန်တော့်သူငယ်ချင်းရဲ့ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



'ဦးရှလွင်' ဟာ မိုးကုတ်ဆက်ဆိုတာ သိသွားကြပြီ
တစ်ဆင့်က တစ်ဆင့်မငြိမ်းသာဆီ ရောက်လာ
တာပါ"

"ရှင်ဘယ်လို"

"ငါ့သားစကားတွေကပြောချင်လွန်းအားကြီးတော့
ရှုပ်ကုန်ပြီကွ"

"ဟုတ်လားဖေဖေ"

"အေး. . . ဒီလိုမငြိမ်းသာရဲ့ရှင်းရှင်းပြောရရင်
မင်းလတ်ဆိုတဲ့ကောင်ဟာမော်လမြိုင်နဲ့ဘယ်လို
မပတ်သက်ဘူး ဒီကောင်မိုးကုတ်က"

"ရှင်"

"ဟုတ်ပါတယ် ကိုတင်လင်းနဲ့ကိုတင်မင်းဆိုတဲ့ည
အစ်ကိုနှစ်ယောက်ဟာ မိုးကုတ်ဇာတိတွေ ကို
လတ်နဲ့ကိုမင်းမြတ်တို့ရဲ့ အပေါင်းအသင်းတွေ"

"အို"

"အဲဒါလဲသိရော ကျွန်တော်ကိုယ်တိုင်ရန်ကုန်တို
တာပါပဲ"

မငြိမ်းသာ၏အတွေးတို့သည် အတိုင်းအဆမရှိအော
ဝေးကျယ်ပြန့်သွားပြီးနောက်. . .

"ဦးလေး"





"ဘာလဲမငြိမ်းသာ"

"ဒီအတိုင်းဆိုရင် မောင့်ကိုသတ်ပစ်တဲ့လူရယ်၊ငြိမ်းသာ
ကိုသေစေအောင် လက်ဖွဲ့ဗူးထဲမှာ အဆိပ်ပြင်းတဲ့
မြွေတစ်ကောင်ထည့်ထားတာတွေရယ်ဟာ အဲဒီညီ
အစ်ကိုရဲ့လက်ချက်ပဲဖြစ်မှာပေါ့နော်ဦးလေး"

"ဘယ်ညီအစ်ကိုလဲ တင်မင်းနဲ့တင်းလင်းကိုပြောတာ
လား၊မင်းမောင်နဲ့မင်းမြတ်ကို ပြောတာလား"

"မိုးကုတ်ကမောင့်ရဲ့ ညီအစ်ကွဲဝမ်းကွဲတွေရဲ့ လက်
ချက်ပဲဖြစ်ရမှာပေါ့ဦးလေးရဲ့"

"ဟုတ်သားပဲဖေဖေ၊ မင်းလတ်ဆိုတဲ့ကောင်ကသူတို့
လူယုံအကူအညီပေးနိုင်ရုံအဆင့်လောက်ပဲရှိမှာ"

"အေး ဟုတ်နိုင်တယ်၊ ခြော် နေပါဦး၊ သားမနက်က
ပြောတဲ့အထဲမှာ ထောင်ကကောင်တောင် လွတ်လာ
ပြီဆို"

"ဟုတ်တယ်ဖေဖေ မင်းလတ်အမည်ခံ တင်မင်းဆိုတဲ့
လူနဲ့ချတ်စွပ်တူတဲ့ သူ့ရဲ့အမြွှာအစ်ကိုလဲ လွန်ခဲ့တဲ့
လကပဲ ထောင်ကလွတ်လာပြီး မန္တလေးဘက်တက်
သွားသလိုလို ကြားရတယ်တဲ့ သားစုံစမ်းကြည့်လို့သိ
ခဲ့ရတာတွေပါ"

"အေးကွာ ဥပဒေစိုးမိုးတဲ့တိုင်းပြည်ပဲ ဘယ်သူမှ ဓိတ



www.burmeseclassic.com

www.burmeseclassic.com



ရားလုပ်လို့မရပါဘူး ငါ့တူမ မငြိမ်းသာမကြော
နော်”

“နည်းနည်းမှမကြောက်ပါဘူးဦးလေး သူတို့နဲ့ရင်
တွေ့ပြီး တစ်ခါတည်းအပြတ်သာ ရှင်းလိုက်ချင်
တယ်၊ငြိမ်းသာ မောင့်အတွက် နာကျည်းလှပါပြီ

“မငြိမ်းသာ”

“ဟုတ်ကဲ့ဦးလေး”

ဦးသိန်းဖေကဒေါက်တာမငြိမ်းသာကို နားလည်ချင်
ကြည့်ပြီး. . .

“စောစောကပြောတဲ့စကားထဲမှာလဲ မောင့်ကို
ပစ်တဲ့ လူရယ်လို့ပါတယ် ခုလဲ မောင့်အတွက်
ကျည်းလှပါပြီလို့ပါတယ်၊ အဲဒီစကားတွေအတွ
လေးနားမရှင်းဘူး၊ မောင်ကျော်ဖေဦးဟာ
ရင်းက နှလုံးရောဂါကြောင့် လဲကျသေဆုံးတာ
ဟုတ်ဘူးလား”

“မဟုတ်ဘူးဦးလေး”

“ဟဲ့. . . ဘယ်လို”

“မောင့်ကိုသတ်တာတွေ့မဟုတ်ဘူး၊ ဒါပေမယ့်
စေအောင်လုပ်လိုက်တာဦးလေးရဲ့”

မငြိမ်းသာရှိုက်ငိုလေပြီ။





“ဘယ်လို. . . ဦးလေးနားမရှင်းလိုက်တာကွယ်”

“ငြိမ်းသာတလွဲထင်မိတယ်၊ တလွဲထင်ခဲ့မိတယ်”

“အို. . . ဘာတွေပြောနေတာလဲ မငြိမ်းသာ ဦးလေး
ဖြင့်နားမလည်တော့ဘူး”

“ဘယ်သူမှလဲ နားလည်မှာမဟုတ်ဘူး၊ သူများ နား
လည်အောင်လဲ ငြိမ်းသာမပြောတတ်သေးဘူး၊ မပြော
နိုင်သေးဘူးဦးလေးရဲ့”

“မငြိမ်းသာစကားကလဲကွယ် ဘာပဲဖြစ်ဖြစ် ဦးလေး
ကိုပြောစမ်းပါမငြိမ်းသာ”

ရှိုက်ငိုနေသော မငြိမ်းသာကိုကြည့်ပြီး ဦးသိန်းဖေကအော်
မေးလိုက်သည်၊ ဦးသိန်းဖေသည် မငြိမ်းသာ၏သံသယအစွန်း
စကားများအတွက် အတော်ချည်းစိတ်လှုပ်ရှားသွားပုံရ
သည်။မငြိမ်းသာသိသမျှကိုသူလည်း အသေးစိတ်မျှ သိချင်နေ
သည်။ စိတ် လှုပ်ရှားနေသောဖခင်နှင့်ကြေကွဲစွာငိုရှိုက်နေသော
ဒေါက်တာ မငြိမ်းသာကိုကြည့်ပြီး ကိုဥက္ကာမှာ ဘာလုပ်၍
တွေ ဝင်ပြော ရမှန်းမသိအောင် ရှိနေရှာ၏။

“ဟုတ်တယ်သား၊ သူတို့လက်ထပ်တဲ့နေ့မှာပဲ ငြိမ်း
သာသော်လည်းကောင်း၊ မောင်ကျော်ဖေဦးသော်
လည်းကောင်း၊ အဲ. . . နှစ်ယောက်လုံးကို သော်
လည်းကောင်း၊ သေစေလိုတဲ့စိတ်နဲ့ သတ်ပစ်ဖို့ အ

www.burmeseclassic.com

www.burmeseclassic.com



ကြံကြီးကြံခဲ့ကြတာတော့ ပေါ်လွင်နေပြီ"

"ဟုတ်တယ်နော် ဖေဖေ"

"ဦးလေး"

"ပြော. . . မငြိမ်းသာ"

"လက်ထပ်ပြီးပြန်လာကြပြီးတော့ ဧည့်သည်တွေ ပြန်ခါနီးမှာ ဦးလေးပြောလိုက်တာ မှတ်မိနေသေးတယ်"

"အေး ဦးလေးလဲ ဒါပါပြောမလို့၊ မငြိမ်းသာကို လက်ဖွဲ့ပစ္စည်းတွေမဖွင့်နဲ့ဦးလို့ ပြောမိတယ်နော်"

"ဟုတ်တယ် အဲဒါပဲပြောမလို့"

"အေး ဘာရယ်မဟုတ်ဘူး၊ လက်ဖွဲ့ကလဲသိပ်မများလှဘူး၊ မငြိမ်းသာတို့အတွက်လဲ ဘာပစ္စည်းမှမလိုအပ်လို့ အလကားပင်ပန်းချိန်မှာ ဖွင့်ကြည့်မနေနဲ့လို့ပြောမိခဲ့တာပါ။"

"ဟုတ်ပါရဲ့ဦးလေးရယ်၊ ငြိမ်းသာ သာဖွင့်ကြည့်မိရင် အဲဒီနေ့က ငြိမ်းသာသေပြီ၊ ဦးလေးဟာ ငြိမ်းသာဘ ရဲ့ကျေးဇူးရှင်သာမက အသက်ရဲ့ကယ်တင်ရှင်ပါဖြစ်နေပါပြီ"

"အေးလေ ပါးစပ်နတ်စောင့်တဲ့အတိုင်းပဲ ပင်ပန်းမှာစိုးတဲ့ စေတနာဟာ အသက်ကယ်တင်လိုက်သလိုဖြစ်သွားရတယ်"





"ဖေဖေတို့တူဝရီးနှစ်ယောက် အသက်ထက်ဆုံးနေနိုင်ကြဖို့ လူသတ်သမားလက်ကလွတ်အောင် စေတနာက ဖယ်ပေးလိုက်တာပေါ့"

"ဟုတ်တယ်သား၊ မငြိမ်းသာနဲ့ဖေဖေဟာ သားကိုထားတဲ့ မေတ္တာလောက်ကြီးမားပါတယ်၊ သူ့ခမျာရတဲ့လစာကို ဟိုကနေ ဖေဖေတို့အတွက်ပို့လိုက်တာ အမျိုးမျိုး"

"*ဒါတွေကအသေးအဖွဲ့တွေပါ ဦးလေးရယ်၊ ငြိမ်းသာ*ရဲ့ဘဝတစ်ခုလုံးကို ဦးလေးပဲ ဖန်တီးပေးထားတာ လေခုကိစ္စကို ဘယ်လိုလုပ်ကြမလဲဟင်"

"ဦးလေးလဲ ဘာအကြံပေးရမှန်းတောင် မသိတော့ပါဘူးကွယ်"

"ကျွန်တော့် သဘောအတိုင်းဆိုရင်တော့ ရဲကိုအပ်လိုက်ချင်တယ် ဖေဖေ"

ဦးသိန်းဖေက မငြိမ်းသာဘက်ကို လှည့်ကြည့်ပြီး. .

"မငြိမ်းသာကရော"

"ဘာလုပ်ရမှန်းမစဉ်းစားတတ်တော့ဘူး ဦးလေးရယ်"

"ဒီလိုရှိတယ်သား"

ဦးသိန်းဖေက ချင့်ချင့်ချိန်ချိန်ပုံစံဖြင့် ကြမ်းပြင်ကိုစိုက်ကြည့်ရင်း. . .

"ကိုယ့်ဘက်က ဘာလက်ဆုပ်လက်ကိုင်မှ မပြနိုင်



www.burmeseclassic.com

www.burmeseclassic.com



သေးဘူးလေ၊ လောလောဆယ်ပဲ ဘယ်သူ့ကို သံသယရှိရမှန်း မသိဘူး”

“မိုးကုတ်အုပ်စုပဲနေမှာပေ့ါ”

“အေး ဒီထဲက ဘယ်သူဘယ်ဝါရယ်လို့ သေချာတခါတည်း တိုင်လိုက်ရင်ကောင်းမယ်၊ သံသယဖြစ်စရာလူထဲမှာ ဦးလှဒွေးလဲ ပါသေးတယ်နော်”

“ဦးလေးဒွေးက မောင့်ကို သိပ်ချစ်တာပါဦးလေးရဲ့”

“အနီးကပ်လူက ပိုပြီးကြောက်ရတယ်၊ အေးလေ မပြောတတ်ဘူး၊ မစွပ်စွဲကောင်းဘူး မဟုတ်တဲ့လူကို အထင်မှားရင် ငရဲကြီးတတ်တယ်”

ဦးလေးသိန်း၏စကားသည် ဒေါက်တာမငြိမ်းသာ၏ ရင်ကို ချွန်မြသောလက်နက်လို စူးနစ်စွာဝင်စိုက်လေသည်။ မထင်အပ်သောသူကို ထင်မိလေခြင်း . .

“အဖေရယ်”

ဆက်လက်၍သားအဖနှစ်ယောက် ဝေဖန်ကြ၊ ဆွေးနွေးကြ၊ အကြံပြုကြနှင့် အားလုံးသည် မငြိမ်းသာအတွက် စေတနာနှင့်ကူညီရန်ကိစ္စများချည်းသာ။

“မငြိမ်းသာရောက်တာလဲ သုံးရက်ရှိသွားပြီ၊ တပတ်နေရင်ပြန်ရတော့မယ်လေ။ ဒီတော့ ဒီဘက်ကကိစ္စတွေ ဦးလေးတို့ ဆက်လုပ်သွားပါ့မယ်”





“ကောင်းပါပြီ ဦးလေး”

“မငြိမ်းသာ နာမည်နဲ့လွှဲပြီးသား ဒီတိုက်ကို ဂရုနာမည်ထွက်ဖို့ လုပ်ရမယ်၊ ဘဏ်ကငွေနဲ့ပစ္စည်းတွေ မြစ်ကြီးနားပြောင်းရင်ပြောင်း မဟုတ်ယင်လဲ ငွေရှင်ဖြစ်အောင်တစ်နေ့လောက် ဘဏ်သွားပြီး စီစဉ်လိုက်လေ၊ ဒီတိုက်တော့ စိတ်ချ ဦးလေးပဲကြည့်ထားပါ့မယ်၊ အိမ်ငှားတင် ချင်လဲတင်”

“မတင်တော့ပါဘူးလေ၊ ဦးလေးတို့ကို ဒုက္ခပေးရတာလဲများလှပါပြီ၊ ငြိမ်းသာလာတဲ့အခါလဲ ဒီမှာနားနေရတာပေ့ါ”

“ဪ . နားရ နေရဆိုလို့ မငြိမ်းသာကို ဦးလေးတစ်ခုခွင့်တောင်းရဦးမယ်”

“သားမောင်ဥက္ကာကို ဒီတိုက်မှာပဲ ခဏလောက်နေခွင့်ပေးပါလို့”

“အမလေး ဦးလေးရယ် ဒါများပြောနေစရာလား ငြိမ်းသာတောင် ဦးလေးဆီမှာ နေတဲ့ဟာကို”

“ခွင့်တောင်းပြီးမှ ကောင်းတယ်လေ၊ မငြိမ်းသာမရှိခင်က တခါမှ ဒီမှာမထားပါဘူး”

“ရပါတယ် ကြိုက်သလောက်နေပါ၊ အမြဲနေလဲရတယ်”



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ် ဝမ်းသာပါတယ်၊ ဦးလေးသားကိုလဲ မောင်နှမလို သဘောထားပြီး ရင်းရင်းနှီးနှီးနေကြ နော်၊ သူလဲဘွဲ့ရပြီးသား မငြိမ်းသာနဲ့လဲ အသက်ချင်း အတူတူပဲ"

"ဟုတ်ကဲ့ ဦးလေး"

ကိုဥက္ကာက မငြိမ်းသာကို ဒဿနမျက်ဝန်းများဖြင့် ကြည့်နေကြောင်းကိုမူ မငြိမ်းသာ သတိမထားမိပါ။





အခန်း (၃၀)

"ဟော. . ငြိမ်းသာ လိုက်လာတယ်၊ လာ သမီးရေ. . ဒီမှာ အစ်ကိုတင့်တော့ ထမင်းမြိန်လို့တဲ့ အားရပါးရ စားနေလေရဲ့"

အဖေ့နှမဝမ်းကွဲ'ဒေါ်စိန်သင်'က အားပါးတရလှမ်းခေါ် ကြိုဆိုသည်။

ညစ်ပေနေသော ထမင်းစားခုံပေါ်မှာ အားရပါးရစားနေသောအဖေ့ ထမင်းနှင့်ဟင်းခွက်ကိုကြည့်ပြီး. . .

"ဟောတော့ အဖေဘာတွေနဲ့စားနေတာလဲ"

"မြစ်ကြီးနားမှာ အုန်းသီးရှားလို့တဲ့၊ ငြိမ်းသာကလဲ တစ်ခါမှ ဝက်သားချက်မကျွေးဘူးဆိုလို့ အုန်းထမင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝက်သားနှပ် ချက်ကျွေးနေတာ၊ စားလိုက်တာ အား
ပါးတရပဲဟေ့"

"ခက်တော့တာပဲ ဒေါ်ဒေါ်မစိန်သင်ရယ်၊ အဖေနဲ့မ
တည့်ဘူး၊ အဖေ့မှာ သွေးတိုးရှိတယ်"

"ညည်းတို့ကလဲ ဆရာဝန်ဖြစ်လာမှ ရောဂါဆန်းတွေ
ပြောပြောပြီး ဟိုဟာဟန့် ဒီဟာဟန့်နဲ့ လူကြီးပဲ စား
ချင်တာ စားပါစေအေ တကတဲ"

မငြိမ်းသာ စိတ်ညစ်ညူးခြင်းကြီးစွာဖြင့် ခြေပစ်လက်ပစ်
ထိုင်ချလိုက်မိသည်။

သွေးတိုးရှိနှိမြင့်နေသော အဖေ၏ နံနက်စာက ဝက်သား
အဆီဝင်းဝင်းနဲ့ အုန်းထမင်းတဲ့။

စိတ်ညစ်ရပါလား။

အဖေ့ခမျာမှာတော့ ခိုးစားတုန်း လူကြီးမိသွားသော
ကလေးလေးလို သမီးဖြစ်သူကို ကြောက်ရွံ့သလို မျက်ဝန်းလေး
နှင့်ကြည့်ပြီး သူ့ထမင်းပန်းကန်ကို လက်စသပ်လိုက်သည်။

"ကဲ. . ပြန်ကြမှပဲအဖေ၊ သွေးလေးဘာလေး တိုင်း
ကြည့်ပြီး လုပ်သင့်တာလေးကြိုပြီး လုပ်ထားရအောင်"

ခဏဆိုပြီး သွားလိုက်သောအဖေ နှစ်ညအိပ်ကြာနေ၍
မငြိမ်းသာ လိုက်ခေါ်ရသည်အထိ။

အဖေ့ကို ပိုက်ဆံလည်းပေးထားမိ၍ သူ့ညီမအိမ်မှာ





ဦးလိုလုပ်ကာ စားချင်သမျှ ချက်ခိုင်းပြီး အဖေတို့ကြိတ်နေခြင်း
ဖြစ်ပေမည်။

သွေးတိုးရောဂါ၏ ကြောက်စရာကိုလည်း အဖေ မသိ၊
ကြောက်၊ ကျန်းမာရေး အသိပညာ မရှိရှာ။

ယခုသူ့မှာ ဘာမှမဖြစ်၍ စားချင်တာစားလိုက်မည်ဟု
မငြိမ်းသာကွယ်ရာတွင် မောင်နှမနှစ်ယောက် တကြိတ်တည်း
တညာက်တည်း ချက်ကြစားကြ လုပ်နေကြခြင်း ဖြစ်ပါသည်။

တက္ကစီကားကို အကြာကြီးစောင့်ပြီး ငှားတော့မှ ရလာခဲ့
သည်။

"အဖေ နေကောင်းရဲ့လား"

"အေး ကောင်းပါတယ် သမီးရဲ့၊ အဖေ ဘာမှမဖြစ်ပါ
ဘူး"

သူ၏ အစားသောင်းကြမ်းချက်ကို ရှက်ပြုံးလေးနှင့် ကာ
ကွယ်ပြီး ပြောရှာသော အဖေရယ်လေ. .

"အဖေကို သမီးမေးချင်လို့"

မာဇဒါပစ်ကပ်ကား၏ နောက်ဘက်တွင် သားအဖ
နှစ်ယောက် ထိုင်၍ လိုက်ပါလာရင်းက မငြိမ်းသာစကားစ
သည်။

မြို့သစ်များထဲမှာ အဝေးဆုံးမြို့ဖြစ်သော မြောက်ဥက္ကလာ
နှင့်ရန်ကုန်ခရီးမို့ သားအဖနှစ်ယောက် စကားပြောချိန်များစွာရ



www.burmeseclassic.com

www.burmeseclassic.com



နိုင်လေသည်။

“ဘာမေးမှာလဲ ဒီနေ့ပဲ ဝက်သားစားတာပါ၊ မနေ့က အဖေဘာမှ မစားပါဘူး”

စိတ်ဓာတ်အင်အား ပြည့်စုံစွာမရှိရှာသော အဖေ၏ အဖြေက သနားစရာ..

“ဒါမဟုတ်ပါဘူး၊ သမီးလက်ထပ်တဲ့ညက အကြောင်း မေးမလို့”

“ဘာ”

“သမီးလက်ထပ်တဲ့ ညကလေ”

“ဟိုကောင်လေး သေတဲ့အကြောင်းလား ငါဘာပြောရမှာလဲ”

“အင်းပါ သမီးမေးတာ အဖေ ခဏလေး နားထောင်စမ်းပါ”

“ဘာလဲ ငြိမ်းသာရယ်”

“သမီးတို့ ကန်တော့တော့ အဖေငိုတာ မှတ်မိလား”

“မှတ်မိတာပေါ့ဟဲ့၊ ငါ့သမီးလေး ဆုံးပါပြီဆိုပြီး ငါ့မှာ ဝမ်းနည်းလိုက်တာ ငါက မိန်းမမယူပဲ နေရက်နဲ့ သူက ယောက်ျားယူတယ်ဆိုပြီး ငါ့မှာ ဝမ်းနည်းပက်လက်ကို ဖြစ်လို့”

“အဖေရယ်”





အဖေ့ကိုကြင်နာစွာကြည့်ပြီး..

“အဲဒီနောက်ပိုင်း အဖေဘာလုပ်လဲ”

“ကိုသိန်းဖေတို့က ထမင်းကျွေးတယ်၊ မငိုပါနဲ့ သူဌေးနဲ့ရတာပဲလို့ ဖျောင်းဖျတယ်”

“နောက်အဖေဘာလုပ်သေးလဲ”

“ဘာမှ မလုပ်ပေါင်”

“သမီးကြိုးအော်တော့ အဖေဘာလို့မလာတာလဲ”

“အောင်မယ် ငါအိပ်နေလိုက်တာ အသေအတိုင်းပဲ”

“အဖေ တကယ်အိပ်နေတယ်လား”

“တကယ် အိပ်တာပေါ့၊ ကိုသိန်းဖေက ငါ့ကို အိပ်ဆေးတွေ တိုက်ထားတာကို”

“ဘာ အဖေ့ကို အိပ်ဆေးတွေ တိုက်တယ် ဟုတ်လား”

“အိပ်ဆေးလို့ငါက အိပ်လို့ အလွယ်ခေါ်လိုက်တာပါ၊ သူသောက်တဲ့ဆေးပဲ စိတ်ငြိမ်ဆေးဆိုလား”

“သူသောက်သောက်နေတဲ့ အဖြူပြားဟာလေ၊ ဇော်လျှံ”

“အာ ဟုတ်ပြီ၊ ဗေလီယမ်၊ အဲဒါ အိပ်ဆေးမဟုတ်ပါဘူး၊ စိတ်လှုပ်ရှားမှုအတွက် ကောင်းတယ်လေ၊ အဖေ အဲဒီနေ့က ငိုနေလို့ ဦးလေးက တိုက်ထားတာဖြစ်မယ်၊ အိပ်ဆေးဆိုလို့ လန့်သွားတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ပြားတောင်"

"နည်းနည်းတော့များတယ်၊ ဒါပေမယ့် အဲဒီညက အဖေအိပ်ပျော်နေတာပဲ ကောင်းပါတယ်လေ"

မငြိမ်းသာသည် ရွှင်ရွှင်လန်းလန်းဖြစ်နေသော ဖခင်ကြီး၏မျက်နှာကိုကြည့်ပြီး အဖေ့လက်တဘက်ကို သူ့လက်နှစ်ဘက်ဖြင့် ဆွဲယူဆုပ်ကိုင်လျက်. .

"အဖေ"

"ဟေ"

"သမီးကို ခွင့်လွှတ်ပါ အဖေရယ်"

"ဘာ"

"ဘာပဲဖြစ်ဖြစ် သမီးကို ခွင့်လွှတ်ပါနော်"

"နင်ပြောတာ ငါနားမလည်ဘူး"

"အို နားလည်ဖို့လဲ မကြိုးစားပါနဲ့တော့ အဖေရယ် သမီးကိုသာ ခွင့်လွှတ်ပါ"

"ဟ. . မိဘဆိုတာ သားသမီးဘာလုပ်လုပ် ခွင့်လွှတ်ပြီးသားချည်းပဲ"

"အဖေရယ်"

အဖေ့လက်ကို ဆုပ်ကိုင်ပြီး မျက်နှာမှာအပ်လိုက်သည့် မငြိမ်းသာ၏မျက်ရည်စက်က အဖေ့လက်မှာ စွန်းထင်သွားသည်။





မောင် သေဆုံးသည့်ညက အဖေလုံးဝ ထမလာခြင်းမှ ချင်ဟန်ဆောင်နေသည်ဟု ထင်ခဲ့မိရုံမက. . .

အဖေ ပန်းရုံလုပ်စဉ်က တိုက်ရှင်တစ်ဦးက ပေးထားသော ာင်းကုပ်အဟောင်းကြီးနှင့် သိုးမွှေးဦးထုပ်ကိုကြည့်ပြီး. . .

မောင်၏ ရေချိုးခန်းမှ အရိပ်မည်းကြီးနှင့် ထွက်သွားသူမှာ ထိုအဝတ်များ ဝတ်ထားသည့် အဖေဟုထင်ခဲ့မိသည်။

ယောက်ျားမယူပါနဲ့ဟု တားမြစ်ခဲ့သော အဖေ၏ 'အချစ်စိတ်'နှင့် နဂိုက ပညာမရှိသော အဖေ၌ 'ကိုယ်ရည်ကိုယ်သွေး ချို့တဲ့သည့် စိတ်ရောဂါ' အနည်းငယ်ရှိနေသောကြောင့် သည်ပင်လျှင်. .

လူသတ်သမား. .

မောင့်ကို သေစေအောင် ခြိမ်းခြောက်သော အရိပ်မည်းကြီးကို အဖေဟူ၍ ထင်ခဲ့မိလေသော မဟာအမှား. . . .

မဟုတ်ရှာပါ. .

အဖေ လုံးဝ မဟုတ်နိုင်ပါ. .

လက်ဖွဲ့ပစ္စည်းထဲမှ မြွေထည့်၍ ဗူးလှလှသစ်ခွလှလှလေး အဖေမရှာတတ် မလုပ်တတ်ပါ။

မြွေပါသော လက်ဖွဲ့ဗူးစီစဉ်သူနှင့် မောင့်ကိုသေစေအောင် ခြောက်လှန့်ခဲ့သော တရားခံမှာ တစ်ယောက်တည်းတစ်ဦးတည်းသာ ဖြစ်ရမည်မှာ သေချာခဲ့ပါလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်လွန်စိတ်ကြောင့် မောင့်ကိုသေစေအောင် ကြံစည်ဆောင်ရွက်ခဲ့သောသူမှာ အဖေဟု အချိန်နှင့်အမျှ ထင်နေခဲ့ရာမှ. . .

ယခုတော့ လုံးဝ ရှင်းလင်းသွားခဲ့ရပါပြီ။

အဖေ့ကို ခွင့်လွှတ်ပါရန် အကြိမ်ကြိမ်ကန်တော့ကာ တောင်းပန်ရပါမည်သာ။

အဖေဟုထင်ခဲ့သဖြင့်သာ ရေငုံနှုတ်ပိတ်၍ နေခဲ့မိသော ကိစ္စရပ်ကို ယခုအခါ ဖော်ထုတ်ရပါတော့မည်။

ခေါင်းစွပ်နှင့်အဝတ်ရှည်မည်းကြီးဝတ်လျက် ချွန်ထက်သော အရာကိုကိုင်ဆောင်ကာ မောင်၏ရေချိုးခန်းဝမှ လှစ်ကနဲ ထွက်ပြေးကွယ်ပျောက်သွားခဲ့သော တရားခံမှာ. .

"ဘယ်သူလဲ"

မငြိမ်းသာတို့အတွက် လက်ဆောင်ဗူးထဲမှာ မြွေထည့်၍ သေစေခဲ့သော လျှို့ဝှက်လူသတ်သမားသည်. . .

"ဘယ်သူလဲ"

မိုးကုတ်မြို့သို့ ပြန်သွားကြသည်ဟူ၍ အထွက်ပြသွားခဲ့ကြသော. .

ဦးအောင်ဇံ ကိုမင်းမြတ်၊ ကိုမင်းမောင်နှင့်. .

ဦးလှဒွေး. .





ပျောက်ဆုံးနေဆဲ ကိုမင်းလတ်. .

သူရောက်ရှိလာသည့် အကြောင်းရင်းများ. .

ကိုမင်းလတ်ကိုခိုင်းစေသူက မည်သူပါလဲ. . .

မောင်၏လောကနတ်ရုပ်ဆိုသည်မှာလည်း ယခုမပြန်မီ မပင်တွေ့အောင်ရှာဖွေ ဖော်ထုတ်သွားရမည်။

"အို. . မငြိမ်းသာ လုပ်စရာတွေ အများကြီးအများကြီးပါလားကွယ်"

အတွေးများစွာတို့ ယှက်လိမ်ရှုပ်ထွေးနေရာမှ ဖခင်ကြီး၏ ခွင့်လွှတ်နိုင်ခြင်းမျက်နှာကို စိုက်ကြည့်လိုက်ပြီး. .

"အဖေရယ်. . အတွေးမိုက်ခဲ့တဲ့သမီးကိုသာ ခွင့်လွှတ်ပေးပါတော့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

ထိုနေ့ညဉ့်ဦးက အဖေ၏သွေးတိုးနှုန်းမှာ စိုးရိမ်စရာ ကောင်းလောက်အောင် တက်လာတော့သည်။

မငြိမ်းသာကိုယ်တိုင် ဆရာဝန်ဖြစ်ပါသော်လည်း ကိုယ့်ဖခင် အတွက်မို့ ဆုံးဖြတ်ရဲသည့်စိတ်မရှိမှာ စိုးရိမ်မိပါ၍ . . .

ရန်ကုန်ဆေးရုံကြီး၌ လက်ထောက်ဆရာဝန်အဖြစ် တာဝန်ကျနေသော သူငယ်ချင်းဆရာဝန် ဒေါက်တာ 'သီဟကျော်' ကိုအကူညီခေါ်ရသည်။

"ဆေးရုံခေါ်သွားရကောင်းမလားဟင် ကိုသီဟ"

"ခဏလေးစောင့်ကြည့်ကြဦးတာပေါ့ သိပ်ပြီးစိုးရိမ်စရာကောင်းလောက်တဲ့ အခြေအနေမျိုးတော့မဟုတ်





သေးပါဘူး"

ဒေါက်တာမငြိမ်းသာနှင့် ဒေါက်တာ သီဟကျော်တို့၏ အချိန်မီဂရုစိုက်၍ ကုသမှုကြောင့် သွေးချိန်ကျလာသည်။

မေ့မတတ်မူးနေသော အဖေလည်း သည်တချီတော့ အတယ့်ကို လန့်သွားချေပြီ။

ညဉ့်ဦးယံကျကာမှ အဖေစိတ်ချရသည့် အခြေအနေရှိသာပြီး ပြုံးပြုံးရွှင်ရွှင်ဖြစ်လာသဖြင့် အားလုံးစိတ်ချမ်းသာကြရပြီ။

"ကျေးဇူးပဲ သီဟရယ်"

"ကြုံလို့ကူညီရတာပဲ ငါကဝမ်းသာနေတာပါ၊ နင့်မြစ်ကြီးနားအထိလဲ ငါကလိုက်ကူညီနိုင်မှာမှ မဟုတ်တာ"

ဒေါက်တာသီဟကျော် ပြုံးရွှင်စွာနှုတ်ဆက်၍ ပြန်သွားသည်။

ကိုဥက္ကာကိုယ်တိုင် ကားမောင်း၍လိုက်ပို့ပါ၏။

ကိုဥက္ကာသည် ရေနွေးအိုးကအစ တည်ပေးရုံမက ဆိုသမျှ ဆေးများလည်း သူပင်ပြေး၍ဝယ်ပေးရှာသည်၊ ဦးလေးသိန်း၏သား ပီသစွာစိတ်သဘောကောင်းလေသည်ဟု မငြိမ်းသာ မှတ်ချက်ချမိပါ၏။

"ကိုဥက္ကာလဲ ငြိမ်းသာတို့အတွက်ပင်ပန်းနေပြီ"

"ကြုံကြိုက်လို့ ကူညီရတာပဲဗျာ ပြီးတော့လဲ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် မငြိမ်းသာရဲ့အရိပ်မှာ ခိုလှုံနေရချိန်ပါ၊ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန်ပေါ့"

ကိုဥက္ကာနှင့်ဒေါ်လေးမြတို့ အတူနေ၍မဖြစ်ကြသဖြင့် ဒီဘက်တိုက်မှာ ခေတ္တလာနေခြင်းကို သူရည်ညွှန်း၏။

မငြိမ်းသာတို့သားအဖလည်း သည်ဘက်တိုက်မှာ နေကြသည်။ အဖေနေမကောင်း၍ နားနားနေနေ နေနိုင်စေရန်ပါ။

ကိုဥက္ကာရှိနေ၍ ဒေါ်လေးမြလည်းရောက်မလာတော့ ဦးလေးသိန်း၊ ကိုဥက္ကာနှင့် မငြိမ်းသာတို့သားအဖသည်သာ ပို၍စည်းလုံးနေကြသလို ဖြစ်နေလေသည်။

ဒေါ်လေးမြမည်သော မငြိမ်းသာချစ်သည့် ဒေါ်လေးသည် တစ်လောကလုံးအပေါ်၌ သဘောကောင်း မနောကောင်းမိန်းမတစ်ယောက်ဖြစ်စေဦး ကိုဥက္ကာဆိုသောသူ တစ်ယောက်အတွက်ဖြင့် သူသဘောကောင်းနိုင်မည်မဟုတ်ပါ။

ဦးသိန်းဖေ လွှန်လွှန်ကဲကဲချစ်မြတ်နိုးရသောသား အခင်းအိမ်ထောင်မှရသည့်ကလေးကို ဒေါ်လေးမြအပါအဝင် ဘယ်သူမဆိုသော မိထွေးကမှ ကြည်ဖြူကျေနပ်နိုင်ကြမည်အထင်ပါ။

အမိမဲ့သားလေးကို မိထွေး၏မကျေနပ်သော မျက်ဝန်းနှင့် တစ်ချက်ကြည့်ကိုပင် မခံနိုင်၍ ကိုဥက္ကာကို အသက်နှင့်အမျှ ဒေါ်လေးမြရှိရာ နေထိုင်ရာသို့ ခေါ်မလာခြင်းဖြစ်ကြောင်းကို လည်း ဦးလေးသိန်းကပြောပြရှာသည်။





ပထမအိမ်ထောင်၏သားနှင့် ဒုတိယဇနီးတို့ သီးခြားစီထားပေးသော ဦးလေး၏စီစဉ်မှုက နှစ်ဦးလုံးအတွက်ပြဿနာကင်းစေသည်၊ စိတ်နှလုံးချမ်းမြေ့စေနိုင်ပါသည်။

"ကဲ. . မောင်ဥက္ကာပြန်မလာခင် ကျွန်တော်နဲ့ ဦးတင့်နဲ့ စိတ်ကူးထားတဲ့အကြောင်းလေးတွေ မငြိမ်းသာကို ပြောပြလိုက်ကြရအောင်ဗျာ"

အဖေ၏ခုတင်ဘေးတွင်ထိုင်နေသော ဦးလေးသိန်းက ရှောက်ချိုသီး ဖျော်ရည်ခွက်ကိုကိုင်ပြီး မငြိမ်းသာဝင်လာသည်နှင့် အားစလိုက်သည်။

"ဘာများလဲ ဦးလေးရဲ့"

မငြိမ်းသာက အဖေ့ကိုတွဲယူ၍ ရှောက်ချိုသီးရည်တိုက်ကျွေးရန် စီစဉ်နေဆဲ. .

"ငါပြောမယ်"

အဖေကလက်ကာတား၍ ဖျော်ရည်ကို တစ်ခွက်လုံးကုန်အောင်မော့သောက်လိုက်ပြီးမှ. .

"ကိုသိန်းဖေက သူ့သားနဲ့ အဖေ့သမီးကို ပေးစားချင်လို့တဲ့၊ အေး. . အဲဒါကျတော့ ငါလဲသဘောတူတယ်၊ နင်ရော်ငြိမ်းသာ"

"အို. . အဖေကလဲ"

"ဟုတ်ပါ့ဗျာ. . ဦးတင့်ပြောပုံကြီးကလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . လိုရင်းကဒါပဲ မဟုတ်လား"

မထင်မှတ်သော မမျှော်လင့်သော စကားရပ်များ ရုတ်တရက်ကြီး ကြားလိုက်ရသဖြင့် ဒေါက်တာမငြိမ်းသာ တကိုယ်လုံး ရှိန်းဖြပူနွေးသွားသည်။ ရှက်သွေးများပျံ့နှံ့ဖုံးလွှမ်း သွားပြီ ထင်မိ၏။

"ဦးလေးတောင်းပန်ပါတယ် မငြိမ်းသာ၊ ဒီကိစ္စမျိုး တာက အသေအချာနိဒါန်းပျိုးပြီးမှ ပြောရမယ့်စကား ပါ၊ ဦးလေးကိုခွင့်လွှတ်ပါ"

"ရပါတယ်ဦးလေးရယ်"

မောင်၏အရိပ်အာဝါသမှာ ခိုလှုံနေကြပါလျက် မောင့် မေ့လျော့ ဥပေက္ခာပြုရမည့်အဖြစ် မောင့်ကို မငြိမ်းသာ၏ တွင်းမှ ပယ်ထုတ်ရမည့်ကိစ္စများကို မပြောကြားအပ်ဟု မငြိမ်း သာ ယူဆသည်။

ဦးလေးသိန်းကို အားနာမိပါသော်လည်း မငြိမ်းသာ၏ မျက်နှာ တင်းမာနေလိမ့်မည်ထင်ပါသည်။

"ဒီလိုပါ တူမလေးငြိမ်းသာ ဦးလေးလဲအစကဒီကိစ္စ လုံးဝမစဉ်းစားမိခဲ့တာအမှန်ပါ၊ ဦးလေး မငြိမ်းသာ ကျောင်းထားပေးစဉ်က ဒီလိုသူဌေးနဲ့ရမယ်၊ ပစ္စည်း တွေပိုင်မယ် တို့လဲမှီခိုရမယ်ဆိုတာမျိုး ယောင်လို့ မတွေးမိခဲ့ကြတာ အမှန်ပါမငြိမ်းသာ"





"ငြိမ်းသာသိပါတယ်ဦးလေး၊ ဦးလေးရဲ့စေတနာကို တခြားနည်းနဲ့ပဲကျေးဇူးဆပ်ပါရစေရှင်"

"မလိုပါဘူးကွယ်၊ ဘာကျေးဇူးမှ ပြန်ဆပ်စရာမလိုပါ ဘူး၊ ခုကိစ္စကလဲ မငြိမ်းသာဆုံးဖြတ်သလို ဖြစ်ရမယ့် ကိစ္စပါ၊ ဦးလေးတစ် ခုပဲတောင်းပန်ပါရစေ၊ ဦးလေး ပြောတာတော့ ဆုံးအောင်နားထောင်ပါ"

"ဟုတ်ကဲ့"

"အမှန်အတိုင်းပြောရရင် ဦးလေးရဲ့ချမ်းသာမှုအား လုံး မအေးမြသိသင့်သလောက်ပဲ သိပါတယ်၊ သူ့ ကို လိုအပ်သလောက်ပဲပေးပြီး ပိုသမျှစီးပွားက ဦး လေးမိဘများဆီမှာပါ။ ဦးလေးရဲ့မိဘမှာလဲ တခြား သားသမီး မရှိဘူး၊ အမွေ ဆက်ခံရမယ့်သူဆိုလို့ မောင်ဥက္ကာ တစ်ယောက်ပဲရှိပါတယ်"

"အဲဒီချမ်းသာကြွယ်ဝမှုစကားတွေ မကြားပါရစေနဲ့ တော့ဦးလေးရယ်"

"မဟုတ်ဘူးမငြိမ်းသာ ဦးလေးဆိုလိုတာက မငြိမ်းသာ ရဲ့ကြွယ်ဝမှုကို တပ်မက်ပြီး သားနဲ့ပေးစားချင်တာ မဟုတ်ပါဘူး ဆိုတာ ပြောချင်လို့ပါ၊ သားမှာလဲ မောင်ကျော်ဇေဦးလောက် နီးနီး ပိုင်ဆိုင်မှုရှိပါ တယ်၊ ဘွဲ့ကတော့ သာမန်သိပ္ပံဘွဲ့ပါလေ၊ သားဟာ



www.burmeseclassic.com

www.burmeseclassic.com



တကယ်စိတ်ကောင်းစိတ်မြတ်ရှိတဲ့ လူငယ်လေး
ဒါကြောင့်တခြား မတော်တဲ့ မိန်းကလေးနဲ့တွေ့သွား
မှာစိုးရိမ်တာ တစ်ကြောင်း၊ နောက်တစ်ခုက. . .”

“ပြောပါဦးလေး”

“မငြိမ်းသာနဲ့ ဦးလေးတို့ တစ်ကွဲတစ်ပြားစီ ဖြစ်သွား
မှာစိုးရိမ်မိတယ်၊ ခုလိုပဲ စည်းစည်းလုံးလုံးနဲ့ နေသွား
ချင်တယ်၊ ဦးလေးရဲ့ အဓိကရည်ရွယ်ချက်ကတော့
မငြိမ်းသာကို မခွဲချင်လို့ သမီးလေးလို ချစ်လို့ပါကွယ်”

“ဦးလေးရယ်”

ကျေးဇူးရှင်၏ ရင်မှလာသော စေတနာစကားက ကြား
တော့လည်း စောစောက မျက်နှာတင်းထားမိသည်ကိုပင် အား
တုန့်အားနာ ဖြစ်သွားရပါပြီ။

“ငြိမ်းသာ”

အဖေ့အသံကြီးဝင်လာကတည်းက စိတ်ညစ်ခြင်းအစပြု
ပြီး တလုံးတခဲကြီး ပြောတော့မည်။

“အေး. . . ငါလဲ ကိုသိန်းဖေပြောသလို ခုလိုပဲနေချင်
တယ်၊ ဟို မပြန်ပါနဲ့တော့သမီးရယ်၊ ဒီတိုက်မှာပဲ ငါ
တတွေ ပျော်ပျော်ရွှင်ရွှင် နေကြရအောင်လေ”

ထင်သလိုအတုံးလိုက် အတစ်လိုက် မပြောရှာ၊ အဖေ
ကိုယ်တိုင် ကချင်မြေသို့ မပြန်လိုပဲ ဒီမှာနေချင်သည်ဆို၍





မငြိမ်းသာဝမ်းနည်းမိ၏။

မောင်၏တိုက်၊ မောင် ငြိမ်းသာ့အတွက်ထားခဲ့သောတိုက်
ဆိုတွင် တခြားသော ရင်ခွင်သစ်နှင့် ဘယ်လိုနည်းနှင့်မှမငြိမ်း
သာ မနေနိုင်ပါ။

“နောက်တစ်ခုက ရှိသေးတယ်၊ အဲဒီအကြောင်းကို
သိန်းဖေကိုပြောပြလို့ တို့ဒီလိုစီစဉ်ကြတာ”

“ဘာအကြောင်းလဲ အဖေ”

“နှင့်ကို ဟို. . . ဖော်ဆိုတဲ့ ကောင်လေးက အသေ
အလဲကြိုက်နေတာလေ”

“အို. . . အဖေကလဲ”

“အေး. . . ဒီကောင်လေးနဲ့တော့ ငါ သဘောမတူ
နိုင်ဘူးငြိမ်းသာ၊ အေး. . သူ့ကိုသဘောမတူလို့မောင်
ဉက္ကာကိုယူပါလို့ပြောတာ”

“အဖေရယ် ငြိမ်းသာရင်ထဲမှာ မောင်နဲ့ပတ်သက်တဲ့
အချစ်တွေမငြိမ်းသေးဘူးဆိုတာလဲ သိပေးကြပါဦး၊
ကဲ. . . ဦးလေးသိန်း ဒီကိစ္စအတွက် ငြိမ်းသာအချိန်
ယူပါရစေဦးလို့ တောင်းပန်ပါတယ်”

“အေးပါကွယ်. . . အေးပါ”

“ခွင့်က ဆယ်ရက်ပဲ ယူလာတာ၊ ဘာပဲဖြစ်ဖြစ် ငြိမ်း
သာမြစ်ကြီးနားကိုတော့ ပြန်ရဦးမှာပါ”



www.burmeseclassic.com

www.burmeseclassic.com



အဖေသောက်ပြီးသား ရှောက်ချိုရည်ဖန်ခွက်ကို ကိုင်ပြီး အဖေနှင့်ဦးလေးသိန်း၏ ရှေ့မှ ငုံ့ဖြတ်ပြီး အခန်းတွင်းမှထွက် လာခဲ့ရပါတော့သည်။





ကိုဥက္ကာသည် ဦးလေးသိန်း မှန်းသလိုပင် ယောကျာ်းမြတ် တို့၏ အရည်အချင်းနှင့် ပြည့်ဝသူတစ်ယောက်ပါ၊ ချမ်းသာ၍ မျိုးရိုး ကောင်းသည်။

သို့ပါသော်လည်း ကိုဥက္ကာနှင့် ပတ်သက်၍ အချစ်ဟူ သောနှလုံးအိမ်မှ ဖြစ်တည်လာတတ်သည့် ခံစားမှုကိုတော့ ဘယ် သောအခါမှ ဖြစ်ထွန်းလာနိုင်မည်မဟုတ်ကြောင်း မငြိမ်းသာ သိမြင်နေပါသည်။

ချစ်ခြင်းမေတ္တာတရားဟူသည် ဆောက်တည်ဖန်တီးယူ၍မရ နှလုံးသားချင်း ဆက်နွှယ်မှုမှနေ၍ သူ့အလိုလို ဖြစ်တည် ပေါ်ထွန်းလာသော အရာမို့. . .

ဤအသက်နှင့်အမျှ ဤနှလုံးအိမ်ကို ပိုင်ဆိုင်နေသမျှ ကိုဥက္ကာနဲ့ မငြိမ်းသာ မချစ်နိုင်ပါ. . .

သို့ပါသော်လည်း. . .

ကျေးဇူးရှင် ဦးလေးနှင့်. . .

သနားငဲ့ညှာစရာ ဖခင်ကြီး၏ဆန္ဒ. . .

ဤအတွေးစုများအတွင်းမှ အားလုံးကိုကျော်၍ လွှမ်းမိုး ထိုက် မေးမှိန်လိုက် ဖြစ်နေရသည်က. . .

ဖော်၏ အချစ်

ဖော်၏မေတ္တာ

ဖော်၏ အနစ်နာခံနိုင်မှု. . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

ပုထုဇန္အော ဥမတ္တကော ဟူ၍ ဘုရားဟောခဲ့သည်သို့ ... သိပ္ပံ ပညာရှင်တို့ အမြင်၌လည်းအသိအာရုံဖြင့်ဦးနှောက်ထိန်း ချုပ်မှုသာ မရှိလျှင် ပင်ကိုယ်သဘာဝအရရူးကုန်ကြလိမ့် မည်။ အပြင်အမြင်၌ ပကတိဖြစ်သော်လည်း လူတစ်ယောက် လျှင်တစ်မျိုးတော့ ကိုယ့်စိတ်ကူးနှင့် ကိုယ် ရူးနေတတ်ကြသည် သာ။

ပြန်ရကာနီး၍ အဖေ့ကိုစိတ်ရောဂါကု ဆရာဝန်နှင့် ပြ သလိုက်ရပါသေးသည်။ အဖေသည် သူရူးတစ်ယောက်တော့ မဟုတ်ပါ။ ကိုယ်ရည်ကိုယ်သွေး ချို့တဲ့ရုံသာ။

အဖေ့ကို သည်လိုဆရာဝန်နှင့် ပြသသင့်ကြောင်း ဒေါ်...





...မငြိမ်းသာ သိပါသော်လည်း မပြဝံ့ခဲ့ မပြရဲခဲ့ပါ။

မောင့်ကို သေစေအောင် ရည်ညွှန်းဆောင်ရွက်ခဲ့သူမှာ အဖေပါဟု စိတ်၌တပ်အပ်သေချာ ထင်မှတ်နေခဲ့မိ၍. . .

မတော်တဆ ဆရာဝန်ရှေ့မှာ ပြောလိုက်ဆိုလိုက်မှဖြင့် ...၍ကြောင့်ကျသော စိတ်နှင့် မငြိမ်းသာ ငြိမ်နေမိခဲ့ရခြင်းပါ။

ယခုတော့ ထူးထူးထွေထွေလည်း ကုနေစရာမလိုပါ။ ...ငြိမ်းသာက ဆရာဝန်မို့ တိုင်ပင်၍ လွယ်ကူစွာပင် ဆေးများ ညွှန်းပေးလိုက်သည်။

အဖေ့ ခမျာမှာတော့ ဘယ်ဆရာဝန်ကို ဘာအတွက်ပြ နေသည်ဟူ၍ပင် မသိရှာပါ။

ကိုဥက္ကာလိုက်၍ မောင်းပေးသော ဦးလေးသိန်း၏ ...ဆိုတာပါဗလီကာ ကားနှင့်ပင် ပြန်ခဲ့ကြသည်။

အိမ်အရောက်တွင် မငြိမ်းသာ လုံးဝ မမျှော်လင့်မိခဲ့သော ...ည့်သည်တစ်ယောက်က မငြိမ်းသာကို စောင့်ကြိုနေရှာသည်။

"ဟာ. . . ဦးလေးဒွေး"

"မငြိမ်းသာ နေကောင်းတယ်နော်"

"ဟုတ်ကဲ့. . . ဦးလေးဒွေးရော"

"ခုတော့ ကောင်းသွားပါပြီကွယ်၊ ဟိုတလောကတော့ အတော်ပဲ မမာလိုက်သေးတယ်၊ ဒါကြောင့် ရောက် မလာနိုင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဦးလေးဒွေးကိုမြင်တော့ မောင့်ကိုသတိရ လိုက်တာရှင်"

"ဦးလေးကတော့ ဒီ အိမ်ရောက်ပြီးကတည်းက မှုန် ရည်ကျခဲ့ပြီးပြီ၊ ကဲပါလေ ဒါတွေ ပြောနေလို့လဲ ပိုထူး မလာတော့ပါဘူး၊ ဒါနဲ့ မငြိမ်းသာ မြစ်ကြီးနားကို ပြန် ရတော့မှာဆို"

"ဟုတ်ကဲ့"

"အေး . . . မငြိမ်းသာတို့ မလာခင် ဒေါ်အေးမြ ဦးလေးဒွေးကို အကြောင်းစုံထိုင်ပြီး ပြောပြနေခဲ့ပါ တယ်"

"ဟုတ်ကဲ့ ဦးလေးတို့ ပြန်သွားတဲ့ ညကပဲ မောင်ဆုံး ခဲ့တာ၊ ငြိမ်းသာ မှာရက်နဲ့ ဘာလို့ လိုက်မလာကြ တာလဲရှင်"

"ဦးအောင်ဇံ စာရေးလိုက်တယ်ဆို"

"ဟုတ်ပါတယ်"

"လမ်းပေါ်မှာဆိုတော့ ဘာ အဆက်သွယ်မှ မရှိဘူး လေ၊ မိုးကုတ်ရောက်မှသိတော့ သင်္ဂြိုဟ်တောင် ပြီး နေပြီပဲ၊ နောက်ပြီး သူတို့တွေရဲ့စိတ်ထဲမှာလဲ သံသ ယရှိနေကြလို့ ပြဿနာတောင် ဖြစ်ကြသေးတယ် ဆို ဟုတ်လား မငြိမ်းသာ"





"ဟုတ်တယ် ဦးလေးဒွေး အဲဒီကိစ္စတွေအတွက် ငြိမ်း သာအရှက်လဲကွဲ ရင်လဲကွဲအောင် ခံစားခဲ့ရပါတယ် ရှင်"

"ဦးလေးလဲ ဟိုမှာ နေရထိုင်ရတာ အဆင်မပြေဘူး ကွယ်၊ ဒါကြောင့် တာမွေ မေတ္တာညွန့်ရပ်ကွက်ထဲ ကတူမ တစ်ယောက်ရဲ့အိမ်က ခေါ်လို့ နေဖို့ရောက် နေတာကြာပြီ၊ မငြိမ်းသာဒီကိုခဏပြန်လာတယ်လို့ သတင်းကြားတာနဲ့ တမင်လာတွေ့တာ"

"ကျေးဇူးတင်ပါတယ် ဦးလေးဒွေး၊ ဒါနဲ့ ငြိမ်းသာ ရောက်နေတယ်လို့ ဘယ်လို သတင်းကြားသလဲ ဟင်"

ဦးလေးဒွေးက အဖေ့ကို တစ်ချက်ကြည့်လိုက်သည်။ အဖေ့ ရှေ့မှာ ပြောချင်ပုံမရ၊ အဘိုးကြီးနှစ်ယောက်လည်း တွေ့မှု အလ္လာပ သလ္လာပ စကားများ ပြောကြားကြပြီး . . .

"ကဲ . . . အဖေ နားလိုက်ဦး ဆရာဝန်က အိမ်ပြန် ရောက်ရင်အိပ်လိုက်လို့မှာလိုက်တယ် မဟုတ်လား"

လွယ်လွယ်ကူကူပင် အဖေထသွားရှာသည်၊ ဟိုယခင်က ဒွေး ပန်းပင်ရေလောင်းသည်ကအစ ရန်စောင်ခဲ့သောအဖေ တော့လည်း အားလုံးကိုမေ့သွားသလိုနှင့် ပြေလည်ပြုံးရွှင်စွာ နေ၍ စိတ်ချမ်းသာရပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလှဒွေးက မောင့်ခြံစောင့်အလုပ်သမား၊ အဖေ
ဦးလေးသိန်း၏ ခြံစောင့်ပန်းရံဆရာကြီး. . .

ယခုတော့ သမီး၏အရှိန်အဝါနှင့် အဖေ့မှာ ဂုဏ်ရှိန်
နေရှာလေပြီ။

ဦးလေးဒွေး ခမျာမှာတော့ ယခင်အတိုင်းပါပင် ညှိုးနွမ်း
ဆင်းရဲမြဲ. . .

"ကဲ. . . ပြောပါဦး ဦးလေး"

အဖေလည်းအခန်းထဲမှာ ကိုဥက္ကာလည်း ကားနှင့်
ထွက်သွားပြီမို့ ဦးလှဒွေးနှင့် ဒေါက်တာမငြိမ်းသာတို့နှစ်ယော
တည်း လွတ်လပ်စွာ ဆွေးနွေးနိုင်ကြပါပြီ။

"မငြိမ်းသာဆီကို မင်းလတ်ဆိုတဲ့ကောင် လိုက်
သေးတယ်ဆို"

"ဦးလေးဒွေး ဒါတွေဘယ်လိုလုပ်ပြီးသိတာလဲဟင်"

"သိဆို မင်းလတ်ကိုလွှတ်လိုက်တဲ့ မင်းမောင်ကိုယ်
တိုင်ကပြောတာပဲ"

"ဟင်"

"အခုသူတို့လဲ ရန်ကုန်ရောက်နေကြတယ်၊ ဦးအောင်
ဇံ ရောပဲ"

"အဲဒီလူတွေအားလုံးနဲ့ ငြိမ်းသာတွေ့ချင်တယ်"

ဒေါသရှိန်ဖြင့် အသံမြင့်သွားသော မငြိမ်းသာ၏မျက်





ကို ဦးလှဒွေးက အံ့သြသလိုစိုက်ကြည့်နေ၍. .

"သူတို့တွေခုဘယ်မှာလဲဟင် ဦးလှဒွေး"

"ဦးအောင်ဇံက ဘားလမ်းမှာတည်းနေတယ်၊ မင်း
မောင်ရောပဲ မင်းမြတ်ကတော့မိုးကုတ်မှာကျန်နေခဲ့
တယ်"

"သူတို့ဘာလာလုပ်ကြတာလဲ"

"ဦးအောင်ဇံက ဒိုင်နာကားတစ်စင်းဝယ်ဖို့လာတာ"

"နေပါဦး. . ကိုမင်းလတ်ဆိုတဲ့လူက မြစ်ကြီးနားအထိ
ရောက်နိုင်အောင် အဆင့်ဆင့်ကြိုးစားပြီး လွှတ်လိုက်
တဲ့ ကိစ္စက ဘာတဲ့လဲဦးလေးဒွေး အခု အဲဒီကိုမင်း
လတ်ရော"

"မင်းလတ်တော့မသိဘူး လွှတ်လိုက်တဲ့ကိစ္စကိုတော့
သိတယ်"

"ဘာကိစ္စတဲ့လဲဟင် ဦးလေး"

စိတ်စောစွာမေးမိသည်။

"လောကနတ်ရုပ်ကိစ္စပဲ"

"ဘာ"

"ကျော်ဇောဦး တစ်ခါကသိမ်းခိုင်းထားတဲ့ လောက
နတ်ရုပ်ကိစ္စလေ"

"အဲဒါသူတို့နဲ့ ဘာဆိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်ကြယ်ကဲ့ သူတို့ရဲ့အဘိုးလက်ထက်က ပစ္စည်းတဲ့ သူတို့ညီအစ်ကိုနဲ့လဲ ဆိုင်တယ်၊ ခွဲဝေရမယ်ဆိုပါတော့ အဲဒါကို မောင်ဦးက မသိပဲယူလာတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့လေ၊ သူက အနုပညာပစ္စည်းကို မြတ်နိုးတာမဟုတ်လား"

စည်းနှင့်ဝါးကို ခြေမှာညှပ်၍ထိုင်နေရင်း ကလျာက်မိုးပေါ် မော့ကြည့်နေသော နတ်သားရုပ်. . .

လောကကိုစောင့်ကြပ်သော အနုပညာနတ်ရုပ်. . .

မောင့်ပန်းချီခန်းမတွင်းမှ မြင်ဖူးခဲ့ရသော ဤနတ်ရုပ်သည် မျက်စိထဲတွင် ပြန်လည်၍မြင်ယောင်လာမိသည်။

သစ်သားနှင့်ထွင်းထုလျက် လက်ရာမမြောက်လှသော သာမာန်သစ်သားရုပ်ထု တစ်ခုကို ဘာကြောင့်များ ရေးကြီးခွင်ကျယ် လုပ်နေကြပါလိမ့် ဟု မငြိမ်းသာစဉ်းစား၍မရနိုင်။

"အဲဒီနတ်ရုပ်က ဘယ်မှာလဲဦးလေးဒွေး"

"ဟောဗျ. . မငြိမ်းသာပဲသိမ်းထားတယ် မဟုတ်ဘူးလား"

"ဘုရားစူးရပါစေရဲ့ တစ်ခါမှမသိမ်းဖူးခဲ့ပါဘူး ဦးလေးဒွေး"

စိတ်ပေါက်ပေါက်နှင့် မကျိန်စဖူး ကျိန်၍ပင်ပြောလိုက်သည်။





"မငြိမ်းသာသိတဲ့အတိုင်း ဟိုပန်းချီခန်းကနေ သူ့အိပ်ခန်းထဲ ပြောင်းပေးလိုက်ရတယ်လေ"

"ဟုတ်တယ်၊ သိလိုက်တွေ့လိုက်ပါတယ်၊ အဲဒီနောက်ကတော့ ဒီအရုပ်ဘယ်ရောက်သွားလဲ လို့မောင့်ကို လုံးဝမမေးဖြစ်တော့ဘူး"

"အေး အဲဒီအရုပ်ကိုစွပဲ ရှပ်နေကြတာပဲ"

"အမလေး တမျိုးလုံးလာရှာကြပါ၊ တွေ့ရင်ယူသွားပါလို့ ပြောလိုက်စမ်းပါရှင်၊ ငြိမ်းသာလဲသတိရပေမယ့် မရှာအားလို့ မရှာမိသေးဘူး၊ တကထဲ ဘာများအဖိုးတန်မှာလဲ သစ်သားရုပ်တစ်ရုပ်ကိုများ"

"ဩော်. . ငါတို့မနှယ် ရိုးတန်ကောကွယ် သစ်သားကရိုးရိုးသာဆိုရင် သူတို့အစားဝယ်ကြမှာပေါ့ ခုတော့ အထဲမှာ လျှို့ဝှက်ချက်တခုခု ရှိလို့သာပေါ့"

"အယ်"

လူဆိုသည်မှာ ဒေါသနှင့် နာကျည်းမှုနှင့်ဆိုလျှင် အဆင်ခြင်မဲ့တတ်သည်။ မပြောသင့်သည်ကို ပြောပြီး မလုပ်အပ်သည်ကိုလုပ်တတ်ကြသည်သာ။

ဤလောကနတ်ရုပ်၌ လျှို့ဝှက်ချက်တစုံတရာ ရှိရလိမ့်မည်ဟု ဟိုယခင်ကလည်း မိမိကိုယ်တိုင် တွေးခဲ့ဖူးပါလျက်နှင့် ယခုလို ဦးလေးဒွေးနှင့်ကြုံကြိုက်ခိုက်မှာ မောင့်ကိုသေစေ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော အုပ်စုအဖြစ်နှင့် ဒေါ်သခိုးမွန်မိ၍သာ ပြောမိပြောရာ ပြောနေမိခြင်းပါ။

ဦးလေးဒွေးသည်လည်း သံသယအုပ်စုတွင်းမှ တယောက်သော လူသားအဖြစ်နှင့် ဆင်ခြင်သတိရှိစွာ ဒေါက်တာမငြိမ်းသာ ငြိမ်တွေဝေသွားမိပါ၏။

ကိုယ်ကိုပင် ကုလားထိုင်မှာဖြေလျှော့၍ ထိုင်လိုက်တာ မောင့်အားသေစေမှုတရားခံကို ယခုလို သူတို့အုပ်စုနှင့် ကြုံကြိုက်ခိုက်မှာ အပြတ်ရှင်းတော့မည်ဟူသော ဆုံးဖြတ်ချက်ကိုလည်း တမုဟုတ်ခြင်း ချလိုက်မိတော့သည်။

မောင်သေဆုံးသည့်ညက တွေ့လိုက်ရသော အရိပ်မည်းကြီးအကြောင်းကို ရဲရှေ့မှာဖွင့်ဟ ထွက်ဆိုမည်၊ ဖခင်ကြီးဟုထင်ခဲ့မိသဖြင့် ဟိုစဉ်က ရေငုံနှုတ်ပိတ်နေခဲ့မိပါသည်ဟု ဝန်ခံမည်။

ဥပဒေအမြင်နှင့် အပြစ်ရှိပါလျှင်လည်းမငြိမ်းသာ ထိုက်တန်စွာခံယူပါမည်။

ပြီးတော့ လက်ဖွဲ့ပစ္စည်းဗူးထဲမှာ မြွေထည့်၍သေကြောင်းကြံစည်ခဲ့သည့်ကိစ္စများ . .

အဖေနေမကောင်း၍ ဆောင်ရွက်ဖွယ်ကိစ္စများ နှောင့်နှေးခဲ့ရသည်။

ယခုတော့ တရားခံတုထင်ရသူများလည်း ရန်ကုန်၌ စုပြုံဆုံဆည်းနေကြပြီ။





ဥပဒေတတ်ကျွမ်းသူနှင့်တိုင်ပင်ကာ ယခုပင်ရဲမှာ အမှုဖွင့်ပါတော့မည်။

"ဘာတွေစဉ်းစားနေလဲ မငြိမ်းသာ၊ ဦးလေးဒွေးဘာကူညီရမလဲ"

"ဦးလေးသူတို့တွေနဲ့ အဆက်အသွယ်ရှိသလား"

"အင်း. . သွားလို့ရပါတယ်"

"ဒါဆို ငြိမ်းသာ သူတို့နဲ့တွေ့ချင်တယ်"

"ဦးအောင်ဇံကိုရော မောင်မင်းမောင်ကိုရောလား"

"ဟုတ်ပါတယ်"

"ဒီကိုလာခဲ့ပါလို့ ပြောရမလား"

"သူတို့လာကြရင်တော့ ပိုကောင်းတာပေါ့၊ သူတို့ ဒီကိုလာကြပါ့မလား"

"မငြိမ်းသာမှာသလို သွားပြောပေးမယ်လေ"

"ကျေးဇူးပဲဦးလေးဒွေး"

"ပြီးတော့ သူတို့ဘာပြောလဲဆိုတာ ပြန်လာပြီးပြောပါ့မယ်"

"ကောင်းပြီဦးလေးဒွေး၊ ငြိမ်းသာအချိန်မရှာဘူး မနက်ဖြန်တွေ့မှကိုဖြစ်မယ်၊ သူတို့မလာဘူးဆိုလဲ ငြိမ်းသာ သူတို့ရှိရာကို သက်ဆိုင်ရာနဲ့လာခဲ့မယ်လို့ ပြောပေးပါ"

နားမလည်နိုင်သလို ကြည့်နေသော်လည်း နားလည်



www.burmeseclassic.com

www.burmeseclassic.com



အောင် မမေးရှာတော့ပါ။ မငြိမ်းသာစိတ်လှုပ်ရှားနေမှုန်း သိချ
ထင်ပါသည်။

"ဒါဆိုဦးလေးဒွေးပြန်တော့မယ်နော်"

"ဟုတ်ကဲ့၊ ဩော်. . ငြိမ်းသာတို့မင်္ဂလာဆောင်တဲ့ည
က ဦးလေးတို့အုပ်စု ပျဉ်းမနားမှာ အိပ်ဖြစ်သလား"

"မအိပ်ဖြစ်ဘူး ကားတစ်စင်းပျက်လို့ ပဲခူးက ဦးအောင်
ဇံရဲ့မိတ်ဆွေ ဆေးလိပ်သူဌေးအိမ်မှာပဲ တစ်ညအိပ်
လိုက်ရတယ်"

"ပဲခူးမှာတစ်ညအိပ်တယ် ဟုတ်လား"

"ဟုတ်တယ်၊ ကားတစ်စင်းပြင်နေရလို့ပါ၊ မင်္ဂလာ
ဆောင်ကိစ္စနဲ့ ကားကိုတောက်လျှောက်သုံးလို့ ပြင်ခွင့်
မရခဲ့ဘူးလေ ဘာ့ဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး"

"ဩော် . . . မငြိမ်းသာတို့များ လိုအပ်ရင်ဦးလေးကို
ခိုင်းပါလို့ အလုပ်ကလေး ဘာလေးတောင်းရအောင်
လာခဲ့တာပါကွယ် အားလပ်ရင်တော့ စဉ်းစားပေးခဲ့
ပါဦးနော် ဦးလေးလာပြီး အကြောင်းပြန့်ပါ့မယ်နော်"

"ဟုတ်ကဲ့ ကောင်းပါပြီ ဦးလေးဒွေး"

ဦးလှဒွေးသည် မောင်ချစ်ခင်အားကိုးခဲ့သော လူကြီး
တစ်ယောက်ဖြစ်ခဲ့ဖူးသူမို့ မငြိမ်းသာက ငွေတစ်ရာထုတ်ပေး





လိုက်ပါသည်။

ပဲခူးနှင့်ရန်ကုန်
နှစ်နာရီခန့်သာ လာရသောခရီး. .
ထိုညက အားလုံးပဲခူးမှာ အိပ်ကြသတဲ့။

သူတို့တစ်အုပ်စုလုံး သည်အိမ်မှာ တစ်ပတ်ခန့်ကြာအောင်
နေသွားကြသည်မို့ သည်အိမ်၏ အထာကို ကောင်းစွာသိရှိပြီး
သူတွေချည်းသာ. .

ဘာပဲဖြစ်ဖြစ် မောင်နှင့်မငြိမ်းသာတို့ကို ရက်စက်စွာခွဲခဲ့သူ
သေစေအောင်ကြံဆောင်ခဲ့သော တရားခံသည် မငြိမ်းသာနှင့်
လက်တကမ်းစာအကွာမှာရောက်ရှိလာလေပြီဟု မငြိမ်းသာယုံ
ကြည်နေမိသည်။ ကြိုးစားခြင်းကြီးစွာဖြင့် ဖော်ထုတ်ပါတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

မမ

နေကောင်းပါရဲ့လားခင်ဗျာ။

ရန်ကုန်မြေမှာ မမရဲ့ပူဆွေးမှုတွေ မမြင့်မားပါစေနဲ့လို့ ဖော် အချိန်မလပ်ဆုတောင်းနေမိပါတယ်. .

ဘာပဲဖြစ်ဖြစ် ဖြေပါမမရယ်။

မမ စိတ်ဆင်းရဲနေမလားလို့ ဖော် ရင်ကွဲအောင် ပူပန်နေမိပါတယ်. .

မမရဲ့ဖေဖေလဲ နေကောင်းလိမ့်မယ်လို့ မျှော်လင့်ပါတယ်. .

မမကို ဖော်ခွဲနေရတာ ခြောက်ရက်တိတိ ရှိသွားခဲ့





ပါပြီ. .

ဆယ်ရက်ပြည့်တဲ့နေ့မှာ မမပြောခဲ့တဲ့အတိုင်း မမပြန်ရောက်လာမှာပါနော် မမ။ ဖော်လေဆိပ်ကကြိုနေပါ့ရစေဗျာ. .

ဖော့်ရင်ထဲက ခံစားမှုတွေကိုတော့ မမစိတ်ဆိုးမှာကြောက်လို့ မရေးရဲတော့ပါဘူး။ ဒိုင်ယာရီထဲမှာတော့အပြည့်ရေးထားပါတယ်၊ မမဖတ်ကြည့်မှာလားဟင်. .

မမရေ. .

ဒီစာကို အရေးကြီးလို့ ရေးလိုက်တာပါ၊ ဖေဖေ့ရှုံးကလူ ဒီနေ့ လေယာဉ်နဲ့သွားမှာမို့ အိမ်ရောက်အောင်သွားပေးပေးမယ်ဆိုလို့ဖော် ရေးလိုက်တာ၊ အဆင်ပြေရင် ဒီနေ့ညနေပဲ ဒီစာကိုမမဖတ်ရနေမှာပါ. .

မမ. .

ကိုမင်းလတ်ပြန်ရောက်လာတယ်ဗျ. .

မမအံ့ဩသွားမှာပဲနော်. .

သူပြန်လာတဲ့နေ့က ဖော်တောင် အတော်လန့်နေတာ၊ ဖေဖေလဲရှိတော့ ပြေလည်သွားတယ် တော်သေးတယ်. .

ဒီလူက ခပ်ကြောင်ကြောင်ရယ်ပါ၊ ဖော်ဆွဲထိုးလို့



www.burmeseclassic.com

www.burmeseclassic.com



ဧရာဝတီမြစ်ကမ်းဘေးမှာ သူလဲကျသွားတုန်းက တကယ် မေ့သွားတာတဲ့. .

သူသတိရပြီး ကြည့်လိုက်တော့ မှောင်စတောင်ပိုးနေ ပြီတဲ့၊ ဇော်နဲ့မမကိုလဲစိတ်ဆိုးလို့ အိမ်မပြန်ချင်တာနဲ့ မြစ်ထဲမှာ ရေဆန်လှော်သွားနေတဲ့ လှေတစင်းကို အတင်းခေါ်ပြီး တက်လိုက်သွားတာတဲ့ မမရဲ့. .

အဲ့ဒီလှေဟာ ဒီနယ်မြေက လူဆိုးတွေနဲ့ပတ်သက်တဲ့ လှေဖြစ်နေပြီး လူဆိုးတွေက သူ့ကို ဖမ်းသွားတယ် ဇော် မေးကြတယ်တဲ့. .

သူ့ကိုတခြားတစ်နေရာလဲ ခေါ်သွားတယ်တဲ့. . အမျိုး မျိုး စစ်မေးပြီး သူဟာဘာမှမဟုတ်တဲ့ လူဆိုတာသိလို့ ပြန်လွှတ်လိုက်တယ်တဲ့. . ကိုဝွန်(မ)ဂျာ မိုးကောင်းဘက် မှာ တွေ့တယ်ဆိုတာ သူပဲမမ. .

အဲဒီလူက ချက်ချင်းပြန်မလာသေးပဲ စီးပွားရေးအ ကွက်ရှာဖို့ ကြံသလိုလျှောက်သွားပြီးမှ ဇော်တို့ဆီကို ပြန် ရောက်လာတာ မိုးကောင်းနဲ့ မြစ်ကြီးနားကတော့ သွားလို့ လဲလွယ် ရထားကလဲ တစ်နေ့နှစ်စင်းရှိတယ် မဟုတ် လား.

ဇော်က မမဘယ်တော့ပြန်လာမလဲမသိဘူး ရန်ကုန် ပြန်သွားပြီလို့ပြောတော့လဲ ယုံတာပဲ. . . လူကအူရော့





အထဲ လူဆိုးတွေကရိုက်ထားတဲ့ဒဏ်ရာလဲ ပါလာသေး တယ်. .

ဒါနဲ့ပဲ မေမေက မမအပ်ခဲ့တဲ့သော့နဲ့ဖွင့်ပြီး သူ့ပစ္စည်း တွေယူပေးလိုက်တယ်။ ဖေဖေက သူ့ကိုလမ်းစရိတ်လဲ ပေးလိုက်ပါတယ်၊ မနေ့က ရထားနဲ့ မန္တလေးကိုဆင်းသွား ပြီမမ အဲဒီကတဆင့် သူရန်ကုန်လာမလားပဲ. .

ရန်ကုန်မှာမမနဲ့ မဆုံဖြစ်ပါစေနဲ့လို့ ဇော်ဆုတောင်း နေမိတယ်၊ ဒီလူပျောက်လို့မမနဲ့ဇော် စိတ်ဆင်းရဲလိုက်ရ တာနော်. .

ကိုမင်းလတ်ကိစ္စကတော့ ခက်မလိုလိုနဲ့ လွယ်သွား ပါပြီမမရေ. . .

နောက်လေးရက်ကြာရင် မမပြန်ရောက်လာမှာပါ နော်. .

၂၄ နာရီအစား ကမ္ဘာကြီးဟာ ၂၄ မိနစ်မှာ တစ်ပတ် လည်ပေးရင်ကောင်းမှာပဲမမရယ်. .

ဇော်ရေးမယ့် စာလုံးနှစ်လုံးအတွက် မမ ခွင့်လွှတ်ပေး ပါနော်. . .

မမကို ဇော် သိပ်'လွမ်း'နေပြီဗျာ. .

အဲဒါမမကို ဇော်သိပ်'ချစ်'လို့ပါ. .

မမစိတ်ချမ်းမြေ့စွာရှိပါစေ. . .



www.burmeseclassic.com

www.burmeseclassic.com



အမြန်လဲပြန်လာနိုင်ပါစေ . .

မမရဲ့
ဇော် . . .
မြစ်ကြီးနားမြို့။

ဇော်၏စာလေးကို ခေါက်သိမ်းချိန်မှာ ဒေါက်တာမငြိမ်းသာ၏ မျက်နှာလေးသည် ချမ်းမြေ့ခြင်းဖြင့် ကြည်လဲ့နေသည်။

လွမ်းနေပါသည်ဆိုသော ဇော့်အတွက် အကြင်နာငွေ့လေးများ နှလုံးအိမ်မှာဖြတ်သန်း၏။

ကိုမင်းလတ်နှင့်ပတ်သက်၍လည်းအပူအေးရပါပြီ၊ ဘာပဲဖြစ်ဖြစ် သူအသက်ရှင်လျက် ရှိနေသည်ဆိုခြင်းအတွက် ဝမ်းသာရပါပြီ၊ သူရန်ကုန်ရောက်လာပါစေ၊ တခါတည်းဖြေရှင်းလိုက်ပစ်ချင်ပါ၏။

ဇော်ကတော့ မဆုံတွေ့ချင်ရှာ။

ကိုမင်းလတ်နှင့်ပတ်သက်ခဲ့စဉ်က ဇော်သည်သူ့ဘဝ သူ့အသက်နှင့် ဆက်လဲပေးရဲသော သတ္တိများဖြင့် မငြိမ်းသာ၏ရှေ့မှာ သူရပ်ခဲ့ရှာ၏။

"ဩော်. . ဇော်ရယ်. ."





## အခန်း (၃၄)

"ဦးကိုတွေ့ချင်တယ်ဆိုလို့ လာခဲ့တာ ဘာကိစ္စများရှိသလဲ မငြိမ်းသာ"

တိုယိုတာ ကရိုလာဂျီအယ်လ် သပြေညိုရောင်ပေါ်မှ ဆင်းလိုက်ပြီး တင်းမာလုနီးနီး တည်ငြိမ်နေသော မျက်နှာနှင့် ဦးအောင်ဇံက မေးလာသည်။

"အထဲဝင်ထိုင်ပါဦး ခဏလောက်အေးအေးဆေးဆေး ဆွေးနွေးပါရစေ"

ဦးအောင်ဇံက တိုက်ပုံအကျီနက်ပြာ အပြာကွက်ကြီးနှင့် ဘန်ကောက်လုံချည် ကော်လံကတုံး အကျီအဖြူတို့ ဝတ်ဆင်လျက် တည်ကြည်ခန့်ငြားသော ဥပဓိရုပ်ကို ပိုင်ဆိုင်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းဆိုဖာပေါ်တွင် ထိုင်ပြီးသည်နှင့် . .

"အင်း . . ဒီအိမ်ပြန်ရောက်လာရတာ စိတ်မကောင်း သိပ်ဖြစ်တယ်၊ မောင်ဦးဟာ မသေသင့်တဲ့ အချိန်မှာ သေသွားရရှာတယ်"

"ဟုတ်ပါတယ် ဦး အဲဒီကိစ္စအတွက်ပဲ ဦးကို တွေ့ချင်တာပါ"

"ပြောပါ"

"မောင်ဟာ ဦးပြောသလို မသေသင့်တဲ့ အချိန်မှာ တစ်စုံတစ်ယောက်ရဲ့ ပယောဂနဲ့ သေသွားခဲ့ရတာ ဖြစ်တယ်"

"အေးလေ၊ ဦးလဲ ဒီလိုပဲ သံသယရှိခဲ့လို့ ကမာရွတ် စခန်း ကိုတောင်လှမ်းပြီး အမှုဖွင့်ခဲ့သေးတာပဲ၊ မောင်ဦးဟာ နှလုံးရောဂါနဲ့ သေဆုံးတာပါဆိုတဲ့ ဆေး အစီရင်ခံစာအရ ဒီအမှုလဲ ပိတ်သွားခဲ့တယ်၊ မငြိမ်း သာနဲ့ ဦးတို့နဲ့လဲ အဆက်အသွယ် ပြတ်သွားခဲ့ကြ တယ်လေ"

"ဦးရယ် ငြိမ်းသာမက်မောမြတ်နိုးတာ မောင့်ကိုပါ မောင့်ပစ္စည်းတွေမဟုတ်ပါဘူး၊ ဒါကြောင့် မောင် ထားခဲ့တဲ့ ပစ္စည်းဟူသမျှတစ်ပြားတစ်ချပ်မှ အခုချိန်ထိ ငြိမ်းသာ မသုံးဖူးခဲ့သေးပါဘူးရှင်၊ တစ်ခုပဲရှိပါတယ်





ငြိမ်းသာတို့ ချစ်သူဘဝက ငွေစုစာအုပ် လုပ်ပေးခဲ့တဲ့ ငွေတစ်သောင်းကိုပဲ မြစ်ကြီးနား မသွားခင် ထုတ်ပြီး လမ်းစရိတ်၊ ပစ္စည်းဝယ်စရိတ်တွေ လုပ်သွားခဲ့ပါတယ် မယုံရင် အားလုံးစစ်ဆေးကြည့်နိုင်ပါတယ်၊ ဒီအိမ်မှာလဲ ခဏလာတည်းရုံပါ"

"အလိုအပ်ဘူးလေကွယ်၊ အမှန်တော့ လင်သေရင် မယားပိုင်ပါတယ်၊ မောင်ဦးနဲ့မငြိမ်းသာဟာ ပြောရစေတော့ အတူမနေရသေးတာကလွဲလို့ တရားဝင် စာချုပ်မှာ လက်မှတ်ထိုးပြီးပြီ၊ မင်္ဂလာဧည့်ခံပွဲ ကျင်းပပြီးပြီ၊ ဒါကြောင့် မငြိမ်းသာပိုင်ဆိုင်တဲ့ပစ္စည်းကို ဦးတို့ ပါဝင်စွက်ဖက်ခွင့် မရှိပါဘူး၊ အို . . ငိုနေတယ်လား၊ ဦးစကားမှာ အမှားများပါသလား မငြိမ်းသာ"

"မပါပါဘူး၊ မပါပါဘူးဦးရယ်၊ မောင့်ကို သနားလွန်းလို့ပါ နှမြောလွန်းလို့ပါ"

မငြိမ်းသာ စကားမဆက်နိုင်ပဲ ငိုရှိုက်နေသဖြင့် ဦးအောင်ဇံ ည်း သက်ပြင်းရှိုက်ယင်း ငြိမ်နေလိုက်သည်။

ပထမတော့ မငြိမ်းသာကိုယ်တိုင်များ မသမာစိတ်နဲ့ သူ့ ကို သေစေအောင် လုပ်ဆောင်ခဲ့သလားဟု သံသယရှိခဲ့မိ ည်။ ယခုအချိန်အထိ ပစ္စည်းများကိုမက်မောစွာ သုံးစွဲနေခြင်း မကဲ 'သူ့ခင်ပွန်းအတွက် သောကမျက်ရည် မစဲသေးကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့ရတော့ ဦးအောင်ဇံ၏ ရင်တွင်း၌ရှိနေသော သံသ စိတ် အစိတ်အပိုင်းများ အားလုံး ကြေပျက်သွားခဲ့ပါပြီ။

"အခု မငြိမ်းသာ ဦးကို ပြောချင်တာ ဘာလဲ၊ ဦးသေ ဘာကူညီရမလဲ"

ဒေါက်တာမငြိမ်းသာသည် အံကိုကြိတ်၍ စိတ်ကိုတင်း လိုက်သည်။ ရရှိသော အချိန်ကလေးအတွင်းမှာ အပြတ်ရှင်း ဖြစ်တော့မည်။

"ဒီလိုပါ ဦး"

မျက်ရည်စက်တို့ကို လက်ကိုင်ပဝါဖြင့် ကုန်စင်အောင် သုတ်ပစ်လိုက်ပြီး. . .

"မောင်ဟာ ရိုးရိုးသေတာမဟုတ်ပါဘူး"

"ဟင်"

"ဦးထင်တဲ့ အတိုင်းပဲ တစ်စုံတစ်ယောက်ရဲ့သေ ကြောင်းကြံစည်မှုကြောင့် သေဆုံးသွားရတာပါ"

"ဟင်. . အဲဒါ ဘယ်လိုလုပ်သိလဲ ဘယ်တုန်းက သိ တာလဲ"

"သိတာတော့ ကြာခဲ့ပါပြီ"

"ဒါနဲ့ ဘာလို့ရဲကို မတိုင်တာလဲ"

"အကြောင်းရှိပါတယ်ဦး သေကြောင်းကြံသူဟာ ငြိမ်း သာရဲ့ အဖေလို့ ထင်ခဲ့မိလို့"





"ဟာ"

"ဒါပေမယ့် မဟုတ်ရှာပါဘူးရှင်၊ အဖြစ်ကဒီလိုပါ"

ဒေါက်တာမငြိမ်းသာမှာ အစမှ အဆုံးတိုင် ပြောပြလိုက်မိ သည်။

ဦးအောင်ဇံသည် အလွန့်အလွန် ချင့်ချိန်စဉ်းစားသော မျက်နှာထားဖြင့်. . .

"လက်ဖွဲ့ပစ္စည်းထဲမှာ မြွေထည့်သူနဲ့ ညဘက် ခြောက် လှန့်သူဟာ တစ်ဦးတည်း တစ်ယောက်တည်းဖြစ်ရ မယ်မငြိမ်းသာ"

"ငြိမ်းသာလဲ ဒီအတိုင်းပဲ ထင်ပါတယ်ရှင်"

"အင်း. . မင်းတို့နှစ်ယောက်လုံးကို သေစေချင်တယ် ဆိုတဲ့ကိစ္စကတော့ နည်းနည်းဆန်းနေတယ်"

"ရှင်. ."

"မငြိမ်းသာတို့ နှစ်ယောက်သေရင် အမွေဘယ်သူရမ လဲဆိုတာ အရင်စဉ်းစားရမှာကို"

"အဖေတော့ မဟုတ်နိုင်ပါဘူးရှင်၊ အဖေဟာဒီ လောက်အထိဉာဏ်မသွားပါဘူး"

"ဒီအတိုင်းသာဆိုဦးတို့ဘက်ကပဲ ဖြစ်နိုင်စရာရှိနေပြီ မငြိမ်းသာရေ"

"ဦးတို့ အဲ့ဒီညက ပဲခူးမှာအိပ်ကြတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အဲဒါကိုစဉ်းစားနေတာ၊ ဟိုနှစ်ကောင်
တော့'ကိုဇင်မောင်'တို့ အိမ်က ထမင်းကျွေးလို့ အဲဒီ
ညက ဦးနဲ့အတူရှိနေကြတယ်၊ ကိုလှဒွေးကိုတော့
မမြင်ပါဘူး"

"သူ. . သူများလားဦးရယ်"

"ဒီလိုပြောလို့ မရသေးဘူးလေ၊ ဖြစ်နိုင်ချေရှိတာ
စဉ်းစားကြရတာပါ"

"ဟုတ်တယ် ဦးလှဒွေးဟာ မောင်နဲ့အရင်းနှီးဆုံး အသူ
နေသူပဲ၊ ပြီးတော့လောကနတ်ရုပ်ဟာလဲ သူနောက်
ဆုံး ကိုင်ပြီးပျောက်သွားတာ"

"ကဲ. . မငြိမ်းသာ ဦးတို့ ဒီလိုဟိုတွေးသည်တွေး
နေလို့ အလကားအချိန်ကုန်ရုံပဲ ဥပဒေပညာရှင်
ယောက်နဲ့ တိုင်ပင်မယ်၊ ပြီးရင် ရဲကိုတရားဝင်အမှု
ကြရအောင် ငြိမ်းသာ သံသယရှိသူအပေါင်းကိုခေါ်
ပြီးစစ်ပါစေလေ"

"ငြိမ်းသာဘယ်သူတွေကို လက်ညှိုးထိုးပြီးပြောရမှာ
ရှင် အဖေပါပါနေမလား"

"သူတို့စစ်သင့်တယ်ထင်ရင်တော့ စစ်မှာပါ၊ ဦးအ
အဝင် ဟိုဘက်က ဦးသိန်းဖေ ဒေါ်လေးမြနဲ့ ကော
လေးတွေ ဦးတို့ဘက်ကဦးကိုယ်တိုင်နဲ့ မင်းမြတ်





မောင့် ကိုလှဒွေးတို့အပြင် မောင်ဦးရဲ့သူငယ်ချင်းတွေ
ထဲကလဲစစ်သင့်တယ်လို့ထင်တဲ့လူကို စစ်ဆေးရမှာပဲ
မငြိမ်းသာ"

"ကောင်းပါပြီဦးရယ်၊ ဒီလောက်အကြံပက်စက်တဲ့လူ
ရက်စက်တဲ့လူကို ငြိမ်းသာလဲ သိချင်လှပါပြီရှင်"

"အင်း. . ဟိုကောင်တွေ မင်းလတ်ဆိုတဲ့လူကို လွှတ်
တဲ့အကြောင်းလဲ ဦးလေးဘာမှမသိရသေးဘူး၊ အခု
မင်းမောင်ပါလာတာ အတော်ပဲ တစ်ခါထဲဖြေရှင်းလို့
ရသွားတာပေါ့"

"ကိုမင်းလတ်လဲ ဒီနေ့နက်ဖြန်လောက် ရန်ကုန်ပြန်
ရောက် ရောပေါ့"

"အင်း. . မင်းမောင်နဲ့သူတို့ချင်းတော့ အဆက်အ
သွယ်ရှိကြမှာပေါ့"

"ဟုတ်ကဲ့ဦးရယ် ငြိမ်းသာလဲခွင့်ကုန်ရင် မြစ်ကြီးနား
ကို ပြန်ရတော့မှာ ငြိမ်းသာမပြန်ခင် အားလုံးရှင်းလင်း
သွားချင်ပါတယ်"

"ဦးလဲဒီမှာ ကြာကြာနေဖို့ အစီအစဉ်မရှိပါဘူး ဒါပေ
မယ့် ဒီကိစ္စတော့ ပြတ်အောင်ရှင်းသွားမယ်"

"ကျေးဇူးပါပဲဦးရယ်"

ဦးအောင်ဇံသည် ပြန်ရန်မတ်တပ်ရပ်ပြီးမှ တစ်စုံတစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားမိသလို တွေ့ရှိရပ်ရင်းက. . .

"လောကနတ်ရုပ်နဲ့ပတ်သက်ပြီး ဦးတွေးမိလာတာတခု ရှိတယ်"

"ဘာများပါလဲဦး"

"ဦးတို့ရဲ့ဘကြီး မင်းမောင်မင်းမြတ်နဲ့ မောင်ဦးတို့ရဲ့ အဘိုး 'ဦးဘရှိုး' ဆိုတဲ့ ဘုရားဒါယိကာကြီးရှိတယ် သိပ်ချမ်းသာတယ် အဲဒီကအမွေတွေပေါ့၊ မင်းမောင် တို့အဖေလက်ထက်ကလဲ မလိမ္မာ၊ သားတွေကလဲဒီ လို့ မောင်ဦးလိုပစ္စည်းမကျန်တာ"

"ဟုတ်ကဲ့"

"အင်း အဲဒီဦးဘရှိုးရဲ့ ဘိုးဘွားပိုင် ပတ္တမြားနဲ့နီလာအချို့ ရှိတယ်၊ တစ်နေရာမှာသိမ်းထားတယ်အမွေခွဲတဲ့အ ထဲမှာ မပါဘူး လှူဖို့သိမ်းထားတာဆိုလား ကြားမိ တယ်။အဲဒီရတနာတွေ အဲဒီအ ရုပ်ထဲမှာ ရှိမယ်လို့ သူတို့ထင်လို့ဖြစ်လိမ့်မယ်"

"ငြိမ်းသာတော့ မတွေးတတ်တော့ပါဘူးဦးရယ်"

"ဟုတ်တယ် ဒါပဲဖြစ်ရမယ် ဒီတိုက်ရဲ့တစ်နေရာမှာ နေမှာပဲ မငြိမ်းသာရှာလိုက်ဦးလေ"

"အမလေး မရှာပါရစေနဲ့ဦးရယ် ကိုမင်းမောင်တို့ လာရှာပြီး ယူသွားကြပါ။ သူတို့ရဲ့ အဘိုးပစ္စည်းဆိုတော့





သူတို့ယူကြပါ၊ ငြိမ်းသာဘာမှလဲ မလိုချင်တော့ပါဘူး၊ မောင်ထားခဲ့တာတွေတောင် မသုံးရဲ မသုံးရက်ခဲ့ပါဘူး ရှင် နောက်ထပ်လဲ ဘာမှမလိုချင်တော့ပါဘူး"

ဦးအောင်ဇံသည် မငြိမ်းသာ၏ လောဘမဲ့သဏ္ဌာရမရှိ သော အရိုးခံမျက်နှာလေးကို နောင်တစိတ်ဖြင့် စိုက်ကြည့်လာ ပြီး. . .

"ဟိုတုန်းကမငြိမ်းသာအပေါ်မှာ ဦးအထင်မှားခဲ့မိတာ ခွင့်လွှတ်ပါကွယ်၊ ဦးရော မငြိမ်းသာရဲ့သံသယစာရင်း ထဲမှာ ပါနေသလားဟင်"

"ငြိမ်းသာဘယ်သူ့ကိုမှ မထင်တတ်ဘူး၊ ငြိမ်းသာကို သာ ထိုက်ထိုက်တန်တန် ကူညီပေးပါဦးရယ်"

"ကောင်းပြီမငြိမ်းသာ စိတ်ချ၊ ဦးအားလုံးစီစဉ်ဆောင် ရွက်ပြီးရင် မငြိမ်းသာ ဆီကို ပြန်လာခဲ့ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

"ဟော. . မငြိမ်းသာ ဘယ်ကပြန်လာတာလဲဗျာ. . ကျွန်တော်လိုက်ပို့မှာပေါ့"

"ဒီဘက်အင်းလျားလမ်းထိပ်ကပြန်လာတာပါ၊ အဒေ့ ကိုကားငှားပေးရတာလေ မသွားပါနဲ့ဆိုလဲ ပြောမရဘူး"

"သူလဲ ရန်ကုန်ပြန်လာရတာ ပျော်နေပုံရပါတယ်. . ကျွန်တော့် ခဏလေးစောင့်ရောပေါ့ဗျာ၊ ကျွန်တော် လိုက်ပို့မှာပေါ့"

"နေပါစေ ကိုဥက္ကာ ညနေကျရင် ဟိုက တစ်ယောက် ယောက် လိုက်ပို့ခိုင်းပါ၊ အငှားကားနဲ့ ပြန်လာပါလို့





အသေအချာ မှာလိုက်တာပဲ၊ ကျောက်မြောင်းမှာ သူ့ တူမတစ်ယောက်ရှိတယ်၊ အဲဒီအိမ်ကို သွားချင်လို့တဲ့"

"မငြိမ်းသာ သွားချင်တဲ့နေရာရှိရင်လဲ ကျွန်တော့်ကို ခိုင်းပါလိုက်ပို့ပါ့မယ်"

"ရပါတယ် ကိုဥက္ကာ ကျေးဇူးပါပဲ"

သည်မျှသာပြောပြီး အိမ်တွင်းဝင်လာခဲ့သည်။ ကိုဥက္ကာက သူ့ပါဗလိကာ ကားကို ဖုန်သုတ်ရင်းကျန်ရစ်၏။

ဟိုဘက်ခြံ၌ မိထွေး ဒေါ်လေးမြရှိနေ၍ သူအတူမနေချင်သဖြင့် သည်ဘက်အိမ်မှာပင် နေနေသည်။

ဦးလေးက တောင်းပန်ထား၍ ကိုဥက္ကာကို မနေစေချင်ကြောင်း အမူအယာပင်ပြ၍မဖြစ်၊ မငြိမ်းသာ၏ အသက်နှင့်နီးပါးအမျှ ဦးလေးတို့၏ ခြံနောက်ဘက်တွင်နေထိုင်ခဲ့ရသည့် ကျေးဇူးက မငြိမ်းသာ၏ ယခုဘဝ နေရမည့်ကာလများနှင့်ပင် ဆက်၍ ကုန်နိုင်စရာမရှိပါ။

ဆရာဝန်ဟူသော ဘွဲ့ရရှိခဲ့သည်မှာလည်း ဦးလေး၏ ကျေးဇူးပါပင်။

"မငြိမ်းသာ ခေါက်ဆွဲကြော် စားရအောင်"

"စား. . စား ကိုဥက္ကာ"

"မဟုတ်ဘူး နှစ်ထုပ်တောင် ဝယ်လာတာ၊ လာပါဗျ နည်းနည်းဖြစ်ဖြစ် စားပါဦး၊ ကျွန်တော်တော့ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



မနက်စာ အပြီးပဲ”

“ဟုတ်ပါရဲ့ ကိုဥက္ကာရယ်၊ ကိုယ့်အိမ်ဆိုပေမယ့် မငြိမ်းသာကိုယ်တိုင်လဲ ဧည့်သည်လို ဖြစ်နေလို့ ကိုဥက္ကာကိုဘာမှ ဧည့်ဝတ်မကျေဘူး ဖြစ်နေပါတယ်”

“မဟုတ်သေးဘူး မငြိမ်းသာရဲ့ ဒီတိုက်ကတော့ မငြိမ်းသာ တိုက်ပေါ့လေ၊ ဒါပေမယ့် မငြိမ်းသာက မြစ်ကြီးနားက လာတာ၊ ကျွန်တော်က ဖေဖေ့ရဲ့ သားတစ်ယောက်အနေနဲ့ဆိုရင် ကျွန်တော်ကတောင် အိမ်ခံလိုဖြစ်နေမလားဘဲ”

သူက ရယ်ရွှင်ပြုံးစွာ ပြောလာတော့ မငြိမ်းသာလည်း လူမှုရေးအရ ပြုံးပြရပါသည်။ ရင်ထဲတွင်ဖြင့် ပြဿနာပေါင်းစုံနှင့် ရှုပ်ထွေးနေဆဲပါ။

“လာပါ စားပါဦး”

“တကယ် မဆာလို့ပါ ကိုဥက္ကာ”

“ဟုတ်ပြီ ဒါဖြင့် ပန်းကန်ထဲထည့်ထားလိုက်မယ် ဆာတော့ ယူစားနော်”

“ဟုတ်ကဲ့ပါ ကိုဥက္ကာ”

သူသည် ပကတိ ရိုးသားဖြူစင်၏။

မငြိမ်းသာကို ကြည့်ပုံကိုက သန့်စင်နေသည်။

မငြိမ်းသာကိုပင်လျှင် ဤပြဿနာ တင်ပြလာပြီးမှတော့





ကိုဥက္ကာကို ဦးလေးသိန်းပြောပြီး လောက်ပါပြီ။

မငြိမ်းသာ ခေါင်းညိတ်လျှင် သူနှင့် လက်ထပ်ရမည့် မိန်းတလေးဖြစ်လာမည်ဟူ၍ တပ်မက်မျှော်လင့် စိတ်နှင့် မငြိမ်းသာ အထင်ကြီးစွာ ခေါင်းညိတ်လာအောင်လည်း သူဘာတွေကိုမှ မကြိုးစားပါ၊ ရိုးသားစွာ ခင်မင်သော မိတ်ဆွေတစ်ဦးအဖြစ်မျှ လောက်သာ သူ ဆက်ဆံရှာသည်။

ဘာပဲဖြစ်ဖြစ် ဤတိုက်အတွင်းဝယ် သူနှင့် မငြိမ်းသာနှစ်ယောက်တည်းဖြင့် ကြာရှည်မနေသင့်ပါ၍. . .

“ငြိမ်းသာ ဟိုဘက်ခြံ ခဏသွားလိုက်ဦးမယ်နော် ကိုဥက္ကာ”

“ဟုတ်ကဲ့ သွားပါ မငြိမ်းသာ ကျွန်တော် ဘယ်မှသွားစရာမရှိပါဘူး၊ ကျွန်တော် စောင့်နေပါ့မယ်”

နှစ်ကိုယ်တည်းရရှိသော အခွင့်အရေးပါလားဟူ၍လည်း အသုံးမချရှာပါ။

ကိုဥက္ကာကို လေးစားစိတ်များနှင့် နှုတ်ဆက်ပြီး မငြိမ်းသာ ဟိုဘက်ခြံကူးလာခဲ့သည်။ ခြံနှစ်ခြံမှာ ဟိုယခင်ကတည်းက အတိုင်းသံဆူးကြိုးများကြားမှ သွား၍လာ၍ရအောင် အပေါက်တစ်ပေါက် ရှိနေပြီးသားပါ။

“ငါ့တူမဆီလဲ ဧည့်ကောင်းစောင်ကောင်းတွေ ရောက်နေလို့ ထင်ပါရဲ့ကွယ်၊ ဒေါ်လေးနဲ့တောင် စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောချိန်မရတော့ဘူး"

ဒေါ်အေးမြက စကားနာထိုးသည်။

ကိုဥက္ကာအား လက်ခံထားခြင်းကို သူရည်ညွှန်း၏။

မငြိမ်းသာ ဘာမှ မချေပတော့ပါ။ ဦးအောင်ဇံ ဆက်သွယ်လာမည့် အချိန်ကိုသာ ဆန္ဒစောစွာ စောင့်မျှော်နေမိသည်။

"နေပါဦး ဦးတင့်နဲ့တောင် ပြောပြီးဆိုပြီးကြပြီဆို. . ဒေါ်လေးတောင် ဘာမှလဲ မသိရသေးပါလား ငါ့တူမရဲ့ ဟင်"

"အပြစ်တင် မစောပါနဲ့ ဒေါ်လေးမြရယ်၊ ဦးလေးနဲ့အဖေနဲ့ သူ့ဟာသူ ပြောနေကြတာပါ၊ ငြိမ်းသာ ခေါင်းမညိတ်နိုင်ပါဘူး။စိတ်ထဲမှာ မောင့်ကို အလွမ်းတောင် မပြေသေးဘူး၊ မောင့်တိုက်ပေါ်မှာလဲ တစ်ခြားတစ်ယောက်နဲ့ ငြိမ်းသာ မနေရက်ပါဘူး၊ ကိုဥက္ကာကိုငြိမ်းသာ ငြင်းမှာပါ"

"အသေအချာတော့ စဉ်းစားဦးလေ၊ ကောင်လေးက မဆိုးပါဘူး၊ သူ့အဖေက ကကဲဆက်နေတာ၊ ပြီးတော့ဒေါ်လေးက သူပေးသမျှသာ သုံးရတာလေ သိတဲ့အတိုင်း"

ဒေါ်အေးမြက နာကျည်းသလို ပြောလိုက်ပြီး. . .

"သူ့အမေ သေတော့လဲပစ္စည်းတွေအများကြီးကိုထား





ခဲ့တာတဲ့၊ သူ့အဖေရှာသမျှရော သူ့အတိုး အဘွား ပိုင်တာတွေရော မောင်ဥက္ကာပဲ ရမှာတဲ့၊ ငါ့တူမလေးဟာသူဌေးကတော်ဖြစ်မယ့် ဇာတာကိုပါတယ် ထင်ပါရဲ့ကွယ်၊ တစ်ယောက်ပြီးတစ်ယောက်သူဌေးတွေချည်း"

"တော်ပါတော့. . . တော်ပါတော့ ဒေါ်လေးရယ် အသည်းနှလုံးနဲ့လဲပြီးမှ ရတဲ့ငွေတွေ ဘဝနဲ့လဲပြီးမှရတဲ့ ရတနာတွေ ဘာလုပ်ဖို့လဲ ရှင်"

မငြိမ်းသာ၏မျက်ဝန်းမှာ မျက်ရည်တို့ စိမ့်အိုင်စိုပြည့်လာသဖြင့် ဒေါ်အေးမြလည်း စိတ်မကောင်းဖြစ်သွားပြီး ဘာစကားမှဆက်၍ မပြောရှာတော့ပါ။

မငြိမ်းသာပင်လျှင် စိတ်ကိုပြင်၍ ကျေးဇူးရှင် ဒေါ်လေးမြတို့တခြားသော စကားများ ပြောကြားလိုက်ရပါ၏။

"ဒေါ်လေးစကားတစ်ခွန်းတော့ပြောချင်တယ် ဒီစကားကို ဒီတစ်ကြိမ်ပဲ ပြောမယ်၊ငါ့တူမလက်ခံမှာလား"

"ကိုယ့်တူမပဲ ဒေါ်လေးရယ် ငါပြောတာ နားထောင်စမ်းဆိုပြီး ရိုက်ပြောတောင် ရပါတယ်"

"ဒါဆို ပြောမယ်၊ မငြိမ်းသာဟာ ငယ်ငယ်လေးရှိသေးတယ်လေ တကယ်လို့ လက်ထပ်မယ်လို့ စိတ်ကူးရှိခဲ့ရင် မောင်ဥက္ကာကိုပဲ ယူပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ ဒေါ်လေး၊ အချစ်မပါတဲ့ လူမှုရေးထောင့်က အိမ်ထောင်သားမွေး သက်သက်ပဲဆိုယင်တော့ ကိုဥက္ကာကို ငြိမ်းသာ လက်ထပ်ဖြစ်ပါလိမ့်မယ်"

"ဟဲ့ . . . တကယ်လား"

"ဩော် . . . တကယ်ပေါ့၊ ကိုဥက္ကာက ထီးလိုမင်းလိုမင်းလေ၊ ဦးလေးသိန်း၊ အဖေနဲ့ ဒေါ်လေးမြကပါ ငြိမ်းသာကိုသူ့ရဲ့မဟေသီ ဖြစ်စေချင်နေကြတာကိုး ဒေါ်လေးရဲ့"

"တကယ်ယူမှာလား"

"ယောကျ်ားယူဖို့ စောစောကအတိုင်း စိတ်ကူးရင် ယူမယ် ဒေါ်လေး၊ ဒါပေမယ့် အဲဒါ ဆယ်နှစ်လောက်ကြာချင်ကြာမှာနော်၊ မပြောနိုင်ဘူး"

"ပြက်ချော်ချော် ပြောမနေနဲ့ ငြိမ်းသာ ဦးတင့်က ဒေါ်လေးကိုပြောလို့ ဒေါ်လေးတောင် စိတ်ပူနေတာ၊ သူ့ကြောင့်မောင်ဥက္ကာနဲ့ ယူဖို့တိုက်တွန်းနေရတာ"

"ဟင် . . . အဖေက ဘာပြောလို့လဲ"

"အလုပ်မရှိ အကိုင်မရှိတဲ့ ဇော်ဆိုတဲ့ ကောင်လေးနဲ့ ငြိမ်းသာ ကြိုက်နေကြပြီဆို"

"ဟာ ဒုက္ခပါပဲ အဲဒီ အဖေတစ်ယောက်ဟာလေ"





"နို့ မဟုတ်ဘူးလား"

"ဘယ်က ဟုတ်ရမှာလဲ ဒေါ်လေးရဲ့"

"မနေ့ကပဲ ဇော်ဝင်းဆွေ မြစ်ကြီးနားဆိုပြီး စာတစ်စောင်လူကြုံလာပေးသေးတယ်လေ၊ စာကလဲ အထူကြီး"

"အဲဒါ ကိစ္စရှိလို့ပါ"

"ကြိုက်နေကြတယ်ဆိုတာ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး ငြိမ်းသာ မကြိုက်ပါဘူး၊ သူကတော့လူငယ်လေး မဟုတ်လား၊ မငြိမ်းသာကို နှစ်နှစ်ကာကာ ချစ်နေရှာတယ်"

"ကိုယ့်ထက်ငယ်တဲ့ လူတော့ မစဉ်းစားနဲ့ ငြိမ်းသာရေ ကိုယ်ကပဲ တစ်သက်လုံး အလိုလိုက်နေနိုင်မှ ယောကျ်ားတွေဆိုတာလဲ သိတဲ့အတိုင်း"

ဒေါ်လေးမြကလည်း သူ့အတွေ့အကြုံအရ သူ့ခံယူချက် အဘိဓမ္မာကို ဖွင့်ဆိုသည်။

ပေါင်းသင်းခြင်း၏ ဟိုဘက်ပိုင်းကိုတော့ မငြိမ်းသာကျော်ပြီး မတွေးတတ်နိုင်ခဲ့။

ယခုကြုံတွေ့သမျှထဲမှာဖြင့် မောင့်အချစ်ထက် မလျော့နည်းပဲ စွန့်စားရဲသော အချစ်များဖြင့် ဇော်လည်း မငြိမ်းသာကို ချစ်ရှာပါသည်။ မငြိမ်းသာကသာ ပြန်လည်ချစ်နိုင်စွမ်းသော



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားမရှိ ရင်ထဲမှာကွဲကြေကာ တစ်စစီ ပျံ့ကျဲနေသည်ဟု ခံယူထားပါသည်။

ဇော်ကို ပြန်မချစ်နိုင်သော်လည်း ဇော်၏ အချစ်ကိုပြင်း လက်ခံနိုင်သည့် အဆင့်သို့ ရောက်နေပြီဖြစ်ကြောင်း ယခု ခွဲခွာလာရကာမှ မငြိမ်းသာ သိလာရပါ၏။

ဒါပေမယ့် ကျေးဇူးရှင်သုံးဦး ကြည်ဖြူသူက ကိုဥက္ကာပါ၊ မငြိမ်းသာ လက်ထပ်သင့်သူက ကိုဥက္ကာရယ်ပါတဲ့လေ. . .။





## အခန်း (၃၆)

ကိုမင်းလတ်ကို ပြန်လည်မြင်တွေ့လိုက်သဖြင့် ဒေါက်တာ ငြိမ်းသာ နှလုံးခုန်နှုန်း မြန်လာအောင် စိတ်လှုပ်ရှားမိသည်။

မယုံနိုင်အောင်လည်း အံ့ဩရပါပြီ. . .

မြစ်ကြီးနားမြို့သို့ ရောက်လာစဉ်က ရုပ်ရည်နှင့် တခြားစီ၊ လှီညှိုးလျော်ကာ စိတ်ဓာတ်ပါ ကျဆင်းနေကြောင်း မြင်ရုံ သိသာနိုင်ပါ၏။

"ကဲ. . . ကိုမင်းလတ် ခင်ဗျားကိုယ်တိုင်ပဲ ဒေါက်တာ မငြိမ်းသာကို တောင်းပန်လိုက်တော့ဗျာ၊ ခင်ဗျားဘာ တွေလျှောက်လုပ်နေမှန်း ကျွန်တော်တို့လဲ ဘာမှကို သိရတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းမောင်ကစိတ်ပျက်ခြင်းကြီးစွာဖြင့် စကားစ
သည်။

ကိုမင်းလတ်မှာ မြစ်ကြီးနားလေဆိပ်တွင် ဆုံရစဥ်က
အိုင်တင်အပြည့်နှင့် မဟုတ်တော့၊ သူငြိမ်နေ၍. . .

"ကျွန်မ ဖော့ ဆီက စာရပါတယ်၊ ကိုမင်းလတ်ကို
သွားပြီတဲ့. . . ဒီတော့မှ စိတ်အေးရတယ်၊ ကျွန်မ
ဒုက္ခပေးလိုက်တာရှင်"

"ခင်ဗျားရဲ့ဖော်ကလဲ အတော်တွယ်ထည့်လိုက်တာ"

သူ့စကားအတွက် လူအားလုံးသို့ အရှက်မျက်နှာ
မငြိမ်းသာမလုံမလဲကြည့်မိသည်။ အားလုံး၏ အာရုံက ကို
လတ်ထံမှာသာ။

"အဲဒီအတွက် ကျွန်မကပဲ တောင်းပန်ပါတယ်၊
ဖော်တို့မိသားစုလဲ ပြေလည်လာကြပါတယ်ဆို
စရိတ်တောင်ပေးလိုက်သေးတယ် မဟုတ်လား"

သူ့ကိစ္စကို ကြိုသိနှင့်နေသဖြင့် သူက အရှက်ရဟန်
ခေါင်းငုံ့ထား၏။

"ကဲ. . . အကြောင်းစုံ ပြောပြလိုက်လေဗျာ"

ခေတ္တမျှ ငြိမ်နေပြီးကာမှ ကိုမင်းလတ်က. . .

"ဒီလိုဗျ၊ ကျွန်တော့် အစ်ကိုလဲ ထောင်ကျသွား
ဘာလုပ်လို့ လုပ်ရမှန်းမသိတဲ့ အချိန် မိုးကုတ်





ဘာမှ အရောင်းအဝယ်မဖြစ်တော့ မော်လမြိုင်က
ကျွန်တော့်သူငယ်ချင်းနဲ့တွေ့ပြီး အကြံညာဏ်တောင်း
မိတယ်၊ ဒီတော့ သူက မြစ်ကြီးနားမှာ 'အစိမ်း'ကိုင်
ရင်ဖြစ်နိုင်တယ်လို့ အကြံညာဏ်ရတာနဲ့ ကချင်မြေ
ကို သွားချင်နေခဲ့ပါတယ်"

"အဲဒီအချိန်မှာ ကိုမင်းမောင်နဲ့ တွေ့နေကျ အတိုင်း
နေရင်းနဲ့ ကိုကျော်ဇောဦးနဲ့ မငြိမ်းသာတို့ရဲ့ အ
ကြောင်းသိခွင့်ရခဲ့ပါတယ်"

"အဲဒီအချိန်ကမငြိမ်းသာဟာ သိပ်လည်တဲ့ဆရာဝန်
ယောက်ျားကို မင်္ဂလာဦးညမှာသတ်ပြီး ပစ္စည်းတွေ
ကိုအပိုင်စီးသွားတယ်လို့ထင်ပြီး ကိုယ်နဲ့ဘာမှမဆိုင်
ပဲ ရွံ့မုန်းနေခဲမိတာ အမှန်ပါ"

"ကိုမင်းမောင်ကတော့ မှာလိုက်ရှာပါတယ်၊ ကိုကျော်
ဇောဦးရဲ့အမွေဟာ တို့နဲ့ဘာမှမဆိုင်ဘူး တို့နဲ့ဆိုင်တာ
တစ်ခုရှိတယ်၊ တို့အဘိုးရဲ့ရတနာတချို့ လောကနတ်
ရုပ်ထဲမှာ လျှို့ဝှက်မြှုပ်နှံထားတာရှိတယ်တဲ့"

ကိုမင်းလတ်က စကားကိုခဏနားလိုက်ပြီးမှ. . .

"အဲဒီကိစ္စကို ကိုကျော်ဇောဦးသိချင်လဲသိမယ်၊ မသိ
ချင်လဲမသိဘူး၊ ဘာပဲဖြစ်ဖြစ် အဲဒီနတ်ရုပ် ဘယ်မှာ
ထားသလဲလို့ ခင်ဗျားနည်းခင်ဗျားဟန်နဲ့မေး အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



နတ်ရုပ်ပြန်ရရင် ခင်ဗျားကို ငွေနှစ်ထောင်ပေးမယ် အထဲမှာ ရတနာရှိနေခဲ့ရင် ငွေတစ်သောင်းပေးမယ်လို့ ပြောခဲ့ပါတယ်"

"ကိုမင်းလတ်နဲ့ကိုမင်းမြတ်က အဲဒီကိစ္စအတွက် သတ်သက် လွှတ်လိုက်တာမဟုတ်ပါဘူး၊ ကျွန်တော့် စီးပွားရေးကိစ္စနဲ့ ကျွန်တော်သွားရင်း လူကြုံခိုင်းလိုက်တဲ့ သဘောပါပဲ"

"ဒါနဲ့များ မင်းမငြိမ်းသာဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်အောင်သွားသေးတယ်နော်"

ဦးအောင်ဇံကကြားဖြတ်ဝင်ပြောလိုက်၏။

"တခြားလဲတည်းစရာမရှိဘူး၊ အင်း . . အမှန်အတိုင်း ဝန်ခံရရင်တော့ သိပ်ချမ်းသာနေပြီဟိုမှာပစ္စည်းတွေ အတော် ရှိနေပြီလို့ ထင်ခဲ့လို့ မငြိမ်းသာ အိမ်မှာ တည်းပြီး တနည်းနည်းနဲ့ အကြံအဖန် လုပ်ကြည့်မလားလို့ပါ"

"ကြည့်စမ်းတယ်အကြံဟုတ်ပါလား"

ဦးအောင်ဇံကဝင်၍ မခံချင့်စွာပြောပေးရှာသည်။

ဒေါက်တာမငြိမ်းသာကတော့ တည်ငြိမ်စွာပင် သူ့ကို စောင်းငဲ့ကြည့်နေမိသည်။

ကိုမင်းလတ်မှာ အလွန်အမင်းအဆင်ခြင်နည်းသူ၊ စကား





ကိုကြုံသလိုပြောပြီး ကိုယ်ပြောသည့်စကားမှာ ဘာဖြစ်အတိုင်း အတာအထိ ရောက်သည်ဟူ၍လည်း သိရှိပုံမရ၊ သူပြောချင်သည်များကို တဖွတ်ထိုးပြောတတ်သည့်သူသာဖြစ်ကြောင်း မငြိမ်းသာ သိရှိခဲ့ပြီးဖြစ်ချေသည်။

ဒေါက်တာမငြိမ်းသာ ဆေးရုံတွင် ညဘက်တာဝန်ကျခိုက် မငြိမ်းသာ၏အခန်းကို ဝင်ရောက် မွှေနှောက်ခဲ့သည်မှာလည်း မငြိမ်းသာ၌ အတွင်း ပစ္စည်းများ ရွှေငွေများအဘယ်မျှ ပါသည်ကိုသိလို၍ ကောက်ကျစ်သောလောဘစိတ်နှင့် ဝင်ရောက်မွှေနှောက်ခြင်းဖြစ်နေပါလား။

မငြိမ်းသာ၏ ဒိုင်ယာရီ၌ အရိပ်အမြွက်မျှလောက်သာ ရေးသားထားသော ကိစ္စရပ်များကိုလည်း ခုချိန်ထိ သူတွေ့မိခြင်း ရှိချေသေးပါလား။

မောင်သေဆုံးရခြင်း၏ အရိပ်မည်းရှင်မှာ အဖေသာဖြစ်ကြောင်း မငြိမ်းသာ ရင်နာနာနှင့် ခပ်လျှို့လျှို့ မှတ်တမ်းတင်ထားခဲ့သည်များကိုလည်း သူစိတ်ဝင်စားစွာ ဖတ်ရှုမိပုံမရခဲ့ သူစိတ်ဝင်စားသည်က မငြိမ်းသာ၏ ရတနာများ မငြိမ်းသာမှာ ရှိနေမည်ဟုထင်သော လောကနတ်ရုပ်အကြောင်းများကိုသာ ဖြစ်ချေသည်။

ဇော်သည်သာ မငြိမ်းသာနှင့် ထပ်တူခံစားသိရှိသွားသူ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ပြောပါဦး ကိုမင်းလတ် နောက်ပိုင်းဘာဖြစ်သေးလဲ"

ကိစ္စတစ်ခုပြတ်ချင်၍ မငြိမ်းသာကပြောလိုက်တော့. . .

"နောက်ပိုင်းကိစ္စ သူတို့ကိုပြောပြပြီးပါပြီ၊ အိမ်မပြန်ချင်တာနဲ့ လှေနဲ့လိုက်သွားမိရာက လူဆိုးတွေအဖမ်းခံလိုက်ရတယ်၊ ပြီးတော့ ပြန်လွတ်ပေးတော့လဲ ပြန်မလာချင်သေးတာနဲ့ မိုးကောင်းကနေ ကာမိုင်းသွားချင်လို့ တလည်လည်လုပ်နေခဲ့တာပါ တကယ်တော့. . . မသမာစီးပွားရေးဆိုတာ စိတ်ကူးလို့ပဲ ကောင်းတာပါဗျာ. . . လက်တွေ့မှာမလွယ်ပါဘူး ဒါနဲ့နောက်ဆုံးတော့ မငြိမ်းသာဆီကိုပဲ ပြန်လာခဲ့တာ မငြိမ်းသာမရှိလို့ ဇော်တို့မိသားစုကပြုစုပြီး ပြန်ပို့ပေးလိုက်ကြပါတယ်။ ကျွန်တော်ဟာ မသမာစီးပွားရေးလုပ်ချင်စိတ်နဲ့ ရောက်လာခဲ့တာ ဝန်ခံပါတယ်၊ မငြိမ်းသာတို့ကို ဒုက္ခပေးဖို့တော့ မဟုတ်ပါဘူးခင်ဗျာ၊ နောက်ဆုံးမှာတော့ ဘာတခုမှ မဖြစ်ထွန်းပဲ ပြန်လာခဲ့ရပါတယ်လို့ပဲ ဝန်ခံရင်း. . . အားလုံးသော ကိစ္စအဝဝအတွက် ဒေါက်တာမငြိမ်းသာကို ကျွန်တော် တောင်းပန်ပါတယ်"

ဦးအောင်ဖုံနှင့် ကိုမင်းမောင်တို့သည် ကိုမင်းလတ်ထံ





ခေါ်လာခဲ့ခြင်းမှာ သူတို့ပေါ်၌လည်း သံသယရှင်းရန် ကိုမင်းလတ်၏ပြဿနာကိုလည်း ဖြေရှင်းရန်ဖြစ်လေသည်။

"မင်း နောက်တစ်ယောက်တောင်းပန်ဖို့ ရှိသေးတယ် မောင်တင်မင်း"

ဦးအောင်ဖုံက ကိုမင်းလတ်၏ငယ်နာမည်ကိုပင် ခေါ်၍ပြောလိုက်၏။

"ဘယ်သူလဲ ဦးလေးရဲ့"

"ကိုဥက္ကာကို"

"သြော်. . . ဟုတ်ပါတယ်ကိုမင်းလတ်၊ ခင်ဗျားတစ်ပတ်ရိုက်ပြီး ကိုဥက္ကာအဖေရဲ့စာကို ရအောင်ယူသွားခဲ့တဲ့ ကိစ္စလေ"

ကြားဖြတ်၍ဝင်ပြောပေးသောကိုမင်းလတ်သို့. . .

"တောင်းပန်ပါ့မယ် ကိုမင်းမောင်ရယ်"

"ခြံထဲမှာ ကားဆေးနေတယ် ခင်ဗျားသွားတောင်းပန်ပေတော့"

ကိုမင်းလတ်တို့အပိုးကျိုးနေသည်။ ခပ်ငုံ့ငုံ့လေး ထနေသည်. . .

"ဒေါက်တာမငြိမ်းသာ သူ့ကိုဘာပြောစရာ ရှိသေးလဲ"

"မရှိတော့ပါဘူးကိုမင်းမောင် ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းလတ်ထွက်သွားချိန်မှာ ဦးအောင်ဇံနှင့်အတူ အသက်ငါးဆယ်ခန့်အရွယ် လူကြီးတစ်ဦး အသက်သုံးဆယ်ခန့် အရွယ်လူလတ်တစ်ဦးနှင့် ဦးအောင်ဇံ ကမငြိမ်းသာကို မိတ်ဆက်ပေးသည်။

"တစ်ယောက်က ဥပဒေပညာရှင်ဦးကျော်မောင်လေ"

"နောက်တယောက်က ရဲအရာရှိ ဦးဝင်းဟန်"

"ကိစ္စအဝဝကိုတော့ ဦးအောင်ဇံကတဆင့်သိရပါပြီ ကျွန်တော်တို့ ဦးလှဒွေးကိုလဲ စခန်းမှာခေါ်ထားပါတယ်"

"ရှင်. . . သူ့ကိုဖမ်းလိုက်ပြီလား"

"ဖမ်းထားတာမဟုတ်ပါဘူးခင်ဗျာ၊ စစ်ဆေးမေးမြန်းတာပါ ကျွန်တော်တို့ဟာ တရားခံအစစ်လို့ သက်သေနဲ့တကွ မခိုင်လုံမချင်း ဖမ်းလားဆီးလား မလုပ်ပါဘူးခင်ဗျာ။ အခုကိစ္စမှာအဲဒီညက မငြိမ်းသာ မြင်သမျှ အသေးစိတ် ပြန်ပြောစေချင်ပါတယ်"

"ဟုတ်ကဲ့"

မငြိမ်းသာမှာ အဖေ၏ လောင်းကုတ်နှင့်ဦးထုပ်လို ခေါင်းစွပ်နှင့် ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားသော အရိပ်မည်းကြီးအကြောင်းကို အသေးစိပ်ပြန်လည်ပြောပြနေချိန်မှာ ဦးအောင်ဇံနှင့်အတူ ဦးကျော်မောင်ကပါ ဂရုတစိုက်ဖြင့် စိတ်ဝင်စားကြီး





စွာ နားထောင်နေလေသည်။

မငြိမ်းသာတင်ပြအပြီးတွင် 'ဘယ်လိုသဘောရသလဲ' ဟူသော ပုစ္ဆာအကြည့်များဖြင့် တစ်ယောက်နှင့်တစ်ယောက် အသေအချာကြည့်နေကြလေသည်။

ဦးဝင်းဟန်မတ်တပ်ရပ်တော့ အားလုံးလိုက်ရပ်ဖြစ်သည်။ ဦးဝင်းဟန်က ရေချိုးခန်းသို့သွား၍ သော့ပျက်နေသည့်တံခါးကို အသေအချာစစ်ဆေးသည်။

ထိုညကပွင့်နေသည်ဆိုသောတံခါးမှာ သူထွက်ပြီး ခြံအပြင်ဘက်သို့ အသေအချာစစ်ဆေးသည်။

ပြန်ဝင်လာပြီးချိန်မှာ မြေပါသည့်လက်ဖွဲ့ပုံးကို သူအသေအချာကြည့်ရှုသည်။

မြေသေပါပြန်ထည့်ထားသဖြင့် မြေအမျိုးအစားနှင့် အဆိပ်မည်မျှပြင်းထန်ကြောင်း စစ်ဆေးရန် သူယူသွားမည်ဟု ပြောပါ၏။ ပုံးထဲတွင်ပါသောသစ်ခွ၏ ရာဇဝင်ကိုလည်း သူလိုက်သံစုံစမ်းမည်ဟုဆိုပါ၏။

"မနေ့ကပဲ ပဲခူးကိုလှမ်းအကြောင်းကြားပြီး မေးကြည့်ပြီးပါပြီ၊ အဲဒီညက ပဲခူးဇိုင်းဂနိုင်းရပ်ထဲမှာ ဦးအောင်ဇံကိုမင်းမောင်နဲ့ ကိုမင်းမြတ်တို့ပါ အတူရှိနေကြောင်း အဲဒီရပ်ကွက်လူကြီးကပါ သက်သေခံပါတယ်၊ အဲဒီညက သူတို့သုံးဦး ပဲခူးမှာရှိနေတာ လူအယောက်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လောက် သက်သေခံနိုင်ပါတယ်လို့ အကြောင်းပြန်ပါတယ် ဒေါက်တာမငြိမ်းသာ"

"ဒါဆိုရင် ဦးလေးဒွေးရော"

"သူ့ကိုတော့ ဘယ်သူမှ သတိမထားမိကြဘူး သူဟိုမှာရှိပါတယ် အဲဒီညကမြင်မိပါတယ်လို့ ဘယ်သူကမှမပြောကြဘူးခင်ဗျ"

"ဟင်. . . . ဒါဆို အဲဒီညက သူဒီကိုတစ်ခေါက်ပြန်လာတာများလားရှင်"

"တတ်အပ်တော့ မပြောနိုင်ပါဘူး ဒေါက်တာမငြိမ်းသာ။ ဒါပေမယ့်စိတ်မပူပါနဲ့ ဦးလှဒွေး ကျွန်တော်တို့လက်ထဲမှာရှိနေပါပြီ"

သံသယကွင်းစသည် ကျယ်ဝန်းခဲ့ရာမှ အခုအချိန်တွင် တဖြည်းဖြည်းကျဉ်း၍ ကြုံ့လာခဲ့ပါပြီ။ ဦးအောင်ဇံ ကိုမင်းမောင်နဲ့ ကိုမင်းမြတ် ကိုမင်းလတ်တို့သည် သံသယကွင်းစ၏ အပြင်ဘက်သို့ရောက်ရှိသွားလေပြီ။

ယခု ကြိုးကွင်းတွင်းမှာ ဦးလှဒွေးတစ်ယောက်တည်း. . .

မောင်နှင့်အနီးကပ်နေ၍ အဖြစ်နိုင်ဆုံးသောသူမှာ ဦးလှဒွေးသာ၊ ဟိုစဉ်ထဲကဘာလို့များ မတွေးမိခဲ့ပါလိမ့်။

ကိုယ့်ဖခင်ကြီးကိုပင်ဘာကြောင့်များ မကောင်းထင်ခဲ့မိပါလိမ့်။ ဩော် မိုက်လိုက်တဲ့ငါ. . .





"ကဲ. . . ဒါဆိုရင်"

အတွေးလွန်နေသော မငြိမ်းသာကို ဦးဝင်းဟန်၏စကားစုကပြန်လည်ခေါ်ယူ၏။

"ဟုတ်ကဲ့ ဦးဝင်းဟန်"

"ကျွန်တော့်ကိုခွင့်ပြုပါဦး ဒေါက်တာမငြိမ်းသာမပြန်ခင် သက်သေခိုင်လုံစွာနဲ့ တရားခံကို မိစေရပါ့မယ် ဒေါက်တာ"

"ကျေးဇူးပါပဲ ဦးဝင်းဟန်ရယ်"

ဦးဝင်းဟန်ပြန်ရန်ပြင်နေဆဲမှာ မြွေသေပါသောဘူးကိုအသေအချာကြည့်နေသော ကိုမင်းမောင်က. . .

"ဒီပန်းဟာ ခြောက်နေလို့ မှန်းလို့မရခဲ့တာ အခုကျွန်တော်သိပြီး ဦးဝင်းဟန်"

"ဘာကိုသိတာလဲ ကိုမင်းမောင်ရဲ့"

"ဒီပန်းရဲ့အရောင်နဲ့ အမျိုးအစားဟာ ဒီအိမ်ကပန်းအစစ်ပဲ"

"ဟင်. . . ဘယ်လို"

"အစ်ကိုကျော်ဇောဦး စင်ကာပူနိုင်ငံက မှာယူခဲ့တဲ့ သစ်ခွအစိုထဲက အခက်ကြီးတစ်ခက်ပဲ မင်္ဂလာပွဲမတိုင်မီနှစ်ရက်က ရောက်လာလို့ ပန်းသေတ္တာကို ကျွန်တော်တို့ပဲ ဖောက်ကြ၊ ပန်းပွင့် တွေကိုညှပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကမ်းဖို့ပြင်ဆင်ကြနဲ့ ကျွန်တော်တို့လုပ်ခဲ့လို့ မှတ်မိနေ ပါတယ် ဟောဒီပန်းခြောက်ဟာ ဒီအိမ်ကပန်းအစစ် ပဲ"

"ဒါဆို သဲလွန်စနှယ်ပိုပြီးကျဉ်းလာတာပေါ့လေ ဘေး ရှုံးပဲ ကိုမင်းမောင် ကျွန်တော်ပြန်တော့မယ်နော်"

လက်ဖွဲ့ဖူးကိုပိုက်ပြီး ပြန်ရန်နှုတ်ဆက်နေသော ဦးဝင်းဟန် သို့. . .

"ကျွန်မတစ်ခုပြောပါရစေ"

"ပြောပါဒေါက်တာ ပြောပါ"

"ဦးဝင်းဟန်မပြန်ခင် လောကနတ်ရုပ်ဆိုတာကို အခု လိုလူစုံတုန်း ဒီအိမ်မှာရှာကြရအောင်ပါရှင်"

ဦးဝင်းဟန်ကပြုံးရွှင်စွာဖြင့်ပင်. . .

"ဒါကတော့ ကိုယ်ပိုင်ပစ္စည်းကို ကိုယ့်အိမ်ထဲမှာရှာ ကြတာကျွန်တော်မလိုအပ်တော့ပါဘူးခင်ဗျာ၊အဲ. . တွေ့လို့ ဥပဒေနဲ့ မလွတ်ကင်းတာမျိုး ဖြစ်နေခဲ့ယင် သာကျွန်တော့်ကိုအကြောင်းကြားဖို့ မမေ့ကြပါနဲ့ ဥ ပဒေဘောင်အတွင်းကသာ ဘာပဲဖြစ်ဖြစ် ဖြေရှင်းကြ စေချင်ပါတယ်"

"စိတ်ချပါဦးဝင်းဟန် ကျွန်တော့်တစ်ယောက်လုံးရှိနေ ပါတယ်"





နဂိုကတည်းကသိကျွမ်းကြပြီးသား ဦးကျော်မောင်က ဝင်ပြောလိုက်၍ ရဲအရာရှိဦးဝင်းဟန်က ယုံကြည်စိတ်ချဟန်နှင့် ခေါင်းညိတ်ပြ၏။

ဦးအောင်ဇံက. . .

"ဦး. . စဉ်းစားပြီးသား မောင်မင်းမောင်တို့လဲ သ ဘောတူပြီးသားပါ ဦးဝင်းဟန်"

"ဘာကိုပါလဲခင်ဗျာ"

"တကယ်လို့များ သူတို့ထင်နေသလို လောကနတ် ရုပ်ထဲမှာ ရတနာတစ်စုံတစ်ရာတွေ့မယ်ဆိုရင်သက် ဆိုင်ရာကျောက်မျက်ရတနာကော်ပိုရေးရှင်း မှာတ ရားဝင်လာရောင်းပြီးမှ ငွေကို အညီအမျှခွဲယူကြဖို့ သဘောတူပြီးသားပါ"

"အကောင်းဆုံးပါပဲခင်ဗျာ၊ ကဲ အားလုံးပဲ ကျွန်တော့် ကို ခွင့်ပြုကြပါဦးနော်"

တခြားသော တာဝန်ဝတ္တရားများလည်းများစွာ ရှိနေပုံရ သော ဦးဝင်းဟန်မှာ ရေးကြီးသုတ်ပြာဖြင့် ရဲကားနှင့်ပင်ထွက် သွားလေတော့သည်။

ဒေါက်တာမငြိမ်းသာ၏ လှုံ့ဆော်မှုကြောင့် အိမ်ရှိလူကုန် လောကနတ်ရုပ်ရှာပုံတော်ဖွင့်ကြသည်။

အိပ်ခန်းသုံးခန်းလုံး၊ ပန်းချီခန်း၊ ဘုရားခန်း၊ မျက်နှာကျက်



www.burmeseclassic.com

www.burmeseclassic.com



အတွင်း ရေချိုးခန်းပေါ်မှရေတိုင်ကီ၊ အိမ်သာပေါ် စတိုခန်း ခြံထဲမှ ကားဂိုဒေါင် ပါမကျန် နှစ်နာရီနီးပါးမျှ ရှာဖွေကြသည်။

မတွေ့ ဘယ်မှာမှရှာ၍မတွေ့ကြ. . .

မောင်သည်ပင်လျှင် လုံခြုံလွန်းသောနေရာ၌ ဝှက်ခဲ့လေသလား. . .

တစ်စုံတစ်ဦးကပဲ ဆောင်ယူ လက်ဦးသွားလေပြီလားမသိ၊ လောကနတ်ရုပ်သည် စုပ်စ မြုပ်စ ပျောက်ဆုံးသွားခဲ့လေပြီတည်း။

ယနေ့သည် မငြိမ်းသာရန်ကုန်ရောက်သည့် ရှစ်ရက်မြောက်နေ့ဖြစ်သည်။

နောက်သုံးရက်ကြာမှ လေယာဉ်စီးခွင့်ရမည်။ ဆယ့်တစ်ရက်မြောက်နေ့ ဆေးရုံချိန်အမီတော့ မြစ်ကြီးနားသို့ပြန်ရောက်နိုင်ပါလိမ့်မည်။

စောင့်နေရှာမည်ဆိုသော ဇော်တယောက် တရက်ထော့ စိတ်ပို၍မောနေရှာမည်။

မတတ်နိုင်ပါ၊ သည်ရက်အတွင်းမှာ ကိစ္စပြတ်လိုလှပါသည်။

ကိုမင်းမောင်တို့ သဲသဲမဲမဲလိုက်နေသော လောကနတ်ရုပ်၏ခြေရာနှင့်. . .

ဝတ်ရုံမည်းကြီးနှင့် မောင့်ကိုသေစေခဲ့သော တရားခံဟာ ဘယ်သူလဲကွယ်. . .





အခန်း (၃၇)

"ဒေါက်တာ မငြိမ်းသာနဲ့ စကားပြောပါရစေ ကမာရွတ် ရဲစခန်းကတဲ့"

"ဟင်. . . ဟုတ်လား ဦးလေး"

မငြိမ်းသာ စိတ်စောစွာပြောသဖြင့် ဦးသိန်းဖေက. . .

"အင်း. . . ပြီးတာတွေ ပြီးပါစေတော့လားကွယ်၊ မောင်ကျော်ဇောဦးနဲ့ ပတ်သက်တဲ့သူတွေနဲ့ ဘာလို့ များဒီလောက်ပတ်သက်ချင်နေရတာလဲ ငါ့တူမရယ်"

"မောင်သေရတာ မကျေနပ်နိုင်လွန်းလို့ပါ ဦးလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



သည်ဘက်ခြံမှဟိုဘက်ခြံသို့ ကူးလာကြရင်း ဦးလေးဦးသိန်းဖေက မငြိမ်းသာလှုပ်ရှားနေသည်များကို မလိုအပ်တော့ဟုယူဆစိတ်နှင့်ဖျောင်းဖျရှာသည်။

"ပြီးတာတွေလဲ ပြီးပြီပဲလေ မောင်ကျော်ဇောဦးဟာ နှလုံးရောဂါနဲ့သေတာပါလို့ ဆရာဝန်ဖြစ်တဲ့ မငြိမ်းသာကိုယ်တိုင်လဲ သိနေပြီပဲကွယ်"

"ဟုတ်ပါတယ်ဦးလေးရယ် ဒါပေမယ့်. . ."

"အေး ဦးလေးကတော့ ဖခင်တစ်ယောက်ဆိုလဲမမှားလို့အကြံပေးတာပါ။ ရှုပ်ရှုပ်ယှက်ယှက် အလုပ်တွေလုပ်နေမယ့်အစား မောင်ကျော်ဇောဦးထားခဲ့တဲ့အမွေတွေကို ဘဏ်ကထုတ်ယူပြီး သင့်တော်သလိုစီစဉ်သင့်ပြီ. . . သားအဖနှစ်ယောက် ငြိမ်းအေးချမ်းသာစွာနေသင့်ပြီ မငြိမ်းသာ။ သားကြီးမောင်ဥတ္တမကို လက်မထပ်ချင်နေပါ အဲဒါကငါ့တူမရဲ့ ဆန္ဒအတိုင်းပါ အခုဦးလေးပြောနေတာတွေဟာ တကယ့်စေတနာပါဆိုတာ. . ."

"ငြိမ်းသာနားလည်ပါတယ်ဦးလေးရယ်၊ ဦးလေးသိန်းဟာ ငြိမ်းသာဘဝရဲ့ ဒုတိယဖခင်ပါ"

"ဦးစေတနာကို နားလည်ရင်ကျေနပ်ပါပြီမငြိမ်းသာ အခုရဲ့စခန်းက ဘာကိစ္စရှိလို့လဲမသိဘူး ဘာပဲဖြစ်





ဖြစ် ရှုပ်ထွေးလာမယ့် ပြဿနာကိုတော့ ရှောင်ပါကွယ်. . . ဟိုက အုပ်စုအများကြီး ပြီးတော့ကိုယ်ပြန်ရမှာကမြစ်ကြီးနား သွားရလာ ရမယ့်ဒုက္ခလဲတွက်ကြည့်၊ ဦးလေးသဘောကတော့ ပြီးတာတွေပြီးပါစေလို့ သဘောထားပြီး အားလုံးရပ်လိုက်စေချင်တယ်"

"ဦးလေးစေတနာကို ငြိမ်းသာနားလည်ပါတယ်နားလဲထောင်ပါ့မယ် အခုတော့ ဘာအကြောင်းပြောမှာလဲဆိုတာ ခဏသွားပြီး နားထောင်လိုက်ပါရစေဦးနော်ဦးလေး"

"အေးပါ. . . ဒါတော့သွားပြောရမှာပေါ့ ပြေလည်ပြီးဆုံးသွားပါစေလို့ ဦးလေးဆုတောင်းပါတယ်"

မောင့်ခြံမှာ တယ်လီဖုန်းမရှိ ဟိုဘက်ခြံသို့ ကူးလာရင်းစကားပြောခဲ့ကြရာမှ ဦးလေးသိန်းတို့တိုက်ရှေ့အရောက်တွင် မငြိမ်းသာပြေးဝင်သွားပြီး. . .

"ဟုတ်ကဲ့ ဒေါက်တာမငြိမ်းသာပါ"

"ကျွန်တော်ဝင်းဟန်ပါ"

"ဟိုဘက်ခြံကလာရလို့ ခဏကြာသွားပါတယ်"

"ရပါတယ်"

"အကြောင်းထူးရှိပါလားရှင်"



www.burmeseclassic.com

www.burmeseclassic.com



“ရှိတယ်ဒေါက်တာ အခုဦးလှဒွေးကဝန်ခံလိုက်ပါပြီ”

“ဟာ”

“လောကနတ်ရုပ်လဲ သူပဲခိုးသွားတာပါ ပဲခူးမှာ ရောင်းချခဲ့ပါတယ်လို့ အစစ်ခံလို့ ပဲခူးရဲကလဲ သက်ဆိုင်ရာကိုလိုက်ပြီး ပြန်လည်သိမ်းဆည်းထားပါပြီလို့ ဖုန်းနဲ့ အကြောင်းပြန်လို့ ကျွန်တော် ဒေါက်တာမငြိမ်းသာဆီကို သတင်းပို့တာပါ”

“ဒါဆိုကျွန်မတွေ့တဲ့ အရိပ်မည်းနဲ့လူဟာလဲ သူပဲပေါ့နော်ဟုတ်လား မောင့်ကိုသေအောင်လုပ်တာလဲ ဒီလူကြီးပဲလားရှင်”

“သူပဲဖြစ်နိုင်ပါတယ်”

“တောက်. . . ယုတ်မာလိုက်တာရှင်”

“အဲဒီကိစ္စကိုတော့ သူဝန်မခံသေးဘူး အရုပ်ကိုတော့ ထခိုးလာပြီး အဲဒီညက ပဲခူးမှာရောင်းခဲ့တယ်လို့ပဲ ပြောနေတယ်၊ သူရန်ကုန်တစ်ခေါက်ပြန်မပြန်ဆိုတာ သေချာအောင် စုံစမ်းနေဆဲပါပဲ။ ဦးအောင်ဇံတို့အဖွဲ့ကမနက်ငါးနာရီ ပဲခူးကပြန်ထွက်သွားကြတယ် အဲဒီမှာလဲ ဦးလှဒွေးပါတယ်လို့ သိရပါတယ်”

“အိုဘာပဲဖြစ်ဖြစ် သူပဲဖြစ်ရမယ် သူပဲမောင့်အကြောင်းအသေးစိတ်သိတာပါ ကျွန်မ ရဲစခန်းကိုလာ





ခဲ့ရမလား ဦးဝင်းဟန်”

“မလိုသေးဘူးထင်ပါတယ် တရားခံကျွန်တော်တို့ လက်ထဲမှာရှိနေပြီပဲ စိတ်မပူပါနဲ့”

“ဒါပေမယ့် ကျွန်မပြန်ရတော့မှာ ဦးဝင်းဟန်ရဲ့”

“ဥပဒေက ဆက်လက်ဆောင်ရွက်သွားမှာပါ. . . သူ့နောက်မှာ တစ်စုံတစ်ယောက်ရှိနေသေးသလား ဆိုတာပဲစုံစမ်းဆဲပါ ကဲ. . . ဒါပဲဒေါက်တာ”

“ဟုတ်ကဲ့ရှင့် အကြောင်းထူးရင်လဲ အကြောင်းကြားပါဦးနော်”

“ကောင်းပါပြီ”

မငြိမ်းသာ၏မျက်စိထဲတွင် အရပ်ပုပုခင်တိုတို မျက်နှာချိုချိုနှင့် နေတတ်သော ဦးလှဒွေး၏ရုပ်သွင်ကို မြင်ယောင်လာမိသည်။

‘လူယုံသတ်၍သေသည်’ဆိုသော ရှေးစကားသည် မောင်နှင့်ဦးလှဒွေးတို့လို အဖြစ်ပျက်မျိုးရှိခဲ့ဖူး၍သာ ကမ္ပည်းတွင်ရစ်ခဲ့သော စကားဖြစ်လေသည်။

သူ့ကိုမောင်သည် အထက်စီးမှ ဘယ်သောအခါမှ မခိုင်းခဲ့ရှာ လူကြီးဆိုသောစိတ်နှင့် ဂါဝရထားခဲ့ရုံမက ပိုလျှံစွာသုံးစွဲနိုင်အောင် ငွေများမကြာခဏ ပေးခဲ့သည်လည်း မငြိမ်းသာအသိပါ။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ပစ္စည်း ခိုးယူရုံမက မောင့်ကို အဘယ်သို့သော အကြောင်းကြောင့်များ သေစေချင်ရတာလဲရှင်။

မောင်ဟာ သိပ်လန့်ရင် သိပ်စိတ်လှုပ်ရှားရင် မေ့မြော သွားတတ်ကြောင်း ငယ်စဉ်ကပင် သူသိရှိလေမည်။

ရေချိုးခန်းတွင်းမှာ ပစ်လဲကျပြီး ရေပန်းအောက်ရောက် သွားသဖြင့် နှလုံးကိုပြန်လည်နှိုးချိန်ပင် မရနိုင်လောက်အောင် မငြိမ်းသာကုသကယ်တင်ခွင့် မရနိုင်လောက်အောင်ပင် အပြစ် ပျက်က မြန်ဆန်လွန်းလှချေသည်။

"သြော်. . . ရက်စက်ပါပေ့ ဦးလှဒွေးရယ်"





အခန်း (၃၈)

ဒေါက်တာမငြိမ်းသာ အလုပ်ရှုပ်လေ အဖေတို့ကဲ့၍ ကောင်းလေဖြစ်နေသည်။ အငြိမ်ကိုမနေ ဝင်ဒါမီယာမှနေ၍ တစ်နေ့ကို လမ်းသုံးခေါက် ထွက်နေသည်။

ကိုဥက္ကာလည်းမနေရ။

မငြိမ်းသာက 'ကိုဥက္ကာကိုအားနာစရာ'ဆိုတော့ သူ့ဟာ သူ တက္ကစီကားများငှား၍ သူ့အသိ သူ့ဆွေမျိုးများထံသို့ အိမ် ပေါက်စေ့သွားလည်နေသည်။

မငြိမ်းသာလည်းပြောမနေတော့ သန်ဘက်ခါပြန်ဖို့ အတွက်လေယာဉ်လက်မှတ်ပင် လက်ဝယ်၌ရှိနေခဲ့ပါပြီ။

ဦးလေးသိန်းဒေါ်လေးမြတို့နှင့် တိုင်ပင်၍ ဘာအတွက်မှ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ယူကာ ဦးလေးသိန်းထပ်မံတည်ထောင်ထားသော ပလပ်စတစ်စက်ရုံ၌ ငွေတစ်သိန်းထည့်ဝင်သည်။ အမြတ်ကိုအချိုးကျ ပေးမည်။ အနည်းဆုံးအတိုးသဘောနှင့် တစ်လကို နှစ်ထောင် ပို့ပေးမည်ဟု ဦးလေးသိန်းကတိပြု၏။

မောင့်မေမေလက်ထက်ကတည်းက ပိုင်ဆိုင်ခဲ့ရသော လက်ဝတ်ရတနာသေတ္တာကို ဘဏ်မှထုတ်ယူလာတော့ မငြိမ်းသာ မျက်ရည်ကျမိသေးသည်။

'ပစ္စည်းစုထိုက်သူဖို့' ဆိုသောစကားကလည်း သံဝေဆန်စွာမှန်ကန်လှပါပေသည်။

ဦးလေးနှင့်ဒေါ်လေးတို့၏ အကြံပေးချက်အတိုင်း တချို့ကိုယူ တချို့ကိုဘဏ်မှာပြန်အပ်ပြီး စိန်ထည်တချို့ကိုတော့ ဒေါ်လေးမြလက်၌သာ အပ်နှံထားလိုက်သည်။

ဤကိစ္စမျိုးကျတော့ အဖေဝင်မပါဝင် သူစိတ်လည်းမဝင်စားနားလည်းမလည်ရှာပါ။

ဤမျှ လောဘကင်းမဲ့ရှာသော ဖခင်ကြီးကို အထင်မှားမိခဲ့၍ မငြိမ်းသာ၏နောင်တတရားများသည် မိမိ၏နှလုံးသွေးရပ်မှသာ ပြီးဆုံးပျောက်ကွယ်နိုင်ပါတော့မည်။

"ဒေါ်လေးတို့ကိုတော့စိတ်ချနော် မငြိမ်းသာ"

"အဲဒီလိုမပြောပါနဲ့ဒေါ်လေးရယ် ဦးလေးနဲ့ဒေါ်လေးဟာငြိမ်းသာရဲ့ မိဘပါ အဖေကလဲ သိတဲ့အတိုင်း

ဘာကိုမှ စီမံမပေးနိုင်ရှာဘူးလေ"

"ပစ္စည်းဥစ္စာ ထိန်းသိမ်းပေးဖို့တော့ ဦးလေးတို့ တာဝန်ထားပါမငြိမ်းသာ ဘာဖြစ်စေချင်သလဲသာ ပြော ဦးလေးဆောင်ရွက်ပေးပါ့မယ်"

"ဟုတ်ကဲ့ပါဦးလေး"

"ဟိုကိစ္စကိုတော့ ဦးလေးဘာမှထပ်ပြီးမပြောလိုတော့ပါဘူးကွယ်၊ ငါ့တူမဆုံးဖြတ်ချက်အတိုင်းပဲ ရှိပါစေတော့ တိုက်တွန်းရင် တစ်မျိုးထင်သွားမှာလဲ စိုးရိမ်မိပါတယ်"

"မထင်ပါဘူးဦးလေးရယ်၊ ငြိမ်းသာအိမ်ထောင်ပြုဖို့ စိတ်ကူးနိုင်တဲ့အခါကျရင် ကိုဥက္ကာဟာ ပထမဆုံးလူပါ၊ငြိမ်းသာနားလည်းပါတယ်၊အခုတော့ခွင့်လွှတ်ပါဦး ဦးလေးရယ်"

"အေးပါကွယ်. . . အေးပါ ငါ့တူမ စိမ်ချမ်းသာ သလိုသာ ဆုံးဖြတ်ပါ"

ဆွေးနွေးပွဲလေးဆိတ်ငြိမ်သွားသည်။

"ကဲဦးလေးလဲ စက်ရုံသွားလိုက်ဦးမယ် ဟိုမှာ လိုအပ်တဲ့ပစ္စည်းရှိရင်လဲ ဒီအိမ်ကယူသွားအားမနာနဲ့"

"ဟုတ်ကဲ့ပါဦးလေး"

"ရှင့်တူမအတွက် စိတ်ချပါကိုသိန်းရဲ့ ဟိုမှာ ဒီဇာတ္ထုန်




ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ငါးပိ၊ ငါးခြောက်ရှားလို့ အကုန်လုံးဝယ်ခြမ်းပြီးကြော်တန်တာကြော်၊ လှော်တန်တာလှော်ပြီး ပေးလိုက်မလို့ပါ. . ."

"အင်းလေ ငြိမ်းသာရောက်တာနဲ့ ဒေါ်လေးမြတို့လဲ ပင်ပန်းကုန်ကြပြီနော်"

"တို့ကဝမ်းသာနေတာပါ ငြိမ်းသာရယ် ဒီလိုလုပ်ပေးချင်လွန်းလို့ ကိုသိန်းကိုယ်တိုင်ပဲ သွား ခေါ်လာတဲ့ ဥစ္စာကို"

"မင်းလတ်ဆိုတဲ့ကောင်ကိစ္စ စိတ်မချလို့ လိုက်သွားတာပါကွာ မင်းကလဲ"

"ဘာပဲဖြစ်ဖြစ် ငြိမ်းသာခုလိုတစ်ခေါက်တော့ ပြန်လာသင့်ပါတယ်လေ ကိုယ့်ဟာကိုယ်ဆို ပြန်လာဖြစ်မှာ မဟုတ်ဘူး ဦးလေးလာခေါ်လို့"

တူဝရီးသုံးယောက် ပြုံးရွှင်စွာနှုတ်ဆက်ပြီး ဦးလေးသိန်းလည်း စက်ရုံသွား မငြိမ်းသာလည်းကိုယ့်တိုက်ရှိရာသို့ ပြန်လာခဲ့ပါသတည်း။





အခန်း (၃၉)

"ဒေါက်တာ မငြိမ်းသာ ဆိုတာလား"

ခြံအပြင်မှ လူတစ်ယောက်။

"ဘာကိစ္စရှိလို့လဲ"

"ဆွေးနွေးစရာ ရှိလို့ပါ"

"ကိစ္စကိုပြောပါ၊ ကျွန်မ မငြိမ်းသာပါ"

"အတော်ပဲဗျာ၊ ကျွန်တော် အထဲကို ခဏလောက်ဝင်ပါရစေ"

မျက်နှာစိမ်းဧည့်သည် သည်ကိစ္စတစ်ခုကို အရေးတကြီးဆောင်ရွက်စရာရှိနေပုံရသည်။ သူသည် ရည်မွန်သန့်ပြန့်သော ပညာတတ်လူတန်းစားမျိုးထဲက မဟုတ်နိုင်၊ သာမာန် လက်လုပ်



www.burmeseclassic.com

www.burmeseclassic.com



လက်စား ဆင်းရဲသားတဦးဖြစ်ကြောင်း သူ့အဝတ်အစားများနှင့် သူ့အသွင်သဏ္ဍာန်က ဖော်ပြနေသည်။ သူ့ပခုံးထက်၌ လွယ်အိတ်ဟောင်းတစ်လုံးကို လွယ်ထားသည်။

"တံခါးဖွင့်ပေးပါ"

"အို . . . ရှင်ဘယ်သူလဲ၊ ဘာကိစ္စလဲဆိုတာ မသိဘဲနဲ့ ကျွန်မတံခါးမဖွင့်ပေးနိုင်ဘူး၊ ပြီးတော့ ရှင့်လွယ်အိတ်ထဲမှာ ဘာပါလဲ"

"ဟာဗျာ ပုလင်းလွတ်တစ်လုံးနဲ့ ပုဆိုးတစ်ထည်ပါ၊ ခင်ဗျားမယုံရင် အဲဒီခြံပြင်မှာ ချထားခဲ့မယ်"

သူ့ပခုံးထက်မှ လွယ်အိတ်ကို မြေကြီးပေါ်သို့ ပစ်ချလိုက်ပြီးအရေးကြီးလွန်းသော မျက်နှာထားဖြင့် ခြံတံခါး ဖွင့်ပေးရန်သာ သူ စိတ်စောနေ၏။

"ရှင့်ရဲ့ကိစ္စကိုပြောမှ ကျွန်မ တံခါးဖွင့်ပေးနိုင်မယ် မပြောနိုင်ရင် ပြန်ပါ"

"ဟာဗျာ ခက်လိုက်တာ မြွေလာပို့တာ ကျွန်တော်ပဲဗျ၊ ကျွန်တော့်အစ်ကိုက ပို့ခိုင်းတာ"

"ဘာ . . . ဘာပြောတယ်"

"ခင်ဗျားရဲ့ လက်ဖွဲ့သေတ္တာထဲက တွေ့တယ်ဆိုတဲ့ မြွေလေ"

"ဟင် . . ."





ခြံတံခါးကို ချက်ချင်းဖွင့်ပေးလိုက်မိသည်။ ဘာပဲဖြစ်ဖြစ် ရင်ဆိုင်ပါတော့မည်။

"ကဲ . . . လာ ဒီဘက်ကို"

သူက မလုံမလဲဖြင့် ဟိုသည်လှည့်ကြည့်နေ၍ ခြံတွင်းရှိ ပိန္နဲပင်ကြီးအောက်မှ ခုံတန်းလျားဆီသို့ သူ့ကို ခေါ်သွားသည်။ တိုက်ထဲတော့ အဝင်ခံ၍ မဖြစ်။

"ကဲ . . . ပြောစမ်းပါ၊ မြွေကရှင်လာပို့တာဟုတ်လား"

"ဟုတ်ပါတယ် ကျွန်တော်တို့ ဦးလေးက မှော်ဘီဘက်မှာနေပါတယ်၊ သူတို့ရွာနားမှာ ဗျိုက်တောတွေလဲ ရှိပါတယ်၊ အရင်က အလမ္ပာယ်ဆရာပါ အခုတော့ မြွေတွေဖမ်းပြီး ဘီပီအိုင်ကို ရောင်းပါတယ်၊ ကျွန်တော်က ဦးလေးကို ကူရပါတယ်၊ ကျွန်တော်တို့ တူဝရီးက မြွေပြီးဆေး ထိုးထားတယ်"

ဆေးပညာအရ မြွေပြီးဆေးထိုး၍ မရကြောင်း မငြိမ်းသာငြင်းမနေတော့၊ သူပြောလာမည့်စကားကိုသာ စိတ်စောခြင်းကြီးစွာ စောင့်နေမိ၏။

"အဲဒါနဲ့ ကျွန်တော် အစ်ကိုက ပြောတယ် . . . မြွေခပ်သေးသေးထဲက အဆိပ်ပြင်းတဲ့အရှင်တစ်ကောင်ကိုသွားပို့ချည် ငွေငါးရာပေးလိမ့်မယ်ဆိုလို့ ကျွန်တော် ဒီကိုလာပို့ခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကို ရှင်လာပို့တာ"

"ဟုတ်ပါတယ်၊ ကျွန်တော်ကိုယ်တိုင် အဲဒီ ဦးလေးဆီ လာပို့ခဲ့တာပါ"

သူက လက်ညှိုးညွှန်၍ပြောလိုက်သဖြင့် . . .

"ကျွန်မ သိပါပြီ၊ ရှင့်ကို ငွေငါးရာပေးပြီး အဲဒီအဆိပ်ပြင်းတဲ့ မြွေကို ဝယ်လိုက်သူဟာ ဦးလှဒွေးပဲ မဟုတ်လားဟင်"

"မဟုတ်ဘူး ခင်ဗျ"

"ဟင်"

"ကျွန်တော့် အစ်ကိုရဲ့အလုပ်ရှင် ဦးသိန်းဖေ"

"ဘာ. . . ဘာ ဘယ်သူ"

"ဟိုဘက်ခြံက ပလတ်စတစ်စက်ရုံပိုင်ရှင် ဦးသိန်းဖေဆီကို လာပို့ရတာ"

"အမလေး. . . ဘုရား ဘုရား"

မငြိမ်းသာ ရင်ကို ဖိထားလိုက်ရသည်။

"ဟုတ်. . . ဟုတ်လို့လား၊ ဟုတ်လို့လားရှင်"

"သိပ်ဟုတ်တာပေါ့ဗျာ၊ ကျွန်တော့် အစ်ကိုကို အ လုပ်ရက်ပျက်များတယ်ဆိုပြီးအလုပ်က ထုတ်လိုက် တယ်လေ၊အစ်ကိုက မမာ သူ့မိန်းမက ကလေးမွေး နှာမြင်လို့အလုပ်ပျက်ရတာပါ၊ လစာထဲကဖြတ်ပါ





နောက်မပျက်စေရပါဘူး ဆိုတာတောင် မရလို့ နာကျည်းတာနဲ့ ဒီကိစ္စကို လာဖော်တာ"

ဒေါက်တာ မငြိမ်းသာသည် မေ့မြောသွားမတတ် မျက်စိများပြာဝေသွားသည်။

ထိုသူ၏ စကားသံများ အားလုံးကိုပင် မမှတ်မိတော့. . . ရင်တပြင်လုံး ထိတ်ထိတ်ခုန်နေသည်က ပွင့်ကွဲသွားတော့မတတ်။

"ကျွန်တော့်အစ်ကို သူငယ်ချင်းက ဦးသိန်းဖေ စက်ရုံမှာ ရှိလို့ သတင်းတွေကြားရတယ်လေ၊ ဒေါက်တာ မငြိမ်းသာ ပြန်ရောက်လာပြီ၊ ရဲတွေရောက်လာပြီး အိမ်ကိုရှာကြတယ်၊ မြွေ တွေ့သွားပြီဆိုပြီး စက်ရုံမှာပြောနေကြလို့ ကျွန်တော့်အစ်ကိုက မင်း သွားပြီးဖွင့်ပြောလိုက်ကွာ ဆိုပြီး လွှတ်လိုက်လို့ လာခဲ့တာပါ"

လုံးဝ မမျှော်လင့် မထင်မှတ်သော ဖြစ်ရပ်ကြောင့် မငြိမ်းသာ၏ရင်မှာ ဆောက်တည်ရာမရနိုင်လောက်အောင်ပင် လှုပ်ရှားနေရပါပြီ. . .

"မြွေရောင်းတာ အပြစ်မရှိပါဘူးဗျ၊ သူဒီလို ခင်ဗျားကို သေကြောင်းကြံလိမ့်မယ်လို့လဲ ကျွန်တော်တို့ လုံးဝမသိခဲ့ကြပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအတွက် ဝယ်မယ်လို့ ပြောလဲရှင်"

"သူ့အသိက ဆေးဖော်ဖို့တဲ့ ဘယ်သူ့မှမပြောရဘူးတဲ့၊ ကျွန်တော်တို့လဲ မြေတစ်ကောင်ထဲနဲ့ ငွေငါးဆာ ရမယ်ဆိုတော့ သူမှာတဲ့အတိုင်း အဆိပ်ပြင်းဆုံး မြွေကိုလာပို့ခဲ့တာပါ"

မငြိမ်းသာ၏ အသက်ရှူနုန်းပင် မမှန်ချင်တော့. . .

"ခုတော့ဗျာ အလကားသက်သက်ကျွန်တော့်အစ်ကိုကိုအလုပ်ထုတ်ပစ်ခဲ့လို့ ခံပြင်းလွန်းလို့လာပြောတာပါ"

"ကျေး. . . ကျေးဇူးတင်ပါတယ်ရှင်"

"ကျွန်တော်ပြန်မယ်၊ ကျိုက္ကလားကတောင် လာရတာ လမ်းစရိတ်ကလေး နည်းနည်း မ စပါ"

အစိတ်တန်လား ဆယ်တန်လားပင် မသိတော့၊ ထုတ်ပေးလိုက်မိသည်။

"ဪ. . . ရှင် ရှင့်အစ်ကိုနာမည်က ဘယ်သူလဲ"

"အောင်ခင်တဲ့ဗျ၊ ကျွန်တော်က တိုးမောင်"

"ကိုအောင်ခင်ဆိုရင် သိတယ်လား"

"သူ့ပလတ်စတစ် တစ်ရုံးလုံးသိတယ်၊ သူလဲသိတယ်"

"ကောင်းပါပြီ ကိုတိုးမောင် ပြန်နိုင်ပါပြီ"

ကိစ္စတစ်ခုကို အောင်မြင်စွာ ဆောင်ရွက်ပြီးစီးသွားသည်





ဟန်နှင့် သူ ခပ်မော့မော့ပင် ထွက်သွားသည်။ တစ်ဘက်ခြံသို့လည်းခံပြင်းသော မျက်နှာထားနှင့် လှည့်ကြည့်သွားလိုက်သေးသည်။

မြွေထည့်သူနှင့် မောင့်ကို သေစေသူသည် တစ်ဦးတစ်ယောက်တည်းဖြစ်ရမည်ဟူ၍ ခိုင်မာစွာယူဆခဲ့သော မငြိမ်းသာ။

အခုတော့. . .

အခုတော့ အဲဒီတစ်စုံတစ်ယောက်ဟာ. . .

ဦးလေး ဦးသိန်းဖေဆိုပါလား. . .

မငြိမ်းသာ၏ ဘဝတစ်လျှောက်လုံးမှ ကျေးဇူးရှင်အဖြစ် ကိုးကွယ်ကြည်ညိုခဲ့သော. . .

ဦးလေးသိန်းဟူသည် လူသတ်တရားခံတဲ့၊ လူသတ်တရားခံတဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၀)

သည်တစ်ခါကျရသော မျက်ရည်သည် နှလုံးသည်းပွတ်၏။ ဗဟိုမှ တိုက်ရိုက်စီးဆင်းလာသော မျက်ရည်များမို့ ရင်ပြင်ခွင်လုံး ပြင်းပြစွာ ပူလောင်လှချည်ရဲ့လေ. . .

မငြိမ်းသာ နေထိုင်ခဲ့ရာ အခန်းငယ်လေးကို ဖွင့်ချိန်မှာ မငြိမ်းသာ၏ လက်များ ဆတ်ဆတ်တုန်နေသည်။

သားအဖနှစ်ယောက် နေထိုင်အိပ်စက်ခဲ့ရာ အခန်းကျဉ်းလေး. . .

ကွပ်ပျစ်ငယ်လေးနှစ်ခု သံသေတ္တာဟောင်းတစ်လုံး ထင်းရှူးသေတ္တာကြီးတစ်လုံး သံဇကာများ ဆွေးနေသော ကြောင်အိမ်ဟောင်းလေးတစ်ခုက သည်အတိုင်း. . .





တစ်ခါတစ်ရံ မိုးလင်းသည့်တိုင် စာထိုင်ကျက်ခဲ့ရသော စားပွဲဟောင်းနှင့် ကုလားထိုင်လေးကလည်း ခင်းကျင်းလျက်ဝင်. . .

ဦးလေးသိန်း၏ အရိပ်အာဝါသ

ဦးလေးသိန်း ပေးခဲ့သော အရိပ်ကလေးဖြင့် တသက်တာ တင့်တယ်ခဲ့ရသော ဒေါက်တာ မငြိမ်းသာ ဟူသည့် ဆရာဝန်မလေးတစ်ယောက် အဖြစ်. . .

မျက်ရည်တွေ သွယ်သွယ်စီးဆင်းရင်းကပင် ထင်းရှူးသေတ္တာကြီးကို မငြိမ်းသာ ဖွင့်လိုက်သည်။

အဖေ၏ လောင်းကုတ်အင်္ကျီရှည်ကြီးနှင့် သိုးမွေးခေါင်းစွပ်အညိုရောင်ရင့်ရင့်. . .

အင်္ကျီကြီးက အရပ်ပုသော အဖေနှင့် ခြေမျက်စိဖုံးမတတ်။

ဩော်. . . စာကိုသာ ကြုံးကျက်တတ်တဲ့ဝီရိယရှိရုံကလွဲလို့ ဘာ အတွေးအခေါ်မှ မရှိတဲ့ငါ၊ ဘာကိုမှ ဖြောင့်မှန်စွာ ခေါင်းစားတတ်တဲ့ ငါပါလား. . .

ဟိုညက တွေ့လိုက်ရတဲ့ အရိပ်မည်းကြီးဟာ အရပ်အရှည်ကြီးလေ၊ အရပ်အမြင့်ကြီးလေ. . .

အဖေရော ဦးလှဒွေးပါ ပုပုပြတ်ပြတ်တွေ။

ဦးလေးသိန်းရဲ့ ပခုံးလောက်မှာသာ သူတို့ခေါင်းကရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဟိုညက တွေ့လိုက်သော အရပ်အရှည်ကြီးမှန်းသိမှာ လိုက်ပါလျက်နဲ့ ဘာကြောင့်များ ငါ အဖေ့ကို စွပ်စွဲမိပါလိမ့်. . .

ဦးလေးသိန်းများ ဖြစ်မလားလို့ ဘာကြောင့်များ မတွေး မိခဲ့ရပါလိမ့်. . .

"ဘာကြောင့်များ မတွေးမိခဲ့ရပါလိမ့်နော်"

အကျီကြီးကိုကိုင်ပြီး ဟိုဘက်ခြံနှင့် သည်ဘက်ခြံ အလွယ်တကူ ကူးနိုင်သော ခြံစည်းရိုးကို မျက်ရည်တွေကြား ကြည့်နေမိသည်။

ထိုနေ့က အဖေ့ကို ဦးလေးကိုယ်တိုင် အိပ်ဆေးနှစ်ပြား တိုက်ခဲ့သည်။ ဗေလီယံဟုတ်ချင်မှဟုတ်မည်။ ဟုတ်ခဲ့လျှင်လည်း ဗေလီယံ တဆယ်ဂရမ်နှစ်ပြား ဖြစ်လေမည်။

လက်ဖွဲ့ပစ္စည်းတွေ မဖွင့်နဲ့ဦးနော် ဟူ၍ ထိုနေ့လယ်က ဦးလေးကိုယ်တိုင် ပြောကြားခဲ့ဖူးသော စကားကို ပြန်လည်အ မှတ်ရခြင်းဖြင့် မငြိမ်းသာကို သေစေလိုခြင်းမဟုတ်ပဲ မောင်ဦး သာမြွေဆိပ်သင့်၍ သေစေလိုသော ဦးလေး၏ အကြံသည် -

ဘာကြောင့်ပါလဲ

ဘာအတွက်ပါလဲရှင်. . .

မနေ့ကလည်း ဤကိစ္စများကို ပြီးပါစေတော့၊ ရဲနှင့်မျှ ရှင်းနေပါရန် စေတနာကောင်းလိုလိုနှင့် အမှုမပေါ်စေရန် ပြော





ကြားခဲ့သော ဦးလေး၏ စကားများ. . .

ယနေ့ပင်လျှင် ဘဏ်မှ ငွေတစ်သိန်းထုတ်၍ဦးလေးအား ပေးခဲ့ပြီးသော မငြိမ်းသာ. . .

ရင်၌ ဆူဝေလှိုက်လှဲလာသည်။

သည်အခါ ပိုရှိုက်ရခြင်းက ရင်၌ ဝေဒနာပေါင်းစုံ စုပြုံ ဖြစ်ထွန်းမှုကြောင့် ချေမွထုရိုက်နေသည်သို့ ရှိချေ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"ဟဲ့ . . . ငြိမ်းသာ . . . တူမလေး"

ဒေါ်လေး . . . ဒေါ်အေးမြ၏ အသံ . . .

"ဟင် . . . ငိုလို့ပါလား . . . ဒီအကျီကြီးက ဘာလုပ်တာလဲ ဘာဖြစ်လို့ကိုင်ထားတာလဲ"

ဒေါ်လေးက မငြိမ်းသာ၏ လက်မှအကျီကြီးကို ဆွဲယူပြီး နားမလည်သလို ကြည့်နေရာမှ နားလည်သွားဟန်ဖြင့် . . .

"သြော် . . . တူမလေးရယ် . . . ငိုနေလို့လဲ သေသွားတဲ့ လူက ပြန်လာမှာမှ မဟုတ်တော့တာ တရားနဲ့သာ ဖြေပါကွယ်"

မငြိမ်းသာ၏ ရင်တွင်း ပဋိပက္ခကို နားလည်နိုင်စွမ်းမရှိ





ရှာသော ဒေါ်လေးက လွဲမှားစွာ ဖျောင်းဖျရှာသည်။

ဒေါက်တာ မငြိမ်းသာသည် ဒေါ်အေးမြကို စူးနစ်စွာစိုက်ကြည့်လိုက်ပြီး တစ်ဦးတည်းသော သူ့ဘဝ၏ မြတ်နိုးအားကိုးရာ အမျိုးသမီးကြီးကို တအားလှမ်းဖက်ပြီး သူ့ရင်ခွင်မှာမျက်နှာ အပ်နှံကာ။

"ဒေါ်လေး . . . ဒေါ်လေးမြရယ်"

"ကွယ် . . . တူမလေးရယ် ဘာဖြစ်လို့လဲ ဘာဖြစ်လို့ ဒီလောက်ငိုနေရတာလဲဟင်"

"ဒေါ်လေးရောသိသလား ဒေါ်လေးရော အကြံတူပဲလားရှင်"

"ဟဲ့ . . . ဘာတွေပြောနေတာလဲ"

"ငြိမ်းသာရဲ့ဘဝကို အထက်ရောက်အောင် မြှင့်တင်ပေးပြီးမှ ငြိမ်းသာရဲ့ ရင်ထဲက အသည်းနှလုံးကိုဘာလို့များခွဲထုတ်ပစ်လိုက်ကြတာလဲ ဒေါ်လေးတို့ရယ်"

"ဘာတွေပြောနေတာလဲ ငြိမ်းသာ ဒေါ်လေးဘာမှ နားမလည်ပါလားကွယ်"

"တကယ်ပဲနားမလည်တာလားဟင် ဒေါ်လေး တကယ်ပဲ မသိတာပဲ"

"ဘာကိုမသိရမှာလဲ ဘာကိုနားလည်ရမှာလဲ ငြိမ်းသာ တူမလေးဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သည်းထန် လှိုက်လှဲစွာ ရှိုက်နေသော မငြိမ်းသာကို ဒေါ်အေးမြက ဖက်ပွေ့ပြီး တကယ်ကို နားမလည်သောအသိ နားလည်ချင်သော အကြည့်များဖြင့် ကြည့်နေ၍၊

"ဒေါ်လေးလဲ ဘာမှ မသိဘူးနော် ဒေါ်လေးရယ်
ငြိမ်းသာပါမောင်နဲ့ တစ်ခါတည်း သေသွားရင်သိပ်
ကောင်းမှာပဲတစ်ခါတည်းသေအောင်ပဲသတ်လိုက်
ကြပါတော့လား ငြိမ်းသာ ရင်တွေခုလို အထပ်ထပ်
အခါခါ နာကျည်းနိုင်တဲ့ စွမ်းအား မရှိတော့ပါဘူး
ရှင်"

"တူမလေး ငြိမ်းသာ ဘာဖြစ်သလဲ ဘာဖြစ်သလဲ
ဒေါ်လေးကို အမှန်အတိုင်းပြောစမ်းပါ။
ဒေါ်လေး မသိသေးဘူးဆိုရင်တော့ မသိတာပဲ
ကောင်းလိမ့်မယ် ထင်ပါတယ် ဒေါ်လေးရယ်။

"ခက်လိုက်တာ ဘာတွေပြောနေတာလဲ"

ဘာကြောင့် ဒီလိုရက်ရက်စက်စက်ကြီး ခွဲပစ်ရတာလဲ ဘာအတွက်လဲ ဘာကြောင့်လဲ ဆိုတာတွေ ငြိမ်းသာသိချင်တယ် ဒေါ်လေးရယ်. . . ဟဲ့"

ဒေါက်တာ မငြိမ်းသာ ရင်ဖွင့်၍အော်ငိုလိုက်တော့သည်။

"မငြိမ်းသာတော့ တစ်ခုခုဖြစ်ပြီ"

ဟူ၍ ဒေါ်အေးမြက ရင်ထိတ်စွာတွေးပြီး တိုက်ကြီးဘက်





သို့ ပြေးသွားသည်။

"ကိုသိန်းဖေ. . . ကိုသိန်းဖေ"

အသံကုန် ကြုံးဟစ်၍ ဒေါ်အေးမြ ခေါ်လိုက်တော့သည်။

သူ့စိတ်ထဲတွင် တစ်မျိုးထင့်သွားသည့် အတွက် ဦးသိန်းဖေကို ဒေါသနှင့် ကြုံး၍အော်နေခြင်းဖြစ်သည်။

ဟိုဘက်ခြမ်းမှာ ငြိမ်းသာလေးနဲ့ မောင်ဥက္ကာနှစ်ယောက်တည်း ကိုသိန်းဖေ တမင်လွှတ်ထားတာဟူ၍ မတွေးသင့် မတွေးအပ်သော အလွဲတွေးများတွေးနေဆဲ။

"ဟဲ့. . . ဘာလဲ. . . ဘာလဲ"

"လာစမ်းပါဦး. . . မြန်မြန်"

ဒေါ်အေးမြ ရှေ့ပြေးပြေး လျှောက်သွားသည် နောက်က ဦးသိန်းဖေလည်း အလောတကြီးလိုက်သွားတော့။

လောင်းကုတ်မဲကြီးကို ပြန်ကိုင်ထားပြီး တောင့်တောင့်ကြီး ရပ်နေသော မငြိမ်းသာကိုတွေ့လိုက်ရသည်နှင့် ဦးသိန်းဖေသည်. . .

သူ့တကိုယ်လုံးမှ အကြောများအားလုံး ရပ်ဆိုင်းသွားသလို နေရာတွင်ပင်တုန့်ကနဲရပ်သွားသည် ဆက်လက်လှမ်းနိုင်သည့်အင်အားမရှိတော့။

မငြိမ်းသာသည်လည်း ဦးသိန်းဖေကို ကြည့်နေသော မျက်ဝန်းများက နာကျည်းခြင်း ကြေကွဲခြင်း ယူကြုံးမရခြင်း နှင့်



www.burmeseclassic.com

www.burmeseclassic.com



တန်မှုသော ကလဲ့စားခြေလိုခြင်း စသောခံစားမှုအရပ်ရပ် တို့ ကိုအဓိပ္ပါယ်ဖော်ကြူးနေသော မငြိမ်းသာ၏ မျက်နှာ. . .။

"မငြိမ်းသာ ဘာဖြစ်နေတာလဲ ကိုသိန်း မေးစမ်းပါဦး ရှင့်တူမကို"

ရင်တွင်းမှခံစားမှုများကို ကြိတ်မနိုင်ခဲမရ မြိုသိပ်ပိတ်ဆည်းနေကြသော သူနှစ်ဦး၏ ဝေဒနာအရပ်ရပ်ကို ဒေါ်အေးမြ ကနားမလည်နိုင်စွာဖြင့် ဟိုကြည့်လိုက်သည်ကြည့်လိုက်. . .

"ဦးလေး"

"ဦးလေးသိန်း"

မငြိမ်းသာကအံကိုကြိတ်ပြီး ရင်ခေါင်းတွင်းမှ အသံကြီးဖြင့် နင့်နင့်နဲနဲခေါ်ပစ်လိုက်ပြီးမှ. . .

"ဘာကြောင့်လဲ ဘာအတွက်လဲရှင်"

"ကိုဥက္ကာအတွက်လား ဦးလေးရဲ့"

မငြိမ်းသာ ဆက်လက်ရပ်တည်နိုင်စွမ်းမရှိတော့ပဲ ကွပ်ပျစ်ပေါ်သို့ ပုံကျသွားပြီး သည်းထန်လှိုက်လှဲသော ရှိုက်သံများနှင့်အားပါးတရ ငိုချလိုက်တော့သည်။

"သူဘာဖြစ်တာလဲ ကိုသိန်း"

"မသိဘူးလေကွာ"

ဦးသိန်းဖေ၏အသံများ တုန်နေသည်။

သူ့လျှို့ဝှက်ချက်ကို မငြိမ်းသာ သိသွားလေပြီလားဟူ၍





လည်း စိုးရိမ်စိတ်က မီးကဲ့သို့ပူ၏။

မသိနိုင်ပါဘူးဟူ၍လည်း ခပ်ဖြေဖြေပြန်တွေးပြီး. . .

"ကဲ. . မမြ. . တိုက်ပေါ်သွားနေ ကျုပ်တူမကို ကျုပ် အေးအေးဆေးဆေးမေးကြည့်မယ်"

"အေး. . မေးမေး၊ မတော်တာတွေ မတရားတာတွေ ဖြစ်လာရင်တော့ ကျုပ်ကိုယ်တိုင်မခံဘူးမှတ်ပါ"

ဒေါ်အေးမြကလည်း ကိုဥက္ကာကိုရည်ညွှန်း၍ ခက်ခက်ထန်ထန်ပြောကြားပြီး မငြိမ်းသာတို့၏ အခန်းလေးထဲမှ ထွက်သွားတော့သည်။

"ဘာဖြစ်လို့လဲ မငြိမ်းသာ"

အတတ်နိုင်ဆုံး ဆင်ခြင်ထိန်းသိမ်းပြီး အတည်ငြိမ်ဆုံးလေသံနှင့် ဦးသိန်းဖေကမေးလာသည်။

မငြိမ်းသာ တော်တော်နှင့်မဖြေနိုင်သေး ဦးသိန်းဖေ၏ ရင်၌ပူတစ်ဝက်ဖြင့် သိချင်စိတ်က ရင်ကိုဖောက်ထွင်းတော့မလို ပြင်းပြင်းထန်ထန်ခံစားနေရသည်။

"ဦးလေးမေးနေတယ်လေ မငြိမ်းသာ"

"ဦးလေးရယ်"

သိမ်းမနိုင်သောမျက်ရည်တို့ကို မသိမ်းတော့ပါပဲနှင့် အားငင်းလိုက်ပြီး. . .

"ငြိမ်းသာပြောချင်ပါတယ် ဦးလေးရယ် ငြိမ်းသာ အ



www.burmeseclassic.com

www.burmeseclassic.com



များကြီးပြောချင်ပါတယ်၊ ဒါပေမယ့်ပြောမထွက်ဘူး
အို . . ဟို ငြိမ်းသာဘာလုပ်ရမလဲ ဦးလေးရဲ့"

မငြိမ်းသာမှာ လောင်းကုတ်အင်္ကျီကြီးကို ဆောင့်ချလိုက်တွေးပြီး သူကိုယ်တိုင် ကွပ်ပစ်ပေါ်မှာလှိမ့်၍ ငိုချပစ်လိုက်တော့သည်။

"မငြိမ်းသာဒီလောက်ငိုနေတာကို ဦးလေးမကြည့်ရက်တော့ဘူး ဘာပဲဖြစ်ဖြစ်ဦးလေးသိချင်တယ်၊ ရင်ဆိုင်မယ်၊ ပြောစမ်းမငြိမ်းသာ ပြောစမ်း ဦးလေးကိုပြောစမ်း"

ဦးသိန်းဖေ၏ပုံစံကို ခပ်ဝေဝေ ခပ်ဝါးဝါးမျက်ရည်ကြားမှအားယူ၍ ကြည့်လိုက်ပြီး

"ဦးလေးသိပ်ရက်စက်တယ်နော်"

"ဟင်"

"ငြိမ်းသာအားလုံးသိပြီးပါပြီ ဦးလေးရယ်"

"ဘာ. . ဘာ . . ဘာကိုလဲ"

"ကိုအောင်ခင်ရဲ့ ညီနဲ့တွေ့တယ် ဦးလေးငွေဝါးရာနဲ့ဝယ်ခဲ့တဲ့ မြွေ"

"မဟုတ်ဘူး. . မဟုတ်ဘူး"

ဦးသိန်းဖေကြုံးအော်လိုက်သည်။

မငြိမ်းသာလည်း လဲရာမှကြုံးထလိုက်ပြီး လောင်းကုတ်





ကြီး ကိုကိုင်မ၍. . .

"ပြီးတော့ ဒီအင်္ကျီကြီး ဦးလေးဝတ်ခဲ့ပါတယ်ရှင်"

"အို . . ဘာဆိုင်လဲ ဒါ ဦးတင့်ဟာပဲ"

"ဦးလေးရယ် ဘာမှလဲ မပြောပါနဲ့တော့၊ ဦးလေးဒီလောက် ရက်စက်နိုင်ရင်ငြိမ်းသာအသက်ကိုပါ တစ်ခါတည်း သတ်ပစ် လိုက်စမ်းပါ၊ ငြိမ်းသာ သေရဲတယ်"

"ဘာတွေ ပြောနေတာလဲကွယ်"

"ဒီအချိန်ကျမှတော့ ဒါတွေပြောမနေပါနဲ့တော့ ဦးလေးဒီကိစ္စဟာလဲ မငြိမ်းသာနဲ့ဦးလေးပဲနှစ်ယောက်ထဲသိပါတယ်၊ ဘယ်သူ့ကိုမှလဲ မပြောရသေးပါဘူး၊ ဒါကြောင့် တစ်ခုပဲမေးစမ်းပါရစေ ဦးလေး ဖြေပါ"

"ဟင်"

"မောင့်ကို ငြိမ်းသာဘဝထဲက ဖယ်ထုတ်ပစ်လိုက်တာ ကိုဥက္ကာအတွက်လား ဟုတ်လား၊ ဟုတ်လား ဟင် ဦးလေး"

"မဟုတ်ဘူး မငြိမ်းသာ ဒီကိစ္စကို အခုတစ်ခေါက်မှ စဉ်းစားမိတာပါ၊ အဲဒါကိုတော့ ဦးလေး ကျိန်ပြီးပြောနိုင်ပါတယ်"

"ဒါဖြင့်ရင်. . . "



www.burmeseclassic.com

www.burmeseclassic.com



မငြိမ်းသာ၏ စကားလုံးများသည် နှလုံးအိမ်မှတင်းကြပ်နေသည်။ လည်ချောင်းဝ၌ ပိတ်ဆို့နေသည်။

မငြိမ်းသာမှာ ပြောနိုင်သည့် အင်အားပင် မရှိတော့ပါ။

ဦးသိန်းဖေကသာ. . .





## အခန်း (၄၂)

"ကောင်လေးက ချမ်းသာလှချည်လား"

မငြိမ်းသာ၏အမည်နှင့် လွှဲအပ်ပေးမည့်ငွေသားများ အတွင်းပစ္စည်းများကို ကြည့်ပြီး ဦးသိန်းဖေမျက်လုံးပြူးသွားသည်။

သူတို့မှာဖြင့် တစ်လလုံး မျက်လုံးပြူး မျက်ဆံပြူးရှာပါမှ အစားမမှန် အအိပ်မမှန် လုပ်ပါမှရလှ ငါးထောင်တစ်သောင်း။

ယခုတော့ ကြည့်ပါဦး၊ ကျော်ဇောဦးပိုင်ဆိုင်သည်က သိန်းပေါင်းများစွာ ဘာမှလည်းပင်ပင်ပန်းပန်းမလုပ်ရ။

"ဒီလို စည်းစိမ်မျိုးများရချင်စမ်းပါဘိ"

ကျော်ဇောဦးဘဝကို အားကျသည်နှင့်အမျှ လောဘစိတ်သည် ဦးသိန်းဖေ၏ အသိဉာဏ်ကို တိမ်သလွှာလို တင်းချွသွားခြင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ထပ်ချင်းဖုံးအုပ်လာသည်။

ဦးသိန်းဖေသည် ငွေကို လောဘတကြီး ရှာဖွေရုံမှလွဲ၍ စိတ်ထားယုတ်ညံ့သူ မဟုတ်ခဲ့ပါ။

ယခုမှသာ . .

ကျော်ဇောဦး၏ စည်းစိမ်ဥစ္စာများကို အားကျရာမှ တပ်မက်သည့်စိတ်သို့ တစ်ဆင့် တိုးလာခဲ့သည်။

"အားလုံးမငြိမ်းသာနာမည်နဲ့ လွှဲပေးခဲ့တာ သူ့ကိုသိပ်ချစ်ကြောင်းပြချင်တာကတစ်ချက် နောက်တစ်ချက်က. . ."

"ကျွန်တော့်မှာ မွေးရာပါ နှလုံးရောဂါရှိနေတယ် ဦးလေးသိန်းရ. . သူ့စိတ်ပူမှာ စိုးလို့သာဖွဲ့ပြီးပြောထားရတာ ဆရာဝန်က ကျွန်တော့်ကို အိမ်ထောင်တောင် မပြုစေချင်ဘူး"

"မငြိမ်းသာကလဲ ဆရာဝန်ပါပဲကွာ"

"ဟုတ်ကဲ့သူက ကျွန်တော့်ကိုသိပ်စိုးရိမ်ရှာတာ အင်းလေ မတော်တဆများ ကျွန်တော်ရှုတ်တရက် သေသွားခဲ့ရင်အားလုံး အလွယ်တကူပိုင်ဆိုင်ခွင့်ရှိအောင်ပါ"

"မဖြစ်နိုင်ဘူးကွာ နေကောင်းသွားမှာပါ"

"မပြောနိုင်ဘူး ဦးလေးရယ် ကျွန်တော်ကသိပ်လန့်ရင်တောင် မေ့သွားတာ စိတ်ထိခိုက်စရာတွေ့ယင်လဲ ခံနိုင်မှာမဟုတ်ဘူးထင်တယ်"

"အင်းလေ. . ခုတော့ဒါတွေလဲ ဖြစ်နိုင်မှာ မဟုတ်ဘူးနော် ဦးလေး ကျွန်တော်အသက်ရှည်ချင်သေးတယ်ဗျာ ကျွန်တော်သူ့ကိုသိပ်ပြီး မြတ်နိုးတယ် သူနဲ့နှစ်ပေါင်းများစွာအတူနေခွင့် ရချင်ပါတယ်ခင်ဗျာ"

သနားစရာ ကောင်းလှသော ကျော်ဇောဦး၏ စကားသံများသည် ဦးသိန်းဖေ၏ ကြောက်မက်ဖွယ် အတွေးထုကြီးကို မဖြိုခွဲနိုင်ခဲ့ပါချေ။

"ကျွန်တော်က သိပ်လန့်ရင်မေ့သွားတာ"

"မွေးရာပါနှလုံးရောဂါရှိတယ်" "ဆရာဝန်က ကျွန်တော်ကို အိမ်ထောင်တောင်မပြုစေချင်ဘူး"

"အင်းလေ မတော်တဆများ ကျွန်တော်ရှုတ်တရက် သေသွားခဲ့ရင်"

ကျော်ဇောဦး၏အပြောများကို ပြန်၍ကြားနေအောင်စဉ်းစားယင်းက. . .

မတော်တဆများ ကျွန်တော် ရှုတ်တရက်သေသွားခဲ့ရင်. . .

မတော်တဆများ ကျွန်တော် ရှုတ်တရက်သေသွားခဲ့ရင်. . .







www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကျော်ဇောဦးတစ်ယောက်မတော်တဆ
သေသွားခဲ့ရင် သိပ်ကောင်းမှာပဲ"

သူပိုင်ဆိုင်ထားသမျှအားလုံးကို ငါ့တူမလေးမငြိမ်းသာက ပဲ။ ကောင်းပြီ မငြိမ်းသာရခဲ့ရင် . . .

"ငါ့စိတ် . . . ငါ့သဘော . . . ငါ့ဆုံးဖြတ်ချက်အတိုင်း
အားလုံးဖြစ်မှာပဲ"

"ကိုတင့်က ဘာဆိုဘာမှ ဒီလောက်သိန်းချီတဲ့ငွေကို
ဘာမှလုပ်တတ်မှာမဟုတ်ဘူး"

"ဦးလေးပဲ စီစဉ်ပေးပါ"

လို့ ငါ့ကိုပြောမှာ အမှန်ပဲ ဟုတ်တယ် ဒီအတိုင်းဖြစ်မှာပဲ အရေးကြီးတာက

"ကျော်ဇောဦး မတော်တဆ အဖြစ်မျိုးနဲ့ရုတ်တရက်
သေသွားနိုင်အောင်"

ဆိုသော အတွေးဖြင့် ဘာလုပ်ရပါမလဲဟူ၍ ဝန်းကျင်အနှံ့ ဖြန့်ပြီးစဉ်းစားတော့၏။

မြွေဖမ်း၍ဝမ်းစာရှာနေသော သူ့အလုပ်သမား အောင်ခင်၏ ဦးလေးတစ်ယောက်ရှိဖူးကြောင်းသတိရမိသည်။ မြွေကြီးမြင်လိုက်ရင်သူလန့်သွားမယ် မြွေပေါက်လို့ အော်ရင်ဒီ တိရစ္ဆာန်ပဲ ဘယ်သူ့ကိုအပြစ်ရှာလို့ရမလဲဟူသော မိုက်မိုက်မဲမဲ အတွေးများဖြင့်အဆင်ခြင်မဲ့စွာဆောင်ရွက်ခဲ့တော့သည်။





လူသားတို့၏ စိတ်တွင် လောဘတဏှာဝင်လာချိန်လောက် ကြောက်စရာကောင်းသောကာလမရှိပါချေ။

ငဲ့ညှာစာနာခြင်း မတော်ပါဟု ဆင်ခြင်နိုင်ခြင်းများကင်းမဲ့ရုံမက အပြစ်ကိုကြောက်သည့် စိတ်များ ပျောက်ဆုံးခြင်းတို့ဖြင့် ဖွဲ့စည်းတတ်လေသော လောဘစိတ်။

သည်လိုနှင့်

မြွေလေးတစ်ကောင်တည်းကို ငွေငါးရာပေးဝယ်ပြီး လက်ဖွဲ့ ဗူးတွင်းထည့်ပေးပြီးမှ။

"ကျော်ဇောဦးမဖေါက်ပဲ ငါ့တူမလေး မငြိမ်းသာ
ဖောက်ခဲ့ရင်"

ဆိုသောပူပန်စိတ်ဖြင့် လက်ဖွဲ့ပစ္စည်းများကို မငြိမ်းသာဖွင့်ရန် တားမြစ်ခဲ့ပြီး . .

"ကျောဇောဦး ပစ္စည်းတွေဖောက်တော့လေကွာ"

ဟူ၍ မငြိမ်းသာကွယ်ရာမှာ ပြောကြည့်မိသည့်အခါ . .

"နေပါစေဦးလေးရာ . . သိပ်များတာမှ မဟုတ်ပဲ
နောက်မှပဲ ဖေါက်တော့မယ်" ဟူသောပြန်ကြားချက်
ကြောင့် . . .

"အင်း မြွေနဲ့လှန့်ရမယ့်နည်းတော့ မအောင်မြင်တော့
ဘူး"

"ငါကလဲ သူ့ကို ဒီညမှာပဲ သေစေချင်တာ . ."



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကျစ်ယုတ်မာသော လောဘစိတ်တို့သည် ဦးသိန်းဖေ၏စိတ်ကို စက္ကန့်နှင့်အမျှ မကောင်းမှုပြုဖြစ်ရန် တိုက်တွန်းနေတော့သည်။

နောက်ဆုံးတွင်

ဦးတင့်၏ အခန်းသို့ဝင်မိရာမှ မျက်နှာကို အုပ်စွပ်၍ ရနိုင်သော သိုးမွေးခေါင်စွပ်ဦးထုပ်ကြီးနှင့် သက္ကလပ်လောင်းကုတ်အင်္ကျီရှည်ကြီး။

အင်္ဂတေညှိသည့် သံလျှက်လို ချွန်ထက်သည် သံလက်နက် အသစ်ကလည်း ဖြူလက်နေ၏။

ယင်းတို့ကို လူသတ်ရန်လက်နက်ပစ္စည်းများ အဖြစ်အသုံးပြုရန်ရွေးချယ်လိုက်ပြီး၊

"ဒီကောင်. . ရေချိုးခန်းနဲ့အိမ်သာတော့လာမှာသေချာတယ်"

တံခါးကန့်လန့်များကို အသေကျမသွားစေရန် ကြိုတင်ဖန်တီးဖျက်ဆီးထားလိုက်သည်။

စတိုခန်းနောက်မှ ချောင်းမျှောင့်လိုက်ရသည်။

ဘောင်းဘီတိုနှင့် မျက်နှာသုတ်ပဝါပွကြီးကိုခြုံပြီး ကျော်ဇောဦး ရေချိုးခန်းတွင်းဝင်သွားတော့သည်။

ဆပ်ပြာဖွဖွတိုက်ပြီး ရေပန်းအောက်ရောက်နေသည့်အချိန် မှာမှ. . .





အဝတ်မည်းခေါင်းစွပ်ညှိုကြီးနှင့် ထိုးတော့မလို တစ်ချက်ရမ်းလိုက်စဉ်. . .

ထိုအချိန်မှာ ကြောက်လန့်တကြားဖြင့်. . .

"အား"

ဆိုပြီး တစ်ချက်သာအော်နိုင်လျက် ငြိမ်ကျသွားတော့သည်၊ ရေပန်းများက သူ့တစ်ကိုယ်လုံးပေါ်မှ လောင်းချနေသည်သို့ ရှိပါ၏။

ကျော်ဇောဦးလဲကျပြီး ခဏငုံ့ကြည့်နေမိသေးသည်။

သူမလှုပ်မယှက်ငြိမ်သက်သွားတော့မှ အခန်းတွင်းမှ အအားပြေးထွက်ခဲ့သဖြင့် တံခါးမြည်သံပြင်းသွားခဲ့ရသည်။

ထိုအချိန်မှာ မငြိမ်းသာပြေးထွက်အလာနှင့် စက္ကန့်ပိုင်းမျှ တိုက်သွားခဲ့ရခြင်းဖြစ်လေသည်။

ဤအဖြစ်အပျက်၏ နောက်ပိုင်းတွင် မငြိမ်းသာအနေနှင့် စိတ်မမှန်သောဖခင်ကြီး၏ လက်ချက်ဟုယူဆပြီး နှုတ်ပိတ်ရင်းနေခဲ့သဖြင့်. . .

ကာလများစွာကြာအောင် ရာဇဝတ်ဘေးက ပြေး၍လွတ်နေခဲ့လေတော့သည်။

မငြိမ်းသာအပါအဝင် တစ်လောကလုံးက ဘယ်သူမှ ဦးသိန်းဖေပေါ်တွင် သံသယမရှိခဲ့ကြပါချေတကား။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

ဦးလှဒွေးမှာ ကျော်ဇောဦးလက်ထပ်ပြီးလျှင် သူ့ကို နေခွင့်မပေးတော့ပါဟူသော စကားကြောင့် အတော်ကြီးစိတ် ခါတ်ကျဆင်းနေကြောင်း သိရ၍ ကျော်ဇောဦးက ငွေသုံးထောင် တိတိ ပေးခဲ့လေသည်။

သဘောကောင်းသော ကျော်ဇောဦးကို ဒုက္ခမပေးချင် သော်လည်း ဦးလှဒွေးမှာ သူ့ရှေ့ဆက်ရမည့်ဘဝခရီးအတွက် ငွေသုံးထောင်နှင့် မလုံလောက်နိုင်ဟုတွေးမိလာသည်။

"သူ့လက်ထဲမှာလဲ ဘာပစ္စည်းမှမရှိဘူး အားလုံးဘဏ် မှာထားတာ ငါဘာခိုးသွားရကောင်းမလဲဟူ၍ စိတ် ကူး နေဆဲအချိန်မှာ"





"ဦးလေးဒွေး အစ်ကိုဦးဆီမှာ လောကနတ်ရုပ်များ မြင်မိသလား၊ ကျွန်တော်တို့အဘိုး ဦးဘရိုးအိမ်က စန္ဒရားကြီးပေါ်မှာ တင်ထားတဲ့အရုပ်ကြီးလေ"

"အေး. . သူ့ဆီမှာရှိတယ်"

"ဟော. . အဲဒါကျွန်တော်လိုချင်တယ် ဦးလေးဒွေး တို ပေးပါလား"

"ဟာ မဖြစ်ဘူးထင်တယ်ကွ၊ နေပါဦးဒီအရုပ်က ဘယ် လောက်များတန်ဖိုးရှိမှာမို့လဲ ပိတောက်သားကို ထု ထားတာမဟုတ်လား"

"ဪသစ်သားရုပ်ကြီးပဲဆို ပြောပါ့မလားဗျ၊ ဘယ် ပန်းပုဆိုင်သွားဝယ်ဝယ် ရတာပဲ"

"ဒါဖြင့် ဘာကတန်ဖိုးရှိတာလဲ"

"ကျွန်တော်တို့အဘိုးလက်ထက်က နီလာနဲ့ပတ္တမြားနဲ့ မြှုပ်ထားတယ်လို့ ပြောတာပဲ"

"ဘယ်နေရာမှာလဲ"

"အဲဒီအရုပ်ရဲ့ တစ်နေရာရာမှာပေါ့ဗျာ၊ ဗိုက်ထဲမှာလဲ ဖြစ်ချင်ဖြစ်မယ်၊ ခေါင်းထဲမှာလဲ ဖြစ်ချင်ဖြစ်မယ်"

"အေးငါသဘောပေါက်ပြီ"

"ဒါဆိုတွေ့အောင်ရှာဗျာ ဦးလေးဒွေးကို ကျွန်တော် လက်ဖက်ရည်ဖိုးပေးမှာပေါ့၊ တကယ်တော့ ဒါအဘိုး



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်း ကျွန်တော်တို့လဲဆိုင်တာပဲ”

“ဒါဆိုမောင်ဦးကို အတိအလင်းပြောလေကွာ”

“အတိအလင်းပြောရင်သူ့ကိုခွဲပေးနေရမှာပေါ့ သူ့ဘ ဘော့စ်ပဲဗျာ မလိုပါဘူး၊ ကျွန်တော့်ကိုသာရအောင် တိုပေးစမ်းပါ”

“အေး အေး ဦးလေးတွေ့အောင် ရှာပါ့မယ်”

ပြောသည့်အတိုင်း တွေ့အောင်ရှာပါမည်၊ ကျော်ဇောဦး၏တစ်အိမ်လုံးမှာ သူမနှံ့စပ်သည့်နေရာမရှိပါ။တောင်ဆုပ်နီးပါး ရှိသော အရုပ်တရုပ်ကို ဦးလှဒွေးအသာလေးရှာနိုင်ပါမည်။

“ဟင်း. . . ဒီအရုပ်ရရင် ငါ့ကိုပေးမှာက လက်ဖက်ရည်ဖိုးတဲ့”

ရလှနှစ်ရာသုံးရာပေါ့ အဲထဲမှတစ်သောင်းဆိုလဲဟုတ်တင် သိန်းဆိုလဲဟုတ်နိုင်တဲ့ ရတနာတွေရှိနေမှာ. . .

“မင်းမောင်ရယ် မင်းကို ဘယ်ပေးပါ့မလဲကွာ ငါပဲ ဖြောင်ပစ်လိုက်တော့မှာပေါ့ကွ”

ကိုယ့်အကြံနှင့်ကိုယ် ပီတိတွေဖြစ်ယင်း လောကနတ်ရုပ် ရှာပုံတော်ဖွင့်ရန် အကြံနှင့် ကျော်ဇောဦး၏အခန်းကို ရှင်းဖေး မည်ဟုပြောခဲ့သည်။

“ဩော်. . . ငါနှယ် ခဲခဲယဉ်းယဉ်းများလှန်လှောရှာရ မလားမှတ်တယ် လွယ်ပါ့ကွာ”





ကျော်ဇောဦး၏ ကျမ်းစာအုပ်များနှင့် သူစုဆောင်းထား သော ရှားပါးစာအုပ်များထားသည့် ဗီရိုအပေါ်ဆုံးထပ်မှာ သတင်းစာစက္ကူနှင့်ပတ်၍ထားရှိသည်။

ဗီရိုသော့ကိုပင်ခတ်မထား. . .

“အင်း ဒီအရုပ်ထဲမှာ အဖိုးတန်ရတနာတွေရှိတယ် ဆိုတာ မောင်ဦးသိမှ သိရဲ့လား”

“သိလို့သာ ငါ့ဟိုအခန်းမှာ အလှထားတာကို သူဒီ ဘက် ရွှေ့ခိုင်းတာနေမှာ”

ရတနာမြှုပ်ထားသောလောကနတ်ရုပ်ဟု ကျော်ဇောဦးသိ သည်ဟုလည်းတွေး၍ရသည်။

မသိနိုင်ဟူ၍လည်း တွေးမည်ဆိုတွေးနိုင်သည်။

ဤလောက၌ သက်ရှိထင်ရှားရှိမနေသော ကျော်ဇောဦး ၏ အတွင်းစိတ်ကို ဤကမ္ဘာပေါ်ရှိ လူသားအားလုံးက မည်သို့ မျှမသိနိုင် မတွေးနိုင်ကြတော့ပါချေ။

ဦးလှဒွေးသည် တောင်ဆုပ်ခန့်ရှိသောလောကနတ်ရုပ် ကြီးကို ဝှက်စရာနေရာရှာမရနိုင်အောင် ရှိနေ၍ သူနဂိုနေရာ၌ သာ ပုံစံမပျက် ပြန်ထားရသေးသည်။

ကိုမင်းမောင်နှင့် ကိုမင်းမြတ်တို့ကလည်း ကျော်ဇောဦး အိပ်ခန်းတွင်းသို့ ဝင်ခွင့်မရကြ။

“မတွေ့သေးဘူး”



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍သာပြောပြီး ဦးလှဒွေးတစ်ယောက်တည်း အကြံထုတ် ရတော့သည်။

အဆင်ပြေချင်တော့. . နံနက်ပိုင်းမင်္ဂလာဆောင်ကို ဦးလှဒွေးလိုက်ခွင့်မရ၊ အိမ်စောင့်ရန်ကျန်ရစ်ရသဖြင့် ဤလောကနတ်ရုပ်ကို အသေအချာထုတ်ရန် အချိန်ရခဲ့သည်။

သူ့အဝတ်အစား အနည်းငယ်သာထည့်ထားသော သူ့လွယ်အိတ်ကလေးအတွင်းမှာလည်း မဆန့်၍. . .

ကျော်ဇောဦး၏ တာရပတ်ဟောင်းတစ်ခု ခေါင်းအုံးနှစ်လုံး စောင်တစ်ထည်ကို လုံး၍အိပ်ရာလိပ် လိပ်လိုက်သည်။

ဤအိပ်ယာလိပ်အတွင်းမှာ လောကနတ်ရုပ်ကြီးကို လှဲ၍ သိပ်ထားလိုက်တော့ အားလုံးအဆင်ကိုပြေလို့ပါ။

မင်္ဂလာသတို့သမီး သတို့သားများ ပြန်လာပြီး ပွက်ပွက်ဆူလို့ ပြီးတော့မိုးကုတ်သားများ ပြန်ရန်ဟန်ပြင်ကြတော့ ဦးလှဒွေးက အားလုံးအဆင်သင့်ဖြစ်နေပြီ။

သူ့အိပ်ရာလိပ်နှင့် လွယ်အိတ်ကလေးက အဆင်သင့်၊ ကိုမင်းမောင်မေးတော့. . .

"ဘယ်မှရှာမတွေ့ဘူးကွ"

ဆိုရုံနှင့်ပင် အားလုံးပြီးသွားခဲ့လေပြီ။

ဘယ်သူမှ သံသယမရှိကြ. .

သည်လိုနှင့် ဒိုင်နာတစ်စင်း လဲန်ဒ်ရိုဗာတစ်စင်းတို့





ရှေ့ဆင့် နောက်ဆင့်သွားကြပြီး ပဲခူးရောက်ချိန်မှာ လဲန်ဒ်ရိုဗာက ကလပ်၍ ဘရိတ်ကြွေသည်။

ဘယ်လိုမှ ဆက်မောင်း၍မရတော့. .

ကားကို ဝပ်ရှော့ဆရာနှင့်ပြသလိုက်ရာ ပြီးလျှင်တောင် ယနေ့ ညဦးပိုင်းလောက်မှ ပြီးနိုင်မည်ဟုဆိုပါသည်။

ဦးအောင်ဖေ၏ မိတ်ဆွေ ပဲခူးမှဆေးလိပ်ခုံပိုင်ရှင် သူဌေး ဦးဇင်မောင်က. .

"ဦးအောင်ဖေရယ် သက်သက်လာလည်ပါဆိုရင် လာလည်နိုင်ကြမှာမှမဟုတ်တာ ခုလိုကြုံတုန်း ကားပြီးပြီး မပြီးပြီး ဒီမှာတစ်ညတော့အိပ်သွားဗျာ"

ဟူသော စကားအရ ထိုညက ပဲခူးမှာအိပ်ဖြစ်ကြဖို့ ဆုံးဖြတ်လိုက်တော့သည်။

တိုက်ကအကျယ်ကြီး အပေါ်ထပ်မှာ အပြန့်ကြီး၊ အိမ်ရှင်တို့အတွက်သာ အခန်းတစ်ခန်းရှိသည်။ အိမ်ရှေ့ဘက်ဘုရားစင်ရှေ့ မှာအားလုံးစီတန်း၍ အိပ်ကြရမည်။

ဦးအောင်ဖေအတွက်သာ သီးသန့်ခန်းပေးပြီး လူငယ်အားလုံးထဲမှာ ဦးလှဒွေးပါ ပါရမည်မို့ သူ့အိပ်ရာလိပ် ဖြန့်ရတော့မည်

ဤလောကနတ်ရုပ်ကြီးကို လုံခြုံအောင်ဝှက်စရာ နေရာ မရှိ ခိုးလာသောပစ္စည်းမို့ မလုံမလဲဖြစ်ရသည်။ စိတ်က ပူပြီး ချောက်လှန့်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညနေစောင်းမှာ ပဲခူးမြို့ထဲထွက်၍ လမ်းလျှောက်ပြီး လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်နေစဉ် . .

"ဟာ . . လှဒွေး မင်းလဲ ဒီရောက်နေသလား"

ဟူသော အားရဝမ်းသာ ခေါ်သံကြောင့်ကြည့်လိုက်တော့ ဦးလှဒွေး၏သေချင်းပေါင်း ရှင်ချင်းပေါင်း သူငယ်ချင်း 'ဦးထွန်းရှိန်' . . .

"ငါဒီမှာ ကားထောင်ထားတယ်၊ အတော်လေးဟုတ်နေပြီ"

ဟူ၍ အစချီကာ သူ့အကြောင်းကိုယ့်ပြော ကိုယ့်အကြောင်း သူ့ပြောဖြင့် တစ်နာရီအတွင်းမှာပင် အားလုံးအဆင်ပြေသွားပြီး ထိုညဦးက ဦးထွန်းရှိန်အိမ်မှာပင် ညစာ စားသည်။

ဦးထွန်းရှိန်၏ စီးပွားရေးလမ်းဖြောင့်ခြင်းများ၊ သူ၏လည်ပတ်ခြင်းများကို အားရစဖွယ် တွေ့မြင်လိုက်ရ၍ . .

"ငါမင်းကို တိုင်ပင်စရာရှိတယ် ထွန်းရှိန်"

"ပြောလေကွာ ဘာမဆို ငါကူညီမယ်၊ ငါအလုပ် ဖြစ်နေတာလဲ မင်းမြင်တဲ့အတိုင်း"

"အေး ငါ့မှာ ပစ္စည်းတစ်ခုပါလာတယ်"

ဟူ၍ အစချီကာ အကြောင်းစုံ ပြောပြပြီး . .

"ဖြစ်နိုင်ရင်တော့ ငါတခါတည်းထုခွဲသွားချင်တယ်"

"ဖြစ်တယ်သူငယ်ချင်း၊ ငါ့မိတ်ဆွေထဲမှာ ကျောက်လုပ်





တဲ့လူတွေ အများကြီးနားလည်တဲ့လူတွေလဲရှိတယ်၊ မင်းနတ်ရုပ်ကြီးသာ သွားယူခဲ့"

ဟူသောအပိုင်စကားကြောင့် ဦးလှဒွေး တည်းခိုရာ ဗိုင်းဂနိုင်းရပ်သို့ ပြန်သွားယူနေချိန်မှာ . .

လူလည်ကြီး ဦးထွန်းရှိန်က ကျောက်သမားသုံးလေးဦးနှင့် ဆက်တိုက်တွေ့ဆုံကာ စည်းဝါးကိုက်ထားပြီးလေပြီ။

ဦးလှဒွေးယူလာသည့် ရှေးလက်ရာမြောက်လှသော . .

အနုပညာရှင်ကျော်ဇောဦး မြတ်နိုးလှသော လောကနတ်ရုပ်ကြီးကို အပိုင်းပိုင်းအစိပ်စိပ် ထုရိုက်ခွဲခြေလိုက်တော့ . . .

"ဟာ နီလာနှစ်ပွင့်နဲ့ ပတ္တမြားတပွင့်၊ သေးသေးလေးတွေပါလား"

"မသေးပါဘူးဗျာ အရောင်တွေကလဲ အိလို့ပါ"

"နေဦး နားလည်တဲ့ လူခေါ်ပြဦးမယ်"

လူနှစ်ယောက် လိုက်လာသည်။

သိန်းဂဏန်းမျှ တန်ဖိုးရှိလိမ့်မည်ဟုယူဆရသော်လည်း သုံးခုပေါင်း အလွန်အကျွံတန်လှမှ တစ်သောင်းပဲ . . .

ဟူသောမှတ်ချက်ဖြင့် ဦးလှဒွေးကို ကသိကအောက်ဖြစ်စေတော့သည်။

"ရောင်းလိုက်တော့ လှဒွေးဒီမှာ လူသုံးယောက်သိသွားပြီ မင်းဒီကျောက်ပွင့်တွေပဲ ယူပြီးပြန်သွားမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် သူတို့က မကျေနပ်လို့သတင်းပို့လိုက်ယင် မင်း ချောက်ကျမှာ”

လူလည်ဦးထွန်းရှိန်၏ စကားကြောင့် ဦးလှဒွေး ခေါင်းငိုက်စိုက် ကျသွားရလေပြီ. .

“တစ်ခု ငါးထောင်တော့ ပေးကြပါဗျာ”

“ကဲဗျာ ကျွန်တော့် သူငယ်ချင်းကို တထောင် လောက်တော့ ပိုပေးကြပါ”

နောက်ဆုံးတစ်သောင်းတစ်ထောင်သာ ရရှိပြီး ထိုနေ့ညက ဆယ်နာရီကျော်မှ တည်းခိုရာအိမ်သို့ ဦးလှဒွေးပြန်ရောက် အိပ် ဖြစ်သည်။

အမှန်တော့ အားလုံးဦးထွန်းရှိန်၏ အကြံအစည်ချည်းသာ။

ကျောက်သမားများ ဝယ်သယောင်ယောင်နှင့် ဦးထွန်းရှိန် ဝယ်ယူလိုက်ခြင်းသာ ဖြစ်တော့သည်။

မိုးကုတ်သူဌေးကြီးကိုယ်တိုင် လောကနတ်ရုပ် အတွင်းမှာ မြှုပ်နှံသိမ်းဆည်းထားသော ပစ္စည်းတန်ဖိုးနည်းမည်မဟုတ် ကြောင်း သူ ကြိုတင်တွက်ဆမိ၍သာ ငွေတစ်သောင်း တစ်ထောင် ကိုရှက်ရောစွာ ပေးလိုက်ခြင်းဖြစ် လေတော့သည်။

ဦးလှဒွေးမှာလည်း ထိုငွေကို ထိုက်ထိုက်တန်တန်မသုံး





လိုက်ရပါ။ သားက အရောင်းအဝယ်လုပ်ပါရစေဟုပြော၍ ဆေး သည်။ အလုပ်ကမဖြစ်. .။

ကျန်သမျှငွေလေးငါးထောင်နှင့် ရန်ကုန်ပြန်ရောက်လာ တော့လည်း ဟိုယောင်ယောင်သည်ယောင်ယောင်နှင့်သာ။

နောက်ဆုံး၌တိုက်ကိုစောင့်ရင်း နေခွင့်ရရန် အကြံဖြင့် လာ၍ ဒေါက်တာမငြိမ်းသာနှင့် စကားဆုံမိခဲ့ကြသည်။

၎င်းအိမ်မှာလည်း ဦးအောင်ဖေနှင့် ဒေါက်တာမငြိမ်းသာတို့ ဆွေးနွေးမှု ပြေလည်၍ ရဲအရာရှိဦးဝင်းဟန်၏ အကူညီကြောင့် ဦးလှဒွေးကို ဖမ်းဆီးစစ်ဆေးတော့ အားလုံးအမှုမှန်ပေါ်ပေါက် လာသည်။

ပဲခူး ဦးထွန်းရှိန်ထံမှလည်း ရတနာပစ္စည်းများကို ခိုးရာပါ ပစ္စည်းအဖြစ်နှင့် ပြန်လည်၍ သိမ်းဆည်းခဲ့ပြီးပါပြီ။

သက်ဆိုင်ရာများနှင့် ရှင်းလင်းပြီးလျှင် အမှန်တကယ်ပိုင် ဆိုင်ထိုက်သူများ လက်သို့ လွှဲအပ်ပေးပါမည်။

ထိုအခါတွင်. . .

ဦးအောင်ဖေစီစဉ်သကဲ့သို့ပင် မြန်မာ့ ကျောက်မျက်ရတနာ တော်ပိုရေးရှင်းမှာ သွားရောက်ရောင်းချပြီး တရားသဖြင့်ရရှိ သောငွေများကို အချိုးကျယူပါမည်. . .

“ဘယ်လောက်ပဲရရမယူတော့ပါ”

ဟူသောဒေါက်တာ မငြိမ်းသာ၏စွန့်လွှတ်မှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းမောင်နှင့် မင်းမြတ်တို့နှစ်ယောက်သာ ရရှိကြလေမည်. .

ဦးလှဖွေးသည် ခိုးယူသူသက်သက်သာ

ကျော်ဇောဦးသေဆုံးရခြင်း ကိစ္စမှာ သူနှင့်လုံးဝမပတ်သက်ပါ. . .

ဤသည်မှာ ဦးဝင်းဟန်၏ စစ်ဆေးမေးမြန်းချက်အတွက် ဦးလှဖွေး၏ ဖြောင့်ချက်အပြည့်အစုံသာ ဖြစ်ပါသတည်း. .





## အခန်း (၄၄)

"ကိုတိုးမောင်"သည် . . ဒေါက်တာ မငြိမ်းသာကို သာရောက်ပြောပြခြင်းဖြင့် ငါးရာမျိုးတစ်ထောင်မျိုးမြက်မြက်တလေး ရလိမ့်မည်ဟု မှတ်ယူခဲ့ရာမှ. .

ခံစားမှုပြင်းပြလွန်းနေရှာသော ဒေါက်တာမငြိမ်းသာမှာ ငွေပေးရကောင်းမှန်းကို မသိ သတိမရ. . .

ကိုတိုးမောင်က ပြောကောင်းအောင် လမ်းစရိတ်ဟု အကြောင်းပြပြီး ငွေတောင်းသည်ကို တကယ့်လမ်းစရိတ်အဖြစ်နှင့်ထုတ်မိထုတ်ရာ ထုတ်ပေးလိုက်မိသည်က. .

ဆယ်တန်တစ်ရွက်သာ. . .

ကိုတိုးမောင်ဆိုသည့် လူကလည်း အဆင်ခြင်ဉာဏ်မဲ့



www.burmeseclassic.com

www.burmeseclassic.com



သော မိုက်တိမိုက်ကန်း လူတစ်ယောက်မို့ အိမ်သို့တောင် လျှောက် မပြန်တော့ပဲ

သူတစ်နေရာသို့ ဝင်ခဲ့သည်. .

ထိုနေရာက ကမာရွတ်ရဲစခန်း. .

ဦးဝင်းဟန်ရှိရာသို့

အကြောင်းစုံပြောပြ၍ တိုင်တန်းကာ အမှုဖွင့်ပါလေတော့သည်။

ဒေါက်တာမငြိမ်းသာပင်လျှင် အငိုမတိတ်သေး. .

ဦးသိန်းဖေ နှုတ်ကဝန်မခံသော်လည်း သူဆိတ်ငြိမ်စွာရပ်နေ၏။ မျက်နှာတခုလုံး နီမြန်းပြီးသူ့စိတ်လှုပ်ရှားမှုကြီးစွာဖြစ်နေကြောင်းပြနေသည်။

မငြိမ်းသာမှာလည်း . . "ဦးလေးသိပ်ရက်စက်တယ်နော်" ဟူသောစကားကလွဲ၍ သည့်ထက်ပိုပြီးပြောမထွက်ခဲ့ မပြောရက်ခဲ့. .

ဒေါ်လေးမြပင်လျှင် ဘာဆိုဘာမှမသိသေးသည့် အချိန်ဖြစ်ဘက်ခြံ၌လည်း ကိုဥက္ကာရှိနေသည်။





ထိုသို့ ဝင်ဒါမီယာ နှစ်ခြံတွင် လိပ်ခဲတင်းလင်း မရှင်းနိုင်သော ပြဿနာများနှင့် အတူ ဦးသိန်းဖေရော ဒေါက်တာမငြိမ်းသာပါ ရင်ပွင့်ကွဲမတတ် ခံစားမှုပြင်းထန်နေကြချိန်မှာပင်. .

ဦးဝင်းဟန် ရောက်ရှိလာခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မကောင်းမှုများ ဆိတ်ကွယ်ရာ မရှိလိုက်ပုံများ ဒီမှာ ကြည့်ကြပါခင်ဗျာ"

ဦးသိန်းဖေ၏ "ဖြောင့်ချက်" အရ သူ့ခြံနောက်ဘက်ထောင့်တွင် မြှုပ်နှံထားသော စက္ကူသေတ္တာလေးကို တူးဖော်ကြည့်ကြသည်။

စက္ကူဗူးလှလှလေးနှင့် ဖဲကြိုးပြာပြာလေးမှာပင် ဆွေးမြေ့ရိရော်နေလေပြီ။

အတွင်းမှာ ပလတ်စတစ် အထပ်ထပ်နှင့် ပတ်ထုပ်ထားသော ကာလ်ကူလေတာဟု ခေါ်သော ဂဏန်းတွက်စက်ကလေး မိတ်ဆွေတစ်ယောက်၏ မင်္ဂလာဦးလက်ဖွဲ့ပါ။

ထိုနေ့ညက. . . ကျော်ဇောဦး သေဆုံးသဖြင့် ရုတ်ရုတ်သည်းသည်း ဖြစ်ကာ နောက်ပိုင်းမှာလည်း မငြိမ်းသာက ဤတိုက်ကို အပြီးပိတ်၍ အလုပ်တာဝန်ကျရာ မြစ်ကြီးနားသို့ ထွက်ခွာသွားခဲ့လေပြီ။

အထဲမှာ မြွေထည့်ထားတဲ့ ငါ့ရဲ့လက်ဖွဲ့ဗူးကိုတော့ လူပြီး ဖျောက်ဖျက်ပစ်ဦးမှ ဟူသော စိတ်ဖြင့် ကြံစည်ဆောင်ရွက်ခဲ့သည်။

တစ်တိုက်လုံး၏သော့ကို အပ်ခဲ့သော်လည်း ဤမင်္ဂလာဦး အိပ်ခန်းပြာ ကိုတော့အသေပိတ်ပြီး သော့ကိုမငြိမ်းသာကိုယ်တိုင် မြစ်ကြီးနားသို့ ဆောင်ယူသွားခဲ့လေပြီ။





သော့အိမ်နှင့်ခတ်ရသော အကောင်းစားသော့မို့ ဖျက်ပြီး ပြန်တပ်ဖို့မလွယ်. . .

သော့ ဝိဇ္ဇာနှင့်တိုင်ပင်ပြသပြီးမှ သော့တုလုပ်၍ အခန်း တွင်းကို မှောင်ရီဖြိုးဖြ အချိန်မှာ ဝင်ခဲ့သည်။

မီးလည်းမဖွင့်ရဲ. . . မအေးမြမြင်လျှင် အခက်. . .

မှောင်ဝါးဝါးထဲမှာ သူ့စက္ကူဗူးပြာပြာကို ရှာတော့ တထပ် တည်းနီးပါးမျှတူနေသော ဤဗူးကိုတွေ့ရသည် ပတ်ထားသည့် ပက်ကင်စက္ကူကလည်း အရောင်တူ ဒီဇိုင်းတူ. . .

အရေးထဲ အအေးမြကလည်း ဟိုဘက်ခြံတွင်းသို့ ဆင်းလာသည်ကို မှန်ပြူတင်းမှတဆင့် မြင်လိုက်ရ၍ ရေးကြီး သုတ်ပြာ ထွက်လာခဲ့ပြီး ခြံစည်းရိုးမှကျော်ကာ. . .

ဒေါက်တာမငြိမ်းသာတို့ နေထိုင်ခဲ့ရာ အခန်းလေး၏ နောက်ဘက်တွင်ပင် ဤဗူးနှင့် ဤသော့ကို မြှုပ်နှံပစ်ခဲ့လေသည်။

အချိန်က မှောင်စပြုပြီ

စိတ်ကလည်း သိပ်လှုပ်ရှားနေ၍ သူ၏ဗူးဟုတ်မဟုတ် အသေအချာ စစ်ချိန်မရ. . .

စစ်စရာလည်းမလို သေချာသည်ဟုထင်ခဲ့သဖြင့်သာ တွင်းတူး၍ မြှုပ်ပစ်လိုက်ခြင်း ဖြစ်လေတော့သည်။

သူ့ဆောင်ရွက်ချက်သည် ပိရိ၏။

သူ့စွမ်းဆောင်ချက်သည် သူ ရည်မှန်းသည့်အတိုင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့လေပြီ။

ဘယ်သူကမှ သံသယမရှိခဲ့ကြ။

ဘာသဲလွန်စမှ မကျန်ဟု သူ အပြည့်အဝ ယုံကြည်ထား ခဲ့မိလေသည်။

နောက်ပိုင်းတွင် . . .

မငြိမ်းသာကလည်း ရန်ကုန် ပြန်မလာ။

ကိုမင်းလတ်ဆိုသော သူကလည်း အချောင် စားယူပြီး လိုက်သွားခဲ့သည်ဟု သိရသဖြင့် မော်လမြိုင်မှ ပြန်ရောက်ရောက် ချင်း မြစ်ကြီးနားသို့ သူ လိုက်သွားခဲ့ခြင်း ဖြစ်လေသည်။

သူ့ ရည်ရွယ်မျှော်လင့်သည့်အတိုင်း အားလုံးဖြစ်လာခဲ့ ပါပြီ။

မငြိမ်းသာ၏ငွေလည်း တသိန်းထုတ်၍ သူ့လုပ်ငန်းအ တွက်သုံးရန် ပေးအပ်ခဲ့သည်။

လက်ဝတ်ရတနာ အချို့ကိုလည်း သူ့ဇနီးထံမှာ ယုံကြည် စွာ အပ်နှံထားခဲ့ပြီးပါပြီ။

ဦးသိန်းဖေ ဖြစ်ချင်သည်က ဒါပါပဲ။

မငြိမ်းသာပိုင်သမျှ သူတို့ စီမံခန့်ခွဲရမည်။

သုံးစွဲပိုင်ဆိုင်ခွင့် ရှိရမည်။

ယခင်က ဤကဲ့သို့ တွေးခဲ့ မက်မောခဲ့သည်။

ယခုတော့ တဆင့်တက်ခဲ့လေပြီ။





အပျိုစင်မလေး မငြိမ်းသာ

ဆရာဝန်မလေး မငြိမ်းသာ

သူဌေးမလေး မငြိမ်းသာ

ဤမငြိမ်းသာနှင့် ငါ၏ တစ်ဦးတည်းသော သား မောင်ဥက္ကာကိုပေးစားရလျှင် . . .

ဟူသော တွေးခေါ်ကြံစည်ချက်ဖြင့် ကိုဥက္ကာကို မငြိမ်းသာ ၏တိုက်ပေါ်တွင် တင်ထားခဲ့သည်။

ဦးတင့်ကို စည်းရုံးသည်။

မငြိမ်းသာကို စေတနာလိုလိုနှင့် ဆွယ်ယူသည်။

ကိုဥက္ကာနှင့် ရင်းနှီးအောင် တစ်အိမ်တည်းနေစေသည်။

အခြေအနေအားလုံးတို့သည် ဦးသိန်းဖေ ဖြစ်စေချင် သည့်အတိုင်း ဖြစ်လာကာနီးဆဲဆဲတွင်မှ . . .

"ဖေဖေ . . . ဖေဖေရယ်၊ ကိုယ့်မှာ ပစ္စည်းဥစ္စာတွေ ပြည့်စုံနေရဲ့သားနဲ့များ"

"ဖေဖေ ဘာလို့ ဒီလောက်တောင် ရူးရူးမိုက်မိုက်ကြံ စည်ရတာလဲ ဗျာ . . ."

"ကျွန်တော် ရှက်တယ်"

"ကျွန်တော် မငြိမ်းသာရဲ့ မျက်နှာကို ဘယ်လိုလုပ်ပြီး ကြည့်ရတော့မလဲ ဖေဖေ"

ကိုဥက္ကာက အံကြိတ်ပြီး ဦးသိန်းဖေ၏ အကျႌစကို ဆုပ်



www.burmeseclassic.com

www.burmeseclassic.com



ညှစ်လုံးချေ၍ မခိုတင်ကဲပြောရင်း မျက်ရည်ပေါက်ကြီးများ ကျဆင်းလာတော့သည်။

"အမလေး ကိုသိန်းဖေရယ်၊ ကျုပ်မျက်နှာ လူတော ထဲမှာ ဘယ်လိုလုပ်ပြရတော့မလဲ"

"တူမလေး မငြိမ်းသာကို ဘယ်လို မျက်နှာနဲ့ ကြည့် ရတော့မလဲရှင်"

ဒေါ်အေးမြက သူ့ရင်ကို ထုရိုက်၍ ငိုကြွေးတော့သည်။

"ဦးဝင်းဟန်"

ဦးသိန်းဖေ၏ အသံက ဆို့နစ်နေသည်။

"ကျွန်တော့်ကို ဖမ်းပြီး အမြန်ဆုံးသာ သေဒဏ်ပေး လိုက်ပါတော့ဗျာ၊ ဒီလောကမှာ လူလုပ်နေဖို့လဲမ ကောင်းတော့ပါဘူး၊ ကျွန်တော်မှားတယ်ကျွန်တော် သိပ်မှားပါတယ်ဗျာ"

ငိုရှိုက်သံကြီးနှင့် တနင့်တနဲပြောနေသော ဦးသိန်းဖေ၏ နောင်တ စကားသံများ။

"နောင်တရရင် လမ်းမှန်ရောက်ရမှာပေါ့ဗျာ၊ သေ ဒဏ်လဲ ကျခံစရာမလိုပါဘူး၊ ဒါပေမယ့် ဥပဒေရဲ့ အဆုံးအဖြတ် အတိုင်းအတာအရ ပြစ်ဒဏ် တော့ ခံရမှာပေါ့၊ ကဲ . . . ဒါဆို ကျွန်တော်တို့ သွားကြစို့ ဗျာ"





ဦးသိန်းဖေကို လက်ထိပ်ခတ်လိုက်တော့ မငြိမ်းသာ မျက်နှာကို လက်ဝါးနှင့်ပိတ်ပြီး ငိုမိသည် မကြည့်ရက် . . .

"ဦးလေးရယ် ငြိမ်းသာကို ခွင့်လွှတ်ပါ"

"ဒီစကားပြောရမှာ ဦးလေးကပါ၊ အခုလို အဖမ်းခံ ရတာလဲ ငြိမ်းသာကြောင့် မဟုတ်ပါဘူးကွယ်၊ တိုး မောင်သွားတိုင်လို့ပါ"

"အေးလေ ဘာပဲဖြစ်ဖြစ် မကောင်းမှုဆိုတာ ရာသက် ပန်ဆိတ်ကွယ်နေရိုးထုံးစံမှ မရှိတာပဲကွယ်၊ ပေးတဲ့ အပြစ်ဒဏ်ကို ခံပါ့မယ်၊ ဒီမှာ တူမလေးမငြိမ်းသာ"

"ပြောပါ ဦးလေးရယ်"

"သမီးရဲ့ဒေါ်လေးမှာ ဘာ အပြစ်မှ မရှိရှာပါဘူး ကွယ်၊အရင်လိုဘဲ အချစ်မပျက် နေကြပါလို့"

ဦးသိန်းဖေ၏ စကားမဆက်နိုင်ရှာတော့ မျက်ရည်စက် သက်နှင့် ကိုဥက္ကာကို လှမ်းကြည့်လိုက်ပြီး . . .

"သားကြီးရယ် ဖေဖေ့ကို ခွင့်လွှတ်ပါ"

ဟူ၍ နောက်ဆုံးပြောကြားပြီး ဦးဝင်းဟန်တို့၏ ရှေ့မှ လျှောက်သွားလျက် ရဲကားပေါ် တက်သွားလေတော့သည်။

"အမလေး တူမလေးရဲ့ ဒေါ်လေးဘယ်လိုဖြေရမလဲ ဘယ်လိုရင်ဆိုင်ရမလဲ"

"ဒေါ်လေးရယ် ငြိမ်းသာရဲ့ ရင်ထဲမှာလဲ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



သော အားလုံးအတွက် မချိမဆန့်ပါပဲရှင်”

ဒေါ်အေးမြနှင့် မငြိမ်းသာတို့ ဖက်ပြီးငိုနေကြချိန်မှာ ကိုဥက္ကာက ဖြည်းလေးစွာ လှည့်လာသည်။

သူ့မျက်နှာပြင်မှာလည်း မျက်ရည်များပြည့်လျှမ်းလျက်ပါ။

“မ. . . ငြိမ်း. . . သာ”

မငြိမ်းသာ မထူးနိုင်၊ သူ့ကိုသာ မျက်ရည်မျက်ဝန်းများဖြင့် မော့ကြည့်လိုက်တော့. . .

“ကျွန်တော့် အဖေရဲ့ကိုယ်စား မငြိမ်းသာ ဖြစ်စေချင်သလို ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်၊ ကျွန်တော် ဘာလုပ်ပေးရမလဲ ခိုင်းပါဗျာ”

“ကျေးဇူးတင်ပါတယ် ကိုဥက္ကာ ငြိမ်းသာအတွက် မောင်ဆုံးရှုံးလိုက်ရခြင်းဟာ ဘာနဲ့မှ အစားထိုးလို့ မရတဲ့ ဆုံးရှုံးခြင်းပါရှင်၊ ဒါကြောင့် ဘာမှလုပ်ပေးလို့ မလိုတော့ပါဘူး ကိုဥက္ကာ”

“ကောင်းပါပြီ မငြိမ်းသာရယ် ဒါဆိုလဲ ကျွန်တော် မော်လမြိုင်ကိုပဲ ပြန်ပါရစေတော့”

“ကောင်းပါပြီ”

“ကျွန်တော်နှုတ်ဆက်ခဲ့ပါတယ်မငြိမ်းသာ”

“ဟုတ်ကဲ့”

“အခုနှုတ်ဆက်ခြင်းဟာ ရာသက်ပန်အတွက်တစ်ခါ





တည်းနှုတ်ဆက်ခြင်းပါ၊ ကျွန်တော့်ကို လက်မခံနိုင်တဲ့ မငြိမ်းသာအတွက် ဘယ်သောအခါမှ ကျွန်တော့်ကို မမြင်စေရပါဘူးလို့ တစ်ခါထဲပဲ ပြောခဲ့ပါရစေ ခင်ဗျာ”

“ကောင်းပါပြီရှင် ကိုဥက္ကာမှာ ဘာအပြစ်မှမရှိပါဘူးလေ”

“ကျေးဇူးတင်ပါတယ်မငြိမ်းသာရယ် ကျွန်တော်သွားတော့မယ်နော်”



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၅)

ခြံနှစ်ခုလုံးမှာ သုဿာန်တစပြင်၏ညကာလလို ချောက်ချားဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်သွေ့ခြောက်နေလေသည်။

ဤခြံကြီးနှစ်ခုလုံးမှာ ဦးဆောင်မည့်ယောက်ျားသားများ မရှိကြတော့. . .

ဟိုဘက်ခြံတွင် ဒေါ်အေးမြ။

သည်ဘက်ခြံတွင် ဒေါက်တာမငြိမ်းသာ။

နှစ်ယောက်လုံးကြာမြင့်စွာ ငိုင်တွေနေကြသည်။

ရင်ထဲတွင် အတွေးများစွာ သောကများစွာဖြင့် စကားလုံးများ စီခြယ်နေမိကြသော်လည်း တစ်ယောက်နှင့်တစ်ယောက်





ဘာမှ မပြောဖြစ်ကြ။

ပြောနိုင်သည့်အင်အားလည်းမရှိတော့. . .

ဒေါ်အေးမြ၏တစ်သက်တွင် ဤမျှတုန်လှုပ်ဖွယ် ခံစားမှုမျိုးကို မကြုံဖူးခဲ့၍ အလူးအလဲ ခံစားနေရရှာသည်။

လက်ရှိစက်ရုံလုပ်ငန်းကိုလည်း သူတစ်ယောက်တည်းလုပ်နိုင် မလုပ်တတ်။

ဤအိမ်၌လည်း သားမရှိသမီးမရှိနှင့် တယောက်တည်းဆက်လက်နေထိုင်ဖို့ မဝံ့မရဲ. . .

ကိုဥက္ကာနှင့်ကတော့ ဇာတ်ရှင်းပါသည်။

ဤတိုက်နှင့်ခြံမှာ ဒေါ်အေးမြ၏နာမည်နှင့်မို့ ရှုပ်လာမှာစိုးရမလို ကိုဥက္ကာကိုယ်တိုင်ကလည်း အေးရှာပါသည်။

သူ့ဖခင်၏အစီအမံ အကြံအစည်ကို ကြားရတော့ သူသောမြတ်နိုးဖွယ်ကောင်းသော တည်ငြိမ်ခန့်ငြားသော ဒေါက်တာမငြိမ်းသာကို မျှော်လင့်စိတ်နှင့် သူ ဟိုဘက်ခြံမှာနေဖြစ်ခဲ့သည်။

သူ့နှုတ်က ဘာမှမပြောရဲသော်လည်း မငြိမ်းသာခေါင်းညိတ်လာမည့်အချိန်ကို သူမျှော်လင့်တကြီး စောင့်စားခဲ့ရာမှ

ယခုလို သူ့ဖခင်ကိုယ်တိုင်က မငြိမ်းသာ၏ အချစ်ဦးခင်ပွန်းကို ရက်စက်စွာ သေစေခဲ့သူဖြစ်နေ၍. . .

သူမျက်နှာပူစွာ စိတ်မကောင်းခြင်းကြီးစွာဖြင့် မငြိမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ကို နှုတ်ဆက်တောင်းပန်လျက် အပြီးအပိုင်ထွက်ခွာသွားခဲ့ရှာလေပြီ. . .

ယခု အထီးကျန်ဘဝနှင့် တစ်ယောက်တည်းနေခဲ့ရမည့်သူက မငြိမ်းသာချစ်သော ဒေါ်လေးဒေါ်အေးမြ. . .

ဒေါက်တာမငြိမ်းသာတို့သားအဖလည်း နက်ဖြန် မြစ်ကြီးနားသို့ ပြန်ကြရတော့မည်။

ခွင့်ဆယ်ရက်က ပြီးပြည့်သွားခဲ့ပြီ. . .

ဦးသိန်းဖေမှာ သူ့ကြမ္မာသူငင်ရန်အတွက် မငြိမ်းသာကို လာရောက်ခေါ်ယူခဲ့လေသည်လားပင်. . .





ဒေါက်တာမငြိမ်းသာမှာ နောက်ဖေးဝင်း၍ သံပုရာရည်တစ်ခွက်ဖျော်ခဲ့ပြီး. . .

"ရင်အေးသွားအောင် သံပုရာရည်လေး သောက်လိုက်ပါဦးနော် ဒေါ်လေး"

ဒေါ်အေးမြက မငြိမ်းသာကို မှိုင်းဝေသောအကြည့်များဖြင့် မော့ကြည့်လာရင်းက. . .

"မငြိမ်းသာ တူမလေး"

"ပြောပါဒေါ်လေး ငြိမ်းသာဘာလုပ်ပေးရမလဲဟင်"

"ဒေါ်လေးမေးချင်လို့ပါ"

"မေးလေ ဘာလဲဟင်"

"ဒေါ်လေးတို့ကို စိတ်မနာဘူးလားဟင်"

ဒေါက်တာမငြိမ်းသာထံမှ သက်ပြင်းမောရှိုက်သံကို ကြားလိုက်ရပြီးမှ. . .

"ဒေါ်လေးမြမှာ ဘာအပြစ်မှမရှိပါဘူးလေ တကယ်အပြစ်ရှိတဲ့ဦးလေးကိုတောင် ငြိမ်းသာ အပြစ်မတင်ချင်တော့ပါဘူး ဒေါ်လေးရယ် ရက်စက်လွန်းတဲ့ ကံကြမ္မာကိုသာ အပြစ်မြင်ချင်ပါတော့တယ်လေ"

"ဩော်. . . ကိုသိန်းဖေ. . . ကိုသိန်းဖေ"

"ကဲပါဒေါ်လေးရယ် တွေးမနေပါနဲ့တော့ ဒေါ်လေးကို ငြိမ်းသာတစ်ခုတောင်းပန်ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



“ဘာများလဲကွယ်”

“ငြိမ်းသာပြန်ရင် ဒေါ်လေးလိုက်ခဲ့ပါ”

“ဟင်”

“ဒေါ်လေးကိုတယောက်ထဲထားခဲ့ရမှာ ငြိမ်းသာစိတ်မချနိုင်ပါဘူးဒေါ်လေး၊ ငြိမ်းသာရဲ့အလုပ်တာဝန်က ဟိုမှာဆိုတော့ မပြန်လို့မဖြစ်သေးဘူးလေ”

ဒေါ်အေးမြသည် နက်နဲစွာတွေးတောသလို ငြိမ်နေပြီး

“ခုလိုဒေါ်လေးကိုခေါ်တာပဲ ကျေးဇူးတင်အားတက်လှပါပြီကွယ်. . . သားသမီးမရှိတဲ့ ဒေါ်လေးဟာ တနေ့ကျလို့ အိုကြီးအိုမဖြစ်လာရင် ငြိမ်းသာပဲအားကိုးစရာရှိပါတယ်”

“မိခင်ကိုယ်စား ပြုစုပါမယ်လို့ ငြိမ်းသာကတိပေးပါတယ် ဒေါ်လေးမြ”

“ခုလိုကြားရတာပဲ အားရှိလှပါပြီတူမလေးရယ်၊အခုလို ချက်ချင်းကြီးတော့ လိုက်လို့မဖြစ်သေးဘူးလေ ကိုသိန်းဖေရဲ့အမှုကိစ္စလဲ ရှိသေးတော့ဒေါ်လေးမှာ ဆောင်ရွက်ပေးဖို့ တာဝန်ရှိသေးတယ် မဟုတ်လားကွယ်”

“ဟုတ်ပါတယ် ဒေါ်လေး၊ ငြိမ်းသာလဲ ရင်ထဲအသည်းထဲက ကြေကွဲလောက်အောင် အခုကိစ္စမှာ





စိတ်မကောင်းဖြစ်ရပါတယ်ဆိုတာ ဒေါ်လေးယုံပါနော်”

“ယုံပါတယ်. . . ယုံပါတယ်ကွယ်၊ စိတ်ထားဖြူစင်လွန်းတဲ့ ငါ့တူမလေး”

“အို. . . မငိုပါနဲ့ ဒေါ်လေးရယ်၊ ကဲ. . . အနွမ်းပြေသွားအောင် သံပုရာရည်လေး သောက်လိုက်ပါဦးနော်”

ဒေါ်အေးမြက စေတနာရှင်မလေး စိတ်ချမ်းမြေ့ပါစေရန်သူ့မျက်ရည်များကို သုတ်ပြီး သူ ဖျော်ပေးသော သံပုရာရည်အေးအေးလေးကို မော့သောက်လိုက်ရပါ၏။

“ဒေါ်လေး”

“ဟင်. . .”

“ဒါဆို ဒီမှာ ဒေါ်လေးဘယ်သူနဲ့ နေခဲ့မလဲဟင်”

“ကမာရွတ်မှာ ဒေါ်လေးရဲ့ညီမ တစ်ဝမ်းကွဲရှိတယ်၊ ဟိုတစ်ပတ်ကပဲ လာကြသေးတယ်၊ အိမ်ငှားဖို့လိုက်ရှာနေတယ်တဲ့ သူ့ယောကျ်ားလေးကလဲ လူရိုးလူအေးပါ၊ သားသမီးလဲ မရှိကြသေးဘူး၊ ဒေါ်လေးကိုလဲ သူတို့အတော်ပဲ ချစ်ခင်လေးစားပါတယ်၊ အဲဒီတို့ လင်မယားကိုပဲ ခေါ်ထားမလားလို့”

“ကောင်းပါတယ် ဒေါ်လေး၊ နက်ဖြန်ပဲ သူတို့ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



လာပါစေလေ"

"အင်း မောင်တင်အေးရဲ့ ရုံးကို ဖုန်းဆက်လိုက်ရင် ရပါတယ်၊ သူတို့လဲ ဝမ်းသာကြမှာပါပဲ"

"ဒါဆို နက်ဖန်ကျရင် ငြိမ်းသာ စိတ်အေးလက်အေး ပြန်လို့ ရပါပြီလေ"

"အေး ဟိုဘက်တိုက်လဲ စိတ်ချ ဒေါ်လေးအသေအ ချာထိန်သိမ်းပေးပါမယ်၊ ဩော်. . . ငြိမ်းသာ"

"ဟုတ်ကဲ့ ဒေါ်လေး"

"မနေ့က ဒေါ်လေး ပြန်ပေးထားတဲ့ ငွေတစ်သိန်း ဘဏ်မှာပြန်အပ်ပြီးရဲ့လား"

"ဟုတ်ကဲ့ ပြီးပါပြီ"

"အေး ဒေါ်လေးဆီက လက်ဝတ် လက်စားတွေလဲ ဂရုတစိုက် သိမ်းနော်"

"ဒေါ်လေးဆီမှာပဲ ထားခဲ့ပါရစေဆိုတာ ဒေါ်လေး မှ လက်မခံတာ"

"ဩော်. . . မယူသင့်တော့ဘူး ယူမထားသင့်တော့ ဘူးလေ"

"အင်းပါ ဒေါ်လေးစီစဉ်သလို ငြိမ်းသာ နာခံမှာပါ"

ပြန်လည် ငိုအဲ့ဆဲဆဲ ဒေါ်အေးမြကို ဒေါက်တာမငြိမ်းသာ ကနှစ်သိမ့်လိုက်ရသည်။





"ကဲ. . . ဒေါ်လေး ခဏ သွားလှဲပြီး နားနေလိုက်ပါ ဦးလား ငြိမ်းသာရှိနေတာပဲ"

"မလှဲချင်ပါဘူးကွယ်၊ နက်ဖြန်ပြန်ရတော့မယ့် ငါ့တူမ လေးနဲ့ပဲ နေချင်ပါတယ်"

"ဒေါ်လေးရယ်"

"ဩော်. . . ဒါနဲ့ မငြိမ်းသာ"

"ဘာလဲ ဒေါ်လေး"

"ဦးတင့်တစ်ယောက်လဲ မနက်စာတောင် လာမစား သေးပါလား"

"အင်းလေ အဖေ့ကြောင့်လဲ စိတ်ညစ်ပါတယ်၊ ဒေါ် လေးရယ်၊ သူ့ကိုယ်သူ လူပျိုပေါက်လေးများ မှတ် နေသလား မသိဘူး၊ထွက်လိုက်တဲ့လမ်းက မနားဘူး"

"အေးလေ ဟုတ်ပါရဲ့"

"ငြိမ်းသာ ဒီမှာ အလုပ်တွေများလေ သူက လွတ်လပ် လေဖြစ်နေတာ ဒေါ်လေးရဲ့"

"အေးဟယ်"

"အဖေဟာ ကလေးလေးလိုပဲ သူလုပ်ချင်တာတွေ ကိုငြိမ်းသာမသိအောင် ခွတ်လုပ်နေတော့တာပဲ၊ခုလဲ ငြိမ်းသာသူ့ကို မကြည့်နိုင်ဘူးလေ သူက လမ်းအ ထွက်များလေပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သွားပါစေအေ၊ နက်ဖန်ပြန်ရတော့မှာပဲ သူ ဒီမှာပဲ ပျော်ပုံရတယ်"

"အဖေ့ကို ငြိမ်းသာ သိပ်သနားတာပဲ"

"သူကလဲ သမီးလေးကို ငုံထားမတတ် ချစ်ရှာတာပါ"

"သူ လုပ်ချင်တာမှန်သမျှ လုပ်စေပြီး သူ့ရဲ့သွေးတိုးရောဂါက စိုးရိမ်စရာ ကောင်းလောက်တဲ့ အဆင့်မှာရောက်နေလို့ ငြိမ်းသာလဲ ထိန်းသိမ်းဟန့်တားနေရတာ အဖေ့ကို သနားလှပါပြီလေ"

"အေးကွယ် . . . ဟိုရောက်ရင်လဲ ဂရုစိုက်ပါ သနားပါတယ်"

"စိတ်ချပါ၊ အဖေ့ အရိပ်အခြေပဲ ငြိမ်းသာ ကြည့်နေခဲ့တာပါ၊ အခုသာ ဒီမှာ ပြဿနာတွေ ရှုပ်ထွေးလွန်းလို့သူ့ကို မကြည့်နိုင်လေ သူက လွတ်နေလေပဲ၊ခုလဲ ဘယ်များသွားနေပါလိမ့် မတည့်တာတွေများ စားနေမလားပဲ ဒေါ်လေးရယ်"

"စားမှာမဟုတ်ပါဘူး အခုလဲ သူ့တူမတွေအိမ်သွားတာဖြစ်မှာပါ ဟောပြောယင်းဆိုရင်း ကားတစ်စင်းဝင်လာပါလား"

ဒေါ်အေးမြက ခြံဝသို့ လှမ်းကြည့်ပြီး ပြောလိုက်၍ နောက်ခိုင်းထိုင်နေသော မငြိမ်းသာ လှည့်ကြည့်လိုက်တော့ . . .





"ဟင်ရဲကားပါလား ဩော်ဦးဝင်းဟန်ပဲ ဘာတွေများပါလိမ့်"

တူဝရီးနှစ်ယောက် ရင်ခုန်စွာ စောင့်နေဆဲ တက်လာသော ဦးဝင်းဟန်က အပြုံးတုကို ဆင်မြန်းယင်း . . .

"ဒေါက်တာမငြိမ်းသာ အားရင် ကျွန်တော်နဲ့ ခဏလောက်လိုက်ခဲ့ပါခင်ဗျာ"

"ရှင်"

"ဩော် အမှုအတွက် စစ်မေးစရာရှိလို့ပါ ဒီကဒေါ်အေးမြလဲ အဖော်အဖြစ် လိုက်ရင် လိုက်ခဲ့နိုင်ပါတယ်"

ဒေါ်အေးမြက မငြိမ်းသာကို လှမ်းကြည့်လိုက်သည်။ "ဘာလုပ်ရမလဲ" ဟူ၍ အဖြေတောင်းသည့် အကြည့်ပါ

"ဒေါ်လေးလဲ ကောင်းကောင်း နေကောင်းတာမဟုတ်ဘူး ရဲစခန်းလိုက်ရင်လဲ စိတ်မကောင်းဖြစ်နေပါ့မယ်နေခဲ့ပါလေ"

"တူမလေးသွားလို့ဖြစ်မလား"

"ဖြစ်ပါတယ် . . . ဦးဝင်းဟန်ကားနဲ့ပဲ"

"ကဲ ဒါဆို ဒေါ်လေး မလိုက်တော့ဘူးနော်"

"ဟုတ်ကဲ့ဒေါ်လေး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ မငြိမ်းသာ ကားပေါ်တက်လိုက်လာသည့် အချိန်မှာဦးဝင်းဟန်၏ မျက်နှာ၌ထူးခြားမှုများစွာဖြင့် တည်ငြိမ်ညှိုမှိုင်းနေလေသည်။

ဦးဝင်းဟန်၏ ရင်တွင်း၌ သိုသိပ်ကွယ်ဝှက်ထားစရာ အကြောင်းရာတစ်ရပ် ရှိနေပေလိမ့်မည်ဟု မငြိမ်းသာတွက်ဆ၍ရသည်။

"ဩော် . . . ဘာကိစ္စများပါလိမ့်"





အခန်း (၄၆)

"ဟင် . . . ရဲစခန်းမသွားပဲ ဘယ်နှယ့် ရန်ကုန်ဆေးရုံကြီးထဲကို ရောက်လာရတာလဲ ဦးဝင်းဟန်"

"ဟိုကိစ္စတွေက ဖြေရှင်းလို့ရပါတယ် ကျွန်တော်အားလုံးစီစဉ်ထားပြီးပါပြီ"

"ဒါဖြင့် ဒီကိုဘာလာလုပ်တာလဲ"

"မငြိမ်းသာကို ကူညီဖို့ပါ"

"ရှင် . . . ကျွန်မကိုကူညီဖို့"

"ဟုတ်ပါတယ် ကျွန်တော် . . . ဒေါက်တာတို့ဆီကိုသူ တင်းလာပို့တုန်း လမ်းထိပ်မှာ လူကြီးတစ်ယောက်လဲကျနေတာမို့ လမ်းသွား လမ်းလာတွေက ထက်လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြလို့ ကျွန်တော့် ကားနဲ့တင်ပြီး ရန်ကုန်ဆေးရုံကြီး ကိုခုပဲသွားပို့ပြီး ပြန်လာခဲ့ပါတယ် ဟိုဘက်အိမ်က ဖုန်းလဲဆက်လို့မရလို့ ကိုယ်တိုင်လာခေါ်တာပါ စိတ် အေးအေးထားနော် မငြိမ်းသာ"

"နေပါဦး ဦးဝင်းဟန် အခု"

"ဟုတ်ကဲ့. . . ဦးတင့်မူးလဲပြီး ဆေးရုံရောက်နေလို့ ပါ"

"ဟာ. . . အမလေး . . ဒုက္ခပါပဲရှင် စိုးရိမ်ရသလား ဟင်"

"ကိုသနေကြတယ် စိတ်မပူပါနဲ့ ခင်ဗျာ"

"အဖေ့မှာ သွေးတိုးရှိတယ် ဘယ်အချိန်ကများ အိမ် ကိုပြန်လာပါလိမ့်နော် ဒုက္ခပါပဲရှင်"

ဖခင်ကြီးအတွက် စိုးရိမ် ပူပန်ရလွန်းသဖြင့် မျက်ရည်တို့ ပေါက်ပေါက်ကျကြွေလာသည်။

တာဝန်ကြေရုံသာမက လူမှုရေးကိစ္စကိုလည်း ကူညီတတ် ပုံရသော ဦးဝင်းဟန်သည် ဒေါက်တာမငြိမ်းသာကို ကြင်နာစွာ လှည့်ကြည့်လာသည်။ ဘာစကားမှတော့ မပြော. . .

ဆေးရုံကြီးထဲသို့ ရောက်ခဲ့ပါပြီ. . .

အရေးပေါ် ဌာနမှတစ်ဆင့် သက်ဆိုင်ရာကို မေးမြန်းပြီး လိုက်သွားတော့ အလွယ်တကူပင် ရောက်ခဲ့ရပါ၏။





တာဝန်ကျ ဆရာဝန်က မငြိမ်းသာကို မသိသော်လည်း မငြိမ်းသာဟူသည် ဆရာဝန်မ ဟူသော အသိဖြင့် ဆရာဝန်အ ချင်းချင်းရင်းနှီးစာနာစွာပင်. . .

"ဝမ်းနည်းပါတယ် ဒေါက်တာမငြိမ်းသာ"

"ရှင်. . . ရှင်. . . ကျွန်မအဖေ"

"ဟုတ်ကဲ့. . . ဆေးရုံရောက်ကတည်းက အသက်ပါ မလာတော့ပါဘူးခင်ဗျာ"

မငြိမ်းသာဘာမှမပြောနိုင်တော့. . .

ဤဖြစ်ရပ်သည် အမှန်တကယ် ဖြစ်နေခြင်းလား။ ကြားရသောအသံတို့သည်. . . အမှန်ပဲလား. . .

အသိအာရုံ၌ ထွေပြားစွာဖြင့် တောင့်တောင့်ကြီး ရပ်ပြီး ကြောင်ကြည့်နေသဖြင့်. . .

"မငြိမ်းသာ. . . ဒေါက်တာမငြိမ်းသာ"

"ဟင်. . . အ. . အဖေ. . . ကျွန်မအဖေရော ငြိမ်း သာရဲ့အဖေရောရှင်"

"လာကြည့်နိုင်ပါတယ် မငြိမ်းသာ"

မျက်နှာအဝတ်ဖြူကို လှပ်၍ ဦးတင့်၏ သက်မဲ့ရုပ်ကလာပ် ကိုပြသည်။

"မဟုတ်ဘူး. . . မဟုတ်ဘူးကျွန်မအဖေကို ပြန်လို ချင်တာ ကျွန်မကုပါရစေ၊ ကျွန်မပြုစုပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"သတိထားပါဗျာ"

"တစ်သက်လုံးတစ်ခါမှ မခွဲဖူးခဲ့ကြတဲ့ သားအဖပါရှင် ခုတစ်ကယ်ပဲခွဲရပြီလား"

"အဖေ. . . အဖေရယ်"

"သမီးတစ်ယောက်ထဲ ငြိမ်းသာတစ်ယောက်ထဲ"

"ဟာ. . . ဟာ. . . မငြိမ်းသာ. . ."

ဖခင်ကြီး၏ လက်ကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလျက်က. . .

အထီးကျန်မလေး မငြိမ်းသာသည် ဖခင်၏ ကုတင်ဘေးမှာ ပုံလျက်သား လဲကျသွားရှာလေတော့လေသည်။





အခန်း (၄၇)

"ဆုံးရှုံးခြင်းများစွာကို ပိုင်ဆိုင်စေဖို့များ မငြိမ်းသာ ဆိုသောမိန်းကလေးကို မွေးဖွားစေခဲ့လေသလား ကွယ်"

မငြိမ်းသာ၏ ကြိုးစားအားထုတ်လွန်းမှုကြောင့် 'ဒေါက်တာ'ဟူသော ဘွဲ့တစ်ခုကို ပိုင်ဆိုင်ခဲ့သည်မှလွဲ၍. . .

ကောင်းမြတ်သော ကံကြမ္မာသည် မငြိမ်းသာ၏ဘက်မှာ တစ်ခါမျှရပ်တည်၍မပေးခဲ့. . .

မောင်၏အမွေများကို ရရှိခဲ့ပါသော်လည်း မောင့်ကို ဆုံးရှုံးပြီးကာမှ ရရှိခဲ့သောပစ္စည်းဥစ္စာ ရတနာ။

မောင်နှင့်စက်လဲ၍ ရရှိခဲ့သော ချမ်းသာကြွယ်ဝခြင်းများ



www.burmeseclassic.com

www.burmeseclassic.com



မို့မငြိမ်းသာ လုံးဝမမက်မောမိခဲ့ပါ။

မောင့်ဘဝနှင့်အတူ မငြိမ်းသာ၏ဘဝသည်လည်း ဆုံးရှုံးခဲ့ပါပြီဟူသော ခံယူချက်များဖြင့်. . .

ကချင်မြေတွင် အပြုံးမဲ့အပျော်မဲ့ဘဝဖြင့် နေထိုင်လာခဲ့မိသည်။

ကိုမင်းလတ်ရောက်ရှိလာပြီး စိတ်အနှောင့်အယှက်ဖြစ်လိုက်ရသည့်ဖြစ်ခြင်း ဇော်သာရှိမနေလျှင် မငြိမ်းသာ ခက်ရချည်ရဲ့လေ။

ယင်းကိစ္စနှင့် ပတ်သက်၍ပင် ဦးလေးသိန်းရောက်ရှိလာခဲ့ပြန်သည်။

ဦးလေးသိန်းသည် မငြိမ်းသာ၏ဘဝကို စေတနာဖြင့်ထုံမွှန်းလျက် အမြင့်ဆုံးပညာဘွဲ့ကို ရရှိနိုင်အောင် ထောက်ကူတင်မပေးခဲ့သူ ဖြစ်ပါသော်လည်း. . .

ရက်စက်သည့်နေရာကျတော့လည်း ကမ်းကုန်ခဲ့လေပြီ။

ဘာပဲဖြစ်ဖြစ် ကျန်ရစ်သောဒေါ်လေးမြနှင့်အတူ ပူဆွေးငိုကြွေးမိပါသေးသည်။

ဤဆယ်ရက်အတွင်းမှာ ပြဿနာပေါင်းစုံတို့ ရှင်းလင်းပြီးပြေကာ. . .

အဖေနှင့်အတူ တာဝန်ကျရာကချင်ပြည်နယ်၏ မြို့တော်သို့ပြန်ဖို့အတွက် လေယာဉ်လက်မှတ်မှစ၍ အစစအရာရာ





အဆင်သင့်ဖြစ်ခဲ့ပါပြီ။

နက်ဖြန်နံနက်စောစောတွင် လေယာဉ်ကွင်းဆင်းတော့မည့်အစီအစဉ်များလုပ်ပြီး. . .

ပြန်ရန် နာရီပိုင်းမျှသာ လိုသောကာလတွင်မှ. . .

"အဖေ"

မငြိမ်းသာ၏ ချစ်မြတ်နိုးလှစွာသောအဖေ မငြိမ်းသာဘဝ၏တစ်ဦးတည်းသောမှီခိုအားထားရာ ကျေးဇူးရှင်အဖေ. . .

မမျှော်လင့်သောနေရာ မမျှော်လင့်သောအချိန်မှာ ရုတ်တရက်ကြီး အဖေကွယ်လွန်ခဲ့ရရှာလေပြီ။

အဖေရယ်. . .

အဖေချစ်တဲ့ငြိမ်းသာလေ. . .

ဘာတွေလုပ်လို့ဘယ်လိုစီစဉ်ပြီး. . .

ဘယ်မှာနေထိုင်ရပ်တည်ရမှာလဲရှင်. . .

အထင်မှားမိခဲ့တဲ့သမီးမိုက်ကို အဖေခွင့်လွှတ်ပါ. . .

ငြိမ်းသာအဖေ့ကို သနားတယ်။

ငြိမ်းသာအဖေ့ကို သနားလှပါတယ်ရှင်. . .

နာကျင်ကြေကွဲခြင်းဟူသော ပရိဒေဝဝေဒနာအပေါင်းတို့သည် မငြိမ်းသာ၏ သန့်စင်ဖြူဖွေးသော နှလုံးအိမ်လေးကို ရက်စက်ကြမ်းတမ်းစွာ ခြေဖျက် ဖွဲ့ချွေခဲ့ပါလေ၏။

သြော်. . . ဆုံးရှုံးခြင်းများစွာကို ပိုင်ဆိုင်စေဖို့များ ငြိမ်းသာဆိုသောမိန်းကလေးကို မွေးဖွားစေခဲ့လေသလားကွယ်. . .



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄၈)

ဦးတင့်ဆုံးကြောင်းကြားသိရ၍
မငြိမ်းသာနှင့်ထပ်တူ. . .
ကြေကွဲဝမ်းနည်းမိပါသည်
လိုအပ်တာကူညီပေးရန် သားကိုလွှတ်လိုက်ပါသည်။

ဦးမြတ်မော်-ဒေါ်ခင်မူ
မြစ်ကြီးနားမြို့





စာကိုဖတ်ပြီးသည့်တိုင်စာရွက်ကိုကိုင်ပြီး ငြိမ်သေသော အကြည့်ဖြင့် မငြိမ်းသာငိုင်နေမိသည်။ သိုက်မြိုက်စည်ကားခြင်း မရှိပါပဲနှင့် ဖခင်ကြီး၏ ဈာပနကိစ္စများပြီးဆုံးခဲ့ပါပြီ။ သက်မဲ့ခန္ဓာ ဖြစ်သော်လည်း မီးရှို့မပစ်လိုက်ရက်. . . မငြိမ်းသာ၏ဆန္ဒအရ ဂူသွင်းသင်္ဂြိုလ်ခွင့်ရခဲ့ပါသည်။ ယခုပင်လျှင် ကြံတောသုသာန်မှပြန်လာခဲ့ပြီး ငိုင်တွေစွာထိုင်နေမိသည်။ ငိုခဲ့ရလွန်းသဖြင့် မျက်ရည်များခမ်းခြောက်ခဲ့ပြီလား. . . ငိုနိုင်စွမ်းအားမရှိတော့လေသည်လား. . . ခံစားမှုပြင်းပြလွန်းစွာသော မျက်နှာနှင့်မလှုပ်မယှက်ထိုင်နေသော မငြိမ်းသာ၏ အောက်ကြမ်းပြင်ပေါ်တွင်ဇော်ကဖြည်းလေးစွာထိုင်နေ၍. . .

"မမရယ်"

မငြိမ်းသာ၏ဒူးလေးကိုကိုင်ပြီး မငြိမ်းသာ၏နီမြန်းနေသောအငိုမျက်နှာလေးကို ကြည့်၍ ရင်နှင့်တနင့်ခေါ်လိုက်မိသည်။

"သက်တောင့်သက်သာမှီပြီးထိုင်လိုက်ပါနော်မမ"

ဒေါက်တာမငြိမ်းသာ၏ ပခုံးနှစ်ဖက်ကိုထိရုံသာရွရွလေးတိုင်ပြီး ဆိုဖာနောက်ဘက်မှာ မှီလဲနားနေစေလိုက်သည်။

"မနေ့ကမှ ဒီလိုဒီလိုဖြစ်လို့ မမ ခွင့်ထပ်ယူတဲ့ဖုန်းရောက်လာတယ်လို့ ဆေးရုံကသတင်းရတာနဲ့ ပေါ်ချက်ချင်းကြိုးစားပြီးလိုက်ခဲ့တာ ဒါပေမယ့်နောက်ကျ



www.burmeseclassic.com

www.burmeseclassic.com



သွားရပြီ မမရယ်"

မငြိမ်းသာဘာမှမပြောနိုင် တုန်နေသောအောက်နှုတ်ခမ်းလေးကို ဖိကိုက်ရင်းက မျက်ရည်များ အဆက်မပြတ်ကျဆင်းလာပြန်တော့သည်။

"ဇော်သိတယ်. . . မမသိပ်ပင်ပန်းနေပါပြီဗျာ. . .
ဇော်ဘာလုပ်ပေးရမလဲဟင် မမ"

ဒေါက်တာမငြိမ်းသာခေါင်းခါပြလိုက်သည်။

ဇော့်ကိုစကားပင်ပြောနိုင်သည့် အင်အားမရှိတော့ပြီလား မသိတော့ပါ။

ဇော်က သူ့ဘောင်းဘီအိတ်တွင်းမှ လက်ကိုင်ပဝါအသစ်ကလေးကို ထုတ်ယူပြီး သူမမျက်နှာပြင်မှမျက်ရည်ဥလေးများကိုအညင်သာဆုံးသော ထိတွေ့မှုဖြင့် တို့သုတ်ပေးလိုက် သည်။

မမ၏ရင်မှ ပူလောင်မှုကြောင့် ကျဆင်းလာသော ဤမျက်ရည်စက်တို့အတွက် ဇော့်နှလုံးသားမှာ နှစ်ဆမျှနာကျင်လောင်မြိုက်လာသည်။

ဇော်သည် သူ့ရင်မှနာကျင်မှုများကို ယောကျ်ားတို့၏အားမာန်ဖြင့် စိတ်ကိုတင်းလိုက်ပြီး. . .

"ဇော်ရောက်လာပြီလေ မမ ဘာကိစ္စပဲဖြစ်ဖြစ် ဇော်ရှေ့ကရပ်ပြီး လုပ်ပေးပါ့မယ် အားမငယ်ပါနဲ့မမရယ်နော်"





အကြင်နာလွှမ်းကဲသောမျက်ဝန်းများဖြင့် ကြည့်နေသော ဇော်၏မျက်နှာကို မငြိမ်းသာကြည့်မိသည်။

"မမဘဝထဲကိုဝင်နိုင်ဖို့ ဘယ်သောအခါမှမကြိုးစားပါဘူးလို့ ကတိပေးပါတယ် မမ မတန်မှန်းသိလို့လဲ ဝင်ခွင့်မတောင်းပါဘူးဗျာ၊ ဒါပေမယ့်. . . မမဘဝရဲ့အနီးကပ်ဆုံးနေရာကနေပြီး ဘယ်လိုပုံစံမျိုးနဲ့ဖြစ်ဖြစ် ဇော်နေပါရစေ၊ ကူညီပါရစေ၊ မမစိတ်ချမ်းမြေ့အောင် ဇော့်အသဲနဲ့ ဇော့်အသက်နဲ့လဲပြီး ကူညီစွမ်းဆောင်ပေးမယ့်ဇော်ပါ မမ ဘာမှ အားမငယ်ပါနဲ့ နော် မမ နော်. . ."

မျက်ရည်စက်များကို သုတ်သိမ်းပေးရင်း နဖူးပြင်မှာဖြာကျနေသော ဆံယဉ်နုလေးများကို သိမ်းသပ်ပေးယင်းက ဇော်၏ စေတနာပြည့်လျှမ်းသော နှစ်သိမ့်စကားတို့သည်. . .

မငြိမ်းသာ၏နှလုံးအိမ်သို့ တိုက်ရိုက်စီးဝင်ခိုနားလာ၏။

"ဇော်ရယ်"

အားရှိစိတ် အားကိုးစိတ်များနှင့် ဇော်၏ပခုံးကျစ်ကျစ်ပေါ်မှာ အားနွဲ့စွာခေါင်းမှီချလိုက်မိတော့သည်။

"မမရယ်ဗျာ"

အကြင်နာသက်သက်ဖြင့်သာ ဒေါက်တာမငြိမ်းသာ၏ ပခုံးစွန်းကလေးကိုကိုင်ပြီး ဇော်က. . .



www.burmeseclassic.com

www.burmeseclassic.com



"မမဘာယ်လိုစီစဉ်မလဲ ဘာလုပ်ချင်သလဲ ဇော်. . . ဘာလုပ်ပေးရမလဲဟင် မမ"

ဒေါက်တာမငြိမ်းသာထံမှ ရုတ်တရက်အဖြေမရ. . . ဇော်ကလည်းထပ်၍မမေးပါ. . .

ခဏကြာမှသာ တိုးညှင်းနွဲ့ပျောင်းသော အသံလေးနှင့် ဒေါက်တာမငြိမ်းသာက. . .

"ဇော်"

"ဗျာ. . . မမ"

"မမဘဝရဲ့ မလှပတဲ့ အကျိုးပေးကို တစ်ပိုင်းထားပါမယ် မမတတ်ထားတဲ့ပညာတွေကို သွေးချင်းတိုင်းရင်းသားတွေအတွက် ပေးဆပ် မြှုပ်နှံထားချင်တာက အဓိကပါပဲလေ"

"မမဘာကိုဆိုလိုတာပါလဲ ခင်ဗျာ"

"ဒီမှာ မမတွယ်တာစရာ ဘာသံယောဇဉ်မှ မရှိတော့ဘူးလေ"

"ဒါဆိုမမဘာဖြစ်စေချင်သလဲ. . . ဟင်"

"မမကချင်မြေကိုပဲ ပြန်လိုက်ခဲ့ပါတော့မယ်ကွယ်"

"မမ. . . ဇော့်. . . မမရယ်"





BURMESE CLASSIC

## အခန်း (၄၉)

လှိုင်းကဲ့သို့ အလိပ်လိပ်အထပ်ထပ်ဖြစ်နေသော တိမ်သားတိမ်ဆိုင်တို့သည် မျက်စိတစ်ဆုံး မြင်နိုင်သည်၏ ဟိုမှာဘက်အထိ ကျယ်ပြန့်စွာ ကောင်းကင်ပြင်မှာ တည်ရှိနေပါ၏။

မြေပြင်မှ ပေနှစ်သောင်းမျှမြင့်ဝေးသော ကောင်းကင်ပြင်မှာမို့ တိမ်သားတို့၏အထက်တွင် ဂျက်လေယာဉ်က ပျံသန်းနေလေသည်။

"ဘေးမှာကြည့်လိုက်ပါဦး မမရယ် မရည်တွက်နိုင်သောအနန္တစကြာဝဠာများစွာ တည်ရှိနေတဲ့ကောင်းကင်ပြင်ကြီးဟာ ဘယ်ကစပြီး ဘယ်မှာဆုံးတယ်ဆိုတာ ဘယ်သူမှမသိနိုင်ကြပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အခုလို မရည်မတွက်နိုင်အောင် ကျယ်ပြန့်များပြားလှတဲ့ အရာကို 'အသင်္ချေ' လို့ခေါ်ပါသတဲ့"

"ဇော့်ရင်ထဲက မေတ္တာတရားဟာလဲ ဘယ်သောအခါမှ အဆုံးမရှိနိုင်တဲ့ မရည်မတွက်နိုင်တဲ့ ချစ်ခြင်းမေတ္တာနဲ့ မမကိုချစ်ခဲ့တာမို့. . . . ဇော့်ရဲ့အချစ်ကို 'အသင်္ချေအချစ်များနဲ့'လို့ တင်စားလိုက်ပါရစေတော့ မမရယ်"

"ဒါပေမယ့်ဗျာ. . . မမကိုဘယ်သောအခါမှ ရယူပိုင်ဆိုင်ဖို့ ဇော်မကြိုးစားပါဘူးလို့ ထပ်ပြီး ကတိပေးပါတယ် မမယုံပါ"

ဒေါက်တာမငြိမ်းသာသည် လေယာဉ်ပြတင်းမှတဆင့်အဆုံးမရှိအောင် ကျယ်ပြန့်ရှည်ဝေးလှသော 'အာကာသလွင်ပြင်'ကြီးကို ငေးကြည့်နေရာမှ ဇော့် ဘက်လှည့်ပြီး. . .

"အဲဒီကတိဟာ ဘာအတွက်ပေးတာလဲဇော်"

"မတန်လွန်းလို့ မပိုင်ဆိုင်ရက်တာပါဗျာ"

"မတန်ဘူးဆိုတာ မမမှာပစ္စည်းရှိတယ်၊ ပညာရှိတယ် ဒါကြောင့်မဟုတ်လား"

ဇော်ခေါင်းညိတ်၏။

"မမမှာ သိပ်ပြီးဆင်းရဲနေတဲ့အရာ ရှိတယ်ဆိုတာရော ဇော်သိရဲ့လား"





"ဘာကိုပါလဲ မမ"

"မေတ္တာတရားလေ"

"ဗျာ"

"မမ ဘဝမှာ အရှားပါးဆုံးပစ္စည်းဟာ အဖိုးအတန်ဆုံးမေတ္တာတရား ဖြစ်နေပါတယ်"

"လူသားတစ်ယောက်ရဲ့ အလိုအပ်ဆုံး အရာဟာ ပစ္စည်းဥစ္စာနဲ့ ဂုဏ်တွေပညာတွေ မဟုတ်ပါဘူး ဇော်. . . မေတ္တာတရားပါကွယ်"

"မမဘဝမှာ ပညာရှိတယ်၊ ဥစ္စာပြည့်စုံနေတယ်၊ ဒါပေမယ့် အထီးကျန်ဘဝနဲ့ မေတ္တာမရနိုင်တဲ့အဖြစ်ဟာ ဘာလုပ်မှာလဲ လူ့ဘဝရဲ့ အဓိပ္ပာယ်မဲ့နေတဲ့အဖြစ်ပါဇော်ရယ်"

"မမကိုချစ်နိုင်ကြသူတွေအားလုံး မမကိုစွန့်ခွာသွားကြပြီလေ"

တိုးညှင်းသောအသံလေးအဆုံးမှာ မျက်ရည်ကြည်တို့ ပြန်ဝေ့လာသည်။

"မမရယ်. . . မမရဲ့ကွက်လပ်နေရာကို ဇော့်ရဲ့အသင်္ချေအချစ်တွေနဲ့ အစားဖြည့်ခွင့်ပြုနိုင်မှာလားဗျာ"

"ဇော်ဟာ မမပြောတဲ့ ပညာနဲ့ဥစ္စာ မပြည့်စုံပေမယ့် ဘယ်လူသားမှလိုက်မမှီအောင် ချစ်နိုင်လွန်းတဲ့မေ



www.burmeseclassic.com

www.burmeseclassic.com



ဍ္ဍာတရားတွေ ဇော်နှလုံးအိမ်မှာအပြည့်ပါ။ အဲဒါ မမအတွက်ပါ။ ဒါကြောင့် မမခွင့်ပြုမှာလား မမခွင့်ပြုမှာလားဗျာ"

ဒေါက်တာမငြိမ်းသာသည် လေယာဉ်ထိုင်ခုံပေါ်မှနေ၍ . . . သူ့ဘေးတွင်ယှဉ်လိုက်ပါလာသော ဇော်ဘက်သို့ ဖြည်းလေးစွာခေါင်းငဲ့လာပြီး . . .

အသခၡေ်အချစ်များနှင့် နှလုံးသားပိုင်ရှင်လေး ဇော်၏ ရင်ခွင်မှာ ခိုဝင်မှီနွဲ့လိုက်တော့သည်။

ပြီးပါပြီ . . .
ကလျာ(ဝိဇ္ဇာ-သိပ္ပံ)
၂၂၊ ၁၀၊ ၁၉၈၅

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com